www.burmeseclassic.com

# သောင်းဝေဦး

အမှတ်တရတိုက်ပွဲများ အမှတ်(၁၀)

# ဗိုင်းယောင်းတိုက်ပွဲ



www.burmeseclassic.com

www.burmeseclassic.com

ဖြန့်ချိရေး

မြရတနာစာပေ
သီရိမြင်သာဈေးအတွင်း
မေတ္တာလမ်းနှင့် သံသုမာလမ်းထောင့်
၁၄/၂ တောင်ဥက္ကလာပမြို့နယ်၊
ရန်ကုန်မြို့။
ဖုန်း ၀၁-၅၇၈၆၇၀၊ ၀၁-၃၇၉၇၇၃

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| ပထမအကြိမ် | - | ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ။ |
| အုပ်ရေ | - | ၁၀၀၀ |
| တန်ဖိုး | - | ၂၀၀၀ ကျပ် |
| မျက်နှာဖုံးအပြင်အဆင် | - | မြရတနာColour Separation |
| အတွင်းဖလင် | - | A.Z |
| ကွန်ပျူတာစာစီ | - | Future World |
| စာအုပ်ချုပ် | - | မြရတနာအဖွဲ့သားများ |

ထုတ်ဝေသူ

ဒေါ်မူမူ(ခေါ်)ဒေါ်မြရတနာ (၀၄၂၀၁ မြဲ)

သီရိမြင်သာစျေးအတွင်း

မေတ္တာလမ်းနှင့်သံသုမာရ်လမ်းထောင့်

၁၄/၂ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း၊ ၀၁-၅၇၈၆၇၀၊ ၀၁-၃၇၉၇၇၃

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်

ဗိုလ်မှူးကြီးသောင်းဝေ(ငြိမ်း)၊ (၀၇၉၉၆ မြဲ)

မြရတနာပုံနှိပ်တိုက်

အမှတ် (၂၃/၂၄)၊ မေတ္တာလမ်းသွယ် (၁)

၁၄/၂ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

ထုတ်ဝေသည့်စာအုပ်ကတ်တလောက်အညွှန်း (CIP)

သောင်းဝေဦး ၃၂၀

အမှတ်တရတိုက်ပွဲများ အမှတ်(၁၀) မိုင်းယောင်းတိုက်ပွဲ ၊

သောင်းဝေဦး။ ရန်ကုန်၊

မြရတနာစာပေ၊ ၂၀၁၂။

၃၅၅ - စာ၊ ၁၂.၅ စင်တီ × ၁၈.၅ စင်တီ၊

(၁) မိုင်းယောင်းတိုက်ပွဲ


## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

www.burmeseclassic.com

www.burmeseclassic.com

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး၊
- အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး၊
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး၊
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး၊


BURMESE CLASSIC .com

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်၏စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။



# သောင်းဝေဦး

www.burmeseclassic.com

www.burmeseclassic.com

# သောင်းဝေဦး

အမှတ်တရတိုက်ပွဲများ

အမှတ် (၁၀)

# မိုင်းယောင်းတိုက်ပွဲ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ

## အမှတ်တရတိုက်ပွဲများ အမှတ်(၁၀)

## မိုင်းယောင်းတိုက်ပွဲ


| အခန်း | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | စာရေးသူ၏အမှာ | ၇ |
| ၂။ | မိုင်းယောင်းအကြောင်း သိကောင်းစရာ | ၁၉ |
| ၃။ | ကျွန်တော်နှင့် မိုင်းယောင်း | ၃၇ |
| ၄။ | အကြောင်းမကတတို့ မိုင်းယောင်းအား ထိုက်ရသလဲ | ၁၇၅ |
| ၅။ | မိုင်းယောင်းတိုက်ပွဲ | ၁၉၁ |
| ၆။ | တိုက်ပွဲအသေးစိတ်ဖော်ပြချက်များ | ၂၀၇ |
| ၇။ | တိုက်ပွဲသုံးသပ်ချက်နှင့် သင်ခန်းစာဖော်ထုတ်ချက်များ | ၂၅၇ |
| ၈။ | ကျွန်တော်နှင့် မိုင်းယောင်းတစ်မှုးကြီးများအကြောင်း | ၂၉၁ |


BURMESE CLASSIC .com

## စာရေးသူ၏အမှာ

မြန်မာနိုင်ငံ အရှေ့ဘက်အစွန်ဆုံးက မိုင်းယောင်းမြို့ကလေး။

ဒီမြို့ကလေးကို ၁၉၈၂ ခုနှစ်က ရောက်ခဲ့သည်။ ရောက်သွားတော့ မိုးတွင်းကာလမို့ မိုင်းယောင်း ပတ်ဝန်းကျင်တစ်ခုလုံး မိုးရေများ ဖုံးနေသည်။

မိုင်းယောင်းပြန့်ကား ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၃၀၀ ခန့်သာမြင့်သဖြင့် ပူအိုက်စွတ်စိုပြီး

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



မိုးတွင်းတွင် မိုးရေများဖြင့် ပြည့်နေတတ်၏။ ပတ်ဝန်းကျင် တောင်များပေါ်က စီးကျလာကြသည့် မိုးရေများက မိုင်းယောင်းမြို့အား ရေလွှမ်းနေစေသည်။ မြို့ကလည်း သိပ်မကျယ်လှပါ။ အလျား ၁၄၊ ၁၅ မိုင်၊ အနံ ၄၊ ၅ မိုင်ခန့်သာ ရှိပါသည်။

စစ်ဆင်ရေးတာဝန်ဖြင့် ၁၉၈၂ ခုနှစ် မိုးတွင်းတွင် မိုင်းယောင်းသို့ရောက်ခဲ့ပြီး ၁၉၈၃ ခုနှစ် နွေရောက်မှ မိုင်းယောင်းက ပြန်ခဲ့ရသည်။ ကိုးလ၊ ဆယ်လခန့် မိုင်းယောင်းတွင် နေခဲ့ရသည်။ မိုင်းယောင်းကို စရောက်ကတည်းက အားရ၊ နားရသည် မရှိပါ။ အသူရာ ခေါ် ဗကပများနှင့် အချိန်ပြည့် ပစ်ခတ်တိုက်ခိုက်နေခဲ့ရပါသည်။ တိုက်ပွဲပေါင်းများစွာကို ဆင်နွှဲခဲ့ရပါသည်။

ဗကပတို့က ၁၉၈၀ ခုနှစ်မိုးတွင်းတွင် မိုင်းယောင်းကို ဝင်တိုက်သွားကြသည်။ သူတို့လက်တွင်း မိုင်းယောင်း ကျသွားသည်။ ၂ ရက်ကြာ ပြန်တိုက်ပြီးမှ မိုင်းယောင်းကို ပြန်ရခဲ့ပါသည်။ မိုင်းယောင်းတိုက်ပွဲကြီး ဖြစ်ပွားချိန်၌ စာရေးသူ ကျွန်တော်သည် တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း ဗထူးတွင် တာဝန်ထမ်းဆောင်နေချိန်ဖြစ်၏။





မိုင်းယောင်းတိုက်ပွဲနှင့် ပတ်သက်ပြီး သတင်းစကားများ အများကြီး ကြားရသည်။ တာဝန်အရ ကျွန်တော်သည် ရပခသို့ ရောက်လေ့ရှိ၏။ ရပခတွင် ကျွန်တော်တို့အပတ်စဉ်မှ ကိုမောင်မောင်သန်းနှင့် ကိုမြင့်ဖော်တို့ ရှိသည်။ ကိုမောင်မောင်သန်းက ဂျီသရီး(ထလရ)မို့ သူ့ဆီကို ရပခ ရောက်တိုင်း ဝင်ဖြစ်သည်။ သတင်းစကားများ ကြားနာရသည်။ သူ့ဆီက သတင်းစုံသည်။

"မိုင်းယောင်းတိုက်ပွဲကတော့ အတော်ဆိုးသွားတယ်ကွ။ ၂ ရက်လောက် အတော်ပြန်တိုက်ယူရတယ်"

"ချင်း (၃) ဌာနချုပ်နဲ့ ဗျူဟာကုန်းလည်း ကျသွားတယ်"

BURMESE CLASSIC .com

"ဗျူဟာမှူးကြီး မရှိဘူးလား"

"ဗျူဟာမှူးနဲ့ အဖွဲ့ကလည်း နယ်လှည့်ဗျူဟာ အနေနဲ့ အပြင်ရောက်နေတာ။ မိုင်းယောင်းအတိုက်ခံရတော့ မိုင်းယောင်းမှာ သူ မရှိဘူး"

"ဪ"

"ဒီတိုက်ပွဲမှာ ချင်း (၃)၊ ခလရ (၅)၊ သနက (၁) နဲ့ (၂) တို့တော့ အတော်ခံလိုက်ရတယ်။ ချင်း (၃) နဲ့



www.burmeseclassic.com

www.burmeseclassic.com



ခလရ (၅) က စခန်းအတိုက်ခံရတော့ အထိပိုပြီးနာတယ်။ သနက (၁) နဲ့ (၂) ကတော့ စစ်ကူလိုက်တဲ့အဖွဲ့ဆိုတော့ နည်းနည်းတော်သေးတာပေါ့”

“ဩော်”

ဤသည်မှာ ဗိုလ်ကြီးမောင်မောင်သန်းနှင့် တွေ့စဉ်က ရပခတွင် သူက ကျွန်တော့်ကို ပြောပြသည့်စကားများ ဖြစ်ပါသည်။ ဗထူးတိုက်ခိုက်ရေးကျောင်းတွင်လည်း မိုင်းယောင်းတိုက်ပွဲအကြောင်းကို သင်တန်းသားများက အတော်ပြောကြပါသည်။ မိုင်းယောင်းတိုက်ပွဲက အရပ်သူ အရပ်သားများထိ ဂယက်ရိုက်ခဲ့၏။

ဗကပတွေက မြို့သူမြို့သားတွေကို မတရားကျင့်သွားကြောင်း၊ ပစ္စည်းတွေ လုယက်ယူငင်သွားကြောင်း၊ လူတွေသတ်သွားကြောင်း၊ ရသမျှပစ္စည်းတွေကို သယ်သွားကြောင်း စသည် စသည်များပါပေ။

၁၉၈၁ ခုနှစ်တွင် ကျွန်တော်သည် တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း ဗထူးမှ သနက(၁) ခေါ် အမှတ် (၁) ဗမာ့သေနတ်ကိုင်တပ်ရင်းသို့ တပ်ခွဲမှူးဗိုလ်မှူး **Promotion** ဖြင့် ပြောင်းရ၏။ ထိုအခါ မိုင်းယောင်းတိုက်ပွဲ

မြရတနာစာပေ



အကြောင်း ပိုသိလာရ၏။ ၁၉၈၂ ခုနှစ်၌ မိုင်းယောင်းကို သနက (၁) နှင့်အတူ စစ်ဆင်ရေးဝင်ရသောအခါ မိုင်းယောင်းအကြောင်းနှင့် မိုင်းယောင်းပတ်ဝန်းကျင်က အသူရာ ခေါ် ဗကပများအကြောင်းကို ပိုသိလာသည်။

မိုင်းယောင်း အတိုက်ခံရစဉ်က မိုင်းယောင်းပတ်ဝန်းကျင်မှာ တပ်ပါးလှသည်။ **L of C** သို့မဟုတ် **Line of Communication** ခေါ် ဆက်သွယ်ရေးလမ်းကြောင်းက ရှည်လှသည်။ မိုင်းယောင်းဗျူဟာက ဒါတွေကို ထိန်းနေရသည်။ ကျိုင်းတုံ၊ မိုင်းဖြတ်၊ မိုင်းယောင်းကားလမ်း မိုင် ၁၀၀ ခန့်ရှိသည်။ အလားတူ မိုင်းယောင်း၊ မိုင်းဖြတ်၊ တာချီလိတ်ကားလမ်းကလည်း မိုင် ၁၀၀ ခန့်ရှိသည်။ မိမိတို့တပ်မတော်က ဒီဆက်သွယ်ရေးလမ်းကြောင်းကြီးတွေကို ထိန်းနေရသည်။ ဗကပတွေမှာ ဘာမှ ထိန်းစရာ သိမ်းစရာ မရှိပါ။ သူတို့ဌာနချုပ်ဆိုတာတွေကလည်း တရုတ်နယ်စပ်နှင့် ကပ်ပြီးနေကြ၏။ မိုင်းယောင်းကို ဝင်တိုက်သွားသော ဗကပတပ်မဟာ (၈)၊ တပ်မဟာ (၆၈၅)၊ တပ်မဟာ (၇၆၈) နှင့် ကော် (၈၁၅) ဆိုသည့်တပ်များ၏ ဌာနချုပ်များအားလုံး တရုတ်နယ်စပ်နှင့် ကပ်လျက်ရှိကြ၏။

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



တပ်မဟာ (၈) က မိုင်းမမိုင်းလား၊ တပ်မဟာ (၆၈) က မိုင်းယန်းမြောက်ဘက်က မိုင်းပေါက်၊ တပ်မဟာ (၇၈၆)က မိုင်းယန်းအရှေ့ဘက်က ဆီလူး၊ ကော် (၈၁၅)က ဝမ်ဆော ဝမ်ဖိုင်၊ အားလုံး တရုတ်ပြည်နှင့် ဘာမှမဝေး။ မိုင်းမမိုင်းလားဆို ချောင်းသေးသေးလေးသာ ခြားသည်။ သူတို့တွင် **Outpost** တပ်စခန်းများလည်း သိပ်မရှိပါ။ ပန်ယန်း ပန်ဆန်း ဗကပဗဟိုကို ကာထားသည့် မော်ဖမြောက်ခြမ်းနှင့် မိုင်းပျင်းမြောက်ခြမ်း ဒေသများတွင်သာ အခိုင်အမာစခန်းများ ရှိနေပါသည်။

ကျွန်တော်တို့ဘက်ကမူ **L of C** အားလုံးကို လုံခြုံရေးယူထားရသည်။ မြို့ကြီးတွေကို အကာအကွယ်ပေးထားရသည်။ ဗကပတွေလောက် လွယ်လွယ်ကူကူ သွားလာ၍ မရပါ။ ဤသို့ဖြင့် စစ်ကစားနိုင်မှု အခွင့်အလမ်း ပိုသာသော ဗကပများ မိုင်းယောင်းကို ဝင်တိုက်သွားနိုင်ခဲ့သည်။ ရနိုင်တာတွေသယ်ပြီး ဆုတ်သွားကြသည်။

၁၉၈၂ ခုနှစ်တွင် ကျွန်တော် မိုင်းယောင်းကို သနက (၁) နှင့်အတူ ရောက်သွားသည်။ ၁၉၈၃ ခုနှစ်နွေကျမှ မိုင်းယောင်းမှ ပြန်ခဲ့ရသည်။ ကိုးလကျော် ဆယ်





လနီးပါးနေခဲ့ရသဖြင့် မိုင်းယောင်းအကြောင်း တော်တော်သိခဲ့သည်။ တကယ်တော့ မိုင်းယောင်းကား အစားအစာပေါများပြီး ပျော်စရာကောင်းသော မြို့ကလေးပါပေ။ သူပုန်သူကန်မရှိရင်တော့ လောကနိဗ္ဗာန်လေးပေါ့ခင်ဗျာ။ ကျွန်တော့်အတွက်တော့ မိုင်းယောင်းကား အမောပြေ **Oasis** လေး ဖြစ်ခဲ့ပါသည်။

ပြောပါဦးမည်။ မိုင်းယောင်းတွင် ကျွန်တော် လမုန်းအက တတ်သွားသည်။ လမုန်းအကက မိုင်းယောင်းက လီရှမ်းတို့၏ ရိုးရာအက၊ ကျိုင်းတုံက ဂုံရှမ်းတို့၏ ရိုးရာအက၊ ကတာချင်း တူရင်တောင် မိုင်းယောင်းရှမ်း ခေါ် လီရှမ်းတို့က ပိုပြီးရိုးရာဆန်သည်။ လီရှမ်းတွေက ထဘီဝတ်ပြီး ငွေခါးပတ် ပတ်သည်။ ပုသိမ်ထီး ဆောင်းသည်။ ခေါင်းတွင် ဆံထုံးကြီးများကို နဖူးထိပ်ထက်တွင် ထုံးတတ်ကြသည်။ ရှေးမြန်မာမကြီးများနှယ်ပါပင်။ အသားရောင်က ဆွတ်ဆွတ်ဖြူကြသည်။ သူတို့၏လမုန်းက နွဲ့နှောင်းသည်။ ညင်သာညက်ညောသည်။ ယောက်ျားနဲ့ မိန်းမ မထိရ။ မကိုင်ရပါ။ ကျိုင်းတုံ လမုန်းက နည်းနည်းကြမ်းသည်။ အဝတ်အစားကလည်း ခေတ်မီကြသည်။ ဂါဝန်တွေ



www.burmeseclassic.com

www.burmeseclassic.com



ဘောင်းဘီရှည်တွေ ပါချင်သည်။ မိုင်းယောင်းလို လမုန်းသန့်သန့် မဟုတ်။ မိုင်းဖြတ်တို့ တာချီလိတ်တို့ဆိုက ယိုးဒယားနှင့် နီးသွား၍ ပိုပြီးရိုးရာမဆန်တော့။ အနောက်တိုင်းဆန်သွားသည်။ **Ball Dance** လို **Rock and Roll** လိုလို ဖြစ်ကုန်သည်။

ရိုးရာလမုန်းကို ကျွန်တော်သည် မိုင်းယောင်းတွင် သီးသန့်သင်ယူတတ်မြောက်ခဲ့သည်။

ဒါက မိုင်းယောင်းကို ကျွန်တော် မမေ့နိုင်စရာ တစ်ခုပါ။

နောက်တစ်ခုက မိုင်းယောင်းတွင် ကျွန်တော်သည် ဗိုလ်ကြီးကနေပြီး ဗိုလ်မှူးဖြစ်ခဲ့သည်။ **Promotion** အတွက် **Due date** ပြည့်ပြီး လေးငါးဆယ်ရက်အတွင်း **Major** အပွင့်ကလေး တပ်ရသည်။ မြောက်ကြွ မြောက်ကြွနှင့် တောထဲမှာပင် ရွှေရောင် **Major** အပွင့်ကလေးတပ်ပြီး ဆောင့်ကြွားကြွားနှင့် လွှားလွှားလွှားလွှား သွားလာနေသော ကျွန်တော့်အား အမြင်မတော်သူများက တားကြရသည်။ အမည်းရောင်အပွင့်တပ်ဖို့ ပြောကြသည်။ ဤသို့ဖြင့် မိုင်းယောင်းတွင် **Major** ဖြစ်ခဲ့သည်။

မြရတနာစာပေ



နောက်တစ်ခုက နာမည်သိပ်ကြီးနေသော ဗကပများနှင့် နဖူးတွေ့ ဒူးတွေ့ တွေ့ရသည်။ စစ်သားချင်းတူရင် ပိုပြီးကြိုးစားသူ ချွေးထွက်ခံသူက သာစမြဲ။ ကြိုးစားတာချင်းတူရင် သတ္တိရှိသူက သာစမြဲ။ သတ္တိရှိတာချင်းတူရင် ဉာဏ်သုံးသူက သာစမြဲ။ ဉာဏ်ချင်းတူရင် . ပိုပြီးအပင်ပန်းခံသူက သာစမြဲဖြစ်သည်။ ကျွန်တော်က ထိုသို့ခံယူထားသည်။ ထို့ကြောင့် ဗကပတွေနှင့်ပြိုင်လျှင် အမြဲဉာဏ်သုံးပြီး ကြိုးစားခဲ့သည်။ သူက **R.P.G** နှင့်ပစ်လျှင် ကိုယ်က **M79** နှင့် ပြန်ပစ်သည်။ တစ်လက်တည်းမဟုတ်။ လေးငါးလက်ဆိုင်ပစ်သည်။ ၆၀ မီလီမီတာစိန်ပြောင်းကို ဖောဖောသီသီ သုံးသည်။ သူတို့ **Counter** ကောင်တာကို မမှုပါ။ အချို့က ကောင်တာကြောက်၍ ငြိမ်ခံသည်။ ကျွန်တော်ကတော့ လက်သွက်ခြေသွက်ဖြင့် ၆၀ မီလီမီတာသာမက ၈၁ မီလီမီတာကိုပါ သုံးတန်သင့် သုံးသည်။ လက်နက်ကြီးများများသုံးရာ တစ်လုံးလောက် မှန်သွားလျှင်ပင် ရန်သူဖြိုသွားတော့သည်။ ဤသို့နှင့် နာမည်ကျော်မိုင်းယောင်းမှာ တိုက်ပွဲတိုင်း အောင်ခဲ့သည်။ တပ်ကလည်း နာမည်ကြီး သနက (၁) ဖြစ်တာလည်း ပါပါလိမ့်မည်။

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



တပ်ရင်းမှူးကလည်း ဗိုလ်မှူးကြီးကိုလေး ဖြစ်သည်။ ကျွန်တော့်ကို အလိုလိုက် သည်။ အားကိုးသည်။ ထို့ကြောင့် လုပ်ရတာ ပျော်သည်။

ဒါ့အပြင် ဒါသာမက မိုင်းယောင်းက ဟင်းသီးဟင်းရွက်နှင့် အမဲအသားငါးလည်း ပေါလှသည်။ ကြက်၊ ဘဲ၊ အမဲဝက်၊ ငါး စားစရာ အကုန်ရသည်။ ဈေးလည်း ချိုသည်။ မြို့လယ် ဖြတ်စီးနေသော နမ့်မယောင်းချောင်းထဲ ရေချိုးရတာလည်း ပျော်စရာကောင်းသည်။ ဘယ်လောက်စစ်ထွက် တိုက်ရ တိုက်ရ မိုင်းယောင်းပြန်ဝင်ပြီး လမုန်းပွဲလေး တစ်ပွဲ လောက် နွဲလိုက်ရလျှင် အမောပြေသွားသည်။ မိုင်းယောင်း စပါးအရက်ကလေးကလည်း ကောင်းလှသည်။ တရုတ် မော့ထိုင်နှင့် အရသာက အတူတူပါပင်။ ထို့ကြောင့် ပျော်စရာကောင်းသည့် မြို့မိုင်းယောင်းဟု ကျွန်တော်က ခံယူထားခဲ့သည်။

ဤစာရေးနေချိန်တွင် –

မိုင်းယောင်းက ပြန်ခဲ့တာ အနှစ် ၃၀ ရှိခဲ့ပြီ။ မိုင်း ယောင်းကို သတိရနေဆဲ။ အဲဒီကတည်းက ပြန်မရောက် တော့ပါ။





ယခု မိုင်းယောင်းတိုက်ပွဲရေးတော့ ဒါတွေကို သတိရနေသည်။ မိုင်းယောင်းတိုက်ပွဲကို ဘယ်သူမှ ရေး မသွားကြပါ။ ရေးတာလည်း မတွေ့မိပါ။ ကြာရင် ကွန်လုံ ရက် ၄၀ လို၊ မြူးရွှေပန်ကောက်လို၊ နောင်လိုင်ပါဖန် လို၊ စီစီဝမ်တာပန်လို လူတွေ မေ့သွားကြမည်။ ကျွန်တော် က ဒီတိုက်ပွဲကြီးများကိုရေးရန် ကျွန်တော့်အတွက် သမိုင်းပေးတာဝန်ဟု မှတ်ယူသည်။ ထို့ကြောင့် လွန်ခဲ့သည့် အနှစ် ၃၀ ကျော်က ကျွန်တော် ရောက်ခဲ့သည့် မိုင်းယောင်း မြို့ ကလေးအား ပြန်လည်လွမ်းတသတိရရင်း ၁၉၈၀ ခုနှစ်က **"မိုင်းယောင်းတိုက်ပွဲကြီး"** အကြောင်းကို ကျွန်တော် သိသလို နားလည်သလို ခံစားတင်ပြလိုက်ရပါ သည်ခင်ဗျား။

ရှင်လန်းချမ်းမြေ့ကြပါစေ

**သောင်းဝေဦး**

၁၁/၆/၂၀၀၂။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁ )

## မိုင်းယောင်းအကြောင်း သိကောင်းစရာ

**နိဒါန်း**

မြန်မာနိုင်ငံ အရှေ့ဘက်အစွန်ဆုံးက မိုင်းယောင်းမြို့ကလေးကို ၁၉၈ဝ ခုနှစ် ဇူလိုင်လ မိုးတွင်းတွင် ဗကပ တို့ ဝင်တိုက်သွားကြသည်။

မိုင်းယောင်း ကျသွား၏။ ၂ ရက်ကြာ ပြန်ပြီး တိုက်ယူရသည်။

တိုက်ပွဲဂယက်မှာ အတော်ကြီးကျယ်ပါသည်။

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



လူထုကြားမှာပါ ရိုက်ခတ်သွားသည်။

မိုင်းယောင်းတိုက်ပွဲဖြစ်ပွားချိန်၌ စာရေးသူ ကျွန်တော်သည် ရှမ်းပြည်နယ်တောင်ပိုင်း ဗထူးတပ်မြို့ရှိ တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း၌ ဦးစီးအရာရှိ တတိယတန်းတာဝန်ကို ထမ်းဆောင်နေပါသည်။ သင်တန်းကျောင်းကြီးမှ အနယ်နယ်အရပ်ရပ်က သင်တန်းသားများ လာရောက်သင်တန်းတက်နေကြရာ မိုင်းယောင်းတိုက်ပွဲအကြောင်းကို ဟိုကဒီက သတင်းစကားအများအပြားအား သင်တန်းသားများထံမှ ကြားနာရသည်။

ကျွန်တော်သည် ထိုစဉ်က တောင်ကြီးမြို့ကိုသာ ရောက်ဖူးပြီး တောင်ကြီးအရှေ့ဘက်က ဟိုပုံးပင် မရောက်ဘူးသေးပါ။ ကျိုင်းတုံဆို ဝေးရော။ ထိုစဉ်က မိုင်းယောင်းသည် ကျိုင်းတုံရှိ ရှေ့တန်းတပ်မ (၈၈)၏ ကွပ်ကဲမှုအောက်က ဖြစ်သည်။ မိုင်းယောင်းတွင် တပ်မ (၈၈) မှ နည်းဗျူဟာတစ်ခု ထားရှိသည်။ ရှေ့တန်းတပ်မ (၈၈) သည် မိုင်းယောင်းတွင် ဗျူဟာတစ်ခု၊ မိုင်းခတ်တွင် ဗျူဟာတစ်ခု ထားရှိသည်။ ကျိုင်းတုံတွင်မူ ရပခ အခြေချဗျူဟာရှိသည်။





မိုင်းယောင်းအတိုက်ခံရပြီး မိုင်းယောင်း ကျသွားသည်ဆိုတော့ အားလုံးက အံ့အားသင့်ကြ၏။ ဘယ်လိုလုပ်ပြီး မိုင်းယောင်းက ကျသွားရတာလဲ။ ဗျူဟာက ဘာလုပ်နေလဲ။ ချင်း (၃) တပ်ရင်း၌ာနချုပ်ပါ ကျသွားတော့ ချင်း (၃) က တပ်တွေက ဘာလုပ်နေလဲ။ ဘယ်သွားနေကြလဲ။ အားလုံးက မေးစရာများ ဖြစ်လာပါ၏။

ထိုမေးခွန်းများ၏ အဖြေကို ကျွန်တော် မသိပါ။ အဘယ်ကြောင့်ဆိုသော် ထိုစဉ်က ကျွန်တော်တို့ဘက်က တပ်အခင်းအကျင်းနှင့် ဗကပတို့၏စုဖွဲ့မှုများ အင်အားများကို ကျွန်တော် မသိပါ။ မြေအခြေအနေကိုလည်း မသိပါ။

၁၉၈၁ ခုနှစ်၌ ကျွန်တော် ဗိုလ်ကြီးအဆင့်မှ တပ်ခွဲမှူးဗိုလ်မှူးအဆင့် **Promotion** ဖြင့် မိုင်းယောင်းတိုက်ပွဲတွင် ပါဝင်ဆင်နွှဲခဲ့သည့် သနက (၁) ခေါ် အမှတ် (၁) ဗမာ့သေနတ်ကိုင်တပ်ရင်းသို့ ပြောင်းရသည်။ ကျိုင်းတုံလွယ်မွေဒေသတွင် စစ်ဆင်ရေး တစ်ပတ်ဝင်ပြီး ၁၉၈၂ ခုနှစ် မိုးတွင်းတွင် မိုင်းယောင်းဒေသသို့ စစ်ဆင်ရေးဝင်ရောက်ရသည်။ မိုင်းယောင်းဒေသနှင့် နှုတ်ဆက်ခဲ့ရသည်... မိုင်းယောင်းတစ်ခွင် ပြုပြစ်စင်အောင် သွားခဲ့



www.burmeseclassic.com

www.burmeseclassic.com



သည်။ မိုင်းယောင်းဒေသမှာ ကိုးလ၊ ဆယ်လကြာပြီး ၁၉၈၃ ခုနှစ် မေ့ သကြံန်နားနီးမှ မိုင်းယောင်းက ပြန်ခဲ့ရသည်။

ထိုအခါ ဗကပတွေ ဘာကြောင့် မိုင်းယောင်းကို ဝင်တိုက်သလဲ။ ဘာကြောင့် ဗျူဟာကုန်းအပါအဝင် ချင်း (၃) တပ်ရင်း ဌာနချုပ်ပါ ကျဆုံးခဲ့ရသလဲ။ တိုက်ပွဲဖြစ်ပွားချိန်တွင် မိမိတပ်တွေက ဘာတွေလုပ်နေကြသလဲ စသည် စသည်များကို သိလာရပါသည်။

ထိုစဉ်က ကျွန်တော် တွေ့သိခဲ့သည်များကို မှတ်သားထားခဲ့ပါသည်။ ကျွန်တော် 'စာတွေ ရေးဖြစ်တော့ စစ်သားစိတ်မကုန်သဖြင့် ကိုယ်တွေ့စစ်မှတ်တမ်းများကိုသာ ဦးစားပေးရေးခဲ့သည်။ ဤကိုယ်တွေ့စစ်မှတ်တမ်းများနှင့်ပင် **သောင်းဝေဦး** ကို စာဖတ်ပရိသတ်ကြီးက သိလာကြသည်။ စာဖတ်ပရိသတ်ကြီး၏ လက်ခံအားပေးမှုကြောင့် စစ်စာပေများ စဉ်ဆက်မပြတ် ရေးသားခဲ့သည်။

တာဝန်များမှ အငြိမ်းစားယူပြီးသည့်နောက် စာရေးသည့်အလုပ်ကိုသာ ဖောက်ချခဲ့ရာ ကိုယ်တွေ့စစ်မှတ်တမ်းများကိုသာမက မြန်မာနိုင်ငံတွင် ကျော်ကြားခဲ့သော တိုက်ပွဲကြီးများကိုပါ ကြိုးစားရေးသားခဲ့ပါသည်။





စီစီဝမ်တာပန်တိုက်ပွဲကြီး

မိုင်းယန်းတိုက်ပွဲ

နောင်လိုင်ပါဖန်တိုက်ပွဲ

ဘိန်းစစ်ဆင်ရေးများ

ပဲခူးရိုးမတိုက်ပွဲများ

မြစ်ဝကျွန်းပေါ်စစ်ဆင်ရေးများ

ကွန်လုံ ရက် ၄၀ တိုက်ပွဲကြီး

မော်ဖဒေသတိုက်ပွဲများ

ခြူးရွှေပန်ကောက်တိုက်ပွဲကြီး

စသည် စသည်ဖြင့် တိုက်ပွဲကြီးပေါင်း အတော်များများကို ရေးခဲ့၏။ ဖော်ပြပါတိုက်ပွဲများတွင် တိုက်ပွဲကြီးတစ်ပွဲ၊ နှစ်ပွဲ၌ ကျွန်တော် ပါခဲ့သည်။ ထို့ကြောင့် ရန်သူ မိမိတပ်အခင်းအကျင်းနှင့် နယ်မြေဒေသ အခြေအနေများကို ကျွန်တော် သိသည်။ ကျွန်တော်မပါသော တိုက်ပွဲများအတွက်ကား ထိုတိုက်ပွဲဖြစ်ပွားရာဒေသများသို့ ကိုယ်တိုင် ကွင်းဆင်းကာ ကြည့်ခဲ့သည်။ မြေအခြေအနေ လေ့လာသည်၊ ဓာတ်ပုံဖြင့် မှတ်တမ်းများ တင်ခဲ့သည်။ တိုက်ပွဲတွင် ပါဝင်ခဲ့သူများနှင့် တွေ့ဆုံမေးမြန်းခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဖြင့် ...

စီစီဝမ်တာပန်တိုက်ပွဲကြီးအတွက် မူဆယ်၊ နမ့်ခမ်း နှင့် စီစီဝမ်တာပန် တောင်ကုန်းများပေါ်အထိ ကျွန်တော် ရောက်ခဲ့သည်။

ကွန်လုံ ရက် ၄၀ တိုက်ပွဲကြီးအတွက် ကွန်လုံ လောက်ကိုင်နှင့် ကုန်းကြမ်းအထိ ကျွန်တော် သွားခဲ့သည်။

ခြူးရွှေပန်ကောက်တိုက်ပွဲကြီးအတွက် ခြူးရွှေပန် ကောက် စခန်းများအနီးထိ အရောက်သွားခဲ့သည်။ ဟိုပန် ကို ရောက်ခဲ့သည်။

ပဲခူးရိုးမတိုက်ပွဲများအတွက် ပဲခူးရိုးမကို အခေါက် ခေါက်အခါခါ ရောက်ခဲ့သည်။ သွားခဲ့သည်။ ရိုးမကို ဟို ဘက်ဒီဘက် အကြိမ်ကြိမ်ဖြတ်ကျော်ခဲ့သည်။

မြစ်ဝကျွန်းပေါ်စစ်ဆင်ရေးများအတွက် မြစ်ဝကျွန်း ပေါ် မြို့ရွာများသို့ အကြိမ်ကြိမ်သွားခဲ့သည်။

ယခု မိုင်းယောင်းတိုက်ပွဲအကြောင်း ရေးတော့ မိုင်းယောင်းကို ကျွန်တော် ပြန်မသွားတော့ပါ။ မိုင်းယောင်း တွင် လပေါင်းအတော်ကြာ နေခဲ့ပြီးဖြစ်၍ မိုင်းယောင်း တစ်ခွင်ကို မျက်လုံးတွင် မြင်နေသည်။ အားလုံးနီးပါး သိ







မိုင်းယောင်းနှင့်ကော်ဟိုလွယ်၊ ထင်းရှူးတောင်ဒေသပြမြေပုံ

www.burmeseclassic.com

www.burmeseclassic.com





မိုင်းယောင်းမြို့နှင့် မိုင်းယောင်းဒေသပြမြေပုံ




မိုင်းယု၊ မိုင်းလွေ နှင့် ကော်ဟိုလွယ်၊ ထင်းရှူးတောင် ဒေသပြမြေပုံ

www.burmeseclassic.com

www.burmeseclassic.com




မိုင်းယောင်း၊ မိုင်းယု နှင့် တော်ဟိုလွယ် ထင်းရှူးတောင်ဒေသပြမြေပုံ



ပါသည်။

မိုင်းယောင်းမြို့ကလေးနှင့် မိုင်းယောင်းပြန့်။

အရှေ့ဘက် မိုင် ၂၀ ခန့်တွင် မဲခေါင်မြစ်နှင့် လောနိုင်ငံ။

မြောက်ဘက်တွင် မိုင် ၂၀ ကျော်သွားပြီးက တရုတ်ပြည် ဆစ်ဆောင်ပန်နားဒေသ။ တောင်ဘက်တွင် မိုင်းဖြတ်နှင့် တာချီလိတ်။ တာချီလိတ်ကျော်က ယိုးဒယားနိုင်ငံ မဲဆိုင်မြို့။

အနောက်ဘက်တွင်ကား လွယ်မွေနှင့် ကျိုင်းတုံ။

ထိုဒေသအားလုံးလိုလို ကျွန်တော် ရောက်ရှိနေထိုင်ခဲ့ဖူးပါသည်။ တကယ်တော့ မိုင်းယောင်းမြို့ကလေးကား သုံးနိုင်ငံနယ်စပ်မြို့ကလေး ဖြစ်ပေသည်။ သာမန်ပြည်သူတွေအတွက် ခေါင်သောဒေသဟု ဆိုနိုင်ပါသည်။ အဆက်အသွယ်မှာ ကားလမ်းသာရှိသည်။ ကားလမ်းကိုလည်း ထိုစဉ်က တပ်မတော်ယာဉ်တန်း Convoy များသာ သွားလေ့သွားထရှိသည်။ **Very isolated** ဆိုသော်ရပါ၏။

ဗကပတို့သည် တရုတ်နိုင်ငံ၏အကူအညီကို ဘက်ပေါင်းစုံက ရခဲ့သည်။ ယုတ်စွအဆုံး စစ်အကြံပေးများ၊



www.burmeseclassic.com

www.burmeseclassic.com



လက်နက်ကြီးတပ်ဖွဲ့များကိုပင် တရုတ်တို့က ပေးခဲ့သည်။ ဗကပခေါင်းဆောင်ကြီးများအတွက် ပေါက်ဖော်မများကိုပင် တရုတ်တို့က ပို့ပေးခဲ့သည်။

"ဒီတော်လှန်ရေးစစ်ပွဲကြီးက အချိန်ကာလတစ်ခု ကြာမယ်။ မင်းတို့ ဒီအတိုင်း ကြာကြာနေနိုင်မှာ မဟုတ်ဘူး။ မြန်မာနိုင်ငံလည်း ပြန်နိုင်ကြဦးမှာ မဟုတ်ဘူး။ အဲဒီတော့ အိမ်ထောင်ပြုကြပါ။ အိမ်ထောင်ပြုရင်လည်း ဒို့ဆီက ကွန်မြူနစ်အမာခံ ကေဒါတွေနဲ့ အိမ်ထောင်ပြုကြပါ"

ဟု တရုတ်တို့က ဆိုခဲ့ကြသည်။ ဗဟိုကော်မတီဝင် ရဲဘော်အောင်ကြီးက စပြီး တရုတ်အမျိုးသမီးနှင့် အိမ်ထောင်ပြုခဲ့သည်။ ရဲဘော်အောင်ကြီး၊ ဗိုလ်ထွန်းငြိမ်း စသူတို့ လူကြီးပိုင်းက လူအသီးသီး တရုတ်အမျိုးသမီးများနှင့် အိမ်ထောင်ပြုဖြစ်ကြသည်။

တရုတ်ကွန်မြူနစ်တို့က ဗကပများအား စစ်ရေး စစ်ရာသဘောတရား သင်တန်းများကိုလည်း ပို့ချပေးခဲ့သည်။ အရှေ့မြောက်စစ်ဒေသကို ဖွဲ့စည်းပေးပြီး နယ်စပ်မှာ တိုက်ပွဲတွေ ဆင်နွှဲစေသည်။ မော်စီတုန်း၏ စစ်ရေးသီအိုရီများကို **Apply** လုပ်စေသည်။





မော်စီတုန်း၏ စစ်ရေးသီအိုရီ၌

* စိတ်ဓာတ်ကျနေတဲ့ ရန်သူကို အရင်တိုက်
* အမာရှောင် အမွတိုက်
* ရန်သူတစ်ဆကို မိမိဆယ်ဆနဲ့တိုက်
* နိုင်ဖို့သေချာတဲ့ တိုက်ပွဲကိုသာတိုက်
* အစွန်အဖျားအကျဆုံး စခန်းကို အရင်တိုက်
* စစ်ကူလာဖို့ ခက်တဲ့စခန်းကို အရင်တိုက်
* ထီးထီးဖြစ်နေတဲ့ စခန်းကို အရင်တိုက်

စသည်တို့ပါရှိလေသည်။

၁၉၇၉ ခုနှစ် မင်းရန်အောင်စစ်ဆင်ရေးကြီးတွင် မော်ဖဒေသကို လက်လွှတ်ခဲ့ရပြီး အထိနာခဲ့သော ဗကပတို့သည် လက်စားချေတိုက်ပွဲကြီးများ ဖော်ထုတ်ရန်စီမံခဲ့၏။ ထိုအစီအမံအရ –

၁၉၈၀ ခုနှစ် ဧပြီတွင် မိုင်းယန်းမြို့ကလေးကို အင်အား ၁၀၀၀ ခန့်နှင့် ဝင်တိုက်ခဲ့သည်။ မိုင်းယန်း လုံခြုံရေးတာဝန်ယူထားသော ဗိုလ်မှူးကြီးအောင်ဖုန်း ဦးစီးခမရ (၁၀၈) စစ်ကြောင်း (၁) နှင့် တပ်ခွဲ (၃)ခွဲက အပြင်းအထန်ပြန်လည်ခုခံသဖြင့် မြို့မသိမ်းနိုင်ဘဲ အကျအဆုံးများစွာဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ဆုတ်ခွာသွားခဲ့ရသည်။

ဤသည်ကို မကျေနပ်နိုင်သော ဗကပ ဗဟို စစ်ကော်မရှင်က နောက်နှစ်လ၊ သုံးလအကြာတွင် စုစည်းရသမျှ တပ်အင်အား ၁၅၀၀ ခန့်ဖြင့် မြန်မာနိုင်ငံ အရှေ့ဘက်အစွန်ဆုံးက မိုင်းယောင်းမြို့ကလေးအား ဝင်တိုက်လေတော့သည်။

ဤသို့ဖြင့် ၁၉၈၀ ပြည့်နှစ် ဇူလိုင်လတွင် မိုင်းယောင်းတိုက်ပွဲကြီး ဖြစ်ပွားခဲ့ရပါသည့်ခင်ဗျား။

### မိုင်းယောင်းမြို့၏ ပထဝီဝင်အချက်အလက်များ

မိုင်းယောင်းတိုက်ပွဲကြီးအကြောင်း မရေးမီ အခြားသော ကျွန်တော့်စာအုပ်များနည်းတူ မိုင်းယောင်းမြို့ကလေး၏ ပထဝီဝင်အချက်အလက်များကို ဖော်ပြလိုပါသည်။ သို့မှသာ မိုင်းယောင်းတိုက်ပွဲကို ရှုမြင်သုံးသပ်ရာတွင် စာရှုသူများ အခြေအနေမှန်နှင့် ပိုမိုနီးစပ်ပြီး သင့်လျော်သည့် ကောက်ချက်များ ချနိုင်ကြပါလိမ့်မည်။

တကယ်တော့ ထိုစဉ်က ရန်သူများသည် ကျွန်တော်တို့၏ ဌာနချုပ်များနှင့် အလှမ်းဝေးသော **Very**





**isolated** ဖြစ်နေသည့် အစွန်အကျဆုံး မိုင်းယောင်းမြို့ကလေးအား အသေအချာ ရွေးချယ်တိုက်သွားခဲ့ခြင်း ဖြစ်၏။ တိုက်ရာတွင်လည်း မော်စီတုန်း၏ ပြောက်ကျားသီအိုရီပါ –

* အစွန်အကျဆုံးစခန်းကိုတိုက်
* ထီးထီးဖြစ်နေသည့် စခန်းကိုတိုက်
* စစ်ကူလာရန်ခက်ခဲသည့် စခန်းကို တိုက်
* ရန်သူတစ်ဆကို မိမိ ဆယ်ဆနဲ့တိုက်

ဟူသော **Principle** များအရ ဆောင်ရွက်သွားခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

မိုင်းယောင်းမြို့ကလေး၏ ပထဝီဝင်အချက်အလက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည့်ခင်ဗျား။

### တည်နေရာ

မိုင်းယောင်းမြို့ကလေးသည် ရှမ်းပြည်နယ်တောင်ပိုင်းတွင် ပါဝင်၏။ သံလွင်အရှေ့ခြမ်းရှိ ကျိုင်းတုံခရိုင်၏ ကွပ်ကဲမှုအောက်တွင်ရှိသဖြင့် ရှမ်းအရှေ့ဆိုသော် ရပါ၏။ မြန်မာနိုင်ငံ၏ အရှေ့ဘက်အစွန်အကျဆုံး မြို့ကလေးဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ပထဝီဘာသာအရဆိုပါက မြောက်လတ္တီတွဒ် ၂၀ ဒီဂရီနှင့် ၂၂ ဒီဂရီကြား အရှေ့လောင်ဂျီတွဒ် ၁၀၀ ဒီဂရီနှင့် ၁၀၁ ဒီဂရီကြားတွင် ရှိပေသည်။

ဆက်စပ်မြို့နယ်များအဖြစ် မြောက်ဘက်တွင် မိုင်းမ၊ မိုင်းလားနှင့် တရုတ်–မြန်မာ နယ်နိမိတ်၊ တောင်ဘက်တွင် မိုင်းဖြတ်နှင့် တာချီလိတ်မြို့နယ်များ၊ အရှေ့ဘက်တွင် မဲခေါင်မြစ်နှင့် လောနိုင်ငံ၊ အနောက်ဘက်တွင် ကျိုင်းတုံနှင့် လွယ်မွေမြို့နယ်များ ရှိပေသည်။

မြေမျက်နှာပြင်

မိုင်းယောင်းမြို့ကလေးမှာ တောင်သေလာ ခွေကာ ဝိုင်းသည့် အခြားရှမ်းမြို့ကလေးများနှယ် ဖြစ်ပါပေသည်။

ပတ်ပတ်လည်မှာ တောင်တွေ ဝိုင်းနေသည်။ တောင်တွေက မြင့်လည်း မြင့်ကြသည်။ ပေ ၃၀၀၀/၄၀၀၀ မှသည် ၆၀၀၀/၇၀၀၀ ထိ ရှိတတ်၏။ အခြားသော ရှမ်းပြည်နယ်မြောက်ပိုင်းက တောင်များလို၊ ကျိုင်းတုံတစ်ဝိုက် တောင်များလို တောင်ပြောင်များ မဟုတ်မူဘဲ တောင်ပေါ် အမြဲစိမ်းသစ်တောများနှင့် ဝါးတောကြီးများ ဖုံးလွှမ်းနေ





...သည့် တောင်တွေသာ ဖြစ်ကြပါ၏။ အချို့နေရာများတွင် ...ား တောင်ပေါ်ထင်းရှူးတောကြီးများကို တွေ့ရပါသည်။

စာရေးသူ လအတန်ကြာ Outpost ထိုင်ခဲ့ဖူးသော ...ယအနီးက ထင်းရှူးတောင်ဆိုပါက တောင်ကြောကြီး ...စ်ခုလုံး ထင်းရှူးတောချည်းသာ ဖြစ်ပါ၏။ အခြားအပင် ...ား မရှိပါ။ တောင်အောက် ရေချောင်းနံဘေးနှင့် ချောင်းရိုး ...စ်လျှောက်တွင်ကား ဝါးတောနှင့် သက်ကယ်တောများ ...သာ ဖြစ်ပါ၏။

မိုင်းယောင်းတွင် မြေပြန့်လွင်ပြင်မှာ မိုင်းယောင်းမြို့ ...လေး ပတ်ဝန်းကျင်၌သာ ရှိ၏၊ မိုင်းယောင်းပြန့်သည် ...ား အလျား ၁၅ မိုင်နှင့် အနံ ၅ မိုင်ခန့်ရှိပြီး ပင်လယ်ရေ ...က်နှာပြင်ထက် ပေ ၃၀၀ ခန့်သာ ရှိသည်။ ထို့ကြောင့် ...နှင့် မိုးကာလ၌ မိုင်းယောင်းပြန့်သည် ပူအိုက်စွတ်စို ...သည်။ ထို့ကြောင့် မိုင်းယောင်းပြန့်အတွင်းတွင် ရှားရှား ...ပါး မြန်မာနိုင်ငံအပူပိုင်းဖုံမှ မန်ကျည်းပင်များ စိုက်ပျိုး၍ ...၏။ အုန်းပင်များလည်း စိုက်ပျိုး၍ရ၏။ ဆူးပင်များလည်း ...ါက်ရောက်၏။

ထို့ပြင် မိုင်းယောင်းပတ်ဝန်းကျင်၌ ချောင်းငယ်



www.burmeseclassic.com

www.burmeseclassic.com



မြောင်းငယ်များ ပေါများလှပြီး ထင်ရှားသော မြစ်ချောင်းများမှာ မဲခေါင်မြစ်၊ နမ့်မလင်းချောင်း၊ နမ့်မလွေချောင်းနှင့် မိုင်းယောင်းမြို့တွင်း ဖြတ်စီးနေသည့် နမ့်မယောင်းချောင်းတို့ ဖြစ်ကြ၏။ ထိုမြစ်ချောင်းအားလုံး အရှေ့ဘက်က မဲခေါင်မြစ်ကြီးထဲ စီးဝင်ကြလေသည်။

**ရာသီဥတု**

ရာသီဥတုမှာ စွတ်စိုသောရာသီဥတုဖြစ်၍ နှစ်စဉ်မတ်လမှ နိုဝင်ဘာလအထိ မိုးရွာသွန်းတတ်ပါသည်။ ဩဂုတ်နှင့် စက်တင်ဘာလများသည် မိုးအများဆုံးရွာသောလများဖြစ်ပြီး ဒီဇင်ဘာမှ မိုးပြတ်တတ်ပါသည်။ ပျမ်းမျှမိုးရေချိန် ၈၀ လက်မရှိပါသည်။ အပူဆုံးလမှာ မေလဖြစ်ပြီး အအေးဆုံးလမှာ ဇန်နဝါရီဖြစ်၏။

**သဘာဝပေါက်ရောက်ပင်များ**

ရှမ်းပြည်နယ်တွင် ပေါက်ရောက်တတ်သည့် တောင်ပေါ်အမြဲစိမ်းသစ်တောများ ပေါက်ရောက်တတ်သည်။ မိုင်းယောင်းပြန့်တွင်ကား အပူပိုင်းဇုန်အပင်များ





ပေါက်တတ်ပါသည်။ တောင်မြင့်ကြီးများပေါ်၌ကား ထင်ရှူးတောကြီးများ ပေါက်ရောက်ပြီး မြစ်ချောင်းများတစ်လျှောက်တွင်ကား ဝါးဘိုးဝါးနှင့် ကြခတ်ဝါးအပါအဝင် ဝါးတောကြီးများရှိသည်။ အပင်ကြီးဖြစ်သော ကညင်ပင်ကြီးများ၊ တောင်တမာနှင့် တောသစ်ခြပင်များကို အချို့သောတောင်ကြီးများပေါ်၌ တွေ့ရတတ်ပါသည်။ ချုံနွယ်ပိတ်ပေါင်းများမှာ လှုနေကြပါး၍ နေရာအနှံ့အပြား ရှိပေသည်။

**နေထိုင်သောလူမျိုးများ**

မိုင်းယောင်းဒေသတွင်–

အခါ ခေါ် အိကော ခေါ် ကော်လူမျိုးများ အသင့်အတင့် နေထိုင်ကြသည်။ ပြန့်အတွင်း၌ကား အများအားဖြင့် မိုင်းယောင်းရှမ်း ခေါ် တိုင်းလီ ခေါ် လီရှမ်းများ အများဆုံးနေထိုင်သည်။ လီရှမ်းများကို မြန်မာနိုင်ငံ မိုင်းယောင်းဒေသတွင်သာမက တရုတ်ပြည် ယူနန်နယ်နှင့် လောနိုင်ငံ၊ ယိုးဒယားနိုင်ငံများတွင်လည်း တွေ့ရပါသည်။ သူတို့သည် ရှမ်းတရုတ်အနွယ်များဖြစ်ကြ၏။

တောင်များပေါ်၌ကား တိဘက်မြန်မာ အနွယ်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည့် တိုင်းလွယ် ခေါ် တောင်ပေါ်ရှမ်းများ ကြိုကြား ကြိုကြား နေထိုင်ကြပါသည်။

အလုပ်အကိုင်အနေဖြင့် အများအားဖြင့် လယ်ယာ လုပ်ငန်းနှင့် တောင်ယာလုပ်ငန်းကိုသာ လုပ်ကိုင်ကြသည်။

**လမ်းပန်းဆက်သွယ်ရေး**

လမ်းပန်းဆက်သွယ်ရေးမှာ များစွာခက်ခဲ၏။

အဓိကအားဖြင့် ကားလမ်းကိုသာ အသုံးပြုကြသည်။ တောင်ပေါ်နှင့် တောတွင်း၌ လူသွားလမ်းကလေးများသာ ရှိ၏။

ကားလမ်းမှာ –

ကျိုင်းတုံ၊ မိုင်းဖြတ် မိုင်းယောင်းကားလမ်း
မိုင်းယောင်း၊ မိုင်းဖြတ်၊ တာချီလိတ်ကားလမ်းနှင့်
မိုင်းယောင်း၊ မိုင်းယုကားလမ်းသာ ရှိပါသည်။

အားလုံးမှာ ထိုကားလမ်းမကြီးကိုသာ အမှီပြုပြီး သွားလာကြရသည်။ အခြားလမ်းမကြီးများ မရှိပါ။ တပ်မတော် **Convoy** များသာ ပွင့်လင်းရာသီ၌ ကားလမ်းကို အသုံးပြုပါသည်။ ရပ်ရွာလူထုမှာ လှည်းများကိုသာ အသုံး





များပါသည်။

မြစ်ချောင်းများမှာလည်း လှေ၊ သမ္ဗာန်များ သွား၍ ရပါ။ သွားလေ့ သွားထလည်း မရှိပါ။ ရေစီးသန်ခြင်း၊ ကျောက်ဆောင်ပေါများခြင်း၊ အကွေ့အကောက် ပေါများခြင်းတို့ကြောင့် ဖြစ်ပါသည်။

မဲခေါင်မြစ်ကြီးတစ်ခုသာ ကျယ်ပြန့်သဖြင့် စက်တပ်လှေကြီးများ၊ မော်တော်များ သွားနိုင်ပါသည်။ သို့ရာတွင် မဲခေါင်မြစ်ကမ်းတွင်ကား မိုင်းယောင်းမြို့နယ်ကျေးရွာများ ရှိသလောက် ဖြစ်ပါသည်။ မိုင်းယောင်းမြို့ကလေးနှင့် မဲခေါင်မြစ်မှာ မိုင် ၂၀ နီးပါး ဝေးကွာ၍ မြို့နှင့်မြစ်ကြားတွင် အလွန်ထူထပ်သော သစ်တောကြီးများနှင့် မြင့်မားသော တောင်ကြီးများ ကာဆီးထားပါသည်။ တောင်ဘက် တာချီလိတ်မြို့နယ်ရောက်မှသာ မြန်မာနိုင်ငံမှ မဲခေါင်မြစ်ကို အသုံးပြုကြပါသည်။ ထို့ကြောင့် မိုင်းယောင်းမြို့နယ် အတွင်း၌ ရေလမ်းခရီး သွားလာနိုင်မှုမရှိခြင်း ဖြစ်ပါသည်။

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၂ )

## ကျွန်တော်နှင့်မိုင်းယောင်း

ကျွန်တော်သည် မိုင်းယောင်းမြို့ကလေးတွင် တာဝန်အရ ကိုးလ၊ ဆယ်လ နေခဲ့ဖူးသည်။ ကျွန်တော်တို့ စစ်သားများ ကိုးလ၊ ဆယ်လမှာ သာမန်အရပ်သားများနှင့်မတူ များစွာခြားနားလှပါသည်။

စစ်သားဖြစ်၍ တောတောင်ရေမြေအနံ့ ခြေဆန့်ခဲ့သည်။ ရောက်ပြီဟော့ဆိုကတည်းက ပြန်ထွက်ခဲ့ရသည်



www.burmeseclassic.com

www.burmeseclassic.com



အထိ မိုင်းယောင်းအရှေ့အနောက် တောင်မြောက် ခြေလျင်လျှောက်ခဲ့ရသည်။ မရောက်ဘူးသည့်နေရာမရှိသလောက်ဖြစ်ခဲ့ရသည်။ တိုင်းရင်းသားလူမျိုးစု သုံးလေးမျိုးကိုသိခဲ့ရသည်။ သူတို့စကား နှစ်မျိုး၊ သုံးမျိုးကိုပင် ထမင်းစားရေသောက် ပြောတတ်ခဲ့သည်။ အခါစကား၊ ရှမ်းစကားနှစ်ခုက အဓိကပါပေ။ လားရှိုးအရှေ့ခြမ်းတွင် မြောက်ပိုင်းရှမ်းစကား အတန်အသင့် ပြောတတ်ခဲ့သော ကျွန်တော်သည် မိုင်းယောင်းတွင် တောင်ပိုင်းရှမ်းစကားကို ပြောင်းသင်ရသည်။ လမုန်းကလျှင် ဒေသခံ တောင်ပိုင်းရှမ်းစကားတတ်သူက တစ်ပန်းသာသည်။ ကိုယ်ပြောချင်တာကို မင်းသမီးလေးများနှင့် နှစ်ကိုယ်ကြားပြော၍ရသည်။ သူတို့စကား အတန်အသင့်တတ်သော ကျွန်တော်သည် မိုင်းယောင်းတွင် လမုန်းဘီလူး ဗိုလ်သက်ဦးဖြစ်ခဲ့သည်။ မင်းသမီးလေးများ၏ မျက်နှာသာပေးခြင်းကို ခံခဲ့ရသည်။ မိုင်းယောင်းကား ကျွန်တော့်အတွက် မေ့စရာတွေ အများကြီးချန်ထားရစ်ခဲ့သော မြို့ကလေး ဖြစ်ပါ၏။ မိုင်းယောင်းကိုကျွန်တော် ချစ်သည်။ ကျွန်တော် စာတွေရေးဖြစ်တော့မိုင်းယောင်းအကြောင်း အတော်ပြည့်ပြည့်စုံစုံ ရေးဖြစ်ခဲ့





သည်။ ရှည်ရှည်လျားလျား ရေးဖြစ်ခဲ့သည်။ မှတ်တမ်းတင် ဖြစ်ခဲ့သည်။

ယခု ဤစာအုပ်တွင် ကျွန်တော် ရေးခဲ့သော **"စစ်သားဘဝအမှတ်တရများ"** စာအုပ် အမှတ် (၂) မှ မိုင်းယောင်းနှင့်ဆိုင်သော မှတ်တမ်းမှတ်ရာများကို စာရှုသူများ ပြန်လည်ခံစားနိုင်ရန် အောက်တွင် ရှည်ရှည်လျားလျား ဖော်ပြလိုက်ပါသည်ခင်ဗျား။

## မိုင်းယောင်းဒေသက အတွေ့အကြုံများ

### မိုင်းဖြတ်မှသည် မိုင်းယောင်းသို့

မိုင်းယောင်းသည် မိုင်းဖြတ်မှ မိုင် ၅၀ ခန့် ကွာဝေး၏။ မိုင်းဖြတ်မှထွက်သော် တာမ၊ ထိုမှသည် ၂၉ မိုင်၊ ထို့နောက် မိုင်းဟန်၊ မိုင်းပော၊ မုံးလိုက်၊ ဟောင်ကွေ့၊ ထိုမှလွန်သော် မိုင်းယောင်းသို့ ရောက်လေ၏။ မိုင်းယောင်းသည် လတ္တီတွဒ် ၂၀ ဒီဂရီနှင့် ၂၂ ဒီဂရီအကြား၊ လောင်ဂျီတွဒ် ၁၀၀ ဒီဂရီနှင့် ၁၀၁ ဒီဂရီအကြား တည်ရှိ၍ ပင်လယ်



www.burmeseclassic.com


www.burmeseclassic.com



ရေမျက်နှာပြင်အထက် ပေသုံးလေးရာခန့်သာ မြင့်သည်။ ပူအိုက်စွတ်စို၏။ မြန်မာနိုင်ငံ အလယ်ပိုင်းဒေသတွင် ပေါက်ရောက်တတ်သည့် မန်ကျည်းပင်၊ ထနောင်းပင် စသည့်အပင်မျိုးများလည်း ရှိသည်။ အုန်းပင်များလည်း ရှိ၏။ မိုင်းယောင်းပြန့်သည် မိုးတွင်းကာလတွင် အမြဲတမ်း ရေဖုံးနေတတ်၏။ အင်း၊ အိုင်၊ ချောင်း၊ မြောင်းများ ပေါများ၏။ မိုင်းယောင်းပြန့်ကား အလျား ၁၅ မိုင်ခန့်နှင့် အနံ ၅ မိုင်ခန့်ရှိ၏။ လျှိုမြောင်စိမ့်စမ်းအင်းအိုင်များ ပေါများ၍ ငှက်ဖျားလည်း အလွန်ထူ၏။ မိုင်းယောင်းငှက်မိသွားလျှင် မသက်သာလှပါ။ တချို့ဆို တစ်သက်စာ ဖူလုံသွားအောင် ငှက်ကြောင် ကြောင်သွားတတ်၏။

မိုင်းယောင်းပတ်လည်တွင် ရန်သူများလည်း ပေါများလှချေ၏။ မိုင်းယောင်းခွင်တွင် နာမည်ကြီး တိုက်ပွဲများ ဖြစ်ပွားခဲ့၏။ ကော်ဟိုလွယ် ထင်းရှူးတောင်တိုက်ပွဲ၊ ကော်မိုးကျားတိုက်ပွဲ၊ ကျောက်တောင်တိုက်ပွဲ၊ ဝမ်ကျိုင်းဆုံရပ်တိုက်ပွဲ၊ ဟိုခိုဘုရားကုန်းတိုက်ပွဲ၊ ဝမ်းဟိုရမ်းတိုက်ပွဲနှင့် ၁၉၈၀ ခုနှစ် မိုင်းယောင်းတိုက်ပွဲတို့သည်ကား ထိုစဉ်က နာမည်ကြီးသော တိုက်ပွဲများဖြစ်ကြ၏။





၁၉၈၀ ခုနှစ်က မိုင်းယောင်းတိုက်ပွဲ

www.burmeseclassic.com

www.burmeseclassic.com



မိုင်းယောင်းဒေသသို့ စစ်ဆင်ရေး မဝင်ရောက်မီ တပ်ရင်းဌာနချုပ်၌ စာရေးသူနှင့် သနက(၁)မှ အရာရှိများ စစ်ဆင်ရေးကိစ္စများ ဆွေးနွေးညှိနှိုင်းနေပုံ (၁၉၈၂ ခုနှစ်)



၁၉၈၂ ခုနှစ် မိုင်းယောင်းသို့ ကျွန်တော်ရောက်စဉ် ဆိုတိုက်ပွဲများ၏ အရှိန်ကား မသေသေးပါချေ။

ထို့ကြောင့် "မိုင်းယောင်းမှာ အသက်နဲ့ကိုယ် အိုးစားမကွဲချင်ရင် မပေါ့နဲ့နော်" ဟု ရောက်ဖူးသူတို့က အဖွဖွ မှာကြသည်ထင်ပါ၏။

ကျွန်တော်တို့ မိုင်းယောင်းသို့ ရောက်လျှင်ရောက်ချင်း တပ်ရင်းမှူးကြီးနှင့် စစ်ကြောင်း (၁) သုံးခွဲက မိုင်းယောင်းအထိ ချီတက်၍ နည်းဗျူဟာသို့ သတင်းပို့ရ၏။ နည်းဗျူဟာမှူးမှာ ဗိုလ်မှူးကြီးအောင်ဖုန်း (ယခု အငြိမ်းစား သစ်တောရေးရာဝန်ကြီး) ဖြစ်ပါသည်။ ကျွန်တော်၏ စစ်ကြောင်း (၂) နှင့် နှစ်ခွဲမှာ မိုင်းယောင်းနှင့် လေးငါး ခြောက်မိုင်ခန့်ဝေးသည့် မုံးလိုက်ရွာကြီးတွင် ခေတ္တအခြေပြုရပါသည်။ ကျွန်တော်၏ စစ်ကြောင်းတွင် တပ်ခွဲမှူးများမှာ ဗိုလ်ကြီးသန်းဝင်းနှင့် ဗိုလ်ကြီးမြေးလွင်တို့ဖြစ်ကြ၏။

ထိုစဉ်က မုံးလိုက်မှာ ဗကပများ နှိပ်စက်ထားသဖြင့် ရွာပျက်မတတ်ဖြစ်နေသည့်အချိန် ဖြစ်၏။ အိမ်များမှာ မြေအုတ်များဖြင့် ဆောက်ထားသည့် အိမ်ကြီးအိမ်ကောင်းများဖြစ်၏။ ရှေးယခင်က အိမ်ခြေရာကျော်ရှိသည့်



www.burmeseclassic.com

www.burmeseclassic.com



ရွာကြီးပါပင်။ သို့ရာတွင် ကျွန်တော်တို့ရောက်သည့်အချိန်တွင် လူနေသည်မှာ အိမ်ခြေ လေးငါးဆယ်ပင် ပြည့်အုံ မထင်တော့ပါ။

ကျွန်တော် လမုံး ကဖူးပြီ

ရှမ်းပြည်နယ်အရှေ့ပိုင်းသို့ ရောက်ပြီဆိုလျှင် လမုံးမကဖူးက ခေတ်မမီပါချေ။ လမုံးကဖူးမှသာလျှင် ပြည့်စုံသည်ဟု ယူဆကြ၏။ ကျွန်တော်သည်လည်း လမုံးအကြောင်း ကြားဖူးနေသည်မှာ ကြာပါပြီ။ သို့ရာတွင် လမုံးအကြောင်းတော့ ဘာမှမသိသေးပါ။ စစ်ဆင်ရေးသာ နှစ်ပတ်ရှိသွားပြီ လမုံး တစ်ခါမှ မကဘူးသေးပါ။

မုံးလိုက်သို့ရောက်သည့်အခါ ထိုတစ်ခါမှ မကဘူးသော လမုံးကဖို့ ကြုံကြိုက်လာပါသည်။ ဖြစ်ပုံမှာ ကျွန်တော်တို့ မုံးလိုက်ရောက်ပြီး နောက်နေ့တွင် မိုင်းယောင်းမှ နယ်ဘက်အုပ်ချုပ်ရေးအရာရှိများ ရောက်လာ၏။ မုံးလိုက်တွင် ကျွန်တော်တို့နှင့်တွေ့ပြီး အစည်းအဝေးများလုပ်၏။ ကျွန်တော်တို့နှင့်အတူ ညအိပ်မည်ဟုလည်း ဆို၏။ ညစာလည်း အတူစားကြ၏။ ညစာစားပြီးချိန်တွင်





ကျွန်တော့်စစ်ကြောင်းရုံး အခြေပြုထားသည့် အိမ်ကြီးသို့ ရွာမှ တီးဝိုင်းတစ်ခု ရောက်လာသည်။

"ဟာ . . . ဆိုင်းတွေ ဗုံတွေပါလား။ ဘာလုပ်ကြမှာလဲ"

"လမုံးကမယ်လေ စစ်ကြောင်းမှူးကြီးရဲ့။ ကတတ်ဘယ်မဟုတ်လား"

"ကြုံကြိုးစည်ရာဗျာ။ ဘယ်က ကတတ်ရမှာလဲ"

"ဟာ . . . ဒါဆိုရင် အတော်ပဲ။ တစ်ခါတည်းဒီမှာ သင်လိုက်ရင် ကတတ်သွားမယ်"

မိုင်းယောင်းမှလာသည့် နယ်ဘက်အုပ်ချုပ်ရေးအရာရှိများ၏ အဖွဲ့ခေါင်းဆောင်မှာ ယခင်က ကုန်သွယ်ရေးဝန်ထမ်းဖြစ်ပြီး မိုင်းယောင်းတွင် အတော်အနေကြာနေပါပြီ။ လမုံးအက အတော်ကျွမ်းကျင်သည်ဟု နာမည်ကြီးသူဖြစ်ပါ၏။ နာမည်မှာ ဦးကျော်စိန်ဟု ထင်ပါ၏။ ကောင်းကောင်း မမှတ်မိတော့ပါ။ တစ်ဦးမှာ ဦးစိုင်းဆင်စိုင်းဖြစ်၍ သူကလည်း မိုင်းယောင်းတွင် လမုံး **Expert** ဟု နာမည်ကြီးသူဖြစ်ပါသည်။ ထိုစဉ်က ဦးစိုင်းဆင်စိုင်းမှာ ပါတီယူနစ် ဥက္ကဋ္ဌဖြစ်၏။ ည (၇) နာရီခန့်တွင် အောက်



www.burmeseclassic.com

www.burmeseclassic.com



လင်းဓာတ်မီးကြီး သုံးလေးလုံးထွန်း၍ တယော၊ နှဲ၊ ဗုံ ပတ္တလား၊ မောင်း စသည့် ရိုးရာတူရိယာများဖြင့် လမုံးပွဲကို စတင်ဆင်နွှဲကြပါတော့သည်။

မိုင်းယောင်းဒေသသည်ကား အလွန်အသားဖြူသော လီရှမ်းလူမျိုးများ၏ ဒေသဖြစ်၏။ ထိုလီရှမ်းများကို မြန်မာ၊ ထိုင်း၊ လာအိုနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့တွင် တွေ့နိုင်ပါသည်။ လီရှမ်း အမျိုးသမီးများသည် ထဘီနှင့် အင်္ကျီဝတ်၍ ခါးတွင် ငွေခါးပတ်များပတ်ပြီး နဖူးထိပ်တွင် သျှောင်ထုံးများ ထုံးဖွဲ့ကြ၏။ အလွန်ထူးခြားသော ဆင်ယင်ထုံးဖွဲ့မှုဖြစ်၏။ ယောက်ျားများကမူ အခြားသော ရှမ်းတိုင်းရင်းသားများနှင့် သိပ်မကွာလှ။ ထိုလီရှမ်းများကို မိုင်းယောင်းဒေသမှလွဲ၍ မြန်မာနိုင်ငံတွင် အခြားနေရာများ၌ ကျွန်တော် မတွေ့ဘူးပါ။

ထိုနေ့က လမုံးကသောအခါ ဆိုင်းဝိုင်းကလေးက ခပ်နွဲ့နွဲ့တီးခတ်ပြီး တယောသံကလေးက ခပ်ချွဲချွဲဖြင့် လမုံးမင်းသမီး လီရှမ်းလုပျိုဖြူကလေးများက တစ်ဦးပြီးတစ်ဦး လက်အုပ်ကလေးများ ချီကာချီကာ ခပ်နွဲ့နွဲ့ဖြင့် က၍ ထွက်လာပါသည်။ မိုင်းယောင်းမှလာသည့် နယ်ဘက်





အုပ်ချုပ်ရေးအရာရှိများက လမုံးလုပျိုဖြူကလေးများဖြင့် ဆွဲပြီး အသီးသီး လက်ကလေးမြှောက်လိုက် ခါးကလေးနှဲ့လိုက်ဖြင့် ပျော်ရွှင်စွာ ကကြ၏။ ကျွန်တော် နားမလည်သော ရှမ်းသီချင်းများဆိုကြ၏။ ထို့နောက် ဘေးနားရှိ နာမည်ကျော် မိုင်းယောင်းစပါးအရက်ပုံးမှ စပါးအရက်အား တစ်ခါ ကလိုက် တစ်ခွက်သောက်လိုက်ဖြင့် စည်းဝါးကိုက်နေကြ၏။ သံစဉ်မှန်နေကြ၏။ သုံးလေးငါးချီ ကပြီးသော အခါ အရှိန်ရနေသော ဦးစိုင်းဆင်စိုင်းက ...

"လာပါ စစ်ကြောင်းမှူးရဲ့။ ကစမ်းပါဦး"

ဟုခေါ်ပါတော့သည်။ ကျွန်တော်က ပြုံး၍ လက်ကာပြလိုက်၏။

"ကျွန်တော် မလုပ်တတ်ပါဘူးဗျာ။ ကိုသန်းဝင်းနဲ့ ကိုဌေးလွင်သာ ခေါ်ပါ"

ဟုသာ ပြန်ပြောမိပါသည်။

သူတို့က အတင်းခေါ်သောအခါ ဗိုလ်ကြီးသန်းဝင်းနှင့် ဗိုလ်ကြီးဌေးလွင်တို့က လမုံး ကျွမ်းပြီးသူများဖြစ်၍ ထပြီး ကကြ၏။ တပ်စုမှူးများဖြစ်ကြသည့် ဗိုလ်စိုးလွင်၊ ဗိုလ်လှမော်၊ ဗိုလ်ထွန်းလှအောင်၊ ဗိုလ်အောင်သန်းတို့



www.burmeseclassic.com

www.burmeseclassic.com



ကလည်း အသီးသီး ဝင်ကကြ၏။ ကျွန်တော်ကတော့ ရာထူးအကြီးဆုံးလည်းဖြစ်၊ ကလည်း မကတတ်၊ တစ်ခါမှ မသိဘူး၊ မမြင်ဘူးသေးသည့် မိန်းမပျိုလေးများနှင့် ဘုမသိဘမသိ တွဲရမည်ကို ခပ်ရှက်ရှက်ဖြင့် ဝင်မကဖြစ်ပါ။ လမုံး မကတတ်၍ သူတို့ကသည်ကိုကြည့်ရင်း မိုင်းယောင်းစပါး ကိုသာ တစိမ့်စိမ့် သောက်နေမိပါသည်။

အချိန်ကြာလာလေ မိုင်းယောင်းစပါးက တန်ခိုးပြလာလေဖြစ်၏။ လမုံးပွဲ တစ်နာရီကျော်ခန့်အကြာတွင် ကနေသူအားလုံး အတော်လေး မူးမူးမောမောဖြစ်နေပြီထင်၏။ ကျွန်တော် တစ်ဦးတည်း လမုံးပွဲဘေးတွင် ငုတ်တုတ်ကြီးထိုင်နေသည်ကို အားလုံးက ကြည့်၍ရဟန် မတူတော့။ ထို့ကြောင့် အားလုံးက ခေါင်းဆောင် မင်းသမီးကလေးအား ကျွန်တော့်ကို အတင်းခေါ်ခိုင်းပါတော့သည်။ ထိုမိန်းကလေးမှာ ချောမောလှပ၍ အသက်လည်း နှစ်ဆယ်ခန့်သာရှိမည် ထင်ပါသည်။ တီးလုံးကလည်း ပိုမြန်လာ၍ ပိုမြူးကြွလာ၏။ ခေါင်းဆောင်မင်းသမီးလေးကလည်း မရမက လက်အုပ်ချီကာ ကျွန်တော့်အား ခေါ်နေရာ အားလုံးက ...





"လာပါ စစ်ကြောင်းမှူးရယ်။ ကပါ"

ဟု အတင်းပိုင်းဝန်းတိုက်တွန်းကြပါတော့သည်။

ထိုအခါ ရီဝေဝေဖြစ်နေသော ကျွန်တော်လည်း ပေါ်းတစ်ခွက်ကို ရေမရောဘဲ မော့ချလိုက်ပြီး ရဲဆေးတင်ကာ လိရှမ်းမင်းသမီးကလေးခေါ်ရာသို့ လိုက်သွားမိပါတော့သည်။ လမုံးအကမှာ ခြေလှမ်း အနုတ်အသိမ်းနှင့် လက်လှုပ်ရှားမှု မှန်ကန်ဖို့လိုပါသည်။ ကိုယ်နှင့်တွဲကနေသည့် မင်းသမီးနှင့် လိုက်လျောညီထွေ လှုပ်ရှားတတ်ရပါသည်။ ကျွန်တော်သည် အကပညာ မတတ်သော်လည်း အခြေအနေကိုကြည့်၍ ခြေထောက် အရွှေ့အပြောင်း၊ အနုတ်အသိမ်းကိုတော့ လုပ်တတ်ပါသည်။ ထို့ကြောင့် တီးလုံးသုံးခါလောက်ပြီးဆုံးသွားသည့်အခါ ကျွန်တော်လည်း ချွေးပြန်လာပြီး ယခင်က ရှက်သလို ရွံ့သလိုဖြစ်နေသည်များ ကြက်ပျောက်ငှက်ပျောက် ပျောက်ကုန်၍ ရဲရင့်သွားပါတော့သည်။

မင်းသမီးကလေးကလည်း ပြုံးပြုံးပြုံးပြုံးဖြင့် ကျွန်တော့်အား အလိုက်သိစွာ ဖေးမ၍ တွဲကပြီး အကနားချိန်များတွင် ရဲဆေးအဖြစ် စပါးဖန်ခွက်ကလေးကို သူမ



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တိုင် ယူလာ၍ တိုက်လိုက်ပါသေးသည်။ ဤသို့ဖြင့် ကျွန်တော်တို့၏ လမုံးဝိုင်းမှာ ည ၁၀ နာရီကျော်သွားပါသည်။ နောက်ဆုံး၌ လူတွေလည်းမော၍ ခြေကုန်လက်ပန်းကျပြီး ဘေးမှာထားသည့် စပါးပုံးလည်း တက်တက်ပြောင်သွား၏။ ထိုအခါကျမှ ပွဲသိမ်းပါတော့သည်။ ကျွန်တော်သည်လည်း ထိုနေ့ညတစ်ညတည်းနှင့် လမုံးစာမေးပွဲအောင်သွားပါတော့သည်ခင်ဗျား။

**စိန်ပြောင်းဖြင့် အပစ်ခံရခြင်း**

လမုံးကပြီး နောက်တစ်နေ့ဖြစ်၏။ ထိုနေ့က တစ်နေ့လုံး ညက လမုံးပွဲအကြောင်းကို ဟိုပြောဒီပြော ပြောဖြစ်ကြသည်။ ဤသို့ဖြင့် တစ်နေကုန်သွား၏။ ညစာအား စစ်ကြောင်းရုံးတွင် စု၍ စားကြသည်။ ထိုနေ့ညက ညစာစားပြီး ကျွန်တော်နှင့် တပ်ခွဲမှူးနှစ်ဦးဖြစ်သော ဗိုလ်ကြီးသန်းဝင်းနှင့် ဗိုလ်ကြီးငွေလွင်တို့နှစ်ဦး မိုင်းယောင်းလမုံးနှင့် မိုင်းယောင်းဒေသအကြောင်းကို ရောက်တတ်ရာရာ ပြောဆိုဆွေးနွေးကြသည်။ ထိုသို့စကားကောင်းနေစဉ် ကျွန်တော်တို့အခြေပြုထားသည့် မိုင်းယောင်း-မိုင်းဖြတ်





ကားလမ်းမကြီး၏ အရှေ့ခြမ်း၊ နမ့်မယောင်းချောင်းစပ် လယ်ကွင်းများထိပ်မှ ရုတ်တရက် "ပတောက် ... ပတောက်၊ ဖောင်း ... ဖောင်း ဖောင်း" ဟူသော လက်နက်ငယ်အသံများ ပေါ်ထွက်လာပါသည်။

"ဟိုက် ... ပစ်ပြီဟေ့"

ကျွန်တော်က အားလုံးကို နေရာယူခိုင်းလိုက်သည်။ တစ်ဖက်မှ "ပတောက် ... ပတောက် ... ပတောက်" ဖြင့် ထပ်ပစ်ပြန်သည်။ ကျည်ဆန်အချို့က ကျွန်တော်တို့နေသည့်အိမ်များ၏ ခေါင်မိုးကို လာမှန်ကြ၏။ ရန်သူ ပြောက်ကျားများက ကျွန်တော်တို့အား လာအကဲစမ်းနေသည်ထင်၏။ မနေ့က တစ်ညလုံး လမုံး ကနေကြခြင်းကြောင့် မျက်စိနောက်၍ လာပစ်ခြင်းလားမသိပါ။

"ရန်သူက ပြောက်ကျားလောက်ပဲ ထင်တယ်။ ကိုသန်းဝင်း တပ်ခွဲပြန်လိုက်လေ"

"ကိုငွေလွင်က နေရာယူထား၊ ပြန်မပစ်စေနဲ့"

တပ်ခွဲမှူးနှစ်ယောက်ကို မှာလိုက်သည်။ ရန်သူက အနည်းငယ် ထပ်ပစ်ပြန်၏။ ထိုအချိန်တွင် မမျှော်လင့်ဘဲ "ဖောင်း" ဟူသော အသံတစ်ခု ကြား၍ ကျွန်တော့်



www.burmeseclassic.com

www.burmeseclassic.com



စစ်ကြောင်းရုံး ရှေ့ဝါးတစ်ရိုက်အကွာခန့်တွင် "အုမ်း"ခနဲ မြည်ဟည်းသံနှင့်အတူ မီးရောင်များ လက်သွားပြီး ဗုံးသီး တစ်လုံး ကျရောက်ပေါက်ကွဲသွား၏။ ကျွန်တော် အလွန် အံ့ဩသွားသည်။

"ဟိုက် ... အာပီဂျီနဲ့များ ပစ်တာလား"

"မဟုတ်ပါဘူး စစ်ကြောင်းမှူး။ ကိုသန်းဝင်း တပ်ခွဲဘက်ကလာတာ"

ဗိုလ်ကြီးဌေးလွင်က ဝင်ပြောသည်။

"ဟ ... နင့်အမေကလွှား ကိုသန်းဝင်း မြန်မြန် ပြန်။ ဘယ်သူပစ်တာလဲ မေးပြီး အဲဒီကောင်ကို ဒီခေါ်ခဲ့ ပါဦး"

ကျွန်တော်သည် ရန်သူမှ လက်နက်ငယ်နှင့် ပစ်သည်ကို မစိုးရိမ်မိ၊ မိမိအချင်းချင်းပစ်၍ မှန်ကုန်မည် ကို အလွန်စိုးရိမ်၏။ ကိုယ့်လူချင်းများပစ်ကြ၍ ကျွန်တော့် စစ်သက်တစ်လျှောက်တွင် ခဏခဏလည်း မှန်ခဲ့ကြဖူး ပါပြီ။ ကျွန်တော်ကိုယ်တိုင်ပင် အချင်းချင်းများပစ်သည်ကို ခံလိုက်ရသည့်အတွက် ဆေးရုံသုံးလေးငါးလ တက်ခဲ့ရဖူး ပါသည်။ ထို့ကြောင့် အချင်းချင်းများပစ်မှာကို အထူးစိုး





ရိမ်မိ၏။ ယခုမူ တိုက်ပွဲမှ မစသေး အချင်းချင်း များပစ်၍ ရှေးဦးကပေါက်ချင်ပြီ။ တစ်ဖက်မှ ရန်သူကလည်း ကျွန် တော်တို့က ပြန်မပစ်လို့လား၊ စိန်ပြောင်းသံကြောင့်လား မသိ အပစ်ရပ်သွား၏။ အနေအစား ပျက်အောင် **Ha-rassing Fire** လုပ်သွားခြင်းသာ ဖြစ်ပါသည်။

သို့ရာတွင် အချင်းချင်းက စိန်ပြောင်းနှင့် အပစ်ခံ လိုက်ရ၍ တော်တော်တော့ အောင့်သက်သက်ဖြစ်သွား၏။ ခဏအကြာတွင် ဗိုလ်ကြီးသန်းဝင်း ပြန်လာသည်။ ၎င်း နှင့်အတူ ကျောင်းဆင်းခါစ ယခုအပတ်မှ ရှေ့တန်းလိုက် လာသည့် ဒု-ဗိုလ်လှမော် လိုက်ပါလာသည်။

"စစ်ကြောင်းမှူး နောက်ကနေပြီး စိန်ပြောင်းနဲ့ လှမ်းပစ်တာ ဒီကောင်ပဲ"

တပ်ခွဲမှူးဗိုလ်ကြီးသန်းဝင်းက ဒု-ဗိုလ်လှမော်အား လက်ညှိုးထိုး၍ ပြောလေသည်။

"ဟိတ်ကောင် ... မင်းက ဘာကိစ္စနဲ့ စိန်ပြောင်း နဲ့လှမ်းပစ်ရတာလဲ။ မင်းပစ်တာ ကံကောင်းလို့ ငါ့ခေါင်း ပေါ် မကျတာယ်"

ကျွန်တော်က အလေးအနက်နှင့် ပြောနေသော်



www.burmeseclassic.com

www.burmeseclassic.com



လည်း ဒု–ဗိုလ်လှမော်မှ ရယ်ကျဲကျဲဖြင့် ...

“ရန်သူ့ဆီက ပစ်တဲ့အသံကြားလို့ ပစ်လိုက်တာပါ”

ဟု ခပ်အေးအေးပင် ဖြေပါတော့သည်။

“မင်းကို ဘယ်သူကပစ်ခိုင်းတာလဲ”

“ဘယ်သူမှ မပစ်ခိုင်းပါဘူး။ ကျွန်တော့်သဘောနဲ့ ကျွန်တော် ပစ်လိုက်တာပါ”

ကျွန်တော်က အတော်စိတ်ဆိုးနေသော်လည်း ဒု–ဗိုလ်လှမော်မှာ ပြုံးစစဖြင့် အေးအေးဆေးဆေးပင် ဖြေနေရာ ကျွန်တော့်မှာ ငိုရခက်၊ ရယ်ရခက်၊ ထိုးရခက်၊ ရိုက်ရခက်နှင့် ဖြစ်သွား၏။ ထို့ကြောင့် ...

“အင်း ... ဒီကောင် ကျောင်းဆင်းခါစ ဗိုလ်ပေါက်စဆိုတော့ မသိနားမလည်ဘဲ လုပ်မိလုပ်ရာ လုပ်လိုက်တာပဲ” ဟု တွေးမိကာ

“ကဲ ... ကဲ ... သွားတော့ ဟိတ်ကောင်။ နောက် အမိန့်မရရင် မလုပ်နဲ့။ အမိန့်ရမှလုပ်ကွ ငါ့လူရ။ ဒါစစ်တပ် စစ်တိုက်နေတာ။ ကလေးကစားနေတာ မဟုတ်ဘူး။ လုပ်မှားကိုင်မှားဆိုရင် သေတတ်တယ် နားလည်





ခဲ့လား”

ဟုသာ ပြောလိုက်ရပါတော့သည်။

ဗိုလ်လှမော်လက်ချက်ဖြင့် မိုင်းယောင်းရောက်ခါမှာ ကံကောင်း၍ ၂ လက်မစိန်ပြောင်းစာ မိမသွားခြင်းဖြစ်၏။ နောက်တစ်နေ့တွင်တော့ ကျွန်တော်တို့ စစ်ကြောင်း (၂) တစ်ခုလုံး မိုင်းယောင်းမြို့သို့ ဝင်ရပါသည်။

နောင်အခါ ထိုအဖြစ်အပျက်ကို အခွင့်ကြုံတိုင်း ပြန်ပြော၍ တသောသောရယ်မောကြရပါသည်ခင်ဗျား။

ခင်တုန့်၊ ဝမ်ရှန်ခွင်အား ထိုးဖောက်ရာဝယ်

ကျွန်တော်၏ သနက (၁)၊ စစ်ကြောင်း (၂) မိုင်းယောင်းသို့ ဝင်ရောက်ချိန်မှာ မိုးသည်းထန်စွာ ရွာသွန်းနေသော ဩဂုတ်လဖြစ်၏။ မိုင်းယောင်းရောက်သော် မြို့တောင်ဘက်အထွက်က ဟောင်ကျန့်ရွာကလေးတွင် အခြေပြုရ၏။ ဟောင်ကျန့်ကား ချင်း (၃) နှင့် ဗျူဟာကုန်းမှ မိုင်းယောင်းမြို့သို့အလာ လမ်း၏ညာဘက်တွင် ရှိသော သိရှမ်းရွာကလေးဖြစ်၏။ ဟောင်ကျန့်တွင်လည်း လမုံးအဖွဲ့ ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုကြီးတို့ လမုံး က,ချင်လည်းဖြစ်တယ်နော်။ ဒီမှာ လမုံး မင်းသမီးကလေးတွေရှိတယ်"

စစ်ကြောင်းရုံးမှ ဗိုလ်မြတ်သာက တွေ့လျှင်တွေ့ချင်းပင် ပဋိသန္ဓာရပြု၏။

လမုံးရောဂါစွဲကပ်လာသော ကျွန်တော်တို့တစ်တွေလည်း သိပ်တော့ လက်မနှေးပါ။

"ဒါဆိုလည်း စမ်းကြည့်ကြတာပေါ့" ဟု ဆိုကာ ရောက်သည့်နေ့မှာပင် တပ်ရင်းမှူးကြီးအားခွင့်ပန်၍ ဟောင်ကျန့်တွင် လမုံးတစ်ပွဲနွဲလိုက်၏။

ဟောင်ကျန့် လမုံးခေါင်းဆောင်မင်းသမီး အိန္ဒမ်းမှာ များစွာချောမောလှပ၍ ကိုယ်လုံးကိုယ်ပေါက် အချိုးအစား ပြေပြစ်ကျန၏။ အက,ကလည်း ကောင်း၊ အပြောကလည်း ကောင်းသဖြင့် ကျွန်တော်တို့လူစစ်များက အထူးသဘောကျကြ၏။ ကျွန်တော်ကိုယ်တိုင် ထိုနေ့ညက အိန္ဒမ်းနှင့် သုံးလေးခါလောက် တွဲကလိုက်သောအခါ သူမ၏အရည်အချင်းကို သဘောပေါက်သွားပါသည်။ အကမှာ လှပညက်ညောရုံသာမက အရယ်မျက်လုံး၊ အပြုံးမျက်နှာများကလည်း စွဲမက်ဖွယ်ရာဖြစ်၏။



"အင်း ... ဒါကြောင့်လည်း လမုံး လမုံးနဲ့ ပြောနေကြတာကိုး"

ရောက်ရောက်ချင်း လမုံး ကမိ၍လားတော့ မသိ။ နောက်နေ့တွင် ဗျူဟာရုံးက တပ်ရင်းမှူးနှင့် ကျွန်တော့်အား ခေါ်ပါတော့သည်။

"ကဲ ... လာဗျို့ တပ်ရင်းမှူးနဲ့ စစ်ကြောင်းမှူးတို့။ ကိစ္စကတော့ ဝမ်တုန်၊ ဝမ်ရှန်ခွင်ကို ထိုးဖောက်ဖို့ပဲ။ ဦးကိုလေးဆီက စစ်ကြောင်း (၂)နဲ့ နှစ်ခွဲ တာဝန်ပေးပဲ။ ဝမ်ရှန်ဘုရားကုန်းမှာ ဗကပ (၈၁၅) က လက်နက်ကြီးတပ်ခွဲတစ်ခွဲနဲ့ တပ်ရင်းမှူးအဆင့်ရှိတဲ့ လူကြီးတစ်ယောက် အမြဲလိုလို အခြေပြုထားတယ်လို့ သတင်းရတယ်။ အခြေအနေပေးရင် ဒီကောင်တွေ ဝမ်ဟိုရမ်းကို တိုက်သိမ့်မယ်။ ပြီးရင်တော့ မိုင်းယောင်းအထိ ထိုးဖောက်မယ်ပေါ့ဗျာ။ သူ မလုပ်ခင် ကိုယ်က လက်ဦးမှုရအောင် ဒါကိုဝင်ရှင်းမှရမယ်။ တပ်ရင်းမှူးက မီးပျောက်ရိက္ခာ သုံးရက်စာနဲ့ ခင်ဗျား စစ်ကြောင်း (၂) ကို သေသေချာချာ စုဖွဲ့ပြီး လွှတ်လိုက်ဗျာ။ လက်နက်ကြီးကတော့ ၆၀ မီလီမီတာနဲ့ ရှစ်ဆယ် မီလီမီတာ စိန်ပြောင်းတွေကို ဖွဲ့စည်းပုံအတိုင်း ထည့်



www.burmeseclassic.com

www.burmeseclassic.com



ပေးလိုက်ပါ။ ကျန်တာတွေတော့ ပေါ့ပေါ့ပါးပါးပေါ့။ ဝမ်ရှန်ဘုရားကုန်း ရှင်းပြီးရင်တော့ တောင်ဘက်ကရွာပုန်းတွေကို ဆက်ရှင်းပေးပါ။ ပြီးရင်တော့ ပြန်ဝင်ပေါ့။ မီးပျောက် ရိုက္ခာသုံးရက်စာအပြင် ရိက္ခာခြောက် သုံးရက်စာလောက် ထည့်ပေးလိုက်ပါ''

ဗျူဟာမှူး ဗိုလ်မှူးကြီး အောင်ဖုန်းမှာ ကျွန်တော် ဗိုလ်လောင်းကျောင်းသားဘဝက ကျွန်တော်၏ နည်းပြဆရာဖြစ်၏။ ထို့ကြောင့် ကျွန်တော့်အား မောင်သက်ဦးဟုလည်းကောင်း၊ ရံဖန်ရံခါ ဂျီရိတ်သက်ဦးဟု လည်းကောင်း၊ ရံဖန်ရံခါ ပေါ့ကောင်သက်ဦးဟုလည်းကောင်း အလွန်ရင်းနှီးစွာ သုံးနှုန်းခေါ်ဝေါ်တတ်ပါသည်။ တပည့်ရင်း ဆရာရင်းဖြစ်၍ ပြောရဆိုရတာကတော့ ရင်းရင်းနှီးနှီး ရှိလှ၏။ ဗျူဟာမှူးသည် ကျွန်တော့်တပ်ရင်းမှူးနှင့်လည်း ၁၉၆၀ ပြည့်လွန်ကာလများက မော်ဘီတပ်နယ်တွင် နည်းပြဆရာ အတူတူလုပ်ခဲ့ကြသည့် လုပ်ဖော်ကိုင်ဖက်များဖြစ်၍ တစ်ဦးနှင့်တစ်ဦး အကြောင်းသိများဖြစ်ကြ၏။ ထို့ကြောင့်လည်း ရင်းရင်းနှီးနှီး ခေါ်ဝေါ်တွေ့ဆုံ၍ တာဝန်ပေးခြင်း ဖြစ်ပါသည်။





''ကဲ ... ဘာမေးစရာရှိသေးသလဲ''

ဗျူဟာမှူးမှ မေး၏။

''မရှိပါဘူး''

''မရှိရင် မနက်ဖြန်တစ်ရက် ပြင်ဆင်ပြီး သဘက်ခါ ှတ်လေ။ ဒီစစ်ဆင်ရေးအပတ်မှာ ဒါဟာ သနက (၁) ရဲ့ ပထမဆုံး လှုပ်ရှားမှုဖြစ်တဲ့အတွက် အဆုံးအရှုံး မရှိအောင် ကြိုးကြိုးစားစား လုပ်ဖို့တော့ တပ်ရင်းမှူးနဲ့ စ်ကြောင်းမှူးက စီစဉ်ဆောင်ရွက်ကြပါ''

ဗျူဟာမှူးက အထက်ပါအတိုင်း **Briefing** ကို အဆုံးသတ်လိုက်၏။

ထိုနေ့ညက ဟောင်ကျန့် ပြန်ရောက်တော့ စစ်ကြောင်း (၁) ဌာနချုပ်၌ အရာရှိအစည်းအဝေးလုပ်သည်။ တပ်ရင်းမှူးကြီးက ...

''ဒီထိုးဖောက်ခရီးစဉ်က **First Impression** မို့ သိပ်အရေးကြီးတယ်ဗျာ။ ဝမ်ရှန်ဘုရားကုန်းပေါ်မှာ ရန်သူ့ သက်နက်ကြီးအဖွဲ့ရှိတယ်လို့ သတင်းထွက်နေတာကြာပြီ။ အဲဒီကောင်တွေက မိုင်းယောင်းပြန့်ဆင်းပြီး မကြာမကြာ ဒုက္ခပေးနေတယ်လို့လည်း ပြောတယ်။ ဗျူဟာအနေနဲ့



www.burmeseclassic.com

www.burmeseclassic.com



သံသယရှင်းသွားအောင် ကျွန်တော်တို့ ဝင်ရှင်းပေးရမယ်၊ ဒီလှုပ်ရှားမှုက အထူးအရေးကြီးတော့ အရင်ဒီဂွင်ကို ဝင်ခဲ့ဖူးတဲ့ ဗိုလ်ကြီးသန်းဝင်းနဲ့ ခွဲ (၄) ကို ပြန်ထည့်ပေးမယ်၊ စစ်ကြောင်းမှူးဗိုလ်ကြီးသက်ဦးအတွက် တိုင်ပင်ဖော် တိုင်ပင်ဖက်ရအောင် ခင်ဗျားသူငယ်ချင်း ဗိုလ်ကြီးသောင်းတင်နဲ့ ခွဲ (၂) လည်း ထည့်ပေးလိုက်မယ်။ ခွဲ (၃)ကိုတော့ ကျွန်တော် ပြန်ခေါ်ထားလိုက်မယ်။ အဲဒီတော့ အခု ခရီးထွက်မယ့် စစ်ကြောင်းမှာ ခွဲ (၂) နဲ့ ခွဲ (၄)၊ ကျန်ခဲ့တဲ့ ကျွန်တော့် စစ်ကြောင်းမှာတော့ ခွဲ (၁)၊ ခွဲ (၃)၊ ခွဲ (၅) ပေါ့ဗျာ''

တပ်ရင်းမှူးကြီးက သူ့အစီအစဉ်ကို ရှင်းလင်းပြသည်။

''စစ်ကြောင်း (၂) က အရာရှိတွေ ဘာပြောစရာရှိလဲ''

''မရှိပါဘူး''

''ကဲ … မရှိရင်တော့ မနက်ဖြန်တစ်ရက် မီးပျောက်ရိက္ခာ ကောက်ညှင်းကျည်တောက်နဲ့ အသားလေး၊ ငါးလေး ကြော်သွားကြပေါ့ဗျာ။ တို့စစ်ကြောင်းရုံးက ဗိုလ်မြတ်သာတို့ကလည်း လိုတာတွေ ဝိုင်းလုပ်ပေးလိုက်၊





သွားခင် လမ်းတစ်ပွဲလောက် က,ချင်လည်း ကသွားကြပေါ့''

တပ်ရင်းမှူးကြီးက ပြုံး၍ စကားကို နိဂုံးချုပ်လိုက်၏။

ကျွန်တော်နှင့် ဗိုလ်ကြီးသောင်းတင်မှာ ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၃၆) သင်တန်းတစ်ပတ်တည်းမှ ဖြစ်ကြ၏။ ဗိုလ်ကြီးသောင်းတင်သည်ကား သူ့နည်းသူ့ဟန်ဖြင့် ထူးခြားသူဖြစ်၏။ သူတို့မိသားစုတွင် ညီအစ်ကို ၄ ယောက်ရှိ၏။ ၃ ယောက်မှာ တပ်မတော်ထဲသို့ ဝင်၏။ သူ၏အစ်ကိုကြီးက လေတပ်တွင် လေယာဉ်မောင်း၏။ အားရှုံးတွင် လေယာဉ်ပျံ ပျက်ကျ၍ ကွယ်လွန်၏။ သူ၏ညီ အားဖွဲ့ ခေါ် သိန်းဆွေကား ကျွန်တော်တို့နှင့်အတူတူပင် ဗိုလ်သင်တန်းတစ်ပတ်တည်း ဆင်းဖြစ်သည်။ အရှေ့မြောက်တွင် ဗကပများ ဆူပူသောင်းကျန်းခါစက ဗကပများဖြင့် တိုက်ပွဲဝင်ရင်း ကျဆုံးသွားခဲ့၏။ သူ့ကို ကျွန်တော်တို့ တစ်ပတ်တည်းဆင်း သူငယ်ချင်းများက အားဖွဲ့သိန်းဆွေ (သို့မဟုတ်) တစ်ငါးလုံး သိန်းဆွေဟု ခေါ်၏။ အားဖွဲ့မှာ သူ၏ငယ်နာမည် ဖြစ်၏။ တစ်ငါးလုံးမှာ သူ၏



www.burmeseclassic.com

www.burmeseclassic.com



...ဖြစ်သည်။ ထို့ကြောင့် သူ့ကိုပြောမည်ဆိုက ကြည်း ဘ၁၁၁ ဗိုလ်သိန်းဆွေ ဟူသတည်း။

အစ်ကိုနှင့်ညီ ကွယ်လွန်ပြီး၍ သူ့အား သူ့အစ်ကိုနှင့် သူ့ညီလို မဖြစ်ရအောင် သူ့အမေက ရန်ကုန်ကို အတင်း ခေါ်သည်။ ထိုအခါ မှတ်တမ်းရုံးသို့ သူ ရောက်လာပေ။ သူငယ်ချင်းတွေ အလှို့အလှို့ ဗိုလ်မှူးဖြစ်တော့ "သူလည်း သေချင်သေပါစေ မှတ်တမ်းရုံးတွင် မနေလိုတော့။ စစ် မြေပြင်ကို သွားမည်"ဟုဆိုကာ သနက (၁) သို့ ရောက် လာသူဖြစ်သည်။ သူသည် ဗိုလ်လောင်းဘဝက အတော် ကြိုးစားသူဖြစ်၏။ စာလည်း တော်၏။ ယခု တပ်ခွဲမှူး (ဗိုလ်မှူး) ဘဝတွင်တော့ သူနှင့် ကျွန်တော် လက်တွဲ၍ တိုက်ပွဲမဝင်ရသေးပါ။ ဒီတစ်ခါတော့ သူငယ်ချင်းနှင့်တွဲ၍ တိုက်ပွဲဝင်ရပါတော့မည်။

ခရီးစထွက်သည့်နေ့က မိုးကလေးက တဖျောက် ဖျောက်ကျနေ၏။ ကာလမှာ ဝါဆိုဝါခေါင် ရေဖောင်ဖောင် ကာလဖြစ်သည်။

"ကဲ ... ဗိုလ်ကြီးသက်ဦးနဲ့ ဗိုလ်ကြီးသောင်းတင် ခင်ဗျားတို့ကို စိတ်ချနေမယ်။ အစွမ်းကုန် ကြိုးစားခဲ့ ...တော့"

နံနက်ဝေလီဝေလင်း ခရီးထွက်ခါနီး သတင်းပို့ ...တော့ တပ်ရင်းမှူးက ကျွန်တော်တို့ကို အထက်ပါအတိုင်း ...၏။

ကျွန်တော်တို့စစ်ကြောင်းသည် မိုင်းယောင်း၏ အရှေ့မြောက်ယွန်းယွန်း ၅ မိုင်ကျော်အကွာခန့်ရှိ ဝမ်ဟို ...ရွာသို့ ချီတက်ခဲ့ကြ၏။ ထိုသို့ချီတက်ခဲ့ခြင်းမှာ အရှေ့ ...ကော်ဟိုလွယ်ထင်းရှူးတောင်သို့ သွားမည့်ဟန်ပြ၍ ...နေသူကို လှည့်စားရန်ဖြစ်သည်။ ဝမ်ဟိုရမ်းမှာ အိမ်ခြေ ...ကျော်ရှိ၍ ၁၉၈၁ ခုနှစ် ဒီဇင်ဘာလက ခလရ (၁၄) ...နှင့် ဗကပများ ပြင်းထန်စွာ တိုက်ပွဲဖြစ်ပွားခဲ့သော ရွာ ...ကြီးဖြစ်၏။ ကော်ဟိုလွယ်ထင်းရှူးတောင်သို့သွားသည့် ...ဆက်သွယ်ရေးလမ်းကြောင်းပေါ်တွင် အဓိကကျသော ရွာကြီးဖြစ်ပြီး အိမ်ကြီးအိမ်ကောင်းများဖြင့် အတော်စည် ...ကားလှ၏။ ထို့ကြောင့် ...

"စစ်ကြောင်းမှူး ဝမ်ဟိုရမ်းမှာတော့ ညအိပ် အခြေမပြုနဲ့နော်။ စိတ်မချရဘူး"

ဤဒေသနှင့် ပတ်သက်၍ အတွေ့အကြုံများသည့်




www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ကြီးသန်းဝင်းနှင့် ဗိုလ်ကြီး သူရခင်မောင်လတ်တို့က သတိပေးကြသည်။

"အေးပါကွာ ... တောထဲဝင်ပြီး တပ်ဖျောက် ကြတာပေါ့။ သိပ်မပူပါနဲ့။ ရည်မှန်းချက်ကို မနက်ဖြန် ညနေ ၆ နာရီမှာ ဝင်ရှင်းရမှာမဟုတ်လား။ အချိန်မီ ရောက် လိမ့်မယ်"

ကျွန်တော်က မိုင်းယောင်းဒေသ အတွေ့အကြုံမျ သေး၍ ခပ်လွယ်လွယ်ပင် ပြောလိုက်မိသည်။ ဗိုလ်ကြ သန်းဝင်းနှင့် ဗိုလ်ကြီးသူရခင်မောင်လတ်တို့က စိုးရိမ်နေ ကြပုံရ၏။ ဝမ်ဟိုရမ်းမှ အရှေ့တောင်ဘက် ဝမ်လွတ် ဝမ်လဲရွာများသို့ ထွက်ခဲ့သည်။ လယ်ကွင်းများနှင့် ချောင် ငယ်၊ မြောင်းငယ်များကို ဖြတ်ရသည်။ အချို့နေရာများတွင် ရေက ဒူးဆစ်အထိ နက်၏။ လယ်ကသင်းကလေးများက သေးလှသဖြင့် မကြာခဏ အောက်သို့ ချော်ကျ၏။ နံ့ အလူးလူး ဗွက်အပေပေဖြင့် တစ်နေကုန် ချီတက်ခဲ့ရ အရှေ့ဘက် ဝမ်အင်တောင်ကြောကြီး၏ အခြေသို့ ဆိုက် ရောက်လာ၏။

ထိုနေရာရောက်တော့ ရွာများ၊ အိမ်များ မရှိ





တော့ပါ။ တောကလည်း ထူလှ၏။ အတော်များများမှာ ဝါးတောများသာဖြစ်သည်။ တောများမှာ အောက်ခြေရှုပ် သည်။ တိုး၍ ဝှေ့၍ မလွယ်။ လမ်းမရှိသဖြင့် လမ်းထွင် ခုတ်ထွင်ရှင်းလင်းကာ သွားနေရသည်။ ကျွန်တော်တို့၏ ည်မှန်းချက်မှာ ပွိုင့် ၃၂၉၈ တောင်အခြေမှ တောင် ဘက်စူးစူးသို့ ချီတက်ပြီး ဝမ်ရှန်ဘုရားကုန်း ပွိုင့် ၂၃၄၃ အား အရှေ့မှအနောက်သို့ ပတ်၍ရှင်းရန် ဖြစ်သည်။ ရန်သူ၏ရှေ့တည့်တည့်မှ မဝင်ဘဲ နောက်မှဝင်၍ အငိုက် ဖမ်းခြင်းဖြစ်၏။ ထိုနေ့က တောတိုးရင်း တောတိုးရင်းဖြင့် ရည်မှန်းချက်မရောက်ဘဲ ပွိုင့် ၃၂၉၈ အခြေတွင် မိုးချုပ် သွားသည်။ ထို့ကြောင့် ညအိပ်ရန် စီစဉ်လိုက်ရ၏။ နောက် နေ့တော့ ရည်မှန်းချက်မှာ သိပ်မဝေးသဖြင့် လွယ်လင့်တကူ ရောက်လိမ့်မည်ဟု မျှော်မှန်းမိသည်။

ညနေ ၆ နာရီတွင် ညအိပ်ရန် ခပ်ပြေပြေ ဆင် ခြေလျော တောင်ကြောလေးတစ်ခုအား ရွေးလိုက်သည်။ ပါလာသည့် ကောက်ညှင်းနှင့် ငါးခြောက်ကြော်ကလေးကို စားကာ ညအိပ်မည်ဟု ပြင်လိုက်သည်။ ကျွန်တော့်အကူ ရဲဘော်တင်အောင်က ...



www.burmeseclassic.com

www.burmeseclassic.com



"စစ်ကြောင်းမှူး ကျွန်တော် ဝါးပိုးကလေးတွေ ရလာတယ်။ နည်းနည်းလှော်လာတယ်။ သိပ်ဆိမ့်တာပဲ စားကြည့်ပါ"

ဟု ဝါးဆစ်ထဲမှရသည့် ဝါးပိုးအတော်များများအား ဟန်းကောချိုင့်အဖုံးတွင်ထည့်ပြီး ယူလာ၏။ အထူးအဆန်းဆို စမ်းကြည့်လိုသည့်ဆန္ဒရှိသည့် ကျွန်တော်ကလည်း ...

"အေး ... ကောင်းသားဘဲကွ။ စားကြတာပေါ့။ ဘာနဲ့စားရင် ကောင်းမလဲ"

"မဲခေါင်ပုလင်းပြားကလေးပါတယ်"

"ဒါဆိုလည်း ယူခဲ့လေကွာ။ ကိုခင်မောင်လတ်ပါ လှမ်းခေါ်လိုက်စမ်းပါ"

ထို့နောက် ကျွန်တော်သည် မီးတဖြောက်ဖြောက်တွင် ဝါးရုံတောအောက်၌ မဲခေါင်ပုလင်းပြားကလေးမှ ယမကာလေးတစ်ငုံသောက်လိုက်၊ ဝါးပိုးလှော်ကလေး တစ်ကောင်အား ဝါးလိုက်ဖြင့် ဟန်ကျနေ၏။ တစ်ယောက်တည်း ပျင်းနေ၍ ဗိုလ်ကြီး သူရခင်မောင်လတ်ကို အဖော်ခေါ်လိုက်သည်။ ထို့နောက် စကားတပြောပြောဖြင့် နှစ်ယောက်





အား ဝါးပိုးများစားကြရာ ဝါးပိုးတစ်ပန်းကန်လုံး တက် တက်ပြောင်၍ မဲခေါင်ပုလင်းပြားကလေးတစ်ပုလင်းလည်း အားလုံး ကုန်သွားပါတော့သည်။ ထို့နောက် ကျွန်တော် တို့လည်း မောမောနှင့် စောစောအိပ်ရာဝင်ကြ၏။ ကျွန် တော်က နိုင်လွန်မိုးကာနှင့် စစ်စောင်ကြားကို ထုတ်၍ ခြုံ ကာ အိပ်လိုက်သည်။ ခြင်များက တဝီဝီဖြင့် မျက်နှာကို ကိုက်နေ၏။ ထို့ကြောင့် စစ်ဦးထုပ်ကို မျက်နှာပေါ် ဆောင်းလိုက်သည်။ ချက်ချင်းပင် အိပ်ပျော်သွားသည်။ ရာသီဥတုက အေးနေသော်လည်း လူကတော့နွေး၍ ရှိန်း တိန်းတိန်း ဖိန်းတိန်းတိန်းဖြစ်နေသည်။ အချိန်မည်မျှ ကြာ သွားသည်မသိ ကျွန်တော် အိပ်ရာမှ ဖျတ်ခနဲ နိုးလာ၏။

"အားလားလား"

ကျွန်တော့်တစ်ကိုယ်လုံး ခြစ်ခြစ်တောက် ပူနေသည်။ အာခေါင်ခြောက်၍ ရေငတ်နေသည်။ ဖျားပြီ ထင်၏။

"ဟေ့ ... ကင်းသမားလေး ဆရာကြီးကြည်စိုးကို သွားနှိုးစမ်းကွာ။ ငါ ကိုယ်တွေတအားပူနေတယ်ကွ"

ဆေးတပ်ကြပ်ကြီး ဆရာကြီးကြည်စိုး ရောက်လာ



www.burmeseclassic.com

www.burmeseclassic.com



၏။ အဖျားတိုင်းသည်။

"စစ်ကြောင်းမှူး အဖျား တစ်ရာ့သုံး ရှိတယ်။ မနေ့ညက ဝါးပိုးကတော့ အစွမ်းပြပြီထင်တယ်။ ဒီကောင်တွေက **High Protein** တွေ သိပ်စားတာ မကောင်းဘူး။ ဖျားတတ်တယ်။ မနေ့က စစ်ကြောင်းမှူး စားနေတာမြင်တော့ တားဦးမလို့။ အမျိုးကြီးမဟုတ်လို့ သိပ်ကိစ္စမရှိဘူးထင်ပြီး မတားလိုက်မိတာ မှားသွားတယ်။ လောလောဆယ်ဆယ် ကွျန်တော် သောက်ဆေးပေးခဲ့မယ်။ အဖျားမကျရင် ဆေးထိုးပေးပါ့မယ်"

နံနက် ၅ နာရီထိုးတော့ ခရီးထွက်ရန်ပြင်၏။ ကော်ဖီခါးခါးတစ်ခွက် သောက်လိုက်သည်။ လျှာပျက်နေ၍ အရသာမရှိ။ လိုလိုမယ်မယ် ဆေးတစ်လုံးထိုးလိုက်၏။ အဖျားကမူ မကျသေး။ ဒီနေ့တော့ ဗိုလ်ကြီး သန်းဝင်း၏ ခွဲ (၄) က ပွိုင့်သွား၏။ တောမှာ ကြာလေနက်လေ ဖြစ်လာသည်။ လက္ခဏာများကို ကြည့်ရသည်မှာ နှစ်အတော်ကြာကတည်းက လူသူမရောက်တော့သည့် သဏ္ဌာန်ဖြစ်နေ၏။ ကြခတ်ဝါးရုံတောများကလည်း ပေါများလှသည်။ အတိုးရခက်လှ၏။ အောက်ခြေတွင် နွယ်ပင်များကလည်း





ရှုပ်ယှက်ခတ်နေသည်။ ချွေးလယားသီးပင်များကလည်း နေရာအနှံ့ တွေ့ရသည်။ တိုးမိလျှင် ယား၏။ တစ်နေကုန်လှုတ်၍ မဆုံးတော့။ ထိုနေ့ တစ်နေ့လုံး ဝမ်ရှုန်ဘုရားကုန်းကို တော်တော်နှင့် မရောက်။ ဟိုကွေ့သည်ကောက်ဖြင့် အချိန်ကုန်နေ၏။

တပ်ခွဲမှူးဗိုလ်ကြီးသန်းဝင်းမှာ လူပုံက ခပ်နွဲ့နွဲ့ ခပ်ပျော့ပျော့ဖြစ်သော်လည်း စစ်မြေပြင်တွင် အလွန်မာသူဖြစ်၏။ သူဦးဆောင်သော တပ်ခွဲက လမ်းကြောင်းများ ခုတ်ထွင်ပြီး မရရအောင် တိုးချွေ့သွားနေ၏။ ပွိုင့်ကိုမူ အတွေ့အကြုံများသည့် ဗိုလ်ကြီးသူရခင်မောင်လတ်က ဦးဆောင်နေ၏။ ဒုတိယနေ့ ညနေ (၆) နာရီတွင် ကျွန်တော်တို့သည် ရည်မှန်းချက်ကို ရှင်းရမည်ဖြစ်သည်။ တောမှာ ထူသထက် ထူလာ၍ လမ်းပျောက်နေ၏။ မိုင်းယောင်းရှိ စစ်ကြောင်း (၁) ဌာနချုပ်မှလည်း "ရည်မှန်းချက်ကို နီးပြီလား" ဟု စက်ပေါ်တိုင်း မေးနေ၏။

"ဒီဘုရားကုန်းကို မိုင်းယောင်းကနေပြီး ကြည့်ရင် ခပ်မည်းမည်းလေးမြင်ရတယ်။ ဟိုတုန်းကတော့ ရွှေချထားတယ်။ အခု ရွှေရောင်ပျက်ပြီး ခပ်မည်းမည်းလေး။



www.burmeseclassic.com

www.burmeseclassic.com



မိုင်းယောင်းပြန့်ကကြည့်တော့ အလွယ်တကူ မြင်ရပြီး အခု မှ တောထဲရောက်တော့ ဘယ်လိုက ဘယ်လို ပျောက် နေသလဲ မသိဘူး''

ဗိုလ်ကြီးသန်းဝင်းက ပြော၏။

''ဒီနေ့ရည်မှန်းချက် မရောက်ရင်တော့ တို့စစ် ကြောင်း သိက္ခာကျမယ်ကွာ။ လိုအပ်ရင် ဗိုလ်ကြီးသူရ ခင်မောင်လတ်ကိုယ်တိုင် သစ်ပင်ပေါ်တက်ကြည့်ကြပါဦး''

စစ်ကြောင်း (၁) က တွန်းအားပေးနေသဖြင့် ကျွန် တော်က အထက်ပါအတိုင်း ပွဲ့ပြင့်တပ်ခွဲကို ပြောရပါတော့ သည်။ သို့ရာတွင် ကျွန်တော်တို့ စစ်ကြောင်းမှာ တောတိုး ရင်း တိုးရင်းဖြင့် လမ်းစက ပျောက်နေပြန်သည်။ ကျွန်တော် ၏ အဖျားများမှာလည်း ၁၀၃° မှ ၁၀၄° အထိ တက်လာ၏။ ဒုတိယနေ့ အမှောင်က တဖြည်းဖြည်း ကြီးစိုးလာ၏။ တောကလည်း မကျွမ်း၊ လမ်းပြလည်း မပါ။ အရေးထဲတွင် မိုးကလည်း တဝေါဝေါဖြင့် သည်းကြီး မဲကြီး ရွာချလိုက် ပြန်၏။ လုံးဝမှောင်သွားသည်။ နောက်ဆုံးတွင် ကျွန် တော်လည်း တပ်ခွဲမှူးနှစ်ဦးဖြင့် တိုင်ပင်ပြီး နောက်တစ်နေ့ နေ့ဝက်အချိန်ပေးရန် တပ်ရင်းမှူးကြီးအား လှမ်းတင်ပြရပါ

မြရတနာစာပေ



တော့သည်။ တပ်ရင်းမှူးကြီးက ခွင့်ပြု၏။ ထိုညက ကျွန်တော့်မှာ အဖျားတက်နေ၍ ကယောင်ချောက်ချားဖြင့် ကောင်းစွာ အိပ်မရပါ။ တလူးလူး တလိမ့်လိမ့်ဖြင့်သာ နိုးလင်းသွားရပါတော့သည်။

မိုးလင်းသည်နှင့် တတိယနေ့ခရီးကို စသည်။ တတိယနေ့တွင်မူ စစ်ကြောင်းရုံးမှ တစ်နာရီတစ်ခါကြား တက်ပေါ်နိုင်းပြီး ''ရည်မှန်းချက်ရောက်ပြီလား''ဟု အဆက် မပြတ်မေးပါတော့သည်။ ကျွန်တော်၏ အဖျားကလည်း ကောင်းစွာ မကျ။ စိတ်ဆောင်ပြီး လမ်းလျှောက်နေရ၏။ နေ့လယ် ၁၁ နာရီတိုင် ရည်မှန်းချက်မရောက်သေး။ သို့ရာ တွင် ဝမ်ရှန်ဘုရားကုန်းဟုထင်ရသော တောင်ကြောတွင် လမ်းကြောင်းယောင်ယောင်ကလေး တွေ့နေ၍ ရည်မှန်း ချက်ရောက်လောက်ပြီဟု ထင်မိပါသည်။ ထမင်းစားချိန်မို့ ရဲဘော်များက ထမင်းစားချင်ကြသည်။ ထမင်းစားခွင့် တောင်းကြ၏။ ကျွန်တော်က ရည်မှန်းချက်ရောက်လိုဇောဖြင့် ခွင့်မပြု။ ဆက်ထွက်ခိုင်းလိုက်၏။

ထိုအချိန်တွင် ထူးဆန်းသော အဖြစ်အပျက်ကလေး တစ်ခုကို ကြုံတွေ့ရပါတော့သည်။ နေ့လယ် ၁၁ နာရီခွဲခန့်

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



တွင် ခရီးသွားရင်း အလွန်မောလာသဖြင့် ကျွန်တော်သည် ကညင်ပင်ကြီးတစ်ပင်အောက်အရောက်၌ ခေတ္တနား၍ ထိုင်လိုက်၏။ ကျွန်တော်၏ ရှေ့တစ်လံခန့်အကွာ၌ ၃ ပေခန့်မြင့်သည့် တောင်ပို့ငယ်လေးတစ်ခုကို တွေ့လိုက်သည်။ တောင်ပို့ကလေးကို သေချာကြည့်မိရာ မယုံနိုင်စရာကောင်းလောက်အောင် တောင်ပို့အလယ်တွင် လက်မဝက်ခန့်ရှိ အနီရောင်ဘုန်းကြီးရုပ်ကလေးတစ်ရုပ်ကို တွေ့ရသည်။ အဖျားကြီး၍ ငန်းဖမ်းနေသောကြောင့် "မျက်စိမှောက်နေတာလား" ဟု ကျွန်တော့်ကိုယ် ကျွန်တော် ယူဆကာ မျက်လုံးများကို ပွတ်၍ ကြည့်လိုက်၏။ မျက်စိမမှောက်ပါ။ ဘုန်းကြီးရုပ်ကလေးမှ တကယ့်ဘုန်းကြီးရုပ်ကလေး ဖြစ်ပါသည်။

"ဟာ ... ဘုန်းကြီးတော့ မပြိတင်တယ်။ သစ္စာဆိုမှပဲ"

ကျွန်တော်သည် ဘုန်းကြီးရုပ်ကလေးအား ဝမ်းသာအားရယူလိုက်၏။ လက်ဖဝါးပေါ်တင်ကာ ဒူးထောက်ထိုင်လိုက်ပြီးနောက် ...

**"တပည့်တော်သည် လူမှန်းသိတတ်သည်**





**အရွယ်မှစ၍ ယခုအချိန်အထိ အများသူငါ အတိဒုက္ခရောက်အောင် မလုပ်ခဲ့ဘူးပါ။ ဤမှန်သောသစ္စာအားကြောင့် ရည်မှန်းချက်ကို အချိန်မီရောက်အောင် ဆရာတော် ကယ်မတော်မူပါဘုရား"**

ဟု အလေးအနက် နှုတ်မှ အသံထွက် သစ္စာဆိုအဓိဋ္ဌာန်ပြုပြီး ဆယ်မိနစ်ခန့် မျက်စိမှိတ်ကာ ဆုတောင်းလိုက်ပါသည်။

ထိုအချိန်တွင် မိုးအနည်းငယ် စဲသွား၍ လေလိုက်ပြီး တစ်တောလုံး တစ်တောင်လုံး "ရှိုး ... ရှိုး ... ရှိုး ... ရှိုး" ဆိုသောအသံများက မြည်ဟည်းနေ၏။ ဆုတောင်းပြီး ခဏအကြာတွင် လေငြိမ်သွားရာ ဆက်ထွက်ရန် ထလိုက်၏။ ရဲဘော်များကမူ စစ်ကြောင်းမှူးငှက်ဖျားတက်၍ သည်းခြေပျက်ပြီး ကယောင်ကတန်းပြောကာ ရူးသွားသည်ဟု ထင်ပုံရ၏။ ကျွန်တော် ဒူးထောက်၍ ဆုတောင်းနေသည်ကို ကြောင်တောင်တောင်ဖြင့် ဝိုင်းကြည့်ကြ၏။ ကျွန်တော် ထပြီး လမ်းလျှောက်လိုက်စဉ် ခဏမှာပင် ...

"ဘုရားတွေ့ပြီ ... ဘုရားတွေ့ပြီ"



www.burmeseclassic.com

www.burmeseclassic.com



ရှေ့မှ ကျယ်လောင်စွာ အော်သံကြားလိုက်ရ၏။ ခဏအကြာတွင် အမှန်ပင် ဝမ်ရှန်ဘုရားကုန်းအား ကြခတ် ဝါးရုံတောများကြားတွင် ဘွားခနဲ တွေ့ရ၏။ ဘုရားကုန်း၌ ဗကပတို့၏ ကတုတ်ကျင်းအဟောင်းများ၊ လူနေတဲ အဟောင်းများ၊ ဝါးရေဘူးများ၊ လက်နက်ကြီး လက်နက် ငယ်၊ ကျည်ဆန်ခွံများ သံ့ားငါးဘူးအခွံများကို အနှံ့အပြား တွေ့ရပါတော့သည်။ ရန်သူမှ တစ်ဦးတစ်ယောက်မျှ မတွေ့ ရတော့ပါ။ ဤနေရာကို ရက်အနေတော်ကြာကပင် စွန့်ခွာ သွားပုံရပါသည်။ ယခင်ကတော့ နေသွားတာ သေချာ ပါသည်။ ထိုအချိန်ကား နေ့လယ် ၁၂ နာရီထိုးရန် ၅ မိနစ်သာ လိုပါတော့သည်။

၁၂ နာရီထိုး၍ စက်ဖွင့်လိုက်တော့ ...

"ရည်မှန်းချက်ကို ရှင်းပြီးပြီလား"

ဟု စစ်ကြောင်း (၁) ဌာနချုပ်မှ လှမ်းမေး၏။

"ရှင်းပြီးပါပြီ။ ဘာမှမထူးပါဘူး"

ဟု ဖြေလိုက်နိုင်ပါတော့သည်။

"ကောင်းပြီ။ ဒါဆိုရင် ပတ်ဝန်းကျင်ကို နှံ့နှံ့စပ်စပ် ရှင်းပါ။ မထူးရင် စစ်ကြောင်းမှူးအစီအစဉ်ဖြင့် မိုင်းယောင်း





ကို ပြန်ဝင်ပါ"

ဟု ညွှန်ကြားပါတော့သည်။

ထိုနေ့ညက ကျွန်တော်၏ အဖျားမှာ ၁၀၄° သို့ပင် တက်လာပါတော့သည်။ လူက အားပြတ်၍ လှုပ်ပင် မလှုပ် နိုင်။ အဖတ်ဆို ဝေလာဝေး။ သောက်လိုက်သည့် အရည် များက အားလုံးပြန်အန်ကုန်၏။ တဟီးဟီးဖြင့် အဖျား တက်၍ လူတစ်ကိုယ်လုံး ခြစ်ခြစ်တောက်ပူတာ ခိုက်ခိုက် တုန်နေ၏။ ထို့ကြောင့် ဤအဖျားသည်ကား ငှက်ဖျားသာ လျှင် ဖြစ်ပါတော့သည်။

စစ်ကြောင်းမှူးကြီး ကျွန်တော် မောင်သက်ဦး တစ်ယောက် မိုင်းယောင်းငှက် မိသွားပါပြီခင်ဗျား။

စတုတ္ထမြောက်နေ့တွင် ဝမ်ရှန်ဘုရားကုန်းမှ ဆင်း လာခဲ့ကြ၏။ ကျွန်တော်သည် တောင်ဝှေးကို အသုံးပြုကာ ကြိုးစား၍ လမ်းလျှောက်၏။ သို့ရာတွင် တောင်အဆင်းများ ၌ မိုးရေနှင့် ရွှံ့ဗွက်များကြောင့် တဘိုင်းဘိုင်း ချော်ကျနေ ၏။ အားမရှိ၍ ဒူးကလည်း မခိုင်ချင်တော့။ တစ်မနက်ခန့် အားခဲလျှောက်လာသည်။ ကွင်းထဲရှိ ဝမ်တုန့်ရွာပျက်ထဲ ရောက်လာ၏။ ရွာတွင် လူမရှိ။ အားလုံးပြေးကုန်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ရွာပျက်တွင် နေ့လယ်စာစားကြသည်။ အကူရဲဘော် တင်အောင်က ကျွန်တော့်ကို ဆန်ပြုတ်တစ်ခွက် တိုက်သည်။ တစ်ဇွန်း၊ နှစ်ဇွန်း သောက်ပြီး ပြန်အန်ထွက်သည်။ ကျွန်တော့်အခြေအနေကို ကြည့်၍ သူငယ်ချင်း ဗိုလ်ကြီးသောင်းတင်က ...

"သူငယ်ချင်း ... အားပြတ်နေပြီ။ ထမ်းစင်နဲ့သာ လိုက်ခဲ့ပါတော့"

ဟုဆိုလာ၏။ ကျွန်တော်က ငြင်းလိုက်သည်။

"မဟုတ်ဘူး စစ်ကြောင်းမှူး။ ဒီနေရာတွေက အန္တရာယ်ရှိတယ်။ သိပ်အချိန်ဆွဲနေလို့ မကောင်းဘူး။ စစ်ကြောင်းမှူး နေမကောင်းဘဲနဲ့ လမ်းလျှောက်နေရင် အချိန်တွေ သိပ်ကုန်သွားမယ်။ အထိအနိုက်မရှိဘဲ မိုင်းယောင်းကို ခပ်မြန်မြန်ပြန်ဝင်မှ ရမယ်။ ကျွန်တော်တို့နှစ်ယောက် ညှိနှိုင်းပြီး စစ်ကြောင်းကို ထိန်းပါ့မယ်"

ဗိုလ်ကြီးသန်းဝင်းက ပြောပြန်သည်။ အားလုံးက ကျွန်တော့်ကို ဝိုင်းဖျောင်းဖျနေကြ၏။ ကျွန်တော်က ကိုယ့်စစ်ကြောင်းမှူးတာဝန် မကျေမှာ စိုးသည်။ သို့ရာတွင် စိတ်သာရှိ၍ လူက မတတ်နိုင်တော့။ ခရီးကလည်း ပြင်း၍





...ရက်ခန့် အစာမစားနိုင်သောကြောင့် လူက ယဲ့ယဲ့သာ ...တော့သည်။ ထို့ကြောင့် ထမ်းစင်ဖြင့် လိုက်ရပါတော့ ...ည်။ ကျွန်တော်တို့စစ်ကြောင်းသည် အရှေ့ဘက်ဝမ်တုန့်မှ ...နောက်ဘက် နောင်ပိုးသို့ ဝင်မည်။ ထိုမှ ဝမ်မန်းနှင့် ...ိုးကိုဖြတ်၍ မိုင်းယောင်းသို့ ဝင်ရန်ဖြစ်၏။ ဤခရီးကား ...ီးဆုံးလမ်းကြောင်းပင်တည်း။

နေ့လယ် ၁ နာရီတွင် ဝမ်တုန့်မှ နောင်ပိုးသို့ ...ာ်ဖြစ်သည်။ ဝမ်တုန့်ရွာတွင် လူမရှိ၊ နောင်ပိုးတွင်မူ ...သူရွာသား အနည်းငယ်ရှိသည်ဟု သိထား၏။ လူသူစွန့် ...ထားသည့် လယ်ကွင်းများက ရေဖုံးနေ၏။ အချို့နေရာ ...င် ရေက ဒူးဆစ်ခန့်၊ ပေါင်လယ်ခန့်ရှိနေသည်။ လမ်းဟူ ... ကောင်းစွာမရှိ။ ထို့ကြောင့် ကုန်းယောင်ယောင်ကလေး ... တွေ့သည့်အတိုင်း လိုက်ရ၏။ ဗိုလ်ကြီးသန်းဝင်း၏ ...ပ်ခွဲက ပွိုင့်သွားနေ၏။ ကျွန်တော်သည် ထမ်းစင်ပေါ် ...င် သတိရတစ်ချက်၊ မရတစ်ချက်ဖြစ်နေ၏။ နေ့လယ် ... နာရီသာသာခန့်တွင် "အုန်း xxx ဝုန်း xxx ဝုန်း" ...သော ပေါက်ကွဲသံကြီးတစ်ခု ကြားရ၏။

"ဟော့ ... တင်အောင် ဘာဖြစ်တာလဲ။ လှမ်း



www.burmeseclassic.com

www.burmeseclassic.com



မေးစမ်းပါဦးကွာ''

စကားသံမှ မဆုံးသေး ''ဒိုင်း x ဒိုင်း x ဒိုင်း x ပတောက် x ပတောက် x ပတောက်'' ဟူသော လက်နက်ငယ်သံများ ကြားရ၏။ လေးငါးမိနစ်ခန့်အကြာတွင် လက်နက်ငယ်သံများ ရပ်သွားသည်။ ပွိုင့်သွားနေသော ခွဲ (၄) စက်သံပေါ်လာ၏။

''ပွိုင့်သွားနေတဲ့ ဗိုလ်သိန်းနိုင်ရဲ့တပ်စုက တိုက်မိုင်းထိလို့တဲ့''

''ဘာဖြစ်သေးလဲ မေးစမ်းပါဦး''

''ရဲဘော်တစ်ယောက်တော့ ထိသွားတယ်''

ဝမ်တုန့်နှင့် နောင်ပိုးကြား တိုက်မိုင်းထိသွားခြင်းဖြစ်၏။ တပ်ခွဲ (၄)မှ ထိုနေရာတစ်ဝိုက်ကို ပစ်ရှင်းလိုက်သည်။ နာရီဝက်ခန့်အကြာတွင် ထိုနေရာကလေးသို့ ကျွန်တော် ရောက်သွားသည်။ ရွာပုန်းကလေးဖြစ်၏။ ကျွန်တော်အား အိမ်တစ်အိမ်အောက်တွင် သိပ်ထား၏။ ထို့နောက် တိုက်မိုင်းထိထားသော ရဲဘော်အား သယ်လာ၏။ တိုက်မိုင်းမှာ ထိုရဲဘော်၏ ဗိုက်ကိုထိသွားခြင်းဖြစ်သည်။ မိုင်းထိသွားသော ရဲဘော်မှာ ထိုတပ်ခွဲမှ ရှားရှားပါးပါး တစ်ဦးတည်း





သော အိန္ဒိယသွေးပါသည့် ရဲဘော်အဒူမာလစ်ဖြစ်နေ၏။ ဆေးတပ်ဖွဲ့မှ Drip ချိတ်၍ သွေးတိတ်ဆေးထိုး၏။

ရဲဘော်အဒူမာလစ်က ဒဏ်ရာကြောင့် ညည်းနေ၏။ ကျွန်တော်လည်း အဖျားပြန်တက်လာ၏။ ထို့နောက် အဖျားကြီး၍ ကျွန်တော် သတိတစ်ချက်လစ်သွားသည်။ သတိအနည်းငယ် ပြန်ရသည့်အခါတွင် ဗိုလ်ကြီးသောင်းဒင်က ...

''သူငယ်ချင်း စစ်ကြောင်း (၁) နဲ့ ဗျူဟာက နောက်ထပ် အထိအခိုက်မရှိအောင် ဖြည်းဖြည်းချင်း ရှင်းလာပါလို့ ပြောတယ်။ ဒီအတိုင်းဆို မနက်ဖြန်မှ မိုင်းယောင်းရောက်မယ်ထင်တယ်''

ထိုစဉ် တပ်ခွဲ (၄) တပ်ခွဲမှူး ဗိုလ်ကြီးသန်းဝင်းလည်း ရောက်လာ၏။

''ဘယ်နှစ်နာရီထိုးနေပြီလဲ''

အပြင်တွင် မိုးမှောင်ကျနေသဖြင့် ကျွန်တော်က မေးမိသည်။

''ည ၇ နာရီကျော်ပြီ''

''ဩော် ... ဒါဆို ကိုယ် သုံးလေးနာရီတောင်



www.burmeseclassic.com

www.burmeseclassic.com



အိပ်ပျော်သွားတယ်ထင်တယ်''

''နေပါဦး ... အဒူမာလစ်ကော ဘယ့်နှယ်
သလဲ။ အခြေအနေကောင်းရဲ့လား''

''ဆုံးသွားပြီ''

ဗိုလ်ကြီးသန်းဝင်းက တိုးတိတ်ညင်သာစွာ ပြေ
လိုက်၏။

''ဒါဆိုရင် ဘယ်လိုလုပ်မလဲ။ အလောင်းကို မိုင်း
ယောင်း ပြန်သယ်မလား''

''မသယ်တော့ပါဘူး။ ဒီမှာပဲ သင်္ဂြိုဟ်ခွင့် တော
လိုက်တယ်။ ဗျူဟာကလည်း ဒီမှာသင်္ဂြိုဟ်ဖို့ ခွင့်ပြုပါတယ်
ဒါကြောင့် ည ၈ နာရီမှာ အပြီးသင်္ဂြိုဟ်ပါ့မယ်''

ထိုနေ့ ည ၈ နာရီတွင် ကျွန်တော်နှင့် ဘောဂ
ယှဉ်လက်တစ်ကမ်းအကွာ၌ ကျဆုံးသွားသော တပ်သာ
အဒူမာလစ်အား နောင်ပိုးရွာအနီး ရွာပုန်းကလေး၌ ဝမ်
နည်းစွာဖြင့် သင်္ဂြိုဟ်ခဲ့ရပါတော့သည်။

❖ ❖ ❖

မြရတနာစာပေ



နောက်တစ်နေ့တွင် ကျွန်တော်တို့သည် နောင်ပိုးမှ သိမ်မန်းသို့ ဖြတ်၍ ညနေ ၄ နာရီခန့်တွင် မိုင်းယောင်းမြို့သို့ ပြန်လည်ရောက်ရှိလာပါသည်။ ကျွန်တော်က မိုင်းယောင်း အဝင်၌ လိပ်ပြာမလုံ၍ ထမ်းစင်ပေါ်မှ အတင်းဆင်းကာ လမ်းလျှောက်ပါသည်။ တပ်ရင်းရုံးနှင့် ဗျူဟာရုံးသို့ သတင်း ပြီးသည့်အခါတွင် ဗျူဟာမှူးနှင့် တပ်ရင်းမှူးက ...

''ဗိုလ်ကြီးသက်ဦး အတော်ပိန်သွားတယ်။ ဆေးရုံ ဆက်လိုက်ပါ'' ဟု ဆိုပါတော့သည်။

ဗျူဟာဆေးမှူး ဗိုလ်ကြီးလှမြင့်မှာ အတော်သဘော ကောင်း၏။ သူသည်လည်း အိန္ဒိယသွေးမကင်းသူ ဖြစ်၏။ ကျွန်တော့်အား ချက်ချင်း သွေးစစ်သည်။ ဆီး၊ ဝမ်းများ စစ်သည်။ ထို့နောက် စစ်ဆေးချက်မှတ်တမ်းများကိုကြည့်ပြီး အောက်ပါအတိုင်း ပြောပါတော့သည်။

''ဗိုလ်ကြီးအဖျားက ရိုးရိုးငှက်ဖျားတင် မကဘူး။ အူယောင်ငန်းဖျားပါ ရောနေတယ်။ ဒါကြောင့်မို့ ပေါ့လို့ မရဘူး။ ဂရုစိုက်ရမယ်''

ဆေးရုံတွင် ကျွန်တော့်အား မည်သည့်အစာမှ မကျွေးဘဲ တစ်ပတ်ခန့် **Drip** များ သွင်းပါတော့သည်။

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဆေးများမှာ ငှက်ဖျားဆေးသာမက ကလိုရိုဖင်နီကောနှင့် တက်ထရာဆိုင်ကလင်းကဲ့သို့ **Anti-Biotic** ပဋိဇီဝ ဆေး ပြင်းများကိုပါ တိုက်ပါတော့သည်။ ကျွန်တော်၏ ကိုယ် အလေးချိန်မှာ မယုံကြည်နိုင်လောက်အောင် ပေါင် ၂၀ ခန့် ကျသွား၏။ မိုင်းယော်င်းငှက်က အတော်ပြင်းလှချေ၏။ ဆေးရုံတွင် နှစ်ပတ်ခန့်ကြာမှ အစာအနည်းငယ် စစား ရပါသည်။ ပထမ **Liquid Diet** နောက်တော့ **Soft Diet** ဆေးရုံတက်၍ ၄ ပတ်မြောက်တွင်မှ ဆေးရုံမှ ဆင်းနိုင်ပါ တော့သည်။ ကျွန်တော် ဆေးရုံတက်နေသည့် ကာလ အတွင်း ကျွန်တော့်ဘေးတွင် ငှက်ဖျားတက်၍ ကယောင် ကတန်းအော်နေသည့် လူနာစစ်သည်များကို တွေ့ရ၏။ တချို့မှာ ငှက်ဖျားပိုး ဦးနှောက်ထဲဝင်၍ ကွယ်လွန်ကြ၏။ ဗျူဟာက အရေးကြီးလူနာများကို ရဟတ်ယာဉ်များဖြင့် ကျိုင်းတုံ၊ တောင်ကြီး၊ ရန်ကုန် စသည်တို့သို့ ပို့ပေးပါ သည်။ သို့ရာတွင် ရဟတ်ယာဉ်မရောက်မီ ကွယ်လွန်သွား သည်များလည်း ရှိပါသည်။

ထိုစဉ်က အရေးကြီးလူနာများအား **Bell-205** **206** ရဟတ်ယာဉ်များဖြင့် သယ်ပို့ပေးပါသည်။ ရဟတ်





ယာဉ်မောင်းသူများအနက် မနေ့တစ်နေ့က ကွယ်လွန်သွား သည့် ဗိုလ်မှူးကြီးတင်ဝင်းနှင့် လွန်ခဲ့သည့်နှစ် အနည်းငယ် က ကွယ်လွန်သွားသည့် ဗိုလ်ကြီးလှထွန်းတို့ကို ကောင်းစွာ မှတ်မိနေပါသေးသည်။

ကျွန်တော်တို့ စစ်ဆင်ရေးတာဝန် ထမ်းဆောင်နေ သည့် မိုင်းယောင်းကား နာမည်နှင့်လိုက်အောင် မိုးဒဏ်၊ လေဒဏ်၊ ရာသီဥတုဒဏ်၊ ရေမြေတောတောင် သဘာဝ ဘေးဒဏ်၊ ရောဂါဘယဒဏ်များကို ကြံ့ကြံ့ခံနိုင်ရန် အလွန် လိုအပ်သောဒေသဖြစ်ပါ၏။ ကျွန်တော်သည်လည်း မိုင်းယောင်းဒေသ၏ စမ်းသပ်ခြင်းကို ခံလိုက်ရသည်။ စာမေးပွဲကတော့ ကပ်၍အောင်သွားပါသည်။ **Passed by Moderation** ပေါ့ခင်ဗျာ။ ဆေးရုံက ဆင်းတော့ နောက် တစ်ပွဲအတွက် အားမွေးရပြန်ပါပြီ။ နောက်တစ်ပွဲ နွှဲရပြန် ပါဦးမည်။

ဘယ်ဆီ ဘယ်ဝယ်ကိုတော့ မသိသေးပါ။ နည်း ဗျူဟာလည်း အပြောင်းအလဲ လုပ်သွားပါပြီ။ နည်းဗျူဟာ လဲသွားသဖြင့် ဗျူဟာမှူးအသစ် ဗိုလ်မှူးကြီး ရွှေကြူး ရောက်ရှိလာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်မှူးကြီး ရွှေကြူးကား တပ်မ (၈၈) - တွင် မိုင်းယောင်း **Expert** ဟု နာမည်ကြီးလှသူ ဖြစ်ပါသည်။ နာမည်ကြီးဗျူဟာမှူး၊ နာမည်ကြီးတပ်ရင်းနှင့် နာမည်ကြီး ဗကပတို့ တွေ့ကြပါလိမ့်ဦးမည်။ ထိုဇာတ်လမ်းတွင် ကျွန် တော် မောင်သက်ဦးတစ်ယောက် ဘယ်အခန်းက ပါဝင် ကပြရဦးမည် မသိသေးပါခင်ဗျား။

**မိုင်းယောင်းမှသည် ကော်ဟိုလွယ်ထင်းရှူးတောင်သို့**

ကျွန်တော် ဆေးရုံက ဆင်းပြီးသည့်နောက် မိုင်း ယောင်းတွင် ကြာကြာမနေလိုက်ရပါ။ အသစ်ရောက်လာ သည့် ဗျူဟာမှူး ဗိုလ်မှူးကြီးရွှေကြူးက တပ်ရင်းမှူးနှင့် ကျွန်တော့်အား နည်းဗျူဟာချင်းလဲပြီး တစ်ပတ်အကြာတွင် ခေါ်တွေ့သည်။

''ကဲ ... တပ်ရင်းမှူးနဲ့ စစ်ကြောင်းမှူး ခင်ဗျား တို့ ကော်ဟိုလွယ်ထင်းရှူးတောင် မရောက်ဖူးသေးဘူး မဟုတ်လား။ ဟိုမှာ ခလရ (၁) ရှိတယ်။ အဲဒါ ခဏ သွားလဲပေးဗျာ။ သူတို့လည်း ဒီရောက်တာ ၆ လ ကျော်ပြီ ပြန်ဆင်းရတော့မယ်။ တက်လာမှာက ခမရ (၁၀၈)၊ အဲဒီ





တပ်နဲ့ လဲရမယ်။ လဲတာလည်း ပိုမြန်အောင် သူတို့လည်း **Relax** ရအောင် ဒီမှာ အရန်ခဏခေါ်ထားချင်တယ်။ အဲဒါ ကြောင့် ခင်ဗျားတို့တပ်က တစ်လလောက် အဲဒီမှာ သွား နေပေးပါ။ ခမရ (၁၀၈) ရောက်တဲ့အခါ ခင်ဗျားတို့တပ်ကို ပြန်လဲပေးပါ့မယ်''

တပ်ရင်းမှူးက အမိန့်နာခံတတ်သည့် တကယ့် စစ်သားကြီးဖြစ်၏။ ထို့ကြောင့် အထူးတလည် ဘာမှပြန် မပြောပါ။ ခရီးထွက်ရမည့်ရက်ကိုသာ တန်းမေးပါသည်။

''အင်း ... မနက်ဖြန်နဲ့ သန်ဘက်ခါ နှစ်ရက် နေပြီးရင်တော့ သွားတော့ဗျာ။ ဟိုမှာက စားစရာတော့ ရှားတယ်နော်။ စားစရာတွေ ဒီက တတ်နိုင်သလောက် သယ်သွားကြ။ ရွာတွေမှာလည်း ဘာမှ စားစရာ သောက် စရာက ရှိကြတာ မဟုတ်ဘူး။ ဆားတောင် သိပ်ရှားတယ်။ ဆားတို့၊ ငါးပိတို့ကတော့ ပါအောင်သာ သယ်သွား။ စခန်း တွေမှာ **Jungle Ration** တောတွင်းရိက္ခာထုပ်တွေတော့ ထားပေးထားပါတယ်''

ထိုသို့ပြောရင်း ဗျူဟာမှူးက စကားကို နိဂုံးချုပ် လိုက်၏။ ကျွန်တော်တို့လည်း အလေးပြုကာ ပြန်ထွက်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ကြ၏။ ဗျူဟာရုံးမှ အပြန်လမ်းတွင် တပ်ရင်းမှူးက ...

"ဗိုလ်ကြီးသက်ဦးရေ ... ကျွန်တော်တို့ **Out-post** စခန်းသွားထိုင်ရတာ ကံကောင်းတာပဲဗျို့။ ကျွန်တော်တော့ မိုင်းယောင်းမှာနေရတာ စိတ်မသန့်ဘူးဗျာ။ နေ့တိုင်း တထိတ်ထိတ်ပဲ"

"ဘာဖြစ်လို့လဲ တပ်ရင်းမှူးကြီး"

"ဟာ ... ဘာဖြစ်ရမှာလဲဗျာ။ ကာလဝမ်းနဲ့ နေ့တိုင်း လူတွေ တဖြုတ်ဖြုတ်သေနေတာ ခင်ဗျား မမြင်ဘူးလား။ မြို့ပေါ်မှာတော့ ဆေးရုံနဲ့ ဆရာဝန်တွေရှိလို့ တော်သေးတယ်။ တောရွာတွေမှာတော့ လန့်စရာ ကောင်းလောက်အောင် အသေအပျောက်က များတယ်။ ကျွန်တော်တို့နေခဲ့တဲ့ ဟောင်ကျန့်တို့ ဝမ်ဟိုရမ်းတို့ဆို ဘာပြောကောင်းမလဲ။ ရေအေးတောင် မသောက်ရဲဘူး။ သူတို့အိမ်သာတွေလည်း မတက်ရဲဘူး"

တပ်ရင်းမှူးကြီးပြောတာ ဟုတ်ပါသည်။ ကျွန်တော်တို့ မိုင်းယောင်းရောက်စမှာ မိုးတွင်းမှာ ရောက်လေရာရာ ရေတွေ ဖုံးနေသည်။ ရွာများအား ရေပတ်လည် ဝိုင်းနေသည်။ သူတို့ဆီက အပေါ့အလေးသွားခြင်းအား အလွန်





ထူးဆန်းစွာ ရေထဲတွင် သွားကြသည်။ စွန့်ပစ်အညစ်အကြေးများက စီးဆင်းနေသော ရေအလျင်နှင့်အတူ မျောပါသွားကြကုန်သည်။ ထိုအခါ ဘယ်ကဘယ်လို ရောက်လာမှန်းမသိသော ကာလဝမ်းရောဂါက တစ်ယောက်မှစလိုက်ရာ ထိုရေများမှတစ်ဆင့် တစ်ရာမက ပျံ့နှံ့ကုန်တော့သည်။ ဤသို့ဖြင့် မိုင်းယောင်းမြို့နယ်တစ်ခုလုံး ကာလဝမ်းရောဂါဖြစ်ပွား၍ နိုင်ငံတော်အစိုးရမှ **Cholera Campaign** အဖြစ် **Medical Team** များ စေလွှတ်ပြီး ကုယူရပါတော့သည်။ ၁၉၈၂ ခုနှစ် ဩဂုတ်၊ စက်တင်ဘာလ နှစ်လ ကာလဝမ်းဖြစ်ပွားရာ လူတစ်ထောင်နီးပါး အသက်ဆုံးပါးသွားကြောင်း မေးမြန်းသိရှိရသည်။

အဘယ့်ကြောင့် အသေအပျောက်နှုန်း ဤမျှများရခြင်းအကြောင်းကို ထိုစဉ်က မိုင်းယောင်းပြည်သူ့ဆေးရုံတွင် တာဝန်ကျခဲ့သော ဆရာဝန် ဒေါက်တာစိုင်းငင်းမတ်အား မေးမြန်းခဲ့ရာ ...

"ဗိုလ်ကြီးရေ **Cholera** ဆိုတဲ့ ကာလဝမ်းက ကူးစက်တာ မြန်တယ်။ ရောဂါပိုးကလည်း အသားစိမ်း ငါးစိမ်းတွေမှာ လျင်မြန်စွာ ပေါက်ဖွားကြီးပြင်းတယ်။ ဒီကလူတွေ



www.burmeseclassic.com

www.burmeseclassic.com



ကလည်း အသားစိမ်း၊ ငါးစိမ်းကို တအားစားကြတယ်။ လမုံးပွဲတိုင်းမှာ အသားစိမ်းစင်းကောက အမြဲလိုလိုပါနေတာကို ဗိုလ်ကြီးတို့ တွေ့တယ် မဟုတ်လား။ အဲဒါတွေကို မချက်မပြုတ်ဘဲ စားတော့ ဝမ်းရောဂါကူးတာ မြန်တယ်။ **Cholera** က ဝမ်းသွားရင် တစ်ကြိမ်မှာ အများကြီးသွားတယ်။ လူနာက ကောင်းကောင်း မအိပ်ရဘူး။ တစ်ညလုံး တဝေါဝေါနဲ့ ဝမ်းသွားပြီး နောက်တစ်နေ့ မိုးလင်းတာနဲ့ ကျောက်ကပ်ပျက်ပြီး ဆုံးတော့တာပါပဲ''

''ကူးတာကကော ဘယ်လိုကူးသလဲဗျာ''

''ကူးတာကတော့ ရောဂါသည်ရဲ့မစင်ကို ယင်အုံ၊ လူတွေရဲ့ အစာကို အဲဒီယင်က နား၊ ယင်အုံတာကို လူက စား၊ အဲဒါနဲ့ ရောဂါကူးသွားရော။ နောက်တစ်နည်းကတော့ ရောဂါသည်ရဲ့ ဝမ်းတွေ ဘာတွေ ပေတာ ကျံတာတွေ၊ အညစ်အကြေးရှိတဲ့ ရေတွေ၊ ဒါတွေကို ထိမိ၊ ကိုင်မိ၊ စားမိ၊ သောက်မိရင် ကူးသွားတာပဲ။ ကူးတာလည်း မြန်တယ်။ အဓိကကတော့ အစာလမ်းကြောင်းကနေ ကူးတာပါပဲ''

''နောက်တစ်ခုက ဒီက လူတွေက **Personal**





**Hygiene** တစ်ကိုယ်ရေ သန့်ရှင်းမှုအကြောင်းတွေလည်း [illegible]သိကြဘူး။ ကျယ်ကျယ်ပြန့်ပြန့် ကျန်းမာရေးပညာ [illegible]တာ လုပ်ချင်ပေမယ့် ဗိုလ်ကြီးတို့မပါဘဲ ကျွန်တော် [illegible] မြို့ကနေ ဝေးဝေးလံလံ သွားလို့မရဘူး။ ဗကပ [illegible]သွားမှာ စိုးရသေးတယ်လေ။ ဆုံးသွားတဲ့ လူတွေက [illegible]နယ်ထဲကဆိုပေမယ့် ဟိုးအစွန်အဖျားတွေက များ [illegible]တယ်။ ရှင်းရှင်းပြောရရင် ဗကပတွေ ထိန်းချုပ်ထား [illegible] နေရာတွေကပေါ့ ဗိုလ်ကြီးရယ်''

ဒေါက်တာစိုင်းငင်းမတ်ပြောတာ ဟုတ်ပါသည်။ [illegible]ယောင်းနှင့် သိပ်မဝေးလှသော ဒေသများတွင် ကာလ [illegible] အသံကြားလျှင်ကြားချင်း အပြေးအလွှားသွားပြီး [illegible]ရောဂါကာကွယ်ဆေးထိုးခြင်းနှင့် လူနာများကို ဆေး [illegible]သခြင်း ပြုလုပ်နိုင်၏။ သို့ရာတွင် ကော် (၈၁၅) ထိန်း [illegible]ချုပ်ထားသည့် ဝမ်ဆော၊ ဝမ်ဖိုင်၊ ဆာကို၊ ကြာဝမ် စသည့် [illegible]နေရာများသို့ကား နိုင်ငံတော်၏ကျန်းမာရေးအဖွဲ့များ [illegible]သွား၍မရပါ။ ထို့ကြောင့် ထိုအလှမ်းဝေးသော ဒေသများက [illegible]သေအပျောက် ပိုများခြင်း ဖြစ်ပါသည်။

ဝမ်းရောဂါကြောင့် ကျွန်တော်တို့တပ်ရင်း တစ်ရင်း



www.burmeseclassic.com

www.burmeseclassic.com



လုံး ကာကွယ်ဆေးထိုးကြရ၏။ အသားစိမ်းစားမိသော စစ်သည်တစ်ဦး ဝမ်းရောဂါဖြစ်သည်။ အချိန်မီ ရဟာ ယာဉ်ဖြင့် ကျိုင်းတုံသို့ ပို့နိုင်၍ အသက်ရှင်သည်။ တစ် တစ်ယောက်မှ အသေအပျောက်မရှိ။ သို့ရာတွင် သောင် ကျန်းသူများ မကြာခဏ ကျက်စားနေသည့် ရွာများတွ ကား အတော်ပင် အသေအပျောက်များလှ၏။ လွန်ခဲ့သည် တစ်ပတ်ခန့်က ဝမ်ဟိုရမ်းသို့ ကျွန်တော်တို့ တပ်ရင် အင်အားဖြည့်စစ်သည်နှင့် လူနာ့အကြိုအပို့လုပ်ရာ တ ရက်တည်း ဝမ်းရောဂါအသုဘ ၃ ခု ကြုံခဲ့ရ၏။ လူသေ တာများသဖြင့် ခေါင်းစပ်စရာ သစ်သားပင် မရှိ၍ဘဲလာ တော့ မသိ။ လူသေကို စောင်နှင့်အုပ်ပြီး ဝါးကပ်ပေါ်တ ထမ်းသူထမ်း၊ ဖျာလိပ်ထဲထည့် သယ်ယူက သယ်နှ စိတ်မချမ်းမြေ့ဖွယ်ရာ ကြုံတွေ့ခဲ့ရ၏။ ထိုညက ကျွန်တော် တို့ စစ်ကြောင်းတစ်ခုလုံး ရွာအပြင်ထွက်အိပ်ပြီးမှ နောက် နေ့တွင် အကြိုအပို့ကိစ္စ ဆောင်ရွက်ခဲ့ပါသည်။ ဝမ်းရော ကြောက်၍ ရွာတွင်း၌ မအိပ်ခဲ့ကြပါ။

ကျွန်တော်သည် အထက်ပါအကြောင်းများကို ပြ လည်စဉ်းစားမိရင်း တပ်ရင်းမှူးကြီးအား ...


မြရတနာစာပေ




သံလွင်အရှေ့ခြမ်းကျိုင်းတုံ – မိုင်းယောင်းဒေသပြမြေပုံ

www.burmeseclassic.com

www.burmeseclassic.com




မိုင်းယောင်းမြို့နှင့် မိုင်းယောင်း ဒေသပြမြေပုံ



"ဟုတ်ပါတယ် တပ်ရင်းမှူးကြီးရယ်။ ကျွန်တော်တို့ ost စခန်းသွားထိုင်ပြီးတော့ သီတင်းကျွတ်၊ တန် င်မုန်း မိုးပြတ်တော့မှ ပြန်လာကြတာ အန္တရာယ် င်းပါတယ်"

ဟု ပြောလိုက်မိပါတော့သည်။

မိုင်းယောင်းဆိုသည်မှာ ဤကဲ့သို့ ရောဂါကန္တာရ ပ်များလည်း ရှိနေပါသည်။ မိုင်းယောင်းရောက်ချိန်မှစ၍ ရှားရှိနိုးတိုင်း ကပ်ကြီးသုံးပါး ကျော်နင်းနိုင်တဲ့ကိုယ် ဖြစ်ရပါလို၏ဟု အမြဲတမ်း ဆုတောင်းမိပါသည် ခင်ဗျား။ ယ်တော့ ရယ်ရပါသည်။

❖ ❖ ❖

မိုင်းယောင်းကထွက်တော့ ၁၉၈၂ ခုနှစ် စက်တင် ာလ နောက်ဆုံးအပတ်တွင် ဖြစ်သည်။

မကြာခဏ မိုးရွာနေ၍ လမ်းများက ရွှံ့များ ဗွက် ားဖြင့် ပေကျံနေ၏။ ကျွန်တော်တို့တပ်ရင်းတစ်ရင်း ုံးသည် ရိက္ခာများ၊ လက်နက်များ၊ ခဲယမ်းမီးကျောက် ားအား လှည်းများ၊ ဝန်တင်လားများဖြင့် သယ်ဆောင်



www.burmeseclassic.com

www.burmeseclassic.com



ကာ တအိအိ ချီတက်လာခဲ့ကြသည်။ မိုင်းယောင်း
အရှေ့မြောက်ရှိ မိုင်းယု၊ မိုင်းလွေသို့ ချီတက်ခဲ့ကြခြ
ဖြစ်သည်။ မိုင်းယောင်းနှင့် မိုင်းယု မိုင် ၂၀ ခန့်ကွာဝေး
ထို့ကြောင့် ထိုခရီးကို အတော်သွားရ၏။ မိုင်းယော
မိုင်းယုလမ်းတစ်လျှောက် ဘေးဘယ်ညာတွင် တောင်ကြ
များ ဝိုင်းရံနေ၏။

"အစ်ကိုကြီးရေ ဒီလမ်းတစ်လျှောက်က အတော်
ပွဲကြမ်းထားတဲ့နေရာတွေ။ မနှစ်က တပ်မကွန်မန်ဒို အတို
ခံရတာ ဒီနေရာပေါ့"

ဗိုလ်ကြီးဒွေးလွင်က ဝမ်ကျိုင်းဆုံရပ်နှင့် ဟို
ဘုရားကုန်းကြားအရောက်တွင် ညာဘက်မှ တောင်ကြော
များကို လက်ညှိုးထိုးကာ ပြောပြ၏။ ဗိုလ်ကြီးဒွေးလွင်နှ
ဗိုလ်ကြီးသန်းဝင်းတို့ကား မိုင်းယောင်းသို့အရောက်
အပေါက်များ၍ နယ်မြေကျွမ်းသူများ ဖြစ်သည်။

၁၉၈၀ ခုနှစ်လောက်ကစ၍ ထိုလမ်းကြောင်
တစ်လျှောက်အား ဗကပတို့က ထိုးဖောက်စိုးမိုးလာကြ
သည်။ မိုင်းယုမှာ မြန်မာနိုင်ငံ၏ အရှေ့ဘက်အစွန်ဆုံး
လက်မသဖွယ်နေရာလေးထဲတွင် ရှိနေ၍ မဟာဗျူဟာအ





ချက်အခြာကျသည်။ ထို့ကြောင့် လက်လွှတ်၍မဖြစ်။
တ်တမ်း ခံစစ်အဖြစ် ယူထားရသည်။ မိုင်းယုနှင့်
ော်ဟိုလွယ်ထင်းရှူးတောင်တို့ကား ကျိုင်းတုံအရှေ့
တွင် နာမည်ကြီးသောနေရာများ ဖြစ်၏။ အသက်
တိုက်ပွဲကြီးများ အကြိမ်ကြိမ် ဖြစ်ပွားခဲ့ဖူး၏။ မိုင်းယုတွင်
လေး၊ မျက်ပါးရပ်မှ ခလရ (၇၆) စစ်ကြောင်းနှင့် ဗကပ
၏ အကြီးအကျယ် တိုက်ပွဲဖြစ်ပွားခဲ့သည်။ ထိုတိုက်ပွဲတွင်
-တပ်ရင်းမှူး ဗိုလ်မှူးအုန်းမောင် သီဟသူရဘွဲ့ ရရှိခဲ့
သည်။ အလားတူပင် ကော်ဟိုလွယ်သည်လည်း ၁၉၈၀
နှစ်လောက်က ခလရ (၅) စစ်ကြောင်း ဌာနချုပ်အား
ဗကပတို့ အင်ကြီးအားကြီးနှင့် ဝင်တိုက်ရာ တပ်မတော်
(လေ)မှ လေကြောင်းပစ်ကူ လာပေးရသည်အထိ တိုက်ပွဲ
ပြင်းထန်သွား၏။

ကျွန်တော်တို့ သနက (၁) မှ စစ်ကူအလိုက်မြန်၍
စဉ်က ရန်သူအဝိုင်းခံနေရသော ခလရ (၅) တပ်ရင်းမှူး
-ဗိုလ်မှူးကြီးကြည်ဝင်း အသက်ချမ်းသာရာ ရသွား၏။
-ဗိုလ်မှူးကြီးကြည်ဝင်းသည် သနက (၁) မှ ပြောင်းရွှေ့ပြီး
ခလရ (၅) တွင် တပ်ရင်းမှူးဖြစ်သွားသူဖြစ်၏။ သို့ရာတွင်



www.burmeseclassic.com

www.burmeseclassic.com



ထိုကော်ဟိုလွယ်တိုက်ပွဲအပြီး ၁၉၈၁ ခုနှစ် ကျိုင်း… မြောက်ခြမ်း၊ ယန်းကောင်ဒေသ ထိုးဖောက်တိုက်နိုက်ရေး… တွင် ကျဆုံးသွားခဲ့ရှာပါသည်။

အလားတူပင် ထင်းရှူးတောင်၌လည်း ချင်း (… မှ ဗိုလ်မှူးစိန်ဝင်းနှင့် ဗတ်စု (၄) စုအခြေပြုထား… ဗကပအင်အား ၅၀၀ ကျော်က လက်နက်ကြီးသုံး… တိုက်ခဲ့သဖြင့် ထင်းရှူးတောင်စခန်း ကျဆုံးခဲ့ရ၏။ သို့ဖြစ်… ထိုဒေသများကား အသက်အန္တရာယ် အလွန်နီးသော… နေရာများဖြစ်၏။ ကော် (၈၁၅) ကလည်း ၎င်းတို့၏ တပ်… မဟာဌာနချုပ်အား ကော်ဟိုလွယ် ထင်းရှူးတောင်နှ… သိပ်မဝေးသည့် ဝမ်ဆော၊ ဝမ်ဖိုင်တွင် ဖွင့်လှစ်ထား… ကျွန်တော်တို့မှာ တစ်ချက်မှ သတိလစ်၍မရ။ မနက်တိုင်… ၄ နာရီထိုးလျှင် **Stand to** ထလုပ်ရပါသည်။ မိုးသည်… သည်းတွင် ရန်သူက အငိုက်ဖမ်းကာ လာတိုက်သွားမှာ… စိုးရ၏။

ဗကပတို့က မော်စီတုန်း၏ သေနင်္ဂဗျူဟာနှ… နည်းပရိယာယ်တွင် ပါရှိသော –

"အမာရှောင် အမွတိုက်၊





လက်ရင်းကပ်တော့ သာ၊
လက်ဖျားကပ်တော့ နာ၊
သူစုကိုယ်ခွဲ၊ သူခွဲကိုယ်စု"

ဆိုသောနည်းပရိယာယ်များ၊

"ရန်သူတစ်ဆကို မိမိ ဆယ်ဆဖြင့် တိုက်ရမည်၊ …ထီးကျန်ဖြစ်နေသောတပ်၊ ဝေးလံသောတပ်၊ စိတ်ဓာတ် …ဆင်းနေသောတပ်၊ ထိုတပ်များအား သာလွန်အင်အား …ဖြင့် ဝိုင်းဆို့ပြီး အပိုင်အနိုင်တိုက်ရမည်"

ဆိုသော နည်းပရိယာယ်များကို အမှန်ပင် ကျင့် သုံး၏။ ထို့ကြောင့် ကျွန်တော်တို့လည်း "သတိဆို ဗိုတယ် …ရှိ"ဟု သဘောပိုက်ကာ အမြဲစစ်ရေးသတိ ရှိနေရ …တော့သည်။

မိုင်းယုရောက်တော့ အတော်မှောင်ပြီ။ ဘယ် ဘက်က ကော်ဟိုလွယ်၊ ညာဘက်က ထင်းရှူးတောင်၊ သို့ရာတွင် ဘယ်ကိုမျှမှ ကောင်းစွာမမြင်ရ။ တပ်ရင်း မှူးကြီးက –

"ကဲ … ဗိုလ်ကြီးသက်ဦး ခင်ဗျားစစ်ကြောင်း သွားပေတော့။ ကျွန်တော်တို့စစ်ကြောင်းလည်း သွား…



www.burmeseclassic.com

www.burmeseclassic.com



တော့မယ်''

ဟု နှုတ်ဆက်ကာ ဘယ်ဘက် ကော်ဟိုလွယ်သို့ စစ်ကြောင်း (၁) နှင့်အတူ တက်သွား၏။

ကျွန်တော့်စစ်ကြောင်းမှာ လူတော်တော်နှင့်မ ကျွန်တော်၏ စစ်ကြောင်း (၂)တွင် ဗိုလ်ကြီးဒွေးလွင်၏ တပ်ခွဲ (၃)နှင့် ဗိုလ်ကြီးသန်းဝင်း၏ တပ်ခွဲ (၄) တို့ ပါဝင်၏ မိုင် ၂၀ ကျော် ခရီးပြင်းနှင်လာ၍ လူတွေကလည်း တော် တော်နှင့် စုမရ။ အဆက်မပြတ် လူစစ်နေရ၏။

လူစုံတော့ ည ၈ နာရီထိုးပြီ။ လကလည်း ကောင်းစွာမရှိ၍ လမှောင်မှောင် ညမှောင်မှောင်တွင် ထင်းရှူးတောင်အား မီးထိုးကာ စမ်းတဝါးဝါးဖြင့် တက် သည်။ ည ၁၀ နာရီကျော်ကျော်တွင် စခန်းပေါ် ရောက် သွား၏။ စခန်းတွင်ကား ခလရ (၁) မှ စစ်ကြောင်းမှူး ဗိုလ်မှူးသန်းပို စောင့်နေသည်။

''အစ်ကို ... ကျွန်တော် သနက (၁)က သက်ဦး ပါ''

ကျွန်တော်က ဗိုလ်မှူးသန်းပိုအား သတင်းပို့ လိုက်၏။





''ကိုယ် သိပါတယ်။ ကိုသက်ဦးတို့ လက်ခံစရာ ရှိကွာနဲ့ တိုင်းတပ်မအရန်ခဲယမ်းတွေ လက်ခံပြီးရင် ကိုယ်တို့လည်း အမြန်ဆင်းမယ်။ နက်ဖြန် မနက်မိုးလင်း ဒီကထွက်ဖို့ ဗျူဟာက ညွှန်ကြားထားတယ်''

ဗိုလ်မှူးသန်းပိုက အထက်ပါအတိုင်း ပြောရာ ကျွန်တော်ကလည်း သူတို့အမြန်ဆင်းနိုင်ရန် တိုင်းတပ်မ အရန်ခဲယမ်းများကို အသေအချာ စစ်ဆေးလက်ခံရန် တာဝန်ရှိများအား မှာကြားလိုက်သည်။ ည ၁၂ နာရီခန့်တွင် ဗိုလ်မှူးသန်းပိုနှင့် ခလရ (၁)၊ စစ်ကြောင်း (၂) ထင်း ရှူးတောင်မှ ဆင်းသွား၏။ ကျွန်တော်လည်း မောလှသဖြင့် စစ်ကြောင်းရုံးတဲကလေးတွင် ပါလာသည့် အိပ်ရာအား ခင်းခင်းပြီး မောမောနှင့် အိပ်လိုက်မိပါတော့သည်။

နာမည်ကျော် ထင်ရှူးတောင်တော့ ရောက်ပြီပေါ့ ခင်ဗျာ။

### ထင်းရှူးတောင်မှာတစ်လကြာ

မိုင်းယောင်း ကျိုင်တုံဒေသကား အများအားဖြင့် ဆ လေးထောင်ကျော်၊ ငါးထောင် မြင့်မားသည့် တောင်များ



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် ဖုံးလွှမ်းနေသော ဒေသဖြစ်၏။ ထိုအမြင့်သို့ ရောက် ပြီဆိုက ထင်းရှူးပင်များ ပေါက်ရောက်လေ့ရှိ၏။ အမြ သော တောင်တန်း၊ တောင်ကြောကြီးများဆိုပါက ထင်းရှူး ပင်မှလွဲ၍ အခြားအပင်များ လုံးဝမပေါက်ပါ။ အတော်အေး အံ့သြစရာကောင်းပါသည်။ ထို့ကြောင့် ထိုနေရာများ ထင်းရှူးတောင်ဟု အမည်ပေးထားကြ၏။ ကျိုင်းတုံ မိုင်းယောင်းဒေသတွင် နာမည်ကျော် ထင်းရှူးတောင်သုံး ရှိ၏။ ၎င်းတို့မှာ ယခု ကျွန်တော်တို့စခန်းထိုင်ရမည့် ကော ဟိုလွယ် ထင်းရှူးတောင်၊ ဝမ်ကျင်းဆန်တောက်နားမှ မိုင် ဝေါင်း ထင်းရှူးတောင်နှင့် မိုင်းခတ်ဒေသမှ မိုင်းနုံ ထင်းရှူးတောင်တို့ ဖြစ်၏။

"အစ်ကိုကြီးရေ ဒီထင်းရှူးတောင်ကတော့ မြန်မာ နိုင်ငံရဲ့ အရှေ့ဘက်အစွန်ဆုံးလည်း ဖြစ်တယ်။ ချင်း (၃) က ဗိုလ်မှူးစိန်ဝင်းတို့လည်း ကျဖူးတယ်။ လူကြီးဧ ကလည်း မဟာဗျူဟာအရ အရေးပါတဲ့နေရာမို့ မျက်ခြေ ပြတ်မခံဘူး။ အစ်ကိုကြီး သိထားအောင် တင်ပြတာပါ"

ရောက်ပြီး နောက်တစ်နေ့တွင် ဗိုလ်ကြီးသန်းဝင်း က အထက်ပါအတိုင်း ပြော၏။





"အေးပါကွာ ... ကိုယ်လည်း သိထားပါတယ်။ ကြောင့် မနက်တိုင်း ကိုယ့်ညီတို့ Stand to လုပ်ကွာ။ တပ်ကိုတော့ စစ်ကြောင်းရုံးနဲ့ (၄) စုပဲ။ ဒီစခန်းထဲမှာ နေမယ်။ ဟိုမှာမြင်နေရတဲ့ အရှေ့ဘက်ကျောပေါ်တော့ ဗိုလ်ကြီးဌေးလွင်နဲ့ ခွဲရုံး (၂) စု တင်ထားချင်တယ်။ ဗိုလ် မှူး စိန်ဝင်းတို့ စခန်းကျတုန်းက အဲဒီကျောကနေပြီး ၅၇ သုံးလေးလက်နဲ့ စခန်းထဲကို ပစ်သွင်းပြီးမှ စခန်းကို သိမ်း သွားတယ်လို့ ကိုယ် ကြားထားတယ်"

ဤသို့ဖြင့် ထင်းရှူးတောင်တွင် စခန်းတွင်း၌ စစ်ကြောင်းရုံးနှင့် (၄) စု၊ စခန်းအပြင်ဘက်တွင် ခွဲရုံး (၂) စု ဖြန့်ခွဲကာ တပ်ကို ချထားလိုက်၏။ ပထမဆုံးအကြိမ် စခန်းထိုင်ခြင်းဖြစ်၍ စခန်းကိုလည်း လေ့လာမိ၏။ စခန်းမှာ **Over Head** ဘန်ကာကြီးများဖြင့် ရန်သူ့လက်နက်ကြီး များအား ခံနိုင်အောင် လုပ်ထား၏။ ခြံစည်းရိုးများကိုလည်း ဝါးလန်များဖြင့် သုံးထပ်ခတ်ထား၏။ ခြံစည်းရိုးများ အပြင်ဘက်တွင် ၈ ပေခန့်ကျယ်၍ ၆ ပေခန့် နက်သည့် အခြောက်ကျုံးကြီးများ တူးထား၏။ ကျုံးအတွင်း၌ ညှောင့် အမျိုးစုံ ထောင်ထား၏။ အခြောက်ကျုံး တူးထားခြင်းအား



www.burmeseclassic.com

www.burmeseclassic.com



မြေကြောဖြတ်ထားသည်ဟုလည်း ခေါ်ပါသည်။

"အစ်ကိုကြီးရေ ဗကပကတော့ ခံစစ်မကောင်းလို့ မရဘူး။ သူ့ရဲ့လူလှိုင်းစစ်ဆင်ရေးနဲ့ လက်နက်ကြီးဒဏ် ခံနိုင်အောင်တော့ စခန်းခံစစ်ကို မြေအောက်ဘန်ကာ တွေရော၊ ဥမင်လိုဏ်ခေါင်းတွေရော၊ ဖုံးခိုကျင်းတွေရောနဲ့ စုံအောင် ပြင်ထားရတယ်"

တပ်ခွဲမှူးနှစ်ဦးက ကျွန်တော်စခန်းကို လိုက်စစ် သည့်အခါ ပြောကြ၏။

ထင်းရှူးတောင်မှာ အမြင့်ပေ ၄၀၀၀ ကျော်ခန့် ရှိ၏။ စခန်းပေါ်တွင် ရေ လုံးဝမရှိပါ။ စခန်းအောက် တောင်ခြေရင်းတွင်သာ ရေချောင်းငယ်လေး ရှိပါသည်။ ကျွန်တော်တို့ရောက်သွားချိန်မှာ မိုးတွင်းမို့ ချောင်း ကလေးက ရေပြည့်နေ၏။ စခန်းတစ်ခုလုံး ထိုချောင်း ကလေးကို အမှီပြုရ၏။ ထို့ကြောင့် နေ့စဉ် ရေချိုးတိုင်း ထိုချောင်းကလေးကို ဆင်းပြီး ရေချိုးရ၏။ အဆင်း ၁၅ မိနစ်ခန့် ဆင်းရ၍ အတက်နာရီဝက်ခန့် တက်ရ၏။ ထို့ ကြောင့် ရေတစ်ခါချိုးပြီးတိုင်း ချွေးပြန်အောင် တောင်ပေါ် ပြန်တက်ရသည်။ ထင်ရှူးတောင် ရေဒုက္ခမှာ မသေးလှပါ။





သို့ရာတွင် စစ်သားပီပီ စခန်းအတွက် သုံးရက် စာ သောက်သုံးရေကို စည်ပိုင်းများ၊ ဝါးဆစ်ဘူးများဖြင့် ဖြည့်ခိုင်းထားရ၏။ ၁၉၇၈ ခုနှစ်က နောင်လိုင်၊ ပါဖန်နှင့် အိုင် ၆၀၄၁ တိုက်ပွဲတုန်းက ရေဒုက္ခကို အမြဲသတိရနေ ပါသည်။ ရေကိစ္စကို လျှော့မတွက်ရဲပါ။

ရေပြီးတော့ အစားအစာဖြစ်သည်။ ထင်းရှူး တောင်တွင် တောတွင်းရိက္ခာမှလွဲ၍ ဘာမှ စားစရာမရှိပါ။ စားစရာအသား အလွန်ရှား၏။ အသားအတွက် တော သည်က ရနိုင်၏။ သို့ရာတွင် ပတ်ဝန်းကျင်ရှိ စွန့်လွှတ် ရွာများကြောင့် တောလည်ခွင့် မပြုရဲပါ။ တောင်ခြေရှိ ရွာကလေးများမှ အသားပေါ်၍ လာရောင်းလျှင် ဝယ်ရ၏။ ရွာမှလည်း ပုံမှန်အသားပေါ် ရောင်းလေ့ရောင်းထ မရှိပါ။ ကျွန်တော်တို့နေခဲ့သည့် တစ်လကျော်ခန့်အတွင်း ကိုယ့် အစီအစဉ်နှင့်ကိုယ် နွား ၂ ကောင် အရှင်ဝယ်ပြီး ပေါ် လိုက်၏။ ထိုအခါကျမှ စစ်သည်များ အသားဝလင်စွာ စား ရပါသည်။ ဟင်းသီးဟင်းရွက်ကိုမူ ရွာများမှ မကြာခဏ လာရောင်းကြသည်။ အများအားဖြင့် မုန်ညှင်းရွက်၊ ချဉ် ပေါင်ရွက်၊ ခရမ်းသီး၊ ငရုတ်သီး၊ ပိန်းဥ၊ မုန်လာဥ စသည်



www.burmeseclassic.com

www.burmeseclassic.com



များသာ ဖြစ်၏။ မည်သို့ဆိုစေ အစားဆင်းရဲခြင်း ဒု
ကိုလည်း ထင်းရှူးတောင်မှာ များစွာခံစားရပါသည်။

## မြွေကြီးတစ်ကောင်ရရှိခြင်း

ထင်းရှူးတောင်ရို ရောက်သည်မှာ တစ်လနီးပါးရှိပြ သီတင်းကျွတ်ပြီဖြစ်၍ မိုးပြတ်စပြုပြီ။ ထင်းရှူးတောင် တစ်ပိုက်၌ မနက်ဆို မိုးနှင်းမြူများကျနေတတ်၏။ တစ် ရက်တွင် ညနေခင်း၌ ကျွန်တော် စာဖတ်နေ၏။ ကံအာ လျော်စွာ ကျွန်တော်တို့ရောက်နေသည့် တစ်လတာကာလ အတွင်း စစ်ရေးကိစ္စ ဘာတစ်ခုမှ ထူးခြားဖြစ်စဉ် မရှိခဲ့ပါ အတော်စိတ်အေးနေရ၏။ ကံကောင်းသည်ပဲ ဆိုရမလား မသိပါ။

ထိုနေ့ညနေက စာဖတ်ကောင်းနေစဉ် ...

"ဒိုင်း ... ဒိုင်း ... ဒိုင်း ... ဒိုင်း" ဟူသော G-3 သေနတ်သံများကို တောင်ခြေမှ ဆူညံစွာ ကြားရပ တော့သည်။

"ဟ ... ဘာဖြစ်တာလဲ။ တပ်ခွဲမှူး ဆင်းကြည့် ပါဦး။ ရေကင်းချထားတဲ့နေရာတွေကပဲ"

မြရတနာစာပေ



ဗိုလ်ကြီးသန်းဝင်း တပ်စိတ်တစ်စိတ်ဖြင့် ဆင်းသွား ... ခဏအကြာတွင် ၎င်း၏တပ်စိတ်နှင့်အတူ ၁၀ ပေ ...ကျော်ခန့်ရှည်သော စပါးကြီးမြွေကြီးတစ်ကောင်အား ...သည် ၆ ဦးမှ ဝါးဘိုးဝါးကြီးများဖြင့် လျှို၍ ထမ်းလာ ကြ၏။ မြွေကြီးမှာ မြွေထီးကြီးဖြစ်၍ ဗိုက်မှာလည်း အတော် ...င် ပူဖောင်းနေ၏။ ခေါင်းတွင် သေနတ်ဒဏ်ရာ လေးငါး ချက် တွေ့ရ၏။

"ဟ ... စပါးကြီးမြွေကြီးပါလား။ ဘယ်လိုဖြစ် ကြတာလဲ"

အထမ်းအဖွဲ့ခေါင်းဆောင် ဒုတပ်ကြပ် သန်းဦး ...

"ရေဆိပ်မှာ ကျွန်တော် ရေသွားခပ်တာ ဝါးရုံ တောထဲမှာ ဒီကောင်ကြီး ခွေနေရာက မြုန်းခနဲ ထလာ သို့ လန့်ပြီး ပါလာတဲ့ G-3 နဲ့ တစ်တောင့်ချင်း ပစ်လိုက် တာပါ"

အထက်ပါအတိုင်း ဖြေပါတော့သည်။ ကျွန်တော် သည် အသားပြတ်နေသည့်အချိန် စပါးကြီးမြွေကြီးတစ် ကောင် ရရှိသဖြင့် ဝမ်းသာသွား၏။

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



"အေး ... ကောင်းတာပေါ့ကွာ။ မြွေသား စားကြတာပေါ့။ ဒါပေမဲ့ မင်းတို့မြွေကြီးက ဗိုက်ပူနေတယ် ကွ ကြည့်ကြဦး"

"အကောင် တစ်ကောင်ကောင် မျိုထားပါတယ်။ ဘာကောင်လဲတော့ မသိဘူး"

မကြာမီ စစ်သည်များမှ ထိုစပါးကြီးမြွေကြီးအား ဗိုက်ခွဲကြည့်ရာ ချိုကြီးများဖြင့် ဂျီ(ချေ)ထီးကြီး တစ်ကောင် အား တွေ့ရပါသည်။

ဩော် – ဂျီထီးကြီး မျိုထားတာကိုး။

ကျွန်တော်တို့တစ်တွေမှာ စားစရာအသားပြတ်နေ၍ စပါးကြီးမြွေကြီးအား တုံးတစ်ပြီး အမျိုးစုံချက်ပြုတ်ကာ မြွေသားစားကြပါသည်။ ထုံပြင်းထုံပြင်းဖြင့် စားလို့တော့ သိပ်မကောင်းပါ။ သို့ရာတွင် အသားရိက္ခာ စားစရာ ပြတ်လပ်နေတော့ စားတော့စားရပါ၏။ ထိုမြွေကြီးကား စခန်းတာဝန်လဲလှယ်ချိန်ထိ စားနေရပါသေးသည်။ ကျွန် တော်ကတော့ ဟင်းအဖြစ်မစားပါ။ ညနေ အာမီရမ်ကလေး သုံးဆောင်ချိန်တွင်သာ အမြည်းအဖြစ် စားပါသည်။ မြွေ သားကောင်းကောင်း မစားဘူးသော ကျွန်တော့်အဖို့





ထင်းရှူးတောင်ရောက်မှ ရက်ပေါင်း အတော်ကြာကြာ မြွေသားစားခဲ့ရပါသည်။

ထိုမြွေကြီးမှာ ထင်းရှူးတောင်တွင် ကျွန်တော် နေခဲ့ရသည့် တစ်လကျော်ကာလအတွင်း ရှားရှားပါးပါး တစ်ကောင်တည်းရခဲ့သော တောကောင်ဖြစ်ပါသည်ခင်ဗျား။

## ထင်းရှူးတောင်မှပြန်ရပြီ

ထင်းရှူးတောင်တွင် တစ်လကျော်သွားပါပြီ။ နောက်မိုးလင်းလျှင် အိပ်ရာမှ ထလိုက်က ထင်းရှူးတောင် အောက်ခြေတွင် ဖြူဖွေးနေသော တိမ်ငွမ်းလိပ်များက အိပ်ရာခင်းအဖြူကြီး ဖြန့်ခင်းထားသလို ငွမ်းပင်လယ် တိမ်ပင်လယ်ကြီး ဖြစ်နေ၏။

ဟို မြောက်ဘက်အဝေးဆီမှာကား တရုတ်တို့၏ အမည်ကျော် ဆစ်ဆောင်ပန်းနားဒေသ ရှိ၏။ ထင်းရှူး တောင်ပေါ်မှ ခုန်ချလိုက်လျှင်ပင် ဆစ်ဆောင်ပန်းနားများ ရောက်သွားမလား ထင်ရသည်။ တိမ်ကင်းစင်သည့် အခါ များတွင် ကြည့်လိုက်လျှင် ဆစ်ဆောင်ပန်းနားဒေသ၏ ညို့ညို့တောအုပ်များနှင့် တောင်တန်းအလိပ်လိပ်များကို



www.burmeseclassic.com

www.burmeseclassic.com



လှမ်းမြင်ရပါသည်။ အရှေ့ဘက်တွင်ကား မဲခေါင်မြစ်နှင့် လာအိုနိုင်ငံကို တွေ့ရ၏။ မဲခေါင်မြစ်ထဲသို့လည်း အနောက်ဘက်မှ နမ့်မလွေချောင်းက စီးဝင်နေ၏။ ချောင်းဘေးတွင် မိုင်းလွေရွာကလေး ရှိသည်။ ကော်ဟိုလွယ်နှင့် မိုင်းယု ထင်းရှူးတောင်နှင့် မိုင်းလွေ၊ နမ့်မလွေချောင်းနှင့် အိုမီဂါကွေ့တို့ကား အတွဲညီ လူသိများသော အမည်နာမများ ဖြစ်ကြ၏။

ကျွန်တော် ရောက်ခါစ အိုမီဂါကွေ့ဆိုသည်ကို မသိသဖြင့် ...

"ဘာလဲကွ ... မင်းတို့ အိုမီဂါကွေ့ဆိုတာ"

ဟု မေးမိသည်။ ထိုအခါ စစ်သည်များက ...

"ဟိုမှာလေ စစ်ကြောင်းမှူးရဲ့ နမ့်မလွေချောင်းက ကွေ့ကောက်နေတာ။ ကောင်မလေးခေါင်းက အိုမီဂါ ဆံပင်လေးလိုပဲ"

ဟုပြောပါတော့သည်။ ထိုအခါကျမှ ကျွန်တော်လည်း သဘောပေါက်ရပါတော့သည်။

ထင်းရှူးတောင်၊ နမ့်မလွေချောင်း၊ အိုမီဂါကွေ့နှင့် မဲခေါင်တို့အား သံယောဇဉ်ဖြစ်စပြုလာ၏။ သို့ရာတွင် ထိုသံယောဇဉ်ကား ကြာကြာမခံပါချေ။

"စစ်ကြောင်းမှူး ကျွန်တော်တို့ မိုင်းယောင်း ပြန်ရတော့မယ်။ သန်ဘက်ခါ ခမရ (၁၀၈) လာလဲတော့မယ်တဲ့"

ကျွန်တော့်စစ်ကြောင်းရုံးအဖွဲ့က စစ်ကြောင်း (၁) မှ ပို့သည့် ဝက်စာကြေးနန်းဖော်ပြီး သတင်းပို့လာ၏။

"အေး ... ကောင်းတာပေါ့ကွာ။ တို့ လွှဲမယ့် ပြောင်းမယ့်ဟာတွေ အသင့်ဖြစ်အောင်သာ တပ်ခွဲမှူးတွေကို စာထုတ်ကွာ"

ထိုသို့ မှာကြားရင်း ထိုနေ့ညစာ စားသည့်အခါ တပ်ခွဲမှူးနှစ်ဦးအား အကျိုးအကြောင်း ကြိုပြောရသည်။ တာဝန်လွှဲရာတွင် ကျွန်တာတော့ ပြဿနာ မရှိပါ။ ရိက္ခာပဲ ဖြစ်ပါသည်။ ရိက္ခာကတော့ ကြွက်များစား၍ အတော်လျော့နေသည်။ စခန်းတွင် ကြွက်ဝမ်းဖြူများက များလှနေ၏။ ရိက္ခာကို လူနှင့်ကြွက် တစ်ဝက်စီ စားနေရသည်။

စခန်းလွှဲမည့်နေ့တွင် ခမရ (၁၀၈) က ကျွန်တော်တို့လိုပင် ညမိုးကြီးချုပ်မှ စခန်းပေါ် ရောက်လာသည်။ ၎င်းတပ်ရင်းမှူး ဗိုလ်မှူးကျော်မိုး ရောက်ရှိကာ တာဝန်







www.burmeseclassic.com

www.burmeseclassic.com



လဲပါသည်။ သူနှင့်အတူပါလာသည့် ဗိုလ်ဗွေးဝင်းမှာ ကျွန်တော် တိုက်ခိုက်ရေးကျောင်းတွင် တပ်ရေးဗိုလ်ကြီးလုပ်ခဲ့က တပ်ကြပ်ကြီးစာရေးမှ ဗိုလ်ဖြစ်သွားသူဖြစ်ရာ တပည့်ရင်းဖြစ်နေ၏။ ညသန်းခေါင်ချိန် အိုးနှင်းခွက်နှင်းဖြ… တပ်ပြန်အဆင်း၌ ဗိုလ်ဗွေးဝင်းက …

"ဆရာသမား၊ ကျောပိုးအိတ်များပါသွားလို့ အ… ဝတ် ဝတ်စရာမရှိတော့ဘူး။ အရပ်ဝတ်တစ်စုံလောက် ပေးခဲ့ပါဦး"

ဟု တောင်းသည်။ သူက အရပ်ရှည်ရှည်၊ ကျွန်တော်က ခပ်ပုပု။ မတတ်နိုင်ပါ။ ဂန့်ဂေါ်လုံချည်တစ်ထည်နှင့် စပို့ရှပ်တစ်ထည် စွန့်ကြဲခဲ့ရ၏။ သူ ဝတ်လိုက်တော့ မတော့်တတော်ဖြစ်နေ၍ အရေးထဲတွင် ရယ်လိုက်ရ… သေးသည်။

စခန်းမှ ထွက်လာရာ မိုးမလင်းတလင်းတွင် … တောင်အောက်ပြန်ရောက်သည်။ နောက်တစ်နေ့တွင် တပ်ရင်းတစ်ရင်းလုံး စုစည်းပြီး မိုင်းယု၊ မိုင်းလွေမှ ပြန်ထွက်လာခဲ့ကြသည်။ ထိုနေ့ညနေ၌ မိုင်းယောင်း ရွှေမြို့တော်ကြီးသို့ ချောချောမောမော ပြန်ရောက်ပါတော့…





…သည်။ အပြန်ဆိုတော့ အသွားထက်တော့ ပိုမြန်သည် …ခင်ဗျာ။

သို့ရာတွင် ထင်းရှူးတောင်၌ ကျွန်တော် လုံးဝ …တိမရဘဲ မေ့ကျန်ခဲ့သောအရာတစ်ခု ရှိ၏။ ထိုအရာ …အား ဘုရားစင်ပေါ်တင်ထားသည့် ဝမ်ရှန်ဘုရားကုန်း …အောက်တုန်းက ပင့်လာခဲ့သည့် ရှင်အရဟံဘုန်းကြီး …ရုပ်တုကလေးပါတည်း။

ထိုကိစ္စနှင့် ပတ်သက်ပြီး ကျိုင်းတုံတွင် ကျွန်…တော်နှင့် လွန်စွာရင်းနှီးသည့် ရှမ်းဆရာကြီးဦးစိုင်းပုက …ပြောကြားရာ၌ …

"ဗိုလ်မှူးရုပ်တုကလေးက သူ့နေရာက မခွာချင်…ဘူးလေ။ ဒါကြောင့် ဗိုလ်မှူး ပင့်မရတာပေါ့။ ဗိုလ်မှူး …သတိမေ့သွားပြီး ထားခဲ့ရတာပေါ့။ ဒီက ဘုရားရုပ်တုတွေ၊ …ဟန္တာရုပ်တုတွေက အရမ်းပင့်လို့မရဘူး။ သူ့အဓိဋ္ဌာန်နဲ့ …သူထားတာ"

ဟု ဆိုပါတော့သည်။

ဟုတ်မဟုတ်တော့ ကျွန်တော် မသိပါ။

သို့ရာတွင် ထိုရုပ်တုကလေးအား ထင်းရှူးတောင်…



www.burmeseclassic.com

www.burmeseclassic.com



မှာနေစဉ်က နေ့စဉ် ပန်း၊ ရေ၊ ဆီမီး ကပ်နေပြီးကာမှ ယခုအဆင်းတွင် မေ့ကျန်ခဲ့ခြင်းကြောင့် ကိုယ့်ကိုယ်ကိုယ် တော့ အတော်မကျေမနပ်ဖြစ်မိပါသည်။ နောက်တစ်ခေါက် ကြုံရင် ပြန်ပင့်မည်ဟု အားခဲထား၏။ ကျိုင်းတုံတွင် နောက် ထပ် ၃ နှစ်ခန့် နေခဲ့ရသော်လည်း ကော်ဟိုလွယ် ထင်း ရှူးတောင်သို့ လုံးဝ ပြန်မရောက်တော့ပါ ခင်ဗျား။

ဆရာကြီးဦးစိုင်းပုပြောတာ ဟုတ်နေသည်လား မသိတော့ပါ။ ဤသည်မှာ နာမည်ကျော် ကော်ဟိုလွယ် ထင်းရှူးတောင်ဒေသတွင် နေခဲ့ရစဉ်က ကျွန်တော်၏ အတွေ့အကြုံများပါတည်း။

**မိုင်းယောင်းဗျူဟာမှူး ဦးရွှေကြူး**

ကျွန်တော်တို့တပ်ရင်း ကော်ဟိုလွယ် ထင်းရှူး တောင်က ပြန်ရောက်တော့ ဗျူဟာမှူး ဗိုလ်မှူးကြီး ရွှေကြူးက လမုံးပွဲနှင့် ဆီးကြိုသည်။

"ခင်ဗျားတို့ ပင်ပန်းနေတယ်ဗျာ။ အဲဒီတော့ ဒီည အပန်းဖြေ လမုံးပွဲကလေးကလိုက်ပါဦး။ ခင်ဗျားတို့အတွက် Special ရပ်ကွက် (၇) အဖွဲ့ကို ခေါ်ထားတယ်"





မိုင်းယောင်းတွင် ရပ်ကွက် ခုနစ်ကွက်၊ ရှစ်ကွက် ရှိရာ မြို့လယ်ဘုန်းကြီးကျောင်းနှင့်ကပ်နေသည့် ရပ်ကွက် (၇) လမုံးအဖွဲ့ကား နာမည်ကြီး၏။ မင်းသမီးကလေးများမှာ အကကောင်းရုံသာမက ဖြူဆွတ်သော အသားအရေ၊ ချောင်းသော ကိုယ်ဟန်၊ ယဉ်ကျေးသောအမူအရာ၊ ချိုသာသောအသံ၊ နှစ်လိုဖွယ်အပြုံးများဖြင့် ကျွန်တော်တို့ စိတ်များကို လွှမ်းစွာ ဆွဲဆောင်နိုင်၏။ ရပ်ကွက် (၇) လမုံးအဖွဲ့လာပြီဟေ့ဆိုလျှင် အားလုံးက ခြေလှမ်းတပြင် ပြင် ဖြစ်နေကြ၏။ ကချင် ခုန်ချင်နေကြ၏။ ဤအထာကို သိသော မိုင်းယောင်းဗျူဟာမှူး ဗိုလ်မှူးကြီးရွှေကြူးက ကျွန်တော်တို့ကို အထူးတလည် ထိုအစီအမံဖြင့် စောင့် ကြိုခြင်းဖြစ်၏။

ထိုညက ဗိုလ်မှူးကြီးရွှေကြူးကိုယ်တိုင် တောင် ပေါ်က ဆင်းလာသည့် ကျွန်တော်တို့နှင့်အတူ ဝင်ကသည်။ ဗိုလ်မှူးကြီးရွှေကြူးက ထိုစဉ်က ငယ်သေးသည်။ အသက် ၃၅ နှစ် ပတ်ဝန်းကျင်သာ ရှိမည်ထင်ရ၏။ လမုံးမင်းသမီး လေး ရှစ်ယောက်နှင့် ၁၅ မိနစ်တင်ကြိမ် တွဲကသွား၏။ အကလည်း ကောင်း၏။



www.burmeseclassic.com

www.burmeseclassic.com



ကောင်းပေမပေါ့ဗျာ။ ဗိုလ်မှူးကြီးရွှေကြူး သူ၏စစ်သားဘဝတစ်လျှောက်လုံးနီးပါး ရှမ်းပြည်နယ်တွင် နေခဲ့သူဖြစ်၏။ ရထားသည့်ဇနီးသည်ကလည်း ရှမ်းပြည်နယ် မြောက်ပိုင်းက တိုင်းရင်းသူ ရှမ်းအမျိုးသမီး ဖြစ်၏။ တပ်ရင်းမှူးဖြစ်တော့ မိုင်းတုံ၊ မိုင်းဆတ်။ ဒီနောက် ရ စစ်ဦးစီး (ပ) ဖြစ်လာ၏။ ဗျူဟာမှူးကား တပ်မ ( တွင်ဖြစ်၏။ **Boys Army** မှ ဗိုလ်လောင်းသင်တန်း အမှတ် စဉ် (၂၂) တွင် ကော်မရှင်ရလာသူ ဖြစ်သည်။ ကွယ်လွန် သွားခဲ့သည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေးကောင်စီအတွင်းရေးမှူး (၂)၊ ဒုတိယဗိုလ်ချုပ်ကြီး တင်ဦးနှင့်လည်း ဗိုလ်သင်တန်း တစ်ပတ်တည်းဖြစ်၏။

ဗိုလ်မှူးကြီးရွှေကြူးက ရှမ်းတိုင်းရင်းသားတို့၏ သဘောသဘာဝကို ကောင်းစွာ နားလည်သူဖြစ်၏။ ရှင် တို့၏ရိုးရာအစာ ခေါက်ညို (ခေါ်) ကောက်ညှင်းကိုလည်း ထမင်းလွတ်စားတတ်၏။ သူတို့နှင့် ရောရောနှောနှော နေထိုင်တတ်၏။ သူ မိုင်းယောင်းသို့ ရောက်ပြီဆိုလျှင် ဗျူဟာရုံးတွင် နေလေ့နေထ မရှိ။ မိုင်းယောင်းမြို့ တစ်မြို့ လုံး လျှောက်သွားနေတတ်သည်။ ရှမ်းလို ပြောသည်။





အစားအစာ စားသည်။ ရုံဖန်ရံခါ ညလုံးပေါက် ကွက်သူ၊ ရပ်ကွက်သားများနှင့် စားသောက်ကခုန်နေ ရှိသည်။

ဤသည်ကို ဒေသခံများက အထူးသဘောကျ ၏ လူငယ်တွေမဆိုထားဘိ လူကြီးများကပင် သဘော ကြသည်။ ပြည်သူလူထုနှင့်ရင်းနှီးနေသဖြင့် မကြာခဏ ည်သူ့ထံမှ ရန်သူ့သတင်းများ ရလာ၏။ ထို့ကြောင့် ယောင်းတစ်ဝိုက်တွင် မိမိဘက်မှ တိုက်ကွက်များ ဖော် သည်။ မိုင်းယောင်းမြို့ကိုလည်း တတ်နိုင်သလောက် သာယာအောင် လုပ်သည်။ ရေအားလျှပ်စစ်မီးများ ဆောင် ွက်ခြင်း၊ အားကစားရုံများ တည်ဆောက်ပေးခြင်း၊ အား ကစားကွင်းများ ဆောက်ပေးခြင်း၊ အားကစားပွဲများ မကြာခဏ ပြုလုပ်ပေးခြင်း စသည်တို့ဖြင့် လူထု၏ နှစ် သက်ကြည်ဖြူမှုကို ရယူနိုင်သည်။ ထို့ကြောင့် ထိုဒေသ လူတွေက အထူးသဖြင့် သက်ကြီးရွယ်အို မဲ့ထောက် (မဲ့ထောက်=အမေအို) များက –

“ရွှေကြူးကမှ တို့ဗျူဟာမှူး” ဟု မကြာခဏ ပြောလေ့ပြောထရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်မှူးကြီးရွှေကြူးကား ပြောမည်ဆိုက အတော် ထူးခြားသည့်ပုဂ္ဂိုလ် ဖြစ်ပါသည်။ ဤသည်မှာ သူနှ ပတ်သက်၍ တစ်စွန်းတစ စာစေ့တစောင်းသာ ဖြစ် ၏။ အလျဉ်းသင့်သလို ဆက်လက်ဖော်ပြပါဦးမည်။

❖ ❖ ❖





## ကျိုင်းတုံ၊ မိုင်းယောင်းယာဉ်တန်းအကြောင်း တစေ့တစောင်း

**ယာဉ်တန်းအတွက် ပြင်ဆင်မှုများ**

ကျိုင်းတုံနှင့် မိုင်းယောင်းကား မိုင် ၁၀၀ ခန့် ဝေး၏။ ရာသီမရွေး သွားလာနိုင်သော ကားလမ်း ရှိ၏။ သို့ရာတွင် ထိုစဉ်က ကားများ ရာသီမရွေးသွားခြင်းမရှိပါ။ အဘယ်ကြောင့်ဆိုသော် မိုင်းယောင်းနှင့် မိုင်းဖြတ်ကြားတွင် ကပကော် (၈၁၅) က အဆက်မပြတ် ဒုက္ခပေးနေ၍ ဖြစ် ပါသည်။

ထို့ကြောင့် ကျွန်တော်တို့တပ်တွေသည် တပ်အလဲ အလှယ်လုပ်သည့်အခါများတွင် ကားစီးလေ့စီးထ မရှိ။ မိုင်းယောင်းနှင့်မိုင်းဖြတ်ကို ခြေလျင်သာ သွားလေ့ရှိ၏။ မိုင်းဖြတ်ရောက်မှ ကျိုင်းတုံသို့ ကားစီးလေ့ရှိပါသည်။ ထို့ကြောင့် မိုင်းယောင်းတွင် လူသုံးပစ္စည်းများ မကြာခဏ ပြတ်လပ်၏။ ရှားပါး၏။ နေ့စဉ်သွားလာနေသည့် ခရီး သည်တင်ယာဉ် မရှိသဖြင့် ထိုစဉ်က ကျိုင်းတုံနှင့် တာ



www.burmeseclassic.com

www.burmeseclassic.com



လိတ်မှ အရောင်းအဝယ်သမားများသည် မိုင်းယောင်းသို့ အထမ်းအပိုးများဖြင့် ခြေလျင်လာတတ်ကြ၏။ ယာဉ်တန်း အကြုံရှိသည့်အခါ အထူးဝမ်းသာစွာဖြင့် ယာဉ်တန်းနှင့် စုန်ဆင်းလိုက်ပါကြကုန်၏။

ကျိုင်းတုံ–မိုင်းယောင်း ယာဉ်တန်းကလည်း သထုံ–ဖာပွန်ယာဉ်တန်းကဲ့သို့ပင် လနှင့်ချီ ဆွဲရသည်။ မိုင်းယောင်းမြို့ကလေးသည်လည်း ဖာပွန်မြို့ကလေး ကဲ့သို့ပင် ဖြစ်သည်။ အိမ်ခြေ ၁၀၀ဝ မကျော်၊ ချောင်း တစ်ချောင်းနှင့် လမ်းတစ်ကြောင်းသာရှိသည်မှာ အတူတူ ပင် ဖြစ်ကြ၏။ သောင်းကျန်းသူအန္တရာယ်ကလည်း အတူတူ လိုပင်။ တစ်ခုပြောစရာရှိသည်မှာ မိုင်းယောင်းက လမုံး ကလေး ဘာလေး ကျ၍ရသဖြင့် အန္တရာယ်ရန်စွယ်များကို ခဏတစ်ဖြုတ် မေ့ထား၍ ရ၏။ ဖာပွန်ကတော့ မရပါ။

အချိန်ကား ၁၉၈၂ ခုနှစ် မိုးရာသီကုန်ဆုံး၍ မိုးအကုန် ဆောင်းအကူးကာလဖြစ်၏။

တစ်နေ့တွင် ဗိုလ်မှူးကြီးရွှေကြူးက ကျွန်တော်နှင့် တပ်ရင်းမှူးအား ခေါ်၍ အောက်ပါအတိုင်း ပြောပါသည်။

"ကဲ ... တပ်ရင်းမှူးနဲ့ စစ်ကြောင်းမှူး၊ မိုးလည်း ...ည်းနည်းပါးသွားပြီ။ ရာသီကလည်း ပွင့်လင်းလာပြီ။ ...ကြာခင် ဒီကို ရိက္ခာယာဉ်တန်းတွေ ကျိုင်းတုံက လာတော့ ...မယ်။ ဒါကြောင့် လမ်းတွေပြင်ရမယ်။ လောလောဆယ် ...ယောင်းနဲ့ မိုင်းဖြတ်ကြားမှာ တံတားတွေကို ဗကပ ...ဖျက်သွားတာ အတော်များတယ်။ အဲဒါ အရင်ပြင်မှ ရမယ်။ ...စစ်ကြောင်း (၂) ကို လွှတ်ပြီး ပြင်ခိုင်းပါ။ မိုင်းယောင်း ...လကက အင်ဂျင်နီယာတွေလည်း ထည့်ပေးလိုက်မယ်။ ...တံတားတွေကများတော့ အချိန်နှစ်ပတ်ပေးမယ်"

"တံတားတွေ အမြန်ပြင်ပြီး ရိက္ခာယာဉ်တန်း ...ချိန်မီတက်နိုင်ဖို့ အရေးကြီးတယ်နော်။ ဒါကြောင့် တပ် ...င်းမှူးကတော့ စစ်ကြောင်းမှူးလေးကို လိုတာတွေ လုပ် ...ပေးလိုက်ပါ။ တပ်လည်း အသေအချာ စုဖွဲ့ပေးလိုက်ပေါ့။ ...င်များစစ်ကြောင်းမှူးကလေးက လုပ်ရဲကိုင်ရဲ ရှိပါတယ်"

ဗျူဟာမှူးကြီးက ကျွန်တော့်အား အနည်းငယ် ...မွမ်းတင်ပြီး စကားကို အဆုံးသတ်လိုက်၏။

အကြောင်းရှိပါသည်။

ကျွန်တော်သည် နာမည်ကျော် မိုင်းယောင်းကို ...ထူးစိတ်ဝင်စားသူဖြစ်၏။ ၁၉၈၀ ခုနှစ် မိုင်းယောင်းကို







www.burmeseclassic.com

www.burmeseclassic.com



ဗကပများ ဝင်တိုက်သွားစဉ်က ဗထူးတိုက်ခိုက်ရေးကျော
တွင် ကျွန်တော် ရှိ၏။ အရှေ့မြောက်တွင် ဗကပများဖြ
နောင်လိုင်၊ ပါဖန်တိုက်ပွဲကြီးအား ဆင်နွှဲထားဖူးသဖြ
ဗကပတို့၏ နည်းဗျူဟာကို သိထား၏။ သူတို့နှင့် နော
တစ်ချီ တစ်ပွဲတစ်လမ်း အကဲစမ်းလို၏။ အသက်ကလည်း
အတော်ငယ်သေးသည့်အပြင် ကိုယ်အလေးချိန်ကလည်း
ပေါင် ၁၀၀ သာသာနှင့် ပေါ့ပေါ့ပါးပါးဖြင့် သွားနိုင်လာ
နိုင်ရှိ၏။ တစ်ဆင့်မြင့်ရာထူးဖြင့် ကိုယ်ရင်ဆိုင်လိုသော
ရန်သူကို ရင်ဆိုင်ရသဖြင့် "ငါလိုလူ ဖမ်းမှာရှိသေးရဲ့လား"
ဟု အထူးတက်ကြွနေရာ မိုင်းယောင်းတစ်ဝိုက် လှုပ်ရှား
မှုများ၌ ကျွန်တော်သည် ဗီဘီကျောင်းဆင်းစ အရာရှိငယ်
လေးတစ်ဦးလို အထူးတက်ကြွဖျတ်လတ်စွာ လှုပ်ရှားခဲ့၏
ရန်သူ့သေနတ်သံကြားလျှင် ချက်ချင်းပြေးထွက်လာပြ
လိုက်၏။ ရန်သူက လက်နက်ငယ်နှင့်ပစ်လျှင် ကျွန်တော်က
စိန်ပြောင်းနှင့် ချက်ချင်းပြန်ပစ်၏။ ရန်သူက ငှက်ပျောဖူး
လောင်ချာ RPG တစ်ချက်ပစ်လျှင် ကျွန်တော်က M-79
လောင်ချာဖြင့် ဆယ်ချက်လောက် ပြန်ပစ်လိုက်၏။ M-
79 လောင်ချာက ငှက်ပျောဖူးလောင်ချာထက် ကျည်





နှုန်း ပိုမြန်၏။

ဤကဲ့သို့ လက်သွက်သောကြောင့် နောင်ဆို ကျွန်
တော်တို့ သနက (၁) စစ်ကြောင်းများကို ဗကပမှ အတော်
သွားပြီး ချောင်းပစ်ရမှာကိုပင် မဝံ့မရဲဖြစ်ကုန်ကြ၏။
ဤသည်ကို ဗိုလ်မှူးကြီးရွှေကြူးက သိထား၏။ ထို့ကြောင့်
အောက်ပါအတိုင်း ပြောဆိုလိုက်ခြင်း ဖြစ်ပါသည်။

❖ ❖ ❖

လမ်းပြင်ရန်ဗျူဟာမှ အမိန့်ရပြီး နောက်နေ့တွင်
မိုင်းယောင်းမှ ထွက်ခဲ့၏။

"လမ်းတွေ၊ တံတားတွေပြန်ပြင်ရမှာဆိုတော့ ဒီမှာ
ယ်မြေကျွမ်းတဲ့ ဗိုလ်ကြီးဌေးလွင်နဲ့ ဗိုလ်ကြီးသန်းဝင်းတို့
ပ်ခွဲတွေကိုပဲ ယူသွားလိုက်ပါ"

ခရီးမထွက်မီ စစ်ကြောင်းကို စုဖွဲ့သည့်အခါ တပ်
ရင်းမှူးကြီးက အထက်ပါအတိုင်း ပြောပါသည်။ ထို့ကြောင့်
ကျွန်တော့်စစ်ကြောင်း (၂) တွင် ဗိုလ်ကြီးသန်းဝင်း၏ ခွဲ
(၄) နှင့် ဗိုလ်ကြီးဌေးလွင် ခွဲ (၃) တို့ ပြန်လည်လိုက်ပါ
လာသည်။ ကျွန်တော်တို့သည် မိုင်းယောင်းနှင့် ငါးမိုင်



www.burmeseclassic.com

www.burmeseclassic.com



ကျော် ခြောက်မိုင်ဝေးသော မုံးလိုက်ရွာကြီးမှ မိုင်းဖြ
အနီး တာမအထိ စစ်ကြောင်းကို ဖြန့်လိုက်သည်။ ကျွ
တော်နှင့် စစ်ကြောင်းရုံးက မိုင်းဟာန်၊ မိုင်းဟော အလယ်
တွင် ထိုင်လိုက်သည်။ တာမဘက်ခြမ်းတွင် လှုပ်ရှား
သွက်လက်သော ဗိုလ်ကြီးသန်းဝင်းကို တာဝန်ပေးလိုက်ပြီး
ဗိုလ်ကြီးဌေးလွင်ကိုကား မုံးလိုက်နှင့် မိုင်းဟာန်၊ မိုင်းဟော
ကြားတွင် နေရာချထားလိုက်သည်။ ထိုနှစ်က ဗကပများ
က တံတား ၂၇ စင်းတိတိ ဖျက်သွား၏။ သစ်သားတံတား
များဖြစ်၍ တံတားများကို မီးရှို့သွားကြခြင်း ဖြစ်သည်။

ကျွန်တော်တို့ ခရီးထွက်သည့်နေ့က ဗျူဟာရုံးသို့
သွားသတင်းပို့ရာတွင် ဗျူဟာမှူး ဗိုလ်မှူးကြီးရွှေကြူးက
အောက်ပါအတိုင်း ထပ်မှာသည်။

"ကဲ . . . စစ်ကြောင်းမှူးလေး ဗကပတွေ မီးရှို့ပြီး
ဖျက်သွားတဲ့တံတားတွေကတော့ အစင်း ၃၀ လောက်
ရှိတယ်။ အဲဒါတွေကို ဆလကနဲ့ ညှိပြီး အမြန်ပြင်ရမယ်
နော်။ တို့က အချိန်လည်းသိပ်မပေးနိုင်ဘူး။ အချိန်နှစ်ပတ်ပဲ
ရမယ်။ အဲဒီတော့ မင်း တစ်ချိန်တည်း တစ်ပြိုင်တည်း
တံတားတွေကို ပြင်ပါ။ တစ်စင်းပြီးမှ တစ်စင်းပြင်တာမျိုး





ပ်နဲ့၊ တပ်တွေကို ရေးယာခွဲပေးလိုက်။ နောက်ပြီးတော့
န်ပြီးအောင် ဒေသထွက် သစ်ဝါးနဲ့ လုပ်ပါ။ သစ်ကြီး
းတွေ ဟိုမှာ ဒီမှာ လှမ်းမမှာနဲ့။ အဲဒီကိစ္စကို ဆလက
င်ဂျင်နီယာတွေလည်း ကိုယ် မှာလိုက်ပါတယ်"

ကျွန်တော်သည် ဗျူဟာမှူးမှာလိုက်သည့်အတိုင်း
တားပေါင်း ၃၀ နီးပါးအား ဒေသထွက် သစ်ဝါးများဖြင့်
မြန်ပြင်စေသည်။ တံတားများ အမြန်ပြီးရေးအတွက်
ငန်းများကို အရာရှိများကိုယ်တိုင် အနီးကပ်ကြီးကြပ်၍
သည်များကိုလည်း ဝိုင်းကူစေ၏။ သစ်ပင်လှဲပေး၏။
ခွဲပေး၏။ သစ်လုံးများ ဖြတ်ပေး၏။ သစ်လုံးများကို
ထဲမှသည် တံတားနေရာအထိ ဝိုင်းကူသယ်ပေး၏။
တားခင်းရာတွင် **Pile** တိုင် ရိုက်ပေး၏။ နောက်ဆုံး
းလမ်းခင်းရာတွင်ပင် လက်သမား လုပ်တတ်သည့်
ဘော်များအား ဝင်ကူစေကာ မြှောင့်သံရိုက်ခြင်း၊ ချုပ်တန်း
ည့်ခြင်းများကို လုပ်စေ၏။ တံတားဆောက်ရန် တာဝန်
ထားသည့် ဆလက အင်ဂျင်နီယာ ဦးသန်းဦးနှင့် ဦးစိုး
င့်တို့က ဝမ်းမြောက်ဝမ်းသာဖြင့် –

"ဒီတံတားတွေကတော့ဗျာ ဆလကတံတား



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်တော့ပါဘူး။ ဗိုလ်မှူးတို့တံတားတွေ ဖြစ်သွားပါပြီ" ဟု ဆိုကြ၏။ ကျွန်တော်က –

"ဒီဒေသက အလုပ်သမားရှားတော့ ကျွန်တော်တို့ပဲ ကူရမှာပါ။ ခင်ဗျားတို့ကို ဝိုင်းကူပေးတော့ ကုသိုလ်လည်းရ ဝမ်းလည်းဝပေါ့။ လုပ်ငန်းလည်း အချိန်မီ ပြီးသွားတာပေါ့"

ဟု ပြန်ပြောရသည်။

တံတားအားလုံးတွင် ၂၉ မိုင် တံတားကြီးက ရှည်၏။ တံတားအောက်မှာက ရေနက်၏။ ဗကပတို့က ထိုတံတားကြီးကို လက်စတုံး မီးရှို့ဖျက်ဆီးခဲ့ရာ တိုင်ငုတ်ပင် မကျန်ပါချေ။ ထို့ကြောင့် တံတားကြီးကို ကျွန်တော်ကိုယ်တိုင် အနီးကပ်ကြပ်မတ်ဆောင်ရွက်ရာ ၅ ရက်မြောက်သည့်နေ့ ရောက်လာ၏။ ၇၅ ရာခိုင်နှုန်းတော့ ပြီးနေပါပြီ။ လက်စသတ်ရန် နောက်တစ်ရက် နှစ်ရက်ကြာပေဦးမည်။

ကိစ္စမပြီးခင် ပြဿနာပေါ်လာ၏။ ရှေ့တန်းတပ်မက သနက (၁) တပ်ရင်းတစ်ရင်းလုံးကို မိုင်းယောင်ပြန့်၏ အနောက်တောင်ဘက်အစပ်ရှိ ထပ်လုံဘုရားကုန်း



...ဘုရားကုန်းပေါ်ရောက် စာရေးသူနှင့် ဗိုလ်ကြီးမျိုးမြင့်(ချင်း - ၃) ၁၉၅၂ - ခုနှစ်
(ယခု ဗိုလ်မှူးမျိုးမြင့် ဇန္နုလပို့ဆောင်ရေးမန္တလေး)

www.burmeseclassic.com



ထပ်လုံ ဘုရားကုန်းပေါ်ရောက် စာရေးသူနှင့် ဗိုလ်ကြီးသန်းဝင်း (၁၉၈၂-ခုနှစ်)
(ယခု ဗိုလ်မှူးချုပ်သန်းဝင်း ကမ္ဘောဒီးယားဆိုင်ရာ မြန်မာစစ်သံမှူးကြီး)



...း တက်တိုက်နိုင်းပါတော့သည်။

ထို့ကြောင့် ဗျူဟာက ကျွန်တော့်စစ်ကြောင်း (၂) ...စ်ခုလုံး ထပ်လုံဘုရားခြေရင်းအနီးရှိ နမ့်မယောင်း ...ချောင်းဘေးမှ ဝမ်ကောင်းသို့ ချီတက်နိုင်း၏။ လုပ်ငန်းများကို ...ဆွေးရပ်နားလိုက်ရပါတော့သည်။ တပ်ရင်းတစ်ရင်းလုံး ...ဆင်ရေးလုပ်မည်ဆိုတော့ ကျွန်တော်တို့တစ်တွေလည်း ...တိုက်ပွဲနေရာသို့ အပြေးချီတက်ရ၏။ သို့ရာတွင် ကျွန် ...တော်တို့ရောက်တော့ မိုးရွာပြီး ညအလွန်မှောင်နေသဖြင့် ...တိုက်ပွဲနေရာသို့ မသွားရတော့ပါ။ ကိုယ့်လူတွေ တိုက်နိုက် ...နေသည်ကို နောက်မှ အုပ်ချုပ်မှုကိစ္စသာ ဆောင်ရွက်ပေး ...ပါတော့သည်။

## ...ခုနိုင်သော ထပ်လုံတိုက်ပွဲ

ကျွန်တော်ငယ်ငယ်က သီချင်းများ နားထောင် ...သည့်အခါ ယိုးဒယားပြန် အမာစိန်၏ သီချင်းတစ်ပုဒ်မှ ...အောက်ပါစာသားလေးကို အတော်သဘောကျမိ၏။ ထို ...စာသားကလေးမှာကား ...

"မောင်-ဗျာ ... မန္တလေးရောက်ရင် အမာစိန်

မြရတနာစာပေ

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



တို့အိမ်ကို ဝင်ခဲ့နော် မောင်။ ဆက်ဆက်ဝင်ခဲ့ပါ မောင်[illegible] ရယ်'' ဟူသတည်း။

ကျွန်တော် ကြီးလာတော့ စစ်သားဖြစ်လာ[illegible] ဗိုလ်ကြီးဘဝတွင် ရှမ်းပြည်နယ်မြောက်ပိုင်း ပြောင်းရသည်[illegible] ထို့နောက် တောင်ပိုင်းသို့ ပြောင်းရပြန်သည်။ ဗိုလ်မှူး[illegible] ဘဝတွင် ရှမ်းပြည်နယ် အရှေ့ပိုင်း ကျိုင်းတုံဒေသသို့ ဝ[illegible] ဆင်ရေးဝင်နေရ၏။ ထိုအခါ ကျိုင်းတုံသူလေးတွေက -

''ပီရေ (ပီရေ = အစ်ကိုရေ) ကျိုင်းတုံမဟာ[illegible] မြတ်မုနိဘုရားကြီးက တစ်ခါဖူးပြီးရင် ခဏ ခဏ ပြန်ဖူး[illegible] တယ်။ နမ့်ခင်ချောင်းကလည်း သူ့ချောင်းရေ တစ်ခါ[illegible] သောက်မိရင် ခဏ ခဏ ပြန်သောက်ရတယ်''

ဟုပြောကြ၏။ ဟိုသစ္စ – ဤစကားသည် မှန်၏[illegible]

ကျွန်တော်သည် ဗိုလ်မှူးဘဝသာမက ဒုဗိုလ်မှူး[illegible] ကြီးဘဝတွင်လည်း ကျိုင်းတုံကို တစ်ခေါက်ပြန်ရောက်၏[illegible] ဗိုလ်မှူးကြီးဘဝနှင့် နယ်ဘက်ပြောင်းပြီးသည့်နောက်တွင်[illegible] လည်း ကျိုင်းတုံကို တစ်ခေါက် ပြန်ရောက်ပြန်သည်။ ထို့ကြောင့် ကျိုင်းတုံသူ လုပျိုဖြူ နောင်ယိမ်းကလေးများ ပြောတာ မှန်နေပါ၏။ ယခုလည်း ကျိုင်းတုံမှ မိုင်းယောင်း[illegible]



[illegible]သည်ဆိုတော့ သူတို့ကလေးများနှင့် တွေ့သော [illegible] -

''ပီရေ မိုင်းယောင်းမှာ ထပ်လုံဘုရားကြီးက [illegible]ဘုရင်တွေ လက်ထက်ကတည်းက တည်ခဲ့တဲ့ [illegible]ကြီး။ သိပ်တန်ခိုးကြီးတာ။ သွားပြီး ဖူးဖြစ်အောင် [illegible]နော် ပီ''

ဟု မှာပါတော့သည်။

ဒေါ်အမာစိန် မှာတာနဲ့တော့ နည်းနည်းကွာ [illegible]သည်။

ကျိုင်းတုံသူ လုပျိုဖြူလေးများ စကားကြောင့် [illegible]န်တော်က ထိုလူသိများ တန်ခိုးကြီးလှသည့် ထပ်လုံ [illegible]ရားကြီးကို ဖူးချင်နေသည်။ သို့ရာတွင် ထပ်လုံဘုရား [illegible]ကြီးမှာ ကော် (၈၁၅) မှ တောင်ကြောတစ်ခုလုံး သိမ်း [illegible]ခင်းတို့တပ်ရင်း ဌာနချုပ် လုပ်ထား၏။ ပွင့်လင်းရာသီ [illegible] နယ်သူနယ်သားများက ဘုရားပွဲလုပ်လိုသည်။ ဗျူဟာ [illegible]ကြီးကလည်း ဘုရားပွဲလုပ်ပေးလိုသည်။ ထို့ကြောင့် [illegible]ပ်လုံကုန်းနောက်ကျောရှိ ရန်သူ့တပ်ရင်း ဌာနချုပ်အား [illegible]တိုက်ပြီး ဘုရားကုန်းကိုသိမ်း၍ ဘုရားပွဲလုပ်ပေးရန်



www.burmeseclassic.com

www.burmeseclassic.com



စီမံပါတော့သည်။ ထိုစီမံချက်အရ ဘုရားကုန်းကို
တော်တို့တပ်ရင်းတစ်ရင်းလုံးနှင့် တိုက်ခိုက်ရှင်းလင်း
ခြင်း ဖြစ်သည်။ တိုက်ပွဲမှာ အရေးကြီးသဖြင့် ထို
ဒုတပ်မမှူးကိုယ်တိုင် ကျိုင်းတုံမှ လိုက်လာ၍
ကွေ့တွင် ၇၆ မီလီမီတာ အမြောက် ၂ လက်ဖြင့် ပစ်
ပေးကာ တိုက်ပွဲကို အနီးကပ်ကြီးကြပ်ခဲ့သည်။

ယရက် နံနက်တွင် လက်နက်ကြီး ပစ်ကူ
ရန်သူ့စခန်းများကို သိမ်းနိုင်၏။ သို့ရာတွင် ပွိုင့်မှ
တိုက်သည့် တပ်ခွဲမှူး ဗိုလ်မှူးစိုးတင့်နှင့် တပ်
ဗိုလ်ကြီးသိန်းနွယ်တို့ ရန်သူ့မိုင်းထိသွား၏။ ''အုမ်း၊ ကို
ဆိုသော မိုင်းသံများကို ထိုနေ့က အတိုင်းသား ကြား
ပါသည်။ ကျွန်တော်နှင့် ခွဲ (၄) က အချိန်မမီတော့သ
နမ့်မယောင်းချောင်းဘေး ဝမ်ကောင်းရွာမှ စောင့်ရသည်
တောင်ပေါ်တွင် မြင်ကွင်းကျဉ်း၍ တပ်ဖြန့်ရန် ခက်သ
တပ်ခွဲ ၄ ခွဲဖြင့် လုံလောက်ပါသည်။ တိုက်စစ်မှာလည်
တစ်ကြောင်းထိုးသာ တိုက်နိုင်၏။ ကျွန်တော်တို့၏
ထန်သော ပစ်အားကြောင့် ရန်သူက ကြာကြာမခုခံနိုင်
အရှေ့ဘက်သို့ ဆုတ်ပြေးသွားသည်။ ကျွန်တော်တို့







အတိုင်း အသေးစိတ် လိုက်လံရှင်းလင်းရာ တိုက်ပွဲ
အရာရှိများ မိုင်းနင်းမိပါတော့သည်။ ထိုဖြစ်စဉ်ကြောင့်
င်းမှူးကြီး အပါအဝင် တိုက်ပွဲဝင်စစ်သည်အားလုံး
ဘော်လေး စိတ်ထိခိုက်သွားကြ၏။

ထိုနေ့က တောင်ပေါ်မှ ပြန်ဆင်းလာကြတော့
မှူးစိုးတင့်က သတိရတစ်ချက် မရတစ်ချက် ဖြစ်နေ၏။
ကြီးသိန်းနွယ်က ခြေထောက်နှစ်ဖက် မရှိတော့။
နှစ်ဦးကို ကြည့်၍ ကျွန်တော့်မှာ ရင်ဆို့သွား၏။

''ဩော် ... ဖြစ်မှဖြစ်ရလေတယ်'' ဟုလည်း
ဘာသက်မိသည်။

ဗိုလ်ကြီးသိန်းနွယ်မှာ မကြာသေးမီက ကျိုင်းတုံတွင်
(၃) စပ်၍ လူကြီးများက အတော်စိတ်ဆိုးကြသည်။
သဖြင့် ဒုတပ်မမှူးက ကောင်းစွာမကျေနပ်။

''မင်း စစ်မြေပြင်မှာ ထူးထူးချွန်ချွန် လုပ်ရင်လုပ်
ပ်နိုင်ရင်တော့ ငါနဲ့အတွေ့ပဲ။ မင်းအမှုက ကျေနပ်
ရာ မရှိဘူး။ ကြပ်ကြပ်သတိထား''

ဟု ဗိုလ်ကြီးသိန်းနွယ်အား သတိပေး ဆုံးမစဉ်က
လိုက်သည်ဆို၏။ သိန်းနွယ်သည် ထိုကဲ့သို့ သတိပေး



www.burmeseclassic.com

www.burmeseclassic.com



ဆုံးမထားခံရသူ ဖြစ်သည်။ ကျွန်တော်တို့စစ်သည်များ
တိုက်ရည်ခိုက်ရည်ရှိသော်လည်း ရံဖန်ရံခါ ယခုကဲ့
အမှုစပ်တတ်သည့်သူများလည်း ရှိသည်။ သိန်းနွယ်
တိုက်ရည်ခိုက်ရည် ရှိ၏။ လုပ်ရဲ ကိုင်ရဲ၏။ လူက
ကြံ့ခိုင်၏။ ရဲတော်ဇိတ်လည်း ရှိ၏။ အပင်ပန်း
ခံနိုင်၏။ သို့ရာတွင် အပျော်လွန်၍ ယခုကဲ့သို့ မကြာ
အမှုစပ်တတ်သူဖြစ်၏။ ကျွန်တော်တို့ထဲတွင် ဤကဲ့
ဖြစ်တတ်သည့်သူများ ရှိတတ်သေးရာ ကျွန်တော်
တပ်ရင်းမှူးဟောင်းကြီးတစ်ဦးမှ အောက်ပါအတိုင်း
ဖူးပါသည်။

"ဟေ့ကောင်ရ ... ဝန်လေးကို ဆင်ဆိုးမှ သ
တာကွ။ ဆင်ကောင်းက သူ့ပုံမှန်အတိုင်း အလုပ်
တယ်။ အချိန်ကျရင် တန်းဖြုတ်ပေးရတယ်။ ပိုနိုင်
မရဘူး။ ကိုင်ရတွယ်ရလည်း လွယ်တယ်။ ဆင်ဆိုး
ကိုင်ရတွယ်ရ ခက်တယ်။ ကပ်တီးကပ်တတ် လုပ်တ
တယ်။ ဒါပေမဲ့ ဝန်လေးကျတော့ သူက သယ်တ
ပိုနိုင်းရင်လည်း လုပ်တယ်။ အေး ... မင်း သူ့ကို
လည်ပြီး ခိုင်းတတ်ဖို့လိုတယ်"





ဟု ဗိုလ်ကြီးသိန်းနွယ်ကဲ့သို့ မကြာခဏ အမှုစပ်
သည့် အရာရှိတစ်ဦးနှင့်ပတ်သက်၍ ပြောခြင်းဖြစ်၏။

ထိုစဉ်က ကျွန်တော်သည် ထိုအရာရှိ၏ တပ်ခွဲမှူး
ဖြစ်၏။ ထိုအရာရှိမှာ ကျွန်တော်၏တပ်စုမှူးဖြစ်၍ ပေကပ်
ကပ်နှင့် ကျွန်တော့်အား မကြာခဏ ဒုက္ခပေးတတ်ပါသည်။
ခိုင်းတာကို မလုပ်၊ မခိုင်းတာကို လုပ်၏။ ရောက်လေရာ
အရပ်တွင် အမှုစပ်၏။ အမိန့်မရဘဲ စွတ်ရွတ်သွားတတ်၍ မကြာ
ခဏ ရန်သူ၏ ချောင်းမြောင်းပစ်ခတ်ခြင်းကို ခံရ၏။
ရွာလူကြီးများက သူ့ဆက်ဆံရေး အဆင်မပြေမှုကို မကြာ
ခဏ လာတိုင်ကြ၏။ ကြာသော် ကျွန်တော်က သည်းမခံ
နိုင်၍ တပ်ရင်းမှူးကြီးအား တင်ပြရာတွင် တပ်ရင်းမှူးကြီးမှ
အထက်ပါအတိုင်း ပြောဆိုခြင်း ဖြစ်ပါသည်။

ထိုစဉ်က ကျွန်တော်သည် ဗိုလ်ကြီးဘဝ အသက်
၃၀ ပင် မပြည့်သေးပါ။ အတော်ငယ်ပါသေးသည်။ ယခု
အချိန်တွင်တော့ ကျွန်တော်သည် တပ်ခွဲမှူး(ဗိုလ်မှူး) ဖြစ်
နေသည်။ ယခု သိန်းနွယ်ကိစ္စကိုတော့ အနီးစပ်ဆုံး မှန်မှန်
ကန်ကန် စဉ်းစားသုံးသပ်နိုင်ပါပြီ။

သူ့အမှုအား ကျွန်တော်ပဲ သက်သေခံ အကျဉ်း



www.burmeseclassic.com

www.burmeseclassic.com



ချုပ်ရေးခဲ့ရသည်။ သူ့ကြောင့် ယာဉ်တန်းဖြင့် တပ်ပြ မလိုက်ရဘဲ ကျိုင်းတုံတွင် သောင်တင်ခဲ့ရ၍ သူ့အား ကလော်တုတ်ခဲ့၏။ ဗိုလ်မှူးစိုးတင့်မှာလည်း သူငယ်ချင်း ဖြစ်ပါသည်။ ငယ်စဉ်ဗိုလ်ပေါက်စလေးဘဝမှာပင် ရင်းနှီးခဲ့ရ ဖြစ်၏။ ယခုတော့ သူတို့နှစ်ဦး ဒဏ်ရာ ရလာ၏။ ကျွန် တော့်ဆီသို့ ညနေဘက်တွင် ရောက်လာကြသည်။ ကျွန် တော်က လက်ဖက်ရည် တိုက်သည်။ သိန်းနွယ်က မသောက်။ ဗိုလ်မှူးစိုးတင့်က တစ်ခွက်သောက်၏။ လက်ဖက်ရည်မသောက်သဖြင့် သိန်းနွယ်အား မိုင်းယောင်း စပါးတစ်ခွက် တိုက်လိုက်သည်။ ရေမရောဘဲ မိုင်းယောင်း စပါးတစ်ခွက် တိုက်လိုက်သည့်အခါ သူ့မျက်နှာက လန်း ဆန်းလာ၏။ မိုင်းထိလူနာများအတွက် ဒုတပ်မမှူး ကိုယ် တိုင် ရဟတ်ယာဉ်ဖြင့် စောင့်နေ၏။ ထိုနေ့က သိန်းနွယ် တို့ကို ညတွင်းချင်းပင် ရဟတ်ယာဉ်ဖြင့် ကျိုင်းတုံသို့ ပို့ပေးသည်။ ရဟတ်ယာဉ်ပေါ်သို့ တက်ခါနီးတွင် ခြေထောက် နှစ်ဖက်မရှိတော့သည့် သိန်းနွယ်က ဒုတပ်မမှူးအား အိပ် ရာပေါ်မှ အလေးပြုရင်း–

“ဒုတပ်မမှူးကြီး ကျွန်တော် တာဝန်ကျေပါပြီ” ဟု အလေးအနက်ပြောဆိုလိုက်ရာ ဒုတပ်မမှူး ကိုယ်တိုင် မဆိုထားဘိ ဘေးမှဝိုင်းကြည့်နေသူအား င် ထိုမြင်ကွင်းကိုကြည့်၍ မျက်ရည်ဝိုင်းသွားကြ၏။

“အေးပါကွာ။ မင်းတာဝန်ကျေပါပြီ”

ဒုတပ်မမှူးက အထက်ပါအတိုင်း လှိုက်လှိုက်လှဲလှဲ ပြောမှ သူ့ထမ်းစင်ကို သိန်းနွယ်က ရဟတ်ယာဉ် တင်စေ၏။ ဤဖြစ်စဉ်နှင့် မြင်ကွင်းမှာ ကျွန်တော်တို့ (၁) အတွက် ယနေ့တိုင်အောင် ပြောမဆုံးသော ရုပ်တစ်ခုပါပေ။

ထပ်လုံတိုက်ပွဲမှာ ဤမျှသာမကပါ။

ပြန်ဆင်းလာသည့် ကျွန်တော်တို့၏တပ်များအား သူပြောက်ကျားများက အဆက်မပြတ် လိုက်လံ တိုက် ပါသည်။ သာမန်လက်နက်ငယ်နှင့်သာမက စိန်ပြောင်း ဖြင့် လိုက်ပစ်၏။ သူတို့ဌာနချုပ်အား ဝင်တိုက်သွား၍ ကျေနပ်ပုံမရ။ တပ်ရင်းမှူးကြီး၏ စစ်ကြောင်း လွတ် တ်ကျွတ်ကျွတ် ပြန်နိုင်ရန်အတွက် ကျွန်တော်က ဝမ် ောင်းတွင် နေပေးရ၏။ ရန်သူကို ဟန့်တားရ၏။ ထိုနေ့ ရန်သူ့လက်နက်ကြီးများ ကျွန်တော်နေသည့် ဝမ်ကောင်း



www.burmeseclassic.com

www.burmeseclassic.com



ရွာကလေးပေါ်သို့ ကျရောက်ပေါက်ကွဲရာ ကျွန်တော်
ချင်း (၃) မှ ဗိုလ်မှူးကျော်ညွန့်တို့ နေသည့်အိမ်မှာ လ
နက်ကြီး တိုက်ရိုက်မှန်၍ ကံကောင်း၍သာ သေကံမရော
သက်မပျောက်ခြင်း ဖြစ်၏။ ထိုဖြစ်စဉ်အား သေကံမရော
သက်မပျောက်စာအုပ်တွင် ဖော်ပြခဲ့ပြီးဖြစ်ပါသည်။

ထိုစဉ်က ထမင်းစားနေစဉ် လက်နက်ကြီးကျ
တပ်ရင်းမှူးမှ စိုးရိမ်တကြီးနှင့် ''ဘယ်လိုနေသေး
စစ်ကြောင်းပြန်လှည့်ခဲ့ရမလား၊ ပြန်လာကူရမလား'' 
ခရီးသွားရင်း (၉၀၆) စက်ဖြင့် လှမ်းမေးသည်။ လက်န
ကြီးက ကျွန်တော်တို့ပေါ် တည့်တည့်ကျနေ၏။ သို့ရာ
ကျွန်တော်က ရန်သူ့ထံတွင် ကြားဖြတ်စက်များရှိသည်
သိထားသဖြင့် ဖြတ်ထိုးဉာဏ်သုံးပြီး ...

''တပ်ရင်းမှူးကြီး ... ခင်ဗျာ စိတ်မပူပါနဲ့။ ပြ
လာစရာမလိုပါဘူး။ သွားသာသွားပါ။ ဒီကောင်‌တွေ
လက်နက်ကြီးက ကျွန်တော်တို့ကို ကျော်ကျော်ပြီး 
နေတယ်။ အလကားကောင်တွေပါ။ ကိစ္စမရှိပါဘူး'' 
(၉၀၆) စက်ဖြင့်ပင် ပြန်ဖြေလိုက်၏။

ထိုအခါ တပ်ရင်းမှူးကြီးက လူနာများနှင့် စိတ်





တ်ချ ဆက်ထွက်သွားသည်။ ရန်သူမှလည်း ကျွန်တော်
ပြောသည်ကို အဟုတ်မှတ်၍ သူတို့၏ လက်နက်ကြီး
Ranging အား လျှော့ပစ်ရာ ကျွန်တော်တို့စစ်ကြောင်း
က်နက်ကြီးဒဏ်မှ လွတ်သွားတော့သည်။ တခဏပွတ္တိ
ဉာဏ်ကြောင့် အသက်ဘေးမှ လက်မတင်ကလေး လွတ်
ခဲ့ပြန်၏။

သို့ရာတွင် တိုက်ပွဲပြီး၍ ထမင်းပြန်စားဖို့ ပန်းကန်
ကိုက်ရှာတော့ ''လား ... လား'' ပြန်တွေ့သည့်
ထမင်းပန်းကန်တွင် လက်နက်ကြီးစ ထိမှန်ထား၏။ ကိုင်နေ
ဆုန်း မှန်သလား၊ အောက်ကျသွားမှ မှန်သလား မသိ။
ပန်းကန်မမှန်ဘဲ လူမှန်လို့ကတော့ ချက်ကောင်းထိလျှင်
ခွဲချင်းပြီးသွားနိုင်၏။ ဗကပလက်နက်ကြီးကြောင့် ကျဆုံး
သွားကြသည့် ကျွန်တော့်နောင်တော်ကြီးများဖြစ်ကြသော
ဗိုလ်မှူးကျင်စံ (သနက-၁) ဗိုလ်မှူးလှမြင့် (ခလရ-၁၃)၊
ဗိုလ်ကြီးနေဝင်း (ကချင်-၄) နှင့် ဒုဗိုလ်မှူးကြီးကြည်ဝင်း
(ခလရ-၅) တို့အား ယနေ့တိုင် မမေ့နိုင်သေးပါ။ ကျွန်
တော်သည်လည်း အလွန်ကံကြီးလှ၍ ထိုအဖြစ်မျိုးမှ လွတ်
သွားရခြင်းဖြစ်၏။ အသေအချာ တွေးကြည့်ပါက ပျော



www.burmeseclassic.com

www.burmeseclassic.com



ချမ်းစရာများပါပေ။

ဤသည်မှာ မေ့မရနိုင်သော ထပ်လုံဘုရားကုန်း တိုက်ပွဲကြီးပင် ဖြစ်ပါ၏။

**မိုင်းယောင်းသို့ ယာဥ်တန်းဝင်ရောက်လာခြင်း**

ထပ်လုံတိုက်ပွဲပြီးတော့ တပ်ရင်းတစ်ရင်းလုံး မိုင်းယောင်း ပြန်နား၏။ ရက်အနည်းငယ် နားပြီးသော် မိုင်းယောင်းနှင့် မိုင်းဖြတ်ကြားသို့ ပြန်လည်ချီတက်ရပြန် ပါသည်။ ယာဥ်တန်းက မဆွဲမဖြစ် ဆွဲရမည်။ အချိန်က လည်း ၁၉၈၂ ခုနှစ်၊ နိုဝင်ဘာလသို့တိုင် ရောက်လာပြီ ဖြစ်၏။ ကျွန်တော်တို့စစ်ကြောင်းနှင့် မိုင်းယောင်း ဆလက အဖွဲ့များသည် တံတားပြင်ခြင်းလုပ်ငန်းများကို အပြီးသတ် ဆောင်ရွက်ကြ၏။ ဗျူဟာမှူး ဗိုလ်မှူးကြီးရွှေကြူးက လုံးဝ မိုင်းမထိရေးအတွက် ကျွန်တော့်အား အာမခံခိုင်းသည်။

ထိုစဥ်က ဗိုလ်မှူးကြီးရွှေကြူး၏ဗျူဟာတွင် ဗျူဟာ G-2 မှာ ဗိုလ်မှူးကျော်ထွန်း၊ G-3 မှာ ဗိုလ်ကြီး မင်းဒင် ဖြစ်၏။ နောင်တွင် ဗိုလ်ကြီးမန်းရွှေဖြစ်လာသည်။ သူတို့ တစ်တွေနှင့် ပျော်ပျော်ပါးပါး နေခဲ့၏။ မကွေးသားချင်း





...တူတူဖြစ်၍ ညှိနှိုင်းဆောင်ရွက်ရသည်မှာ အဆင်ပြေ ...သည်။

လမ်းတံတားများပြင်ပြီးနောက်နေ့တွင် ဗိုလ်မှူး ...ကျော်ထွန်းက . . .

"ယာဥ်တန်းအတွက် လမ်းကြောင်း လုံခြုံရေး ...စီအမံ ဘယ်လိုလုပ်ထားသလဲ"

ဟု မေးလာသည့်အခါ ကျွန်တော်၏အစီအမံကို ...အောက်ပါအတိုင်း တင်ပြလိုက်၏။

"မုန်းလိုက်ကနေ တာမအထိ အနီကြောင်းအတိုင်း ...တပ်တွေဖြန့်ထားတယ်။ အတွင်းစည်း၊ အပြင်စည်း၊ အဝေး ...စည်းဆိုပြီးတော့ လုံခြုံရေးစည်းတွေ သတ်မှတ်ထား ...တယ်။ အတွင်းစည်းဆိုတာကတော့ အနီကြောင်း သက် ...သက်ပါပဲ။ အပြင်စည်းကတော့ အနီကြောင်းနဲ့ လက်နက် ...ငယ်တစ်ကမ်း ဖြစ်ပါတယ်။ အဝေးစည်းကတော့ အနီ ...ကြောင်းနဲ့ ၆၀ မမ စိန်ပြောင်းတစ်ကမ်းစာ သတ်မှတ်ထား ...ပါတယ်။ အနီကြောင်းပေါ်မှာ· တပ်တွေကို ခပ်စိပ်စိပ် ...ချထားပါတယ်။ အပြင်စည်းမှာ ထုတ်နုတ်တပ်စိတ်တွေ ထုတ်ထားတယ်။ အဓိကကတော့ ရန်သူ ဝင်လာနိုင်တဲ့



www.burmeseclassic.com

www.burmeseclassic.com



လမ်းကြောင်းတွေကို ထိန်းဖို့ပဲ။ ကားလမ်းကို နှောင့်ယှက်မဲ့ ရန်သူဝင်လာရင် ကြိုပစ်နိုင်အောင် ဆောင်ရွက်ထားတယ်။ အဲဒီတပ်ရဲ့ရှေ့မှာ လူနင်းမိုင်းကလေးတွေ မြှုပ်ထောင်ထားတယ်။ အဝေးစည်းမှာ ကင်းပုန်းထုတ်တယ်။ ရန်သူဝင်လာမယ်လို့ ဖြစ်နိုင်ချေရှိတဲ့နေရာကို စိန်ပြောင်းနဲ့ ကြိုတင်ပစ်မှတ် မှတ်ပုံတင်ထားတယ်''

''ဒါ့အပြင် အနီကြောင်းပေါ်မှာ မုံးလိုက်ကနေ တာမအထိ နေ့စဉ် ဆန်အိတ်တွေတင်ပြီး လှည်း လေးငါး၊ဆယ်စီး သွားနိုင်းထားတယ်။' ညဆိုရင် တစ်လမ်းလုံး လူတွေရှိနေတယ်လို့ ထင်ရအောင် လမ်းပေါ်မှာ မီးတွေ ဖိုထားတယ်။ ကျွန်တော့်စစ်ကြောင်းကတော့ မိုင်းဟန်၊ မိုင်းပဟာနဲ့ ၂၉ မိုင်တံတား။ အဲဒီနှစ်ခုကို အလှည့်ကျ ရွှေ့ပြောင်းကွပ်ကဲတယ်။ အနီကြောင်းရဲ့ အခြေအနေကို တပ်ခွဲတွေက စက်ပေါ်တိုင်း ထူးခြားဖြစ်စဉ် ရှိ၊မရှိ သတင်း ပို့စနစ် ကျင့်သုံးတယ်။ ဒီကာလအတွင်း အပြင်စည်းမှာ အနီကြောင်းကို ဝင်လာတဲ့ ရန်သူကို ၃ ခါလောက် ပစ်လိုက်ရတယ်။ ပစ်လိုက်တဲ့လူတွေ နည်းနည်းလိုလို့ ရန်သူဆီက အလောင်းလက်နက်တော့ မရလိုက်ဘူး။ ဒါဟာ





တော် လုပ်နေတဲ့ လုံခြုံရေးအစီအမံပါ''

ကျွန်တော်၏ အထက်ပါတင်ပြချက်ကို ဗျူဟာမှူး ကြီး ရွှေကြူးက ကြားနာပြီးသည့်အခါ –

''ကဲ ... ဒါဆိုရင်တော့ စိတ်ချရပြီ။ ကျိုင်းတုံကို တန်းတက်လို့ရပြီဆိုတဲ့အကြောင်း သတင်းပို့လိုက်'' ဆို၏။

ဤကိစ္စကို နောင်အခါတွင် ဗျူဟာမှ အရာရှိများ ပြော၍ သိရခြင်းဖြစ်၏။

## တော် မိုင်လ်မှူးဖြစ်ပြီ

၁၉၈၂ ခုနှစ်၊ နိုဝင်ဘာလ တတိယပတ်တွင် င်းတုံမှ ယာဉ်အစီး ၁၀၀ ကျော်ပါသော ကားတန်း တက်လာ၏။ ရိက္ခာများ၊ ခဲယမ်းများ၊ ဆေးရုံသုံး ည်းများ၊ ကုန်သွယ်ရေးပစ္စည်းများ၊ အင်အားဖြည့် သည်များ၊ လစာပေးအဖွဲ့များ၊ အရပ်သားဝန်ထမ်းများ၊ ကြုံလိုက်သူများဖြင့် ကားတန်းကြီးမှာ ပြည့်ကျပ် သည်နေ၏။ စစ်ကားများသာမက RTC ကားပြာများလည်း ထိုနေ့က ကျွန်တော်သည် မိုင်းဟန်၊ မိုင်းပဟာ



www.burmeseclassic.com

www.burmeseclassic.com



ကြားတွင် အခြေပြုနေသည်။ ထိုကားအစီး ၁၀၀ ကျော်အ… ဦးဆောင်လာသူမှာ တခြားသူ မဟုတ်ပါ။ ကျွန်တော်… ကျိုင်းတုံရောက်ခါစက လေဆိပ်တွင် စတင်တွေ့ဆုံခဲ့… သည့် ချင်း (၃) ဒု-တပ်ရင်းမှူး ဗိုလ်မှူးဝင်းလှိုင်ဖြစ်… တစ်နှစ်ကျော်ခန့်အကြာမှ သူနှင့် ဒုတိယအကြိမ် ပြန်… ခြင်းဖြစ်သည်။

ထိုနေ့တွင် မိုင်းယောင်း တပ်ရင်းဌာနချုပ်… ကျွန်တော့်ထံ ကြေးနန်းဝင်လာသည်။ ထိုကြေးနန်းမှာ ၁၉… ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်နေ့တွင် ကျွန်တော်… အား **Officiating Major** ဘဝမှ **Major** အဆင့်သို့ တိုး… ပေးလိုက်ကြောင်း ဖြစ်ပါ၏။ **Major** တော့ ဖြစ်ပါပြီ။ … ကြီးမျက်မည်းထဲရောက်နေ၍ တပ်စရာ မေဂျာအပွင့်လည်း… မရှိပါ။ အမှန်အတိုင်း ပြောရပါက ထိုကိစ္စအတွက် ကြို… တင်စဉ်းစားထားမိခြင်းလည်း မရှိပါ။ ကျွန်တော်သည်… ဗိုလ်ကြီးအဆင့် **Operation** ဘားအမည်းသုံးပွင့်အား… ဖြုတ်၍ သိမ်းထားလိုက်ပါသည်။ ထိုနေ့ ညနေက ဗိုလ်မှူး… ဝင်းလှိုင်နှင့် ကျွန်တော်တို့ ဆုံဖြစ်ကြရာတွင် သူက တွေ့… တွေ့ချင်း …

"ဟ … ဟော့ … မင်း ဗိုလ်မှူးဖြစ်ပြီလား"

သူက ပခုံးတွင် ဗိုလ်ကြီးအဆင့်တံဆိပ် တပ်… …သော ကျွန်တော့်အား ကြည့်၍မေးရာ -

"ဟုတ်ကဲ့ … ကနေ့မနက်ပဲ ဗိုလ်မှူးဖြစ်ကြောင်း …သိရတယ်ခင်ဗျ"

"ဒါဆို အပွင့်တပ်လေကွာ"

"တပ်စရာမရှိဘူးခင်ဗျာ"

"ဟေ … ဟုတ်လား။ ဒါဆိုရင် ငါ တပ်ပေး…ကွာ"

ဗိုလ်မှူးဝင်းလှိုင်က ပြောပြောဆိုဆိုဖြင့် သူ့ပခုံးမှ …မှူးအဆင့်တံဆိပ် **Operation** ဘားအမည်းအား ဖြုတ်… ကျွန်တော့်ပခုံးကို ပြောင်းတပ်ပေးသည်။ ထို့နောက်

"**Congratulation** ကိုယ့်ညီ"

ဟုဆိုကာ လက်ဆွဲနှုတ်ဆက် ထွက်ခွာသွားပါ…သည်။ ကျွန်တော့်အတွက် မမေ့နိုင်သောကိစ္စများတွင် …ကိစ္စလေးတစ်ခုလည်း ပါပါ၏။

ထိုနေ့က ကားတန်းဆုံးခါနီးတွင် နောက်ထပ် …သားဖြူဖြူနှင့် ဗိုလ်မှူးတစ်ယောက်ကားရပ်၍ ဆင်း…



www.burmeseclassic.com

www.burmeseclassic.com



လာပြန်သည်။ ကျွန်တော့်အား တွေ့၏။

သူက တွေ့လျှင်တွေ့ချင်း "ကိုသက်ဦးလား"
မေးသည်။ ပုပုခွေးခွေး ဗိုလ်မှူးကလေး ကျွန်တော်ကလည်း
"ဟုတ်ကဲ့ခင်ဗျ" ဟု ဖြေလိုက်၏။

"ကိုယ်က ကိုယ့်ညီတို့တပ်ကို အခုရောက်လာ
ဒု–တပ်ရင်းမှူးပါ။ ကိုယ့်နာမည်က စံသိန်းပါ"

"ဟုတ်ကဲ့။ ဒု–တပ်ရင်းမှူးခင်ဗျာ။ ကျွန်တော
နာမည်ကြားဖူးတာ ကြာပါပြီ။ အခုမှပဲ ဒု–တပ်ရင်း
ကို မြင်ဖူးတော့တယ်"

"အေးကွာ ... ကိုယ်လည်း ပြောင်းမိန့်ထွ
ထားတာ ကြာပါပြီ။ ဟိုတပ်မှာ ကိစ္စဝိစ္စလေးတွေ မပြ
သေးတာနဲ့ မလာနိုင်တာပါ။ အခုလည်း မကွေး ရော
ရောက်ချင်း တပ်မှာ တစ်ရက် နှစ်ရက်နေပြီး ချက်ချ
ထွက်ခဲ့တာပဲ"

"ဟုတ်ကဲ့ ခင်ဗျာ။ ဒု–တပ်ရင်းမှူးကြီး ရော
လာတာ ကျွန်တော်တို့အတွက် တအားပါပဲ။ ပြီးခဲ့
ထပ်လုံတိုက်ပွဲတုန်းက ကျွန်တော်တို့ဆီက ဗိုလ်မှူးစိုး
ဒဏ်ရာရသွားလို့ ဆေးရုံပို့လိုက်ရတယ်။ လူကြီးတ



က် လျော့သွားတာပေါ့။ ကျွန်တော်လည်း တပ်ထွက်
တတည်းက ဒု–တပ်ရင်းမှူး မရောက်သေးလို့ ဒု–
ပ်ရင်းမှူးနေရာ ဝင်ပြီး စစ်ကြောင်းမှူးလုပ်နေရတာ။
ဒု–တပ်ရင်းမှူး ရောက်လာပြီဆိုတော့ အဆင်ပြေသွား
ပေါ့"

"အေးပေါ့ကွာ။ ကိုယ်လည်း လုပ်ဖို့ကိုင်ဖို့ အဆင်
င့်ပါပဲ။ တို့စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် လုပ်ကြ
ပေါ့"

ဟု ပဋိသန္ဓာရစကားများ ပြောပါသည်။ ဗိုလ်မှူး
သိန်းကား အသားဖြူဖြူ အရပ်ခပ်ပြတ်ပြတ်ဖြင့် အပြော
ဟောကောင်းသူ ဖြစ်သည်။ အင်္ဂလိပ်စာလည်း တော်၏။
ပြင် ဗုဒ္ဓကျမ်းစာများကိုလည်း စဉ်ဆက်မပြတ် လေ့လာ
သူဖြစ်ကြောင်း နောင်တွင် သိရပါသည်။ သူနှင့် ကျွန်
တော် စကားပြောကောင်းနေစဉ် ကားများက ကုန်
လောက်ဖြစ်သွား၏။ ထိုအခါကျမှ –

"ဟ ... မေ့နေလို့ပျော့။ ကိုယ့်ညီ **Major**
ဖြစ်ပြီနော်"

"ဟုတ်ကဲ့ခင်ဗျ။ ကနေ့မနက်ပဲ ဖြစ်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အေး … မောင်ရင့်အမျိုးသမီးက ကိုယ်နဲ့ ဘာ… အပွင့်နှစ်စုံ အကြိုထည့်ပေးလိုက်တယ်ဗျာ။ အဝါ တစ်… အနက်တစ်စုံ။ နို့ … နေစမ်းပါဦး။ ဒီအနက်က ဘယ်… ကရထားတာလဲ"

"ခုနကပဲ ချင်း (၃)၊ ဒုတပ်ရင်းမှူး ဗိုလ်မှူးဝင်းလှိုင်… သူ့ပခုံးကဟာ ဖြုတ်ပြီး တပ်ပေးသွားတာပါ ခင်ဗျာ"

"ဩော် … ကိုဝင်းလှိုင်က တပ်သွားပေးတာကိုး… အေးကွာ … မင်းအမျိုးသမီး ပေးလိုက်တာလေးတော့… အမှတ်တရဖြစ်အောင် သိမ်းထားပေါ့"

ဗိုလ်မှူးစံသိန်းက ဘားဘူးလေးအား ကျွန်တော်… လက်ထဲ ထည့်ပေးပါသည်။

ကျွန်တော်က ဇနီးသည် မေ ပေးလိုက်သော… ဘားဘူးကလေးကို အသာအယာယူလိုက်၏။ မေနှင့်… အိမ်ထောင်ကျတာ ဆယ့်သုံးလေးနှစ် ရှိပြီ။ ဒီလိုကိစ္စမျိုး… ဆို မေက အလွန်အလိုက်သိတတ်၏။ ဒါကြောင့်လည်း… သူမကို ချစ်နေရပါသည်။ အိမ်က ထွက်လာခဲ့သည်မှာ … လ ရှိပါပြီ။ ကနေ့မှ ထူးထူးခြားခြား မိသားစုကို သတိ… မိ၏။ "မေနဲ့သားသမီးလေးများ ကျန်းမာရွှင်လန်းကြပါ……" ဟု ဆုတောင်းမေတ္တာပို့လိုက်၏။

ထိုအချိန်တွင် နောက်ဆုံးကားက ကျွန်တော့် …မှ မိုင်းယောင်းသို့ ဆက်ထွက်သွားပါသည်။ ရှေ့ဆုံး …များ မိုင်းယောင်းသို့ ရောက်ကြောင်း ဆက်သွယ် …က်များမှ သတင်းပို့သံများ ကြားနေရသည်။ ကျိုင်းတုံ–…ယောင်း အတက်ယာဉ်တန်းကတော့ ဘေးမသီ ရန် …ဘဲ လွတ်လွတ်ကျွတ်ကျွတ် ပြီးမြောက်သွားပြီဟု ဆိုရ …တော့မည်။ ကျွန်တော်လည်း ဗိုလ်မှူးဖြစ်ပါပြီ။

သို့ရာတွင် နာမည်ကျော်မိုင်းယောင်းက ဒီလောက် …တော့ မပြီးသေးပါ။ ဆက်ရန် အများကြီး ကျန်ပါ …သေးသည်။ လာပါလိမ့်မည်။ ပြောမည်ဆိုက ပြောစရာ …က များလှချေ၏။ ပြောမဆုံးပေါင် တော သုံးထောင်ပါ …များ။

**…ယောင်းမြို့၏ ဆောင်းရက်များ**

ငွေနှင်းတို့ ဝိုင်းပါလေသော ဆောင်းကာလသို့ …င် ကျရောက်လာပြီ။ ကျိုင်းတုံ၊ မိုင်းယောင်း ယာဉ်တန်း …များက ဘေးမသီ ရန်မခဘဲ အဆက်မပြတ် တက်ဆင်း



www.burmeseclassic.com

www.burmeseclassic.com



နေကြ၏။ နိုဝင်ဘာလကုန်ခါနီးမှ စခဲ့သည်မှာ ယခုအ ဒီဇင်ဘာပင် ကုန်သွားပြီဖြစ်၏။

အချိန်ကား ၁၉၈၂ ခုနှစ် ကုန်၍ ၁၉၈၃ ခုနှ ဆန်းစ ဇန်နဝါရီ ပထမပတ်။

"ယာဉ်တန်းများ ခေတ္တ ရပ်နားမည်။ မှူးသက် နှင့် စက (၂) တစ်ခုလုံး ယခု ကျိုင်းတုံအပြန် ယာဉ်တ ဖြတ်ကျော်သွားက မိုင်းယောင်းသို့ ပြန်လည်ဝင်ရော ရန်"

စစ်ကြောင်း (၁) ဌာနချုပ်မှ အထက်ပါကြေးနန်း ရောက်လာ၏။

"ကဲ ... ကိုသန်းဝင်းနဲ့ ကိုဌေးလွင်ကို လှမ်း ခေါ်လိုက်။ ဒီတစ်ခေါက် ယာဉ်တန်း ကျိုင်းတုံ ပြန်သွား ရင် တို့စစ်ကြောင်း မိုင်းယောင်း ပြန်ဝင်ရမယ်"

ကျွန်တော်က စစ်ကြောင်းဌာနချုပ်ရှိ တာဝန် ရှိသူများကို ပြောရသည်။

တစ်လကျော် လမ်းကြောင်း လုံခြုံရေးလုပ်နေရပြီး နေ့စဉ် ဘာများဖြစ်မလဲ ဘာများဖြစ်မလဲဟု တထိတ် ထိတ်နှင့် နေနေရသည်မှ အနားရမည်ဆိုတော့ ကောင်း





စိတ်ရော လူရော အပန်းဖြေအနားယူပြီး နောက် ခါ လုပ်စရာရှိတာ လုပ်ပါမည်။ အခုကတော့ နားလို သေးသည်။ မနား၍လည်း မရပါ။ ယာဉ်တန်းကြီးတစ်ခု တစ်လကျော်ကျော် ဘေးမသီရန်မခအောင် ကြံရ ရ လုပ်ရကိုင်ရသည်မှာ မလွယ်ပါ။ လူတွေအားလုံး **Tension** တွေများပြီး ခြေကုန်လက်ပန်းကျ၍ **Break down** ဖြစ်နေကြပါပြီ။ ရန်သူကို နေ့ည အလစ်မပေးဘဲ စောင့်နိုင်၍သာ ယာဉ်တန်းများ ယခုကဲ့သို့အနှောင့်အယှက် ကင်း၍ အဆင်ပြေချောမောနေခြင်း ဖြစ်ပါ၏။

ဤကဲ့သို့ အဆင်ပြေနေခြင်းနှင့် ပတ်သက်၍ ဗျူ ဟာမှူး ဗိုလ်မှူးကြီးရွှေကြူးက အောက်ပါအတိုင်းပြော၏။

"ဦးကိုလေးရေ အရင်ယာဉ်တန်းတွေတုန်းက ခဏခဏ ကားမိုင်းကွဲတယ်။ မကွဲဘူးဆို အနည်းဆုံး လေးလုံးပဲ။ ဒီတစ်ခေါက်ကတော့ ခင်ဗျားအရာရှိတွေက စေ့စေ့စပ်စပ်နဲ့ ကြိုးစားကြလို့ တစ်စီးမှ မထိတာ။ သိပ် ကျေနပ်တယ်။ ခင်ဗျားတို့ မတိုင်ခင်က ဒုတပ်ရင်းမှူး တစ်ယောက် ဦးစီးတဲ့ ကျိုင်းတုံအပြန် ယာဉ်တန်း ဝမ်ဖ တ်တားမှာ မိုင်းထိသွားတာ။ ၆၀ မီလီမီတာ စိန်ပြောင်း



www.burmeseclassic.com

www.burmeseclassic.com



တွေတောင် ပျောက်ရကုန်တယ်။ အခု ခင်ဗျားဆီက Running Escort လိုက်နေတဲ့ သူရခင်မောင်လတ်က ဂျူနီယာကပ္ပတိန်လေးပဲ။ လမ်းလုံခြုံရေးလုပ်ပေးနေတဲ့ စစ်ကြောင်းမှူးလေးကလည်း ဟိုတစ်နေ့ကမှ မေဂျာဖြစ်တာ။ ဒါပေမဲ့ ဒီအရာရှိလေးတွေ အကွက်စေ့စေ့ ကြိုးစားတယ်။ ဘာပဲပြောပြော ကျုပ်ကတော့ ကျုပ်နယ်မြေထဲမှာ ဘာမှမဖြစ်တာ ဂုဏ်ယူတယ်ဗျာ”

အထက်လူကြီးများက ချီးကျူးတော့လည်း ကျေနပ်နေကြပါသည်။ ကျွန်တော်တို့ ၈ထက်ထမ်းပိုး ကြိုးစားရပါမည်။

မိုင်းယောင်းပြန်ရောက်တော့ လွတ်လပ်ရေးနေ့ ပျော်ပွဲရွှင်ပွဲများက ကျွန်တော်တို့အား ဆီးကြိုနေကြသည်။ မိုင်းယောင်းမြို့လယ် ဘောလုံးကွင်းထဲတွင် နေ့စဉ် ရိုးရာလမုံးပွဲများ၊ လက်ဝှေ့ပွဲများနှင့် ဘောလုံးပွဲများ ပါဆောင်တို့ ခေါ် အံ့ဂလုံဝိုင်းများဖြင့် စည်ကားနေ၏။

ညနေ နေဝင်ရီတရောမှစ၍ ဘောလုံးကွင်းပတ်လည်တွင် မိုင်းယောင်းသူ ပျိုဖြူချောကလေးများက ဖယောင်းတိုင်ကလေးများ ထွန်း၍ အဖျော်ယမကာနှင့် အဆွယ်သောက်ဖွယ်များ ရောင်းချနေကြ၏။ ကျွန်တော်တို့တစ်တွေကလည်း ထိုဆောင်လောက် (ဆောင်=အပျို၊ လောက်=အရက်) ခေါ် အပျိုရောင်းသည့် အဖျော်ယမကာဆိုင်များသို့ တိုးဝှေ့ကာ ရသေ့စိတ်ဖြေ သွားရောက်ကြသောက်ကြ၏။ ယဉ်ကျေးသော အမူအရာ၊ ချိုသာသောအသံ၊ နှစ်လိုဖွယ်အပြုံးနှင့် ဖြူစင်ဝင်းသန့်သော အသားမလှလေးများ၏ ဆွဲဆောင်မှုအားကောင်းလှသောကြောင့် ကျွန်တော်တို့သည် ညစဉ်ညတိုင်း ပွဲခင်းသို့ သွားသည်။ ထိုဆိုင်ကလေးများတွင် ထိုင်ကြသည်။

“ပီအိုက်၊ အားပေးနော်”

“အို ... အားပေးရမှာပေါ့ဗျာ။ အားပေးမလို့လာတာပဲ” ဟု ဆိုကာ စားကြသောက်ကြ၏။ ပါလာသည့် ငွေယားကလေးကုန်သွားမှသာ ထိုဆောင်လောက်မှ ပြန်ဖြစ်ကြသည်။

အခြားသူများ မဆိုထားဘိ ကျွန်တော် ဗိုလ်မှူးကလေး မောင်သက်ဦးပင်လျှင် အသက်အာမခံ နှစ်စေ့၍ ပြန်ထုတ်ထားသည့် ငွေကလေး ငါးထောင်မှာ မိုင်းယောင်းတွင် သွားဟယ်၊ လာဟယ်၊ စားဟယ်၊ သောက်ဟယ်နဲ့



www.burmeseclassic.com

www.burmeseclassic.com



တက်တက်စင်အောင် ပြောင်သွားပါတော့သည်။ ထိုငွေငါးထောင်မှာ ဗိုလ်ဖြစ်၍ ကော်မရှင် ရသည့်နေ့မှစပြီး တစ်လ နှစ်ဆယ့်ရှစ်ကျပ် စုလာသည့်ငွေဖြစ်၏။ ထိုစဉ်က ရွှေတစ်ကျပ်သား သုံးရာကျပ် ဖြစ်ပြီး ယိုးဒယားဘတ်ကြိုးတစ်ကုံးမှ နှစ်ရာ့ရှစ်ဆယ်ကျပ်သာ ဖြစ်ပါသည်။ ဆယ့်ငါးနှစ်ကျော် ဆယ့်ခြောက်နှစ် စုလိုက်မှ ငွေငါးထောင်ရရာ ငွေပြန်ထုတ်ရချိန်တွင် ထိုငွေဖြင့် ဝယ်မည်ဆိုက ဆွဲကြိုးနှစ်ကုံး သို့မဟုတ် ပန်းကမ္ဘာစက်ဘီး နှစ်စီးသာ ဝယ်နိုင်ပါတော့သည်။

ဇနီးသည်မေက ထိုအသက်အာမခံငွေကို ရှေ့တန်းသို့ လစာပေးအဖွဲ့နှင့် ထည့်ပေးရင်း –

"ကိုရေ ... ကို့ရွှေးနဲ့စာ အသက်အာမခံ ရထားတဲ့ ငွေကလေး ငါးထောင် ထည့်ပေးလိုက်တယ်။ ကလေးတွေအတွက် စက်ဘီးဝယ်ခဲ့ပေါ့ ကိုရယ်။ ကို့သမီးတွေက ပန်းကမ္ဘာစက်ဘီးတဲ့။ ပိုတာလေးတော့ အိမ်အတွက် ကောင်းမယ်ထင်တာလေးတွေ ဝယ်ခဲ့နော်"

ဟု စာရေးမှာရှာသည်။

အမျိုးကောင်းသားကျွန်တော်က ထိုငွေအားလုံးကို





ရှေ့တန်းတွင် တစ်ပြားမကျန် အကုန်သုံးလိုက်သည်။ သုံးတုန်းကတော့ ပျော်ပျော်ပါးပါးပါပဲ။ တပ်ပြန်ဆင်းခါကျမှ ...

"အင်း ... မေပို့လိုက်တဲ့ငွေလည်း တက်တက်ပြောင်သွားပြီ။ အခုမှ ဒုက္ခပဲ။ မှာလိုက်တဲ့ပစ္စည်းတွေ ဘယ်လိုဝယ်ရပါ့"

ဟု စိတ်ပူမိပါတော့သည်။ လုပ်တုန်းကတော့ ပျော်ပြီး ဘာအခုမှ ကြောက်ပါပြီလဲဟု ပြောရမလားမသိပါ။

သို့ရာတွင် တကယ်တမ်း တပ်ပြန်ဆင်းချိန်တွင် ထိုပြဿနာသည် ကံကောင်းစွာဖြင့် အလိုလို ပြေလည်သွား၏။ ပြေလည်သွားပုံကို ထပ်မံဖော်ပြပါမည်ခင်ဗျား။

❖ ❖ ❖

မိုင်းယောင်းမြို့သို့ ပြန်ရောက်လျှင် ရောက်ချင်း ကျွန်တော်သည် စစ်ကြောင်း (၂) မှူး တာဝန်အား ဒုတပ်ရင်းမှူး ဗိုလ်မှူး စံသိန်းသို့ လွှဲပြောင်းပေးရသည်။

"ကဲ ... ဗိုလ်မှူးသက်ဦးရေ ခင်ဗျား ယူထားတဲ့စစ်ကြောင်း (၂) မှူးတာဝန်ကို ဒုတပ်ရင်းမှူး လွှဲလိုက်ပြီ။



www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျားကတော့ ခွဲ (၁) ကိုပဲ ပြန်ကိုင်ပေါ့ဗျာ''

တပ်ရင်းမှူးက မိုင်းယောင်း ရောက်ရောက်ချင်း ကျွန်တော့်အား ခေါ်ပြော၏။ စစ်ကြောင်းမှူးတာဝန်မှ လွတ်မြောက်သွား၍ ကျွန်တော်သည် မိုင်းယောင်း ဆောင်းကာလများတွင် တပ်ခွဲမှူးတာဝန်ကို ပြန်လည် ထမ်းဆောင်ရင်း လမုန်းကလိုက်၊ ဆောင်လောက်သို့ သွားလိုက်၊ မြို့လယ်က နမ့်မယောင်းချောင်းသို့ သွား ရေချိုးလိုက်၊ ဘောလုံးပွဲများတွင် ဝင်၍ ဘောလုံးကစား လိုက်ဖြင့် မိုင်းယောင်းဆောင်း၏ နေ့ရက်များကို ကုန် လွန်စေခဲ့ပါ၏။ ဗိုလ်မှူးဖြစ်ခါစမို့ မေ ပေးလိုက်သည့် ရွှေရောင်ဗိုလ်မှူးအပွင့်လေးကိုလည်း လုံးဝမဖြုတ်ဘဲ တောထဲတောင်ထဲသွားလျှင်ပင် တပ်နေခဲ့ရာ တပည့်များ ကပင် -

''ဗိုလ်မှူးရယ် ... တောထဲမှာတော့ **Operation Bar** အမည်းပဲတပ်ပါ''

ဟု ဆိုလာသည်အထိပင်ဖြစ်၏။

နှင်းငွေ့လွှမ်းခြုံသိုင်းသော ကမ္ဘောဇတိုင်း၏ မိုင်းယောင်းဆောင်းကိုတော့ ဤကဲ့သို့ပင် စားစားသွားသွား





နေနေနှင့် ကုန်မည်ထင်မိ၏။ သို့ရာတွင် ထိုသို့ တော်ပါခင်ဗျား။

**ခင်မမေ့စရာ ဟောင်ကွေ့မှာ**

မိုင်းယောင်းမှ ကျိုင်းတုံ၊ မိုင်းဖြတ်ဘက်သို့အထွက် ွင် ဟောင်ကွေ့ဆိုသည့် ရွာကလေးရှိ၏။ ဟောင်ကွေ့၏ ဟယ်မှာ ဟောင်ဆိုသည်က မွှေးသည်၊ ကွေ့ဆိုသည်က ကပျောသီး (ဝါ) ငှက်ပျောသီးမွှေးများ ထွက်သော ရွာ ကလေးပါတည်း။

ထိုရွာကလေးက ငှက်ပျောသီးမွှေးများ ကောင်းစွာ ထွက်,မထွက်တော့ သိပ်ပြီး ကျွန်တော် မသိပါ။ ကျွန်တော် ရောက်သည့်အချိန်တွင်တော့ ငှက်ပျောသီးများ များများ စား ထွက်တာ မတွေ့ရပါ။ ထွက်သည့် ငှက်ပျောသီး များက တုတ်တုတ်ခိုင်ခိုင် ထွားထွားကျိုင်းကျိုင်းနှင့် စား တော့ ကောင်းပါသည်။ သေချာတာ တစ်ခုကတော့ ရွာတွင် ဖြူဖြူဖွေးဖွေး အပျိုချောကလေးများ အတော် ပါသည်ဆိုသည့်အချက်ပင် ဖြစ်ပါ၏။

ထိုအပျိုချောပေါသော ဟောင်ကွေ့တွင် ကျွန်



www.burmeseclassic.com

www.burmeseclassic.com



တော့်အတွက် နောင်မမေ့စရာကိစ္စလေးတစ်ခုဖြစ်ခဲ့ပါသည် ဖြစ်ပုံကတော့ ဒီလိုပါခင်ဗျား။

❖ ❖ ❖

၁၉၈၃ ခုနှစ်၊ ဇန်နဝါရီလကုန်စဖြစ်၏။

ကျွန်တော်သည် လေးစုစစ်ကြောင်းနှင့် မိုင်းယော အရှေ့ဘက် ဝမ်းဘိုးနှင့် ဝမ်မန်းဘက် ရောက်နေ၏။ ခ (၃) မှ တပ်ရင်းမှူးနှင့် တပ်ခွဲတစ်ခွဲသည်လည်း အတူ နေပါသည်။ မိုင်းယောင်းရှိ စစ်ကြောင်း (၁) ဌာနချုပ် ကြေးနန်းဝင်လာသည်။

"ဟောင်ကွေ့ရှိ ခွဲ (၃) နောက်ချန်အဖွဲ့အား ရန် အင်အား ၁၀၀ ခန့်မှ ဝင်ရောက်တိုက်ခိုက်သွား၊ ဤ က ရလျှင်ရချင်း မိုင်းယောင်းပြန့်အား ဖြတ်ရှင်း၍ ဟောင်ကွေ့ သို့ ဝင်ရောက်ရန်"

ကျွန်တော်သည် ထိုကြေးနန်းရလျှင်ရချင်း ဟောင် ကွေ့သို့ အပြင်းချီတက်ခဲ့၏။ ညနေတွင် ဟောင်ကွေ့သို့ ရောက်သွားပါသည်။ ခွဲ (၅) မှူး ဗိုလ်ကြီးဖော်ဌေးနှင့် ခွဲ (၃) မှူး ဗိုလ်ကြီးဌေးလွင်တို့ စောင့်နေကြသည်။

မြရတနာစာပေ

"အစ်ကိုကြီးရေ ကျွန်တော် ပါဟုတ်ဘက်သွားနေ ...န်း ခွေးမသား ဗကပတွေက အလစ်မှာ လာလုပ်သွား ...ဗျာ"

ဗိုလ်ကြီးဌေးလွင်က ခရီးရောက်မဆိုက် စပြော၏။ ...ကြီးဖော်ဌေးနှင့် ခွဲ (၅) ကတော့ စစ်ကြောင်း (၁) ... အင်အားဖြည့်ရန် လွှတ်လိုက်ခြင်းဖြစ်ပါသည်။

"ဘာပါသွားသေးလဲ"

"တစ်ယောက်ကျပြီး နောက်ချန်ကျောပိုးအိတ်တွေ ...သွားတယ်။ သေနတ်တော့ ပါမသွားပါဘူး"

"ဆရာလှစိန်တို့၊ ဆရာလှဝင်းတို့၊ ရွှေတင့်တို့၊ ...တင့်မောင်တို့ လေးငါးယောက်က ဘုရားကုန်းပေါ်က ...ပြီး ဂျီဖိုး နှစ်လက်နဲ့ အမ်-၇၉တွေနဲ့ အတင်းခံချလို့ ...ကောင်တွေ ဆုတ်သွားတာ။ ကျွန်တော်တို့ သတင်းကို ...မြဲယူနေပုံရတယ်"

"ဟုတ်မှာပေါ့။ ၈၁၅ မှာ ဒီရွာတွေက လူတွေ ...တယ် ပြောတယ်။ ရွာလယ်ခေါင်က အီးမေကြီးရဲ့ သား ...လည်း ၈၁၅ မှာ လူကြီးလို့ ပြောတာပဲ"

"သူ့သားတော့ မသိဘူး။ သူ့သမီး အီဆော့...

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



တော့ ဒီရွာမှာ အပျံစား နာမည်ကြီးပဲ''

ဗိုလ်စိုးလွင်က ဝင်ပြောသည်။

''ဘယ်လိုလဲကွ။ အီဆော့ ... ဟုတ်လား''

''ဟုတ်ပါတယ် ဗိုလ်မှူး။ နောက်တော့တွေ့မှာပါ ဗိုလ်မှူးအတွက် အခု အဲဒီအိမ်မှာပဲ နေရာချထားပေး တယ်''

''ဟေ ... ဟုတ်လား။ ဖြစ်ပါ့မလား''

''ဖြစ်ပါတယ် ဗိုလ်မှူးရဲ့။ ချင်း (၃) အဖွဲ့တွေလည်း ဟောင်ကွေ့ရောက်ရင် ဒီအိမ်မှာပဲ တည်းကြတာပါပဲ။ အခ အကျင်းလည်း ကောင်းတယ်။ သတင်းပုလင်းလည်း ရ တယ်။ ပြီးတော့''

ခွဲ (၅) မှ ဗိုလ်စိုးလွင်က စကားကို ဖြတ်လိုက် ဆက်မပြောတော့။ အရာရှိများက တစ်ယောက်မျက်နှာ တစ်ယောက်ပြုံးဖြဲဖြဲနှင့် ကြည့်နေကြ၏။ ကျွန်တော်လည်း မအူမလည်ဖြစ်၍ သူတို့နေရာချသည့်အိမ်တွင်ပင် ထိုည အခြေပြုလိုက်ပါသည်။ ရန်သူ မချဉ်းကပ်နိုင်ရန် တပ်ခွဲ နှစ်ခွဲအား ဟောင်ကွေ့တစ်ဝိုက်တွင် ဖြန့်ကျက်ချထား လိုက်၏။





နောက်တစ်နေ့ မိုးလင်းချိန်တွင်တော့ အိမ်ရှင် မေကြီးနှင့် သူ့သမီး မအီဆော့တို့အား တွေ့ရပါတော့ ။ အီးမေကြီးမှာ အသက် ငါးဆယ်ခန့်ဖြစ်၍ မအီ မှာ နှစ်ဆယ့်ငါးနှစ်ခန့် ဖြစ်၏။ အီးမေကြီးက ခပ်ဝဝနှင့် ပြော အလွန်ကောင်း၏။ လယ်လုပ်သည်။ အရောင်း ယ်လုပ်သည်။ နမ့်ယာ ခေါ် မိုင်းယောင်း စပါးအရက် ည်း ရောင်းသည်။ ဆားရောင်းသည်။ နို့ဆီရောင်းသည်။ ကြားရောင်းသည်။ ပြီးတော့ ဝယ်သည်။ ဒီလို အကုန် င်းသည်၊ ဝယ်သည်ဆိုတော့ ကျွန်တော်တို့ မိတ်ဆွေ င်များ။

''ဗိုလ်မှူး ကောင်းကောင်းနားပါ။ ပျော်ပျော်ပါးပါး ပါ။ မိုင်းယောင်းတပ်ကလည်း ဒီမှာတည်းတာပါပဲ။ အီဆော့ကလည်း ကတတ်ပါတယ်။ က,ချင်လည်း ပါ''

အိမ်ရှင် အီးမေကြီးက သူ့သမီးချောအီဆော့အား င်း ပြော၏။ သူ့သမီး မအီဆော့က အရပ်ခပ်မြင့်မြင့်၊ ယ်လုံးသွယ်သွယ်၊ **Oval Shape** မျက်နှာကလေးနှင့် လုံးမျက်ခုံးက ခပ်ကောင်းကောင်းမို့ ယခုခေတ်မော်ဒယ်



www.burmeseclassic.com

မိန်းကလေးများနှယ် ဖြစ်၏။ မျက်နှာကတော့ သူ
မိန်းကလေးတွေ ထုံးစံအတိုင်း ခပ်ပြုံးပြုံးကလေးပင်။
တော့ နာမည်ကလည်း အီဆော့တဲ့။ ဘယ်လိုဆော့သ
တော့ မသိ။

ပေါင်ကွေ့ရောက်ခါစ တစ်ရက်၊ နှစ်ရက်က
စစ်ရေးကိစ္စများကြောင့် မအီဆော့တို့နှင့် လမုန်း မက
ပါ။ ကလည်း မကနိုင်သေးပါ။ ကိုယ့်စစ်ရေးစစ်ရာ
အရေးကြီးနေပါသည်။ ပေါင်ကွေ့တွင် တပ်များ
ထားရှိခြင်းကလည်း နောက်ထပ် ယာဉ်တန်းတက်လာ
အဆင်သင့်ဖြစ်ရန်အတွက်သာမက ခွဲ (၃) ကို လာတို
သွားသည့်ကိစ္စအတွက် **Show of force** ရန်သူအား
အားပြခြင်းလည်း ဖြစ်ပါ၏။

"ဗိုလ်မှူး ... လမုံး ကကြမယ်လေ။ ပျော်
ပါးပါးပေါ့"

ပေါင်ကွေ့ရောက်ပြီး သုံးရက်မြောက်တွင်
ရှင် အီးမေ၏ အဆွယ်ကောင်းသဖြင့် ကျွန်တော်တို့
ကရန် သဘောတူလိုက်၏။ ထုံးစံအတိုင်း အိမ်အ
ထပ်တွင် အောက်လင်းဓာတ်မီးထွန်းကာ ကကြ၏။





ဘော်နှင့် တပ်ခွဲမှူးနှစ်ဦးသာမက တပ်စုမှူး ဗိုလ်စိုးလွင်၊
လ်မြသက်၊ ဗိုလ်ထွန်းလှအောင်၊ ဗိုလ်စောထွန်း စသူတို့
ကြ၏။ မင်းသမီးများအားလုံးထဲတွင် အီဆော့က အသက်
ကြီးဆုံးဖြစ်၏။ ကျန်မင်းသမီးကလေးများမှာ ဆယ့်
ခြောက်နှစ်၊ ဆယ့်ခုနစ်နှစ်အရွယ်သာသာ ဖြစ်ကြ၏။

ကျွန်တော်က လူကြီးဆိုတော့ မအီဆော့နှင့် မကြာ
တွဲကရသည်။ မအီဆော့၏ ထူးခြားချက်မှာ ရဲရဲ
င်းတင်း ပြောရဲ၊ ဆိုရဲ၊ ထိရဲ၊ ကိုင်ရဲခြင်းပင် ဖြစ်၏။
တော်ရဲတင်းလှသဖြင့် မေးကြည့်ရာ မအီဆော့က အပျို
ဟုတ်။ မနှစ်က အိမ်ထောင်ကျပြီး ယောက်ျားဆုံးသွား
သည့် တစ်ခုလပ်မလေးဖြစ်၏။ ထို့ကြောင့် အပြုနပ်ကာ
တောင်းနေသလား မသိပါ။ လမုံးဝိုင်းက အရှိန်ရလာသည့်
ခါ ပွဲက ကြမ်းလာ၏။ ဆိုင်းဝိုင်းကလည်း ပိုမြန်လာ၏။

ထိုအချိန်တွင်ပင် "အုန်းခနဲ ... အုန်းခနဲ"
ည်၍ လက်နက်ကြီးနှစ်လုံးသည် ကျွန်တော်တို့ လမုံး
နေသည့် အီးမေ၏ အိမ်ရှေ့ကွက်လပ်ကြီးသို့ ကျရောက်
ပေါက်ကွဲပါတော့သည်။

"ဟိုက် ... ပစ်ပြီဟေ့။ မီးငြိမ်းဟ ..."



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



မီးငြိမ်းဟ''

ကျွန်တော်က ပြောပြောဆိုဆို အောက်လင်းဓာတ်မီးကို လေလျှော့၍ ငြိမ်းလိုက်၏။ ထို့နောက် အိမ်ပေါ်မှ အိမ်အောက်သို့ ခုန်ဆင်းလိုက်သည်။

''နေရာယူ ... နေရာယူ''

တပ်ခွဲများက အော်သံများထွက်လာသည်။ မီးမှောင်သွားသော်လည်း ရန်သူက Ranging လုပ်ထားသည် ထင်၏။ နောက်ထပ် ''အုန်းခနဲ၊ အုန်းခနဲ'' လေးငါးခြောက်ချက် ထပ်ပစ်လိုက်၏။ ရန်သူ့လက်နက်ကြီးများသည် ချောင်းအရှေ့ဘက်ကမ်းမှ လာနေခြင်းဖြစ်သည်။ ထို့ကြောင့် လက်နက်ကြီးတပ်ခွဲမှ ဗိုလ်ကြီးဖော်ဒွေးအား ၈၁ မီလီမီတာ စိန်ပြောင်းဖြင့် ရန်သူ့လက်နက်ကြီးလာရာသို့ ပြန်ပစ်စေ၏။ သူပစ် ကိုယ်ပစ်ဖြင့် တဂျိမ်း ဂျိမ်း၊ တဝွမ်းဝွမ်း ဆူညံနေသည်။ မိုင်းယောင်းရှိ တပ်ရင်းဌာနချုပ်နှင့် ဗျူဟာမှ ''ဘာဖြစ်တာလဲ'' ဟု လှမ်း မေး၏။

''ရန်သူက အကြီးနဲ့လာပစ်နေလို့ ပြန်ပစ်နေတာ''

ဟု ဖြေလိုက်ရာ –

''အခြေအနေ ဘယ်လိုလဲ''





ဟု အခြေအနေကို မေးပါသည်။ မိမိအထိအခိုက်မရှိကြောင်း၊ ရန်သူခေါင်းမဖော်နိုင်အောင် အကြီးဖြင့် ဖိပစ်နေကြောင်း ပြန်ပြောရာ ဗျူဟာမှ ရန်သူ့နေရာ ခန့်မှန်းချက်ညွှန်း တောင်းပါသည်။

ထိုအခါ ကျွန်တော်က မီးရောင် ''လက်ခနဲ၊ လက်ခနဲ'' ထွက်နေသည့် ဝမ်ကောင်းသို့သွားရာလမ်းဘက်ရှိ တောအုပ်နေရာသို့ ''မပညာ'' ပေးလိုက်၏။ ထိုအခါ မိုင်းယောင်းဗျူဟာမှ ထိုနေရာသို့ ၇၆ မီလီမီတာ အမြောက်ဖြင့် ချက်တိတိ လှမ်းပစ်ပါတော့သည်။ ထိုအခါကျမှ သေနတ်သံများ တိတ်သွားသည်။ အချိန်ကလည်း ညသန်းခေါင်ကျော်ပြီ။ ဗိုလ်ကြီးဖော်ဒွေးနှင့် ဗိုလ်ကြီးဒွေးလွင်တို့က ကျွန်တော့်အား လာခေါ်သည်။

''ကဲ ... အစ်ကိုကြီး အိပ်ကြစို့။ အစ်ကိုကြီး နေရာက သိပ်ပြီးတော့ မလုံခြုံဘူး။ Prominent ဖြစ်လွန်းတယ်။ မသင့်တော်ဘူး။ ကိုဖော်ဒွေးဘက်က ချောင်ကျလုံခြုံတယ်။ အဲဒီဘက် ရွှေ့အိပ်ရအောင်''

''ဟာ ... မအိပ်ပါဘူးကွာ။ ရွာက ကြောက်နေသယ် ထင်နေပါဦးမယ်။ ဒီမှာပဲ အိပ်မယ်''



www.burmeseclassic.com

www.burmeseclassic.com



"အသက်ဉာဏ်စောင့် အစ်ကိုကြီး"

"သိပ်ပြီးတော့ သူရဲကောင်း လုပ်မနေနဲ့"

တပ်ခွဲမှူး နှစ်ယောက် အတင်းခေါ်သဖြင့် ကျွ တော်လည်း ကန့်လန့်ကန့်လန့်နှင့် ပါသွား၏။ ဗိုလ်ကြီး ဖော်ဒွေး၏ တပ်ခွဲရုံး အိမ်အောက်က မြေတိုက်ခန်း လုံခြုံစိတ်ချရသည်။ စောင်၊ ခြင်ထောင်၊ အိပ်ရာ ကလည်း ပြည့်စုံလှသည်။ ထို့ကြောင့် သူတို့နှစ်ယောက် အိပ်လိုက်သည်။ အခန်းမှာ နွေးထွေးလှသဖြင့် ခ အကြာတွင် မေးခန အိပ်ပျော်သွားသည်။ ပြီးတော့ ဖျတ် နိုးလာသည်။ လက်နှိပ်ဓာတ်မီးကို အသာထိုး၍ နာရီ ကြည့်လိုက်ရာ —

"အလိုလို ... နံနက်လေးနာရီတောင် ထိုး ပကောလား"

ကျွန်တော်သည် တပ်ခွဲမှူးနှစ်ဦးနှင့် အိပ်နေရာ အသာထလိုက်၏။ ထို့နောက် ကိုက် သုံးရာခန့်ဝေးသ ကျွန်တော့်စစ်ကြောင်းရုံးရှိရာ မအီဆော့တို့အိမ်သို့ ပြန် ခဲ့ပါသည်။ ခွဲရုံး ကင်းသမားရဲဘော်ကို လိုက်ပို့ခိုင်း ထို့နောက် မအီဆော့တို့အိမ်အပေါ်ထပ်သို့ တိတ်တဆိ





တက်၍ ကျွန်တော့်အိပ်ရာဟောင်းတွင် အသာပြန်အိပ်လိုက် သည်။ ခေါင်းချလိုက်သည်နှင့် ပြန်အိပ်ပျော်သွားသည်။ ခင်စင်လင်းမှ နိုးပါတော့သည်။ ထိုအချိန်တွင် မနက် ခြောက်နာရီ၊ ခုနစ်နာရီခန့် ရှိပါပြီ။ ကျွန်တော် အိပ်ရာထ၊ ဘားတိုက်၊ မျက်နှာသစ်နေ တာမြင်တော့ ရွာသူရွာသား များက တအံ့တဩနှင့် ကြည့်ကြ၏။

"အာလား ... ဒီဗိုလ်မှူးလုံက တော်တော်သတ္တိ ကောင်းတာပဲ။ အိမ်ရှေ့က ကွက်လပ်ထဲမှာ တဝုန်းဝုန်း အလုံးကြီးကျတာတောင် ဆက်အိပ်ရဲသေးတယ်နော်"

အထက်ပါအတိုင်း ချီးကျူးထောပနာ ပြုကြပါ သည်။ ကျွန်တော်က ကိုယ့်အကြောင်းကိုယ်သာသိမို့ ရယ်ချင် စိတ်ကို မနည်းမျိုသိပ်ထားရ၏။ လူကြီးဆိုတာ တစ်ခါ တစ်ခါတော့လည်း ဒီလိုလှည့်ကွက်ကလေး သုံးရသည့်အခါ မျိုးလည်း ရှိတတ်ပါသည် ခင်ဗျား။

ဤအဖြစ်အပျက်ကား မိုင်းယောင်းတွင် နေခဲ့ရ သည့်ကာလများ၌ ဟောင်ကွေ့မှာ နောင်မမေ့စရာဟု ကျွန်တော့်စစ်ကြောင်းတွင် ပါဝင်ခဲ့သူများက မကြာခဏ ပြောကြဆိုကြသည့် အဖြစ်အပျက်ကလေးပါပင်တည်း။



www.burmeseclassic.com

www.burmeseclassic.com



မရေးဖြစ်ခဲ့သော ဓာတ်လမ်းတစ်ပုဒ်

ကျွန်တော်သည် ဗိုလ်မှူး ဖြစ်သည့်အချိန်တွင် အသက် ၃၆ နှစ်ခန့်သာရှိ၏။ လူကလည်း ခပ်သေးသေး မို့ ရှိသည့်အသက်ထက် ပို၍ ငယ်ရွယ်သည် ထင်ရ ထို့အပြင် အတီးအမှုတ် အကအခုန်များကိုလည်း ဝါသနာ ပါ၏။ ထို့ကြောင့် အရာရှိကြီးများနှင့် မပေါင်းဖြစ်၊ အရာ ငယ်များနှင့်သာ ပေါင်းဖြစ်သည်။ ဗျူဟာမှ ဗိုလ်ကြ သန်းထိုက် (B.E)၊ ဗိုလ်ကြီးလှမြင့် (ဆေးမှူး) စသည်တို့နှ အတွဲများ၏။ သူတို့က လူပျိုများဖြစ်၏။ ရည်းစားထား ၏။ လမုံး ကကြ၏။ ကျွန်တော်ကလည်း သူတို့နှင့်တွဲ လမုံး က၏။ ကိုယ်က အိမ်ထောင်သည်မို့ ရည်းစားတော့ မထားဖြစ်ပါ။

သို့ရာတွင် မိုင်းယောင်း၏ နှင်းတွေဝေသော ဇန်နဝါရီ၏ ဆောင်းညတစ်ညတွင် မရေးဖြစ်ခဲ့သည့် ဓာတ် လမ်းတစ်ပုဒ်ကို စမိပါတော့သည်။

"ဗိုလ်မှူး ဒီနေ့ပွဲရှိတယ်။ ကျွန်တော်တို့ ပွဲခင်းဘက် လျှောက်ကြရအောင်"

ဆရာရွှေအေးနှင့် ဆရာစမ်းတင့်မောင်တို့က လာ





ခေါ်၏။ သူတို့က ယူနီဖောင်းဝတ်ပြီး ကာဘိုင်ကိုယ်စီ လွယ် ထား၏။ ကျွန်တော်ကမူ အရပ်ဝတ်နှင့်ဖြစ်၏။ ဂျင်းအကျႌ အပြာနှင့် ရှမ်းဘောင်းဘီဝတ်ထားပြီး သူတို့ခေါ်ရာသို့ လိုက်သွားသည်။ ပွဲခင်းမှာ ကျွန်တော့်တပ်ခွဲ အခြေပြု ထားသည့် ချောင်း၏တစ်ဖက်ကမ်း ဘောလုံးကွင်းထဲမှာ ဖြစ်သည်။ မိုင်းယောင်းသူ၊ မိုင်းယောင်းသားများက ပွဲဈေးတန်းထဲတွင် တိုးဝှေ့နေကြ၏။ အံဝလုံးထိုးသူက ထိုး၊ မုန့်စားသူက စား၊ ဈေးရောင်းသူက ရောင်း၊ လမုံးပွဲများ နှင့် ဝင်ကသူက ကနှင့် ကြက်ပျံမကျ စည်ကားလှ၏။

"ဟေ့ ... ရွှေအေးနှင့် စမ်းတင့်မောင်တို့ ငါ ထမင်း မစားရသေးဘူးကွ"

"ရှမ်းခေါက်ဆွဲတစ်ပွဲလောက် ဝင်စားလိုက်ရင် ကောင်းမယ်ထင်တယ်"

ကျွန်တော့်စကားဆုံးသည်နှင့် ကျွန်တော်တို့သုံး ယောက်သည် ခပ်လှမ်းလှမ်းမှ ရှမ်းခေါက်ဆွဲဆိုင်တစ်ခုသို့ ဦးခနဲ ဝင်လိုက်၏။

"အွန့် ... အင့်"

"အလိုလို ... ကန်တော့ ဆရာ ... ကန်



www.burmeseclassic.com

www.burmeseclassic.com



တော့''

ဆိုင်ထဲသို့ ရှေ့က ဝင်လိုက်သည့် ကျွန်တော်နှင့် ဆိုင်မှ ထထွက်လာသည့် မိန်းမပျိုကလေးတို့ ရုတ်တရက် တိုက်လိုက်မိ၏။ သူမက ရှက်ရွံ့အားနာစွာ ကျွန်တော့်ကို တောင်းပန်လိုက်သည်။ သူမနှင့်အတူ တိုင်းရင်းသူအမျိုးသမီးကြီး နှစ်ဦးလည်း ပါလာသည်။ အဝတ်အစားများက သိပ်တောက်တောက်ပြောင်ပြောင်တော့ မဟုတ်။ သို့ရာတွင် အလွန်ရှည်လျားသော ဆံပင်၊ အချိုးအဆစ်ကျနလှသော ကိုယ်လုံး၊ မြန်မာဆန်ဆန် မျက်လုံးများဖြင့် အသားက ခပ်လတ်လတ်မို့ ကျွန်တော့်စိတ်ထဲတွင် မြန်မာမလေးလေလားဟုပင် ထင်မိပါသည်။

''ဟော့ ... နည်းနည်းညိုတယ်ကွ''

''အဲဒါ တောင်ပေါ်ရှမ်းတွေလေ ဗိုလ်မှူးရဲ့''

''ဟေ ... ဟုတ်လား။ ကောင်မလေးတော့ ငါ့ကို ဝင်တိုက်ပြီး ကမူးရှူးထိုး ရှက်ကိုးရှက်ကန်းနဲ့ ထွက်သွားပြီ''

''သူ့ ရှက်တာလေးက ချစ်စရာလေးနော် ဗိုလ်မှူး''

''အေး ... မင်းတို့လူပျိုတွေပဲ ချစ်ကြပါကွာ ငါ့တော့ မချစ်နိုင်းပါနဲ့''

မြရတနာစာပေ



ထို့နောက် ကျွန်တော်တို့ သုံးယောက်သည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ တဝါးဝါးဖြင့် ရယ်မောလိုက်မိကြပါသည် ခင်ဗျား။

❖ ❖ ❖

ကိစ္စက ဒီလောက်နဲ့ မပြီးပါ။ နောက်တစ်ရက် နှစ်ရက်အကြာတွင် နမ့်ယောင်းချောင်းသို့ ရေသွားချိုး၏။ အကူရဲဘော်တင်အောင် အပါအဝင် တပည့်သုံးယောက်ပါ ပါလာသည်။ ကျွန်တော်တို့ ရေချိုးဆိပ်အရောက် ပွဲခင်းတွင်တွေ့ခဲ့သည့် မိန်းကလေးနှင့် ရေချိုးဆိပ်တွင် ဆုံသည်။ ကျွန်တော်တို့က အဆင်း၊ သူတို့က အတက်·အမျိုးသမီးကြီးတစ်ဦး ပါပါသည်။

''ဟာ ... ဗိုလ်မှူး ဟိုနေ့ညက ကောင်မလေး''

''အသာနေစမ်းပါကွာ''

ကျွန်တော်ကသာ ''အသာနေစမ်းပါ'' ဟု ဆိုသော်လည်း ဤကိစ္စတွင် အလွန်ခြေသွက်လက်သွက် နှုတ်သွက်သော တင်အောင်နှင့် စမ်းတင့်မောင်တို့က စကားသွားပြောကြ၏။ ပြုံးလိုက် ရယ်လိုက်နှင့် ဘာတွေ သွား

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ပြောကြမှန်းမသိ။ ကလေးမလေးက နှုတ်ဆက် ပြန်သွားသည်။ ပြန်လာတော့ ရဲဘော်တင်အောင်က –

"ဗိုလ်မှူး ... သူတို့အိမ်က ဒီနားတင်ပဲ။ ညနေထမင်းလာစားပါတဲ့။ ကျွန်တော်တို့ သွားစားရအောင်"

"မင်းတို့ဟာမင်းတို့ သွားစားကြပါ။ ငါ့ကို ပြဿနာမရှာပါနဲ့"

ပြဿနာမရှာပါနဲ့ဆိုသော်လည်း ထိုနေ့က တပည့်များ အတင်းခေါ်သဖြင့် လိုက်သွားမိပါသည်။

"အလိုလို ... ဆရာပါ ပါလာတာကိုး။ ထိုင်ပါဆရာရယ်"

ကလေးမလေးက ဆို၏။ တောင်ပေါ်တွင် တွေ့ရတတ်သည့် တိုင်းလွယ်ခေါ် တောင်ပေါ်ရှမ်းများ၏သက်ကယ်မိုး၊ ထရံကာအိမ်ကလေးသာ ဖြစ်၏။ ဆင်းရဲနွမ်းပါးကြ၏။ ကျွန်တော်တို့ကို ထမင်းခေါ်ကျွေးတော့ပစ္စည်းပစ္စယ ကောင်းကောင်းလည်း ဘာမှမရှိ။

"သူ့နာမည်က နန်းပန်တဲ့။ ဒီအဘွားကြီးကသူ့အဒေါ်၊ သူတို့က ကျိုင်းတုံဘက်က။ ဇာတိက ကဖအရှေ့ဘက် ဝမ်ခမ်းကြီးဘက်က။ ဗကပတွေ ဝင်လာတော့





ကျိုင်းတုံဘက် ပြေးလာကြပြီး အရောင်းအဝယ် လုပ်ကြတယ်။ ဟိုမှာ လယ်တွေ ယာတွေ ပစ်ခဲ့ရတာပေါ့။ အခုကျွန်တော်တို့ယာဉ်တန်းတွေနဲ့ လိုက်ပြီး မိုင်းယောင်းမှာဈေးလာရောင်းတာတဲ့"

ဘယ်သူကမှ မမေးရဘဲ ရဲဘော်တင်အောင်ကလျှောက်ပြောနေသည်။ ထိုအခါ တပ်ကြပ်ရွှေအေးက–

"မင်းက သူပုန်သတင်းတော့ မထောက်လှမ်းဘူး။ မိန်းမကျတော့ တတ်တယ်" ဟု ဆိုပါတော့သည်။

ကျွန်တော်တို့တစ်တွေ ရယ်မောကြရပြန်ပါသည်။ ဓလေ့အတိုင်း ချက်ထားသည့် တောင်ပေါ် ထမင်းဟင်းများစားပြီး ကျွန်တော်တို့ ပြန်လာခဲ့ကြ၏။ အတော်ချို့တဲ့မှန်းသိ၍ ကျွန်တော်က အပြန်လမ်းတွင်–

"ကဲ ... ဆရာရွှေအေးနဲ့ တင်အောင်ရေ တော်တော်ချို့တဲ့ပုံရပါတယ်ကွာ။ ဟို့ ဒီမှာနေတုန်းတော့ ရိက္ခာသေးဘာလေး ထောက်ပံ့ပေါ့ကွာ။ အဘွားကြီးကလည်းခြောက်ဆယ်ကျော်၊ ခုနစ်ဆယ်နီးပါး။ တော်တော်အိုနေပြီ။ ဆိုးမဆိုတော့ ဘာမှလဲ မလုပ်နိုင်ဘူး ထင်ပါရဲ့ကွာ"

ကျွန်တော်၏ မှာကြားမှုကြောင့် ဆန်၊ ဆီ၊ ဆား၊



www.burmeseclassic.com

www.burmeseclassic.com



နို့ဆီ၊ သကြား မကြာခဏ ထိုအိမ်လေးသို့ ပို့ဖြစ်၏။ နှစ်ဌ
ကျော် သုံးလအတွင်း ပိုရင်းနှီးသွားကြ၏။ မိန်းကလေ
ကလည်း ကျွန်တော့်ကို ဘာမှန်းမသိ။ တွေ့တိုင်း "ဆရာ
ဟုသာ ခေါ်ပါသည်။ ရွာတွင် သေဆုံးသွားသည့် သူမ
တစ်ဦးတည်းသော အစ်ကိုနှင့်လည်း အတော်တူသည်
ပြောသည်။ ကျွန်တော်က အညာသား အသားခပ်ညိုညို
ဆိုတော့ တူရင် တူပါလိမ့်မည်။

ကျွန်တော်တို့၏ တပ်မတော်ဖွဲ့စည်းပုံနှင့် ရာထူ
အဆင့်အတန်းများကို သူမ နားမလည်သဖြင့် သူမ ဆ
ဟု ခေါ်သည်ကို ကျွန်တော်ကလည်း ဘာမှမပြောမိ။ သ
လည်းရင်းနှီးရန် မသင့်တော်ဟု ယူဆသဖြင့် ထိုအ
ကလေးရောက်တိုင်း ဝေဝေဆာဆာ စကားလည်း မပြေ
ဖြစ်ခဲ့။ တပည့်ကျော်များကမူ ဘာတွေပြောထားကြမ
မသိ။ ဤသို့ဖြင့် မတ်လသို့ပင် တိုင်ခဲ့ပြီ။ တပ်ပြန်မဆင
မတ်လအတွင်း တစ်ရက်၌ ဝမ်ကျင်း၊ ဆန်တောက်ဘက်
ရိကွာပို့ရင်း ပါဟုတ်နှင့် ဟောင်ကွေ့ကြားတွင် ကျွန်တေ
၏တပ်ခွဲနှင့် ဗကပများ တိုက်ပွဲ ဖြစ်သည်။

ထိုနေ့က ကျွန်တော်သည် တပည့်များ တားထ





သည့်ကြားမှ ရှေ့ရောင်အပွင့် တပ်၍ သွားလိုက်မိ၏။
သို့ကြောင့်များ တိုက်ပွဲဖြစ်လား မသိ။ တိုက်ပွဲပြီးချိန်တွင်
ိုင်းယောင်းမှ မိုင်းဖြတ်သွားမည့် ခရီးသည်များကို ဟောင်
ကွေ့တွင် သွားတွေ့၏။ ကျွန်တော်တို့တပ်က တားထား
သည်ဆို၏။ လူအုပ်မှာ ၅၀ ခန့်ရှိသည်။ ယာဉ်တန်း
စောင့်နိုင်၍ မိုင်းဖြတ်အထိ ခြေလျင်သွားကာ မိုင်းဖြတ်
ရောက်မှ တာချီလိတ်မှလာသည့် ကားများကို စောင့်စီး
ကြမည်ဟု ပြောကြသည်။

"ဗိုလ်မှူး ... သူတို့အုပ်စုက ခရီးဆက်ထွက်ဖို့
ခွင့်တောင်းနေတယ်"

တပ်ခွဲရုံးမှ တပ်ခွဲတပ်ကြပ်ကြီး သိန်းအောင်မှ
လာသတင်းပို့သည်။ ကျွန်တော်က ထိုအချိန်တွင် (၉၀၆)
ကတ်တစ်လုံးဖြင့် တိုက်ပွဲအခြေအနေကို ရတ သနက (၁)
နှင့် ဗျူဟာသို့ တင်ပြရင်း အလုပ်ရှုပ်နေချိန်ဖြစ်၏။

"နေပါဦးဗျာ။ အပေါ်သတင်းပို့ပြီးမှ လွှတ်ကြတာ
ပေါ့။ ရှေ့မှာ ဘာဖြစ်နေမှန်းမှ မသိဘဲ၊ တားခိုင်းတာလည်း
ဗျူဟာက တားခိုင်းထားတာ မဟုတ်လား"

ခွင့်ပြုချက်ရသည့်အခါ ထိုလူအုပ်ကို သွားခွင့်ပြု



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပါသည်။

"မသွားခင်တော့ သူတို့နဲ့ သွားတွေ့လိုက်မယ်"

ထိုလူအုပ်ကို ကျွန်တော် သွားတွေ့လိုက်သည်။

"အလို ... လို"

သူတို့ထဲတွင် မနန်းပန်ကို တွေ့ရသည်။ ကလေး မလေးက ကျွန်တော့်ကို တွေ့သည့်အခါ အလွန်အံ့ဩ သွား၏။

"ဘယ်လိုလဲ မနန်းပန်။ ကားတန်းမစောင့်ဘဲ ပြန်တော့မှာလား"

"ဩ" (ဩ=ဟုတ်ကဲ့)

ဩတစ်လုံးတည်းသာ မပွင့်တပွင့် ဆို၏။ ကျွန် တော်က သွားခွင့်ပြုလိုက်သော်လည်း သူမက ကျွန်တော့် ကို စကားပြောချင်ပုံရ၏။ ခပ်တွေတွေလေး ရပ်နေသည်။ လူအုပ်ကြီးက ထွက်သွားသော်လည်း သူမ၏အဖေ မိန်းမပျိုလေးနှစ်ယောက်နှင့် ကျန်နေ၏။ ကျွန်တော်က အလိုက်သိစွာ ပြုး၍ –

"မနန်းပန် သွားတော့လေ။ ကျိုင်းတုံရောက်မှ တွေ့ကြတာပေါ့"





အထက်ပါအတိုင်း ပြောလိုက်ရာ သူမက –

"ဗိုလ်မှူး ... မကောင်းဘူး။ ကျွန်မကို လိမ် ..."

ဟု တိုးတိတ်ညင်သာစွာ ပြောပြီး ထွက်ခွာသွားပါ ...သည်။

ကျွန်တော်တို့တပ် ကျိုင်းတုံပြန်ဆင်းတော့ ကား ...က်၍ မိုးစင်စင်လင်းမှ ရောက်သည်။ ကျိုင်းတုံတွင် ...န်အား မကွေးသို့ ပြန်တော့မည့်အကြောင်း အပြေး ...သွား၍ နှုတ်ဆက်လိုက်ရပါသေးသည်။ ဒါ့ထက်ပိုပြီး ...သာဖြစ်ရန်လည်း မသင့်တော်၍ ဒီဇာတ်ကို ဒီတွင် ...ိုက်ရပါသည်ခင်ဗျား။

❖ ❖ ❖

၁၉၈၃ ခုနှစ် မတ်လလယ်တွင် မိုင်းယောင်းမှ ...သည်ထွက်ခွာခဲ့ကြသည်။ မထွက်ခွာမီ ကျွန်တော်တို့ ...ရင်းတစ်ရင်းလုံး ထိုးဖောက်စစ်ဆင်ရေး နှစ်ခါလုပ်ခဲ့ ...သေး၏။ နှစ်ခါလုံး အထိအခိုက် အရှုံးအနာ ရှိခဲ့ပါ ...။ တပ်မက ဝမ်ကျင်း၊ ဆန်တောက်အား တိုက်ခိုက်



www.burmeseclassic.com

www.burmeseclassic.com



သိမ်းပိုက်သဖြင့် ဟောင်ကောင်၊ ပါဟုတ်မှနေပြီး ဝမ်
ဆန်တောက်သို့ ရိက္ခာ လိုက်ပို့ရပါသေးသည်။ ထို
ငယ်များ အကြိမ်ကြိမ်ဖြစ်ပွားခဲ့၏။ ဤသို့ဖြင့် မိုင်းယော
ဒေသတွင် ပစ်ခတ်တိုက်ခိုက်သွားလာလှုပ်ရှားရင်း ထ
တာမျှ ကြာသွားခဲ့ပါသည်။ မတ်လ ဒုတိယပတ်တွင်
မိုင်း၊ ကျိုင်းကုန်းကို ထိုးဖောက်အပြီး၌ တပ်မဌာနချုပ်
ကျွန်တော်တို့တပ်ရင်းအား လုပ်ဆောင်မှု ကျေနပ်ကြော
နှင့် နောက်တန်းဌာနချုပ်ရှိရာ မကွေးသို့ ပြန်ခွင့်ပြု
ကြောင်း ကြေးနန်းဝင်လာပါတော့သည်။

"ဟေး ... ပြန်ရပြီပေါ့"

ရဲဘော်များက ပျော်ကြသည်။ စစ်မြေမှာ
ညောင်းရက်ရှည်ပြီမို့ အားလုံးက ပြန်ချင်ကြသည်မှာ မ
သာ ဖြစ်ပါ၏။

တပ်ပြန်အဆင်းတွင် ကားများ မိုင်းထိမည်
တစ်လမ်းလုံး မိုင်းရှင်းရင်း တပ်ရင်းတစ်ရင်းလုံး
ယောင်းမှ မိုင်းဖြတ်သို့ တစ်ညအိပ် နှစ်ရက် ခြေ
လျှောက်သည်။ မိုင်းဖြတ်ရောက်မှ ကားစီးကြ၏။ မိုင်း
အရောက်တွင်ကား ကျိုင်းတုံသွားမည့်ကား အစီးနှ





ကျော်သွားသည်။ မိုင်းဖြတ်၌ တာချီလိတ်က ယာဉ်တန်း
တစ်ခုပါ ပေါင်း၍ ကားအစီးရေ များသွား၏။ ကျိုင်းတုံ
ရောက်တော့ တပ်မက ကားအစီးနှစ်ရာခန့်ကို ပြန်လည်စစ်
ဆေးရင်း ယာဉ်များ ကြံ့ခိုင်ရေးဆောင်ရွက်ရန် နှစ်ရက်ခန့်
အနားပေးပါသည်။

ကျိုင်းတုံရောက်မှ မေ ပေးလိုက်သော ငွေငါး
ထောင်ကိစ္စကို သတိရပါတော့သည်။

"ဟိုက် ... ဒုက္ခပဲ။ ပိုက်ဆံငါးထောင်လည်း
ကုန်ပြီ။ ငွေ လေးခြောက်ဆယ်လားပဲ ကျန်တော့တယ်။
မေ့ကို ဘယ်လိုပြောရပါ့မလဲ"

ကျွန်တော်က အခုမှ တွေးပြီး ပူမိပါတော့သည်။
အစောကတော့ ဒါတွေ မစဉ်းစားခဲ့။ ဖြစ်ချင်ရာဖြစ် မောင်
အချစ်ဆိုပြီး ပါလာသည့်ပိုက်ဆံ အကုန်သုံးလိုက်၏။ မကြံ
တတ် မစည်တတ်ဖြစ်နေ၍ –

"အင်း ... ဘယ်တတ်နိုင်ပါ့မလဲလေ"

ဟု ကိုယ့်ကိုယ်ကိုယ် ဖြေသိမ့်လိုက်၏။

သို့ရာတွင် ကံကြမ္မာက မနေပါ။ တပ်ရင်းမှူးကြီးက
ခေါ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ရော့ ... ဗိုလ်မှူးသက်ဦး ခင်ဗျားကလေးတွေ့အတွက် ဝယ်ချင်တာဝယ်" ဟုဆိုကာ ငွေတစ်ထောင် ချီးမြှင့်ပါသည်။ တပ်ရင်းမှူးကြီးက အလိုက်သိတတ်၍ နည်းနည်း အသက်ရှုချောင်သွား၏။ ကံအားလျော်စွာ ရန်ကုန်စက်မှုတက္ကသိုလ်မှ ထွက်ပြီး ကျိုင်းတုံတွင် အရောင်းအဝယ်လာလုပ်နေသည့် ညီဝမ်းကွဲတစ်ဦးနှင့် မြို့ထဲတွင် သွားဆုံ၏။

"အစ်ကို ဘာလိုသလဲ"

ဟု သူကမေးရာ လက်ကိုဝိုင်းပြလိုက်၏။ ငွေနှစ်ထောင် ပေးသွားသည်။ ထိုအခါ ကလေးများအတွက် စက်ဘီးတစ်စီးနှင့် မေ့အတွက် ရှန်လုံချည်များ ပြေးဝယ်လိုက်၏။ တပ်ခွဲမှ စစ်သည်များကလည်း သူတို့ ဗိုလ်မှူးကလေးအတွက်၊ အိမ်သုံးပစ္စည်း အတိုအထွာလေးများ စုပေါင်း စပ်ပေါင်း ငွေနှစ်ထောင်ဖိုးလောက် ဝယ်ပေးကြသည်။

စာရင်းတွက်ကြည့်သော် မေပေးသည့် ငွေငါးထောင် ပြည့်သွား၏။ ကျွန်တော်ကလည်း ရက်ရက်ရောရော မေ့အတွက် ရှန်လုံချည် လေးထည်ကြီးများတော့



ဝယ်လိုက်ပါ၏။ ကလေးများအတွက် စက်ဘီး တစ်စီးနှင့် စားစရာများပါ၍ လုံလောက်ပါသည်။ ကုသိုလ်ကံက ဒီလောက်နှင့် မရပ်သေးပါ။ ယာဉ်တန်းထွက်သည့်နေ့က မိတ်ဆွေတစ်ဦးက ယာဉ်တန်းအကြုံလိုက်ရ၍ အထူးကျေးဇူးတင်သည်ဟုဆိုကာ ဘာမပြော ညာမပြောနှင့် ကလေးများအတွက် စက်ဘီးတစ်စီး ဝယ်ပေးပြန်ပါသည်။ ကျွန်တော်ကလည်း အိမ်အပြန်မို့ အားနာပါးနာနှင့် ထိုလက်ဆောင်ကို လက်ခံလိုက်၏။ ဤသို့ဖြင့် မေ ပေးလိုက်သည့် ငွေကလေးကို စာရင်းပြ၍ ရသွားပါတော့သည်။ ကျွန်တော်လည်း "မေ့ကို ဘယ်လိုပြောရပါ့" ဆိုသည့် အခက်အခဲ အကြပ်အတည်းကြားမှ လွတ်မြောက် သွားပါသည် ခင်ဗျား။

ဤပစ္စည်းများ ကောင်းမှုကြောင့် တပ်ပြန်ရောက်တော့ မေနှင့် သားသမီးများက အထူးကျေနပ်ကြသည်။ ကျွန်တော်ကတော့ ကိုယ့်အကြောင်း ကိုယ်သာသိသည်မို့ ဟန်ကိုဘာဝေ လုပ်နေသည်။ ဘာမှမပြောမိ။ မိုင်းယောင်းကိုတော့ သတိရနေပါသည်။ ယနေ့တိုင် မမေ့နိုင်ပါ။

သို့ရာတွင် ယနေ့တိုင် မမေ့နိုင်သော မိုင်းယောင်း

www.burmeseclassic.com

www.burmeseclassic.com



ကို တစ်ခါမှ ပြန်မရောက်တော့ပါ။ ဘယ်တော့မှ ပြန်ရောက်မည်ဆိုသည်ကိုလည်း မပြောနိုင်တော့ပါ။ မြန်မာနိုင်ငံ၏ အရှေ့ဘက်အစွန်ဆုံးက တောင်ခိုးဝေဝေ မြူခြေဆိုင်းဆိုင်းနှင့် မိုင်းယောင်းမြို့ကလေးကို ယခုထက်တိုင် လွမ်းဆွတ်တသ သတိရလျက်ပါခင်ဗျား။

■

မြရတနာစာပေ

## အခန်း ( ၃ )

## ဘာကြောင့် ဗကပတို့ မိုင်းယောင်းအား တိုက်ရသလဲ

၁၉၇၉ ခုနှစ် နိုဝင်ဘာလတွင် မြန်မာ့တပ်မတော်ည် သံလွင်အရှေ့ခြမ်းရှိ ဗကပတို့ ထိန်းချုပ်ထားသောဒေသအား တိုက်ခိုက်သိမ်းပိုက်ခဲ့သည်။

မော်ဖဒေသသည် ဗကပဗဟိုပန်ဆန်းနှင့် အလွန်ပ်စွာ ရှိခဲ့၏။ တစ်ရက်ခရီးမျှသာဖြစ်သည်။ ဗကပတို့ည် မိမိတို့တပ်မတော်မှ နည်းဗျူဟာတစ်ခုနှင့် တပ်ရင်း

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



သုံးရင်းသည် ၎င်းတို့၏ ဗဟိုနှင့် အလွန်နီးကပ်စွာ ရှိပြီး ခြိမ်းခြောက်လျက်ရှိသည်ကို လုံးဝမကျေနပ်နိုင်

ဒါ့သာမက ၎င်းတို့၏ **Liberated Area** ဒေသကြီးတစ်ခုလုံးအား တပ်မတော်မှ တိုက်သိမ်း သည်ကိုလည်း မချိမခံသာ ဖြစ်နေသည်။ ထို့ကြော ဗကပဥက္ကဋ္ဌ ဗသိန်းတင်က …

''ဒီမင်းရန်အောင်စစ်ဆင်ရေးဆိုတာကို ရိုက် ပစ်ရမယ်'' ဟု မော်ဖကျဆုံးပြီးနောက် မကြာခဏ ခဲ့သည်။

''ရန်သူကို လက်စားချေတိုက်ပွဲကြီးတွေ တိုက် အောင် ကြိုးစားကြ''

ဟုလည်း ဗဟိုစစ်ကောင်မရှင်ကို အဆက်မ ညွှန်ကြားခဲ့သည်။ ဖြစ်နိုင်ချေရှိသော နေရာများကို ရွေး ခဲ့ကြသည်။

ဤသို့ဖြင့် ဗကပတို့သည် လက်စားချေတိုက်ပွဲ နှစ်ခုကို ဖော်ထုတ်ခဲ့ကြ၏။

ပထမတိုက်ပွဲမှာ ၁၉၈၀ ခုနှစ် ဧပြီလတွင် ဖြစ် ခဲ့သော မိုင်းယန်းတိုက်ပွဲဖြစ်၏။





ဒုတိယတိုက်ပွဲမှာ ၁၉၈၀ ခုနှစ် ဇူလိုင်လတွင် ဖြစ်ပွားခဲ့သော မိုင်းယောင်းတိုက်ပွဲဖြစ်၏။

ထိုတိုက်ပွဲ ၂ ခုလုံး၌ မိုင်းယောင်းတိုက်ပွဲတွင် ဗကပတို့ ယာယီ အသာစီးရသွား၏။ ထိုအခါမှ ဗသိန်း တင်က –

''ရန်သူကို လက်စားချေပြီးပြီ'' ဟု ဆိုလေသည်။

မိုင်းယန်းတိုက်ပွဲနှင့် မိုင်းယောင်းတိုက်ပွဲ နှစ်ပွဲ စလုံး ဗကပဗဟိုစစ်ကော်မရှင်မှ တိုက်ရိုက်ညွှန်ကြားခဲ့လေ သည်။

ယခု ရေးသားဖော်ပြမည့် မိုင်းယောင်းတိုက်ပွဲ၌ အဓိက ဦးဆောင်တိုက်သွားသည့် ဗကပတပ်မှာ တပ် မဟာ (၈၁၅) ခေါ် ကော်တပ်မဟာ ဖြစ်သည်။

ကော် (၈၁၅) နှင့်အတူ တပ်မဟာ (၈)၊ တပ်မဟာ (၆၈၅)၊ တပ်မဟာ (၇၈၆) တို့ ပါဝင်ပြီး အင်အား ၁၅၀၀ ခန့်နှင့် ဝင်တိုက်သွားကြခြင်းပင်။

ထိုစဉ်က အဓိကအမာခံ တိုက်ခိုက်ရေးတပ်မှာ ကော် (၈၁၅) ပင် ဖြစ်သည်။ စာရေးသူ ကျွန်တော် ၁၉၈၃ ခုနှစ် ကျိုင်းတုံဒေသသို့ ရောက်ရှိပြီး ရှေ့တန်းတပ်မှာန



www.burmeseclassic.com

www.burmeseclassic.com



ချုပ်သို့ သတင်းပို့ရသည်။ တပ်မမှူးက ကျွန်တော့်ကို သီးခြား ခေါ်တွေ့သည့်အခါ –

"မင်းက အရှေ့မြောက်က ပြောင်းလာတာဆိုတော့ ဗကပနဲ့ စစ်ရေးအတွေ့အကြုံရှိပြီးသားပါ။ မင်းတို့လားရှိုးဘက်မှာက တပ်မဟာ (၈) နဲ့ (၁၂)။ ဒီမှာက ကော် (၈၁၅) ပဲ။ သူက မိုင်းယော်င်းနဲ့ မိုင်းယု မြောက်ဘက်က ဝမ်ဆောဝမ်ဖိုင်မှာနေတယ်။ ဒို့ကျိုင်းတုံတစ်ဝိုက်တော့ သူက ဒုက္ခအပေးဆုံး။ သူ့ပဲ ဦးနှိမ်နေရမှာယ်။ ကော်တပ်မဟာဆိုတော့ အားလုံးလိုလို ကော်တွေချည်းပဲ။ ကော်တွေက လုပ်ရဲကိုင်ရဲရှိတယ်။ သူတို့နဲ့တွေ့ရင် ကိုယ့်ဘက်ကလည်း ရဲရဲရင့်ရင့် ရင်ဆိုင်။ လက်နက်ကြီးများများသုံးပြီး ချေမှုန်း"

ဟု မှာလေသည်။

ကျွန်တော်သည် တပ်မမှူး၏ ဩဝါဒအတိုင်း ကျိုင်းတုံပြန်၊ မိုင်းယောင်းပြန်အတွက် ကော်တပ်မဟာနှင့် တွေ့တိုင်း လက်နက်ကြီး ဖောဖောသီသီသုံးကာ ရန်သူကို ရင်ဆိုင်ခဲ့ပါသည်။ ထို့ကြောင့် တိုက်ပွဲတစ်ပွဲမျှ မရှုံးခဲ့ပါ။ ကျွန်တော်က လူသစ်ဖြစ်၍ ကော်တပ်မဟာကို မကြောက်ပါ။ ရဲရဲရင့်ရင့် ရင်ဆိုင်ပါသည်။ အချို့တပ်မှူးငယ်များ





တော့ ရန်သူ၏ Counter တန်ပြန်လက်နက်ကြီး ပစ်ခတ် ကို စိုးရိမ်ပြီး မိမိ၏ လက်နက်ကြီးများကို သိပ်ပစ်လေ့ မရှိပါ။ ရန်သူက RPG လောင်ချာ (ရဲဘော်များ ခေါ် ငှက်ပျောဖူးလောင်ချာ)၊ ၆၀ မီလီမီတာ စိန်ပြောင်း၊ မီလီမီတာ နောက်ပွင့်များကို အသုံးများသည်။ သူတို့ တော်မှုများမှာ ကောင်းလည်း ကောင်းကြသည်။ ပစ်မှတ် rget ကို ထိအောင်ပစ်နိုင်ကြသည်။ ထို့ကြောင့် သူတို့၏ တ်နက်ကြီး ပစ်ခတ်ခံရမှာကို ကျွန်တော်တို့တပ်မှ ပ်မှူးများက စိုးရိမ်မှုရှိကြသည်။ ခပ်ရှင်းရှင်း ပြောရရင် တော့ ကြောက်ကြသည်။

ကျွန်တော် ကျိုင်းတုံဒေသရောက်တော့ သနက မှ အတူနေ စစ်သည်များကို အောက်ပါအတိုင်း မေး သည်။

"နေပါဦး . . . ဒီက ဗကပတွေနဲ့ တိုက်ပွဲဖြစ်တော့ တို့ဘက်က ဘာအသုံးများလဲ။ ဘာနဲ့ စပစ်တတ်ကြလဲ"

"အဓိကကတော့ RPG ပါဘဲ။ ပြီးတော့မှ ၆၀ ၅၇ တို့ လိုက်လာတာ"

"ဩော်"



www.burmeseclassic.com

www.burmeseclassic.com



“သူတို့က တပ်စိတ်တိုင်း RPG တစ်လက်ပါတယ်... တပ်ရင်းတစ်ရင်းမှာ ၆၀ သုံးလေးလက်ပါတယ်။ အ... ကတော့ တစ်လက် နှစ်လက်ပါတယ်”

“ဩော်”

ထိုအခါ ကျွန်တော်သည် RPG ကို တုံ့ပြန်... အတွက် သူ့ထက် ကျည်ထွက်နှုန်းမြန်သည့် M-79 ... ၄၀ မီလီမီတာ ဗုံးပစ်လောင်ချာများကို သုံးသည်။ တပ်... တစ်ခွဲတွင် လေးငါးလက်ပါလာရာ စစ်ကြောင်းတစ်ကြော... ၌ ၁၀ လက်ခန့်ပါ၏။ M-79 လေးငါးလက်ကို ရှေ့မှာထ... ပြီး ရန်သူ့ RPG ကို ဦးနှိမ်သည်။ ပါလာသည့် မ... မီလီမီတာ စိန်ပြောင်း ၂လက်ကို မိုးသီးမိုးပေါက်မ... အဆက်မပြတ် ပစ်ခိုင်းသည် လိုအပ်က နောက်မှ... ၈၁ မီလီမီတာစိန်ပြောင်းနှင့် ထပ်ပိုးပစ်ခတ်စေသည်။

ဒါထက် ပိုလိုအပ်ပါက ၇၅ မီလီမီတာ နော... ပွင့်ကြီးကိုပါ သုံးသည်။

တစ်ဖက်ရန်သူက မိမိတို့၏ မိုးမွှန်အောင် လ... နက်ကြီးပစ်ခတ်မှု ခံရပြီး တစ်လုံး၊ နှစ်လုံး ထိသွားသည်... တုန်လှုပ်ချောက်ချားသွားတော့၏။ Shock ရသွားတော့...



...ကောက်ဆို ကျွန်တော်တို့နှင့် သိပ်ရင်မဆိုင်တော့ပါ။

“ဒီတပ်က လက်မြန်တယ်ကွ။ လက်နက်ကြီး ...ည်း တအားသုံးတယ်” ဟုလည်း မှတ်ချက်ပေးလေ ...တော့သည်။

ကော် (၈၁၅) တပ်မဟာသည် ကော် ခေါ် အီကော ...ခေါ် အခါလူမျိုးများဖြင့် စုဖွဲ့ထားသည့် တပ်မဟာဖြစ်၏။ ...ရာတွင် သူတို့၏ခေါင်းဆောင်များမှာ တရုတ်လူမျိုးများ ...ဖြစ်၏။ ကိုးကန့်ဟုခေါ်လည်း ရမည်လားမသိပါ။ ဤနေရာ ...တွင် အကြောင်းတိုက်ဆိုင်၍ မိုင်းယောင်းကို အမိက ဝင် ...တိုက်သွားသည့် ကော်တပ်မဟာ၏ သမိုင်းကြောင်းကို ...ပြောပြလိုပါသေးသည်။

**...ကော် (၈၁၅) တပ်မဟာအကြောင်း**

ကော် (၈၁၅) တပ်မဟာကို ၁၉၇၁ ခုနှစ် ဩဂုတ် ...တွင် အရှေ့မြောက်စစ်ဒေသမှာပင် စတင်ဖွင့်လှစ်ခဲ့၏။

စတင်ဖွင့်လှစ်ပြီး မကြာမီမှာပင် ဗကပ ဗဟို၏ ...ဝန်ပေးချက်အရ ကျိုင်းတုံအရှေ့ခြမ်းစိုးမိုးရေး စီမံချက် ...ဖြင့် တောင်ဘက်သို့ ဆင်းချလာခဲ့ကြလေသည်။ ဗကပ



www.burmeseclassic.com

www.burmeseclassic.com



တို့သည် ၁၉၇၁ ခုနှစ် နိုဝင်ဘာတွင် ဖြစ်ပွားခဲ့သော ကွန်… ရက် ၄၀ တိုက်ပွဲကြီးအတွက် တာစူနေကြသဖြင့် ကျိုင်း… ဒေသသို့ တပ်သစ်များဖွဲ့စည်းရန်အတွက် လူများများ… စား စေလွှတ်ခြင်း မရှိခဲ့။ တပ်သစ်ဖွဲ့စည်းရန် တာဝန်… ခံရသည့် ကေဒါအဖွဲ့နှင့် လူအနည်းငယ်သာ ပါဝင်…

ထိုသို့ တာဝန်ပေးစေလွှတ်ချက်အရ –

နိုင်ငံရေးမှူး ရဲဘော်ဖေသောင်း (ယခင် မြစ်… တိုင်း ကော်မတီဝင်) နှင့် ရဲဘော်တင်လှိုင် (ယခင် ၂၀… တပ်ဖွဲ့မှူး) ဦးစီးလက်နက်ကိုင်အင်အား ၆၀ ခန့်သည်… ကျိုင်းတုံ၊ မိုင်းယောင်းတို့၏ မြောက်ဘက် တရုတ်–မြန်… နယ်စပ်မှ မြန်မာနိုင်ငံအတွင်းသို့ စတင်ဝင်ရောက်ခဲ့ကြ… တရုတ်–မြန်မာနယ်စပ်နှင့် နမ့်မလွေချောင်းအကြား ဝမ်… ရွာ၊ မန်စောအခါ၊ မန့်စောပလောင်ရွာနှင့် မဲခေါင်မြ… အရှေ့ခြမ်း ဖလို့ဖလဲ၊ မိုင်းစော၊ မိုင်းနန်ဒေသများတွ… လှုပ်ရှားကာ ဒေသခံ တောင်ပေါ်တိုင်းရင်းသား လူမျိုးစုမျ… ကို စည်းရုံးသိမ်းသွင်းခဲ့ကြ၏။

ထိုဒေသမှာ တရုတ်ပြည် ရှမ်းအမျိုးသား ကိုယ်… အုပ်ချုပ်ရေးဒေသနှင့် နယ်မြေချင်း ဆက်စပ်လျက်ရှိ…





(စ၁၅) ဒေသထဲတွင် လွယ်လ၊ အခါ၊ ပလောင်၊ လားဟူ လီရှောနှင့် အခေး လူမျိုးများ နေထိုင်ကြ၏။ စပ်ဖျော်၊ လော်စီး၊ ချက်ဖျောက် စသော 'ဘာဆာရွာသား' အခါလယ်သမား သူပုန်ဟောင်းများ ရှိကြ၏။ မြောက်ဘက်တွင် တရုတ်–မြန်မာ နယ်စပ်၊ တောင်ဘက်တွင် နမ့်မလွေချောင်း၊ အရှေ့ဘက်တွင် မဲခေါင်မြစ်ဝန်းရံထားသော ထိုတြိဂံဒေသမှာ တောတောင်ထူထပ်ပြီး လူသူအရောက်အပေါက် နည်းပါးခဲ့၏။ မိုင်းစော မိုင်းနန်မှ တောင်ပေါ်သားများသည် မြန်မာပြည်သားများ ဖြစ်သော်လည်း လမ်းပန်းခက်ခဲသော ကျိုင်းတုံ၊ မိုင်းယောင်းတို့နှင့် ဆက်သွယ်မှုနည်းပြီး တရုတ်ပြည်ဘက်ရှိ တာမုံးလုံ ကျင်းဟုံမြို့များနှင့် ဆက်ဆံမှုများ၏။ တရုတ်ပြည်ဘက်တွင်လည်း အိုက်ညီလူမျိုးဟု တရုတ်လိုခေါ်သော အခါလူမျိုးများ ရှိပြီး ဘာသာစကားချင်း တူညီ၏။ ထို့ကြောင့် တရုတ်ပြည်တွင် နေ့စဉ်သုံးပစ္စည်းများ ဝယ်ယူရန်ဖြစ်စေ၊ တောင်ပေါ်နှင့် တောထွက်ပစ္စည်းများ ရောင်းချရန်ဖြစ်စေ အဆင်ပြေလွယ်ကူသောကြောင့် ဖြစ်၏။

၁၉၇၁ ခုနှစ်ကုန်ပိုင်းတွင် တပ်မတော်လှုပ်ရှား…



www.burmeseclassic.com

www.burmeseclassic.com



စစ်ကြောင်းများနှင့် တိုက်ပွဲငယ် အနည်းအကျဉ်းသာ တိုက်ခိုက်ခဲ့ရပြီးနောက် (၈၁၅) အဖွဲ့သည် ထိုနယ်မြေမှ ဒေသခံ တိုင်းရင်းသား အတော်များများကို တပ်သားသစ်များအဖြစ် သိမ်းသွင်းနိုင်ခဲ့၏။ အမှတ် (၅၅) နယ်ခြားကျောက်တိုင် အနီးရှိ တရုတ်ပြည် မုံးတုံးအခါရွာတွင် လက်နက်ခဲယမ်း ဂိုဒေါင်များ ထားရှိခဲ့၏။ ထိုလက်နက်ခဲယမ်းများကို တပ်ဆင်ပေးကာ ဒေသခံတိုင်းရင်းသားများ ပါဝင်သည့် ဗကပ တပ်ခွဲများ တစ်ခုပြီးတစ်ခု ဆက်တိုက်ဖွဲ့စည်းနိုင်ခဲ့၏။

လူထုတွင်း ကျောရိုးများ မွေးမြူကာ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ ဒိုင်နယ်နှင့် မြို့နယ်အဖွဲ့အစည်းများကိုလည်း စည်းရုံးခဲ့ကြ၏။ ၄ နှစ်တာကာလအတွင်းတွင် အင်အား ၃၀၀ ခန့်စီပါဝင်သော အမှတ် ၁၂၊ ၁၄၊ ၁၆၊ ၁၈ ဟု အမည်တပ်ထားသော တပ်ရင်း ၄ ရင်းကို ဖွဲ့စည်းနိုင်ခဲ့၏။ ၁၉၇၅ ခုနှစ် နမ့်မလွေချောင်း တောင်ဘက်သို့ ကျော်ဖြတ်ကာ ကျိုင်းတုံ၊ မိုင်းယောင်းကွင်းများကို ထိုးစစ်ဆင်သော စီမံကိန်းတွင် အရှေ့မြောက်စစ်ဒေသ၏ တပ်မဟာ (၈) လက်အောက်ခံတပ်ရင်းများနှင့် ပူးပေါင်းလှုပ်ရှားခဲ့၏။

၁၉၇၅ ခုနှစ် ဖဟိုကော်မတီသစ်ဖွဲ့စည်းရာတွင်





အထူးဒေသ(၄) အဖွဲ့ခေါင်းဆောင်ဦးစိုင်းလင်းနှင့် ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးရေးအဖွဲ့မှ ဦးအောင်သောင်းတို့ တွေ့ဆုံစဉ်ပုံ
(ဦးစိုင်းလင်းသည် ၁၉၈၀ – ခုနှစ်က မိုင်းယောင်းအား ဗကပတို့ဝင်တိုက်စဉ်က ကော် – ၈၁၅ တပ်မဟာမှူးဖြစ်သည်။)

www.burmeseclassic.com



သံလွင်အရှေ့ခြမ်းမြို့များကို တိုက်ရန် ဗဟိုစစ်ကော်မရှင်မှ ပုံပါအတိုင်း စည်းဝေးခဲ့သည်



ပြည်ထောင်စု ငြိမ်းချမ်းရေး ဆွေးနွေးရေးအဖွဲ့နှင့် အထူးဒေသ(၄) ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့
တွေ့ဆုံဆွေးနွေးခဲ့ကြစဉ်က
(အလယ်လူမှာ လင်မေရှင်းခေါ် ဦးစိုင်းလင်းဖြစ်ပါသည်)

www.burmeseclassic.com

www.burmeseclassic.com





…၅) စစ်ဒေသမှ နိုင်ငံရေးမှူးရဲဘော် ဖေသောင်းသည် …ကော်မတီဝင် ဖြစ်သွား၏။ ၁၉၇၆ ခုနှစ် ဇွန်လ …တွင်းတွင် ဝမ်ဆော၊ ဝမ်ဖိုင်၊ ဝမ်ဖျက်နှင့် တရုတ်ပြည် …တို့ကို တယ်လီဖုန်းလိုင်းများ ဆက်သွယ်ခဲ့၏။ (၈၁၅) …ချုပ်ကို ဝမ်ဖိုင်ရွာတွင်လည်းကောင်း၊ ထောက်ပံ့ရေး …င်များကို အမှတ် (၅၅) နယ်ခြားမှတ်တိုင်အနီး မြန်မာ …ဘက်မှ တောင်ကြောပေါ်တွင်လည်းကောင်း တည် …ထက်ခဲ့ကြ၏။

၁၉၇၉ ခုနှစ် ပန်ဆံနှီးဗဟို ဆွေးနွေးပွဲအပြီး …ဘော်ဖေသောင်းသည် မြောက်ပိုင်းဗျူရိုသို့ ပြောင်းရွှေ့ …၏။ သူ့နေရာတွင် အရန်ဗဟိုကော်မတီဝင် ရဲဘော် …ငွေမှ (၈၁၅) နိုင်ငံရေးမှူးအဖြစ် ပြောင်းလဲတာဝန် …၏။ ရဲဘော်တင်လှိုင်မှာ ဒု–နိုင်ငံရေးမှူးဖြစ်၏။

(၈၁၅) တပ်များသည် နမ့်မလွေချောင်း တောင် …က် မိုင်းယောင်းပြန့် ပတ်ဝန်းကျင်မှ ထိုင်းနယ်စပ်အထိ …အပြား ဖြန့်ခွဲလှုပ်ရှားခဲ့ကြ၏။ တပ်မ (၈၈) မိုင်းယောင်း …ဟာ လက်အောက်ခံတပ်ရင်းများ အရှေ့ပိုင်းတိုင်း …ဌာနချုပ် စစ်ဗျူဟာ (၁) လက်အောက်ခံတပ်ရင်းများနှင့်



www.burmeseclassic.com

www.burmeseclassic.com



မကြာခဏပင် တွေ့ဆုံတိုက်ပွဲများ ဖြစ်ပွားခဲ့၏။

၁၉၈၀ ခုနှစ်တွင် ကင်းစောင့်ရဲဘော်မီးလုံ့ရှာ... (၈၁၅) ထောက်ပံ့ရေးဌာန၏ လက်နက်ခဲယမ်းစုပုံ ဂိုဒေါ... စခန်း မီးစွဲလောင်ခဲ့၏။ တရုတ်ပြည်မှ ပေးထားသော လ... နက်ခဲယမ်းအမြောက်အမြားပင် မီးလောင်ဆုံးရှုံးသွား... တစ်သန်းကျော် အရေအတွက်ရှိသည့် လက်နက်ကြီး ... နက်ငယ် ကျည်မျိုးစုံမှာ တစ်နေကုန်ပင် အဆက်မပြ... ပေါက်ကွဲနေ၏။ လယ်ထွန်စက်နှင့်များ၊ လျှပ်စစ်ဓာတ်အာ... စက်များလည်း မီးလောင်ပျက်စီးသွားခဲ့၏။

ထိုကာလများအတွင်း (၈၁၅) ဒေသတွင်းသို့ ... မတော်စစ်ကြောင်းများမှ ဝင်ရောက်ထိုးစစ်ဆင် လှုပ်... ခဲ့ခြင်းမရှိသဖြင့် နမ့်မလွှေချောင်း မြောက်ခြမ်းဒေသသ... တည်ငြိမ်လာ၏။ အမှတ် (၅၅) နယ်ခြားကျောက်တိုင်... ဝမ်ဖိုင်ရွာ၊ ဝမ်ဖိုင်မှ မန့်စောအခါရွာ၊ မန့်စောအခါမှ ... ရွာအထိ မော်တော်ကားလမ်းများ ဖောက်လုပ်ခဲ့ကြ... အမှတ် (၅၅) ကျောက်တိုင်မှ မိုင်းနန်ဘက်သို့လည်း ... ရာသီသွား ကားလမ်း ဖောက်လုပ်ထားခဲ့၏။ ဤသို့... တပ်မဟာ (၈၁၅) ခေါ် ကော်တပ်မဟာသည် အခိုင်အ... ပေါ်ထွက်လာခဲ့သည်။



ကော် (၈၁၅) တပ်မဟာကို အောက်ပါအတိုင်း ...ည်းထား၏။

| | |
|---|---|
| နိုင်ငံရေးမှူး | တင်လှိုင် |
| တပ်မှူး | စိုင်းလင်း (ခေါ်) လင်မေရှင်း |
| အကြံပေး | လီဝေ့မင် |
| အကြံပေး | ခေါင်းဖြူသန်းတင် |

BURMESE CLASSIC .com

စစ်ဒေသကို မဲခေါင်တိုင်းဟု အမည်ပေး၏။ မဲခေါင် ...တိုင်းအောက်၌ ခရိုင် ၂ ခုရှိ၏။

| | |
|---|---|
| အမှတ် (၁) ခရိုင် | မိုင်းစောမိုင်းနန်ဒေသ |
| ခရိုင်အတွင်းရေးမှူး | စွန်နောင် |
| ခရိုင်မှူး | ချက်ဖျောက် |

| | |
|---|---|
| အမှတ် (၂) ခရိုင် | မိုင်းလားဒေသ |
| ခရိုင်မှူး | စံဝင်း |



www.burmeseclassic.com

www.burmeseclassic.com



(၈၁၅) တပ်မဟာသည် မိုင်းယောင်း၊ ကျိုင်း
ဂွင်တွင် အခြေပြုထားပြီး အခါ သို့မဟုတ် ကော်လူ
များသာ အဓိကပါဝင်ဖွဲ့စည်းထားခဲ့သည်။ သို့ရာတွ
တပ်မဟာမှူး စိုင်းလင်းမှာ ကိုးကန့်တရုတ်ဖြစ်သည်။ သ
သည် ကိုးကန့်ကာကွယ်ရေးခေါင်းဆောင် ဖုန်ကြားရှင်
သမီးအကြီးကို ယူထားသူဖြစ်၏။ ငယ်စဉ်ကတည်းက ဗမာ
တောတွင် ကြီးပြင်းလာသူဖြစ်ပြီး ခေတ်ပညာ အတန်အသ
တတ်၍ လူရည်လည်သူ ဖြစ်၏။

သူနှင့်ပတ်သက်၍ ပြောစရာတစ်ခုရှိပါသည်။

၁၉၉၁ ခုနှစ်ကဖြစ်၏။ ကိုးကန့်များနှင့် နားလည်
ရရှိထားပြီး ကော် (၁၈၅) သည်လည်း တပ်မတော်နှ
ငြိမ်းချမ်းရေးယူထားပြီး ဖြစ်၏။ မိုင်းမမိုင်းလားတွင် အခြေ
ပြုနေသည်။ အထူးဒေသ (၄) ဟု ခေါ်၏။

၁၉၉၁ ခုနှစ် ဧပြီလဆန်း၌ မိုင်းမမိုင်းလား အထူး
ဒေသ (၄) ၌ ဘိန်းဖျက်ပွဲပြုလုပ်ရန် ရှိသည်။ ဗိုလ်ချုပ်
ကြီး ခင်ညွန့်နှင့် UN မှ အရာရှိကြီးများ လာကြမည်
ထို့ကြောင့် လုံခြုံရေးယူရန် ကျွန်တော်ဦးစီး ရတခလ
(၆) စစ်ကြောင်း (၁) နှင့် တပ်ခွဲ (၃) ခွဲ မိုင်းမမိုင်းလား





ရှိရသည်။ ကော် ၈၁၅ ခေါင်းဆောင် ဦးစိုင်းလင်းက
ကျွန်တော့်ကို ရည်မွန်ဖော်ရွေစွာ ဆီးကြိုသည်။ ဆက်ဆံ
ရေး ကောင်းပေ၏။

သူသည် ကျွန်တော့်ထက် အသက် ၂ နှစ်ငယ်
သည်။ အရုပ်အမောင်း ကောင်းကောင်း၊ ရုပ်က ထိုင်ဝမ်
တရုတ်မင်းသား ချောင်ယူဖတ်ရုပ်မျိုး၊ ခပ်ဖြောင့်ဖြောင့်။
ကျွန်တော်က တစ်ခါတုန်းက ကျွန်တော်နှင့် ဖက်ပြိုင်ခဲ့
သည့် တောတွင်းသူပုန်ခေါင်းဆောင်များဖြစ်သဖြင့် ပေတေ
သော ခပ်ကြမ်းကြမ်းရုပ်မျိုးဟု ထင်ထားခဲ့၏။

မဟုတ်ပါခင်ဗျာ။ တကယ့် ရုပ်ခပ်ဖြောင့်ဖြောင့်
ပါ။ သူနှင့်အတူ ဗကပတပ်မဟာ (၂) မှူး ဖြစ်ခဲ့ဖူးသူ
စိမြင့်ခေါ် ကိုကြည်မြင့်လည်း ရှိနေ၏။ သူက ကျွန်
တော့်ထက် သုံးလေးနှစ် ငယ်၏။ သူလည်း ရုပ်က မခေပါ။
ထိုင်ဝမ် တရုတ်မင်းသားရုပ်မျိုးပါပဲ။ အင်ဒီလူး လိုလို
လိုလိုပါ။ ထို့ကြောင့် ထိုနေ့ညက ထမင်း အတူစား
ကြတော့ ယမကာလေး အနည်းငယ် ထွေစပြုနေသည့်
ကျွန်တော်က —

"ခင်ဗျားတို့ကို အရင်က နာမည်တွေကြားဖူးနေ



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



တုန်းက တောတွင်းသား လူကြမ်းကြီးတွေ ထင်နေ
အခုတွေ့မှဗျာ ရုပ်ရှင်မင်းသားတွေပဲဗျ။ ဟောင်ကော
ထိုင်ဝမ်က တရုတ်မင်းသားတွေဗျာ။ တကယ့် ဇာတ်လို
လူချောတွေပဲ''

ဟု ခပ်ပေါက်ပေါက်နှင့် ပြောချလိုက်၏။

ထိုအခါ သူတို့တစ်တွေက သဘောကျပြီး တဟား
ဟားနှင့် ရယ်မောကြ၏။ ကျွန်တော်နှင့်လည်း အဆေ
ပြေသွားပြီး တစ်ပတ်ကျော်ကြာအောင် သူတို့နှင့်အ
နေကာ ပေးအပ်သောတာဝန်များကို ကျေပွန်အောင် ဆ
ဆောင်နိုင်ခဲ့၏။

တကယ်တော့ မိုင်းယောင်းတိုက်ပွဲ အဓိကအော
လိုက်မှာ အထက်က ကျွန်တော့်စာမှာပါသည့် စိုင်း
ခေါ် လင်မေရှင်းပါ ခင်ဗျား။

ဆက်လက်၍ မိုင်းယောင်းတိုက်ပွဲကို ဖော်ပြပါမည်

■



BURMESE CLASSIC .com

# အခန်း ( ၄ )

## မိုင်းယောင်းတိုက်ပွဲ

### တိုက်ပွဲမဖြစ်မီ ယေဘုယျအခြေအနေများ

**သူ့ဘက်အခြေအနေ**

ဗကပတို့သည် မိမိတို့ မင်းရန်အောင် စစ်ဆင်ရေး
ကြောင့် မော်ဖဒေသကို လက်လွှတ်ရခြင်း၊ ကျိုင်းတုံနှင့်
ပျင်း ရှေ့ကာတပ်စခန်းများဖြစ်သည့် ရောင်ခေါက်နှင့်
မကောက်စခန်းများကို လက်လွှတ်ခဲ့ရခြင်းတို့ကြောင့်



www.burmeseclassic.com

www.burmeseclassic.com



မင်းရန်အောင် ထိုးစစ်ကိုတုံ့ပြန်ရန် ကြံစည်ခဲ့ကြလေသည်။

"ရန်သူ့ထိုးစစ်ကို ဒို့ထိုးစစ်နဲ့ ရိုက်ချိုးပစ်ရမည်"

ဟု ဗကပဗဟိုက အမြဲကြွေးကြော်ခဲ့၏။ အထူးသဖြင့် စစ်ကော်မရှင်ဥက္ကဋ္ဌ ဗသိန်းတင် ဖြစ်၏။

ထိုကြွေးကြော်သံအရ –

၁၉၈၀ ခုနှစ် ဧပြီတွင် မိုင်းယန်းကို ဝင်တိုက်သည်။

၁၉၈၀ ခုနှစ် ဇူလိုင်တွင် မိုင်းယောင်းကို တိုက်၏။

မိုင်းယန်းတိုက်ပွဲတွင် ဟုတ်တိပတ်တိ အောင်မြင် ရမသွား၍ ဒီတစ်ကြိမ်၌မူ ဗကပတို့က အောင်မြင် အောင် မိုင်းယောင်းကို တိုက်ခိုက်ရေးအတွက် တပ်များ ကြိုတင်ပြီး စုဖွဲ့ပြင်ဆင်မှုများ လုပ်ခဲ့၏။ တိုက်ခိုက်ရေး တာဝန်ခံအဖြစ် မိုင်းမမိုင်းလားတွင် ယခုမှ ဖွဲ့စည်းလိုက် သည့် တပ်မ (၆၈) တပ်မမှူး ရဲခင် (ခေါ်) ထွန်းလွင်ကို တာဝန်ပေးခဲ့၏။

တပ်မ (၆၈) ကို မိုင်းမမိုင်းလားတွင် အခြေ ထားခဲ့၏။ ထွန်းလွင်ကို ဥက္ကဋ္ဌ ဗသိန်းတင်က အလွန် အားကိုး၏။ တိုက်ပွဲကြီးတိုင်း သူ့ကို ထုတ်သုံးခဲ့၏။ ကွန်





ဏော် ၄၀၊ ခြူးရှွေပန်ကောက်၊ မိုင်းယန်း စသည့် တိုက်ပွဲ ကြီးများမှာ သူပါခဲ့၏။ သူ ခေါင်းဆောင်ခဲ့၏။

တပ်မ (၆၈) တပ်မမှူး ရဲခင် (ခေါ်) ရီကျင့် (ခေါ်) ထွန်းလွင်သည် ယခင်က အရှေ့မြောက်စစ်ဒေသမှ စစ် သေနာမှူး ဖြစ်သည်။ ဗကပတို့၏ တပ်မ ဖွဲ့စည်းရေးစီမံ ချက်အရ အရှေ့မြောက်မှ ရောက်ရှိလာပြီး တပ်မ (၆၈) တပ်မမှူးဖြစ်လာသူဖြစ်၏။ သူ၏တပ်မမှာ အရှေ့မြောက် စစ်ဒေသ စပေါ်လာသည့် ၁၉၆၈ ခုနှစ်ကို ရည်ညွှန်းကာ တပ်မ (၆၈) ဟု အမည်တပ်ခဲ့ခြင်း ဖြစ်၏။

တပ်မ (၆၈) နှင့် အလားတူ နောက်ထပ် တပ်မ တစ်ခုကိုလည်း ပန်ဆန်းအနီး ပန်ပွဲတွင် ဖွဲ့စည်းခဲ့၏။ တပ်မဟာ (၈) ကို အခြေခံပြီးဖွဲ့ခြင်းဖြစ်သည်။ တပ်မမှူးမှာ ဇော်မိုင် (ခေါ်) ကျောက်မင်ဖြစ်၏။ ကျောက်မြင့်ဟုလည်း ခေါ်သည်။

နိုင်ငံရေးမှူးမှာ စိုးသိမ်းဖြစ်သည်။

မင်းရန်အောင် စစ်ဆင်ရေးကြီးအပြီး၌ ဗကပတို့ သည် တပ်မ (၄၈) နှင့် (၆၈) ကိုဖွဲ့စည်းပြီး လက်စားချေ တိုက်ပွဲကြီးများ ဖော်ထုတ်ရန် ပြင်ဆင်လျက် ရှိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



တပ်မ (၄၈) မှာ ဗကပတို့ သူပုန်ထသည့် ၁၉၄ ခုနှစ်ကို ရည်ညွှန်းပြီး ဖွဲ့ခဲ့ခြင်းဖြစ်၏။

**မိမိဘက်အခြေအနေ**

အချိန်က ၁၉၈၀ ခုနှစ် မိုးကာလဖြစ်၏။

မိမိဘက် အခြေအနေမှာ သံလွင်အရှေ့ခြမ်း မော်... ဒေသကို တိုက်ခိုက်သိမ်းပိုက်ပြီး တည်ငြိမ်အောင် ထိန်းသိမ်း နေရသည့်ကာလဖြစ်၏။

တပ်များ မလုံမလောက်ဖြစ်နေသည့်အချိန်လည်း ဖြစ်၏။ မော်ဖတွင် လွယ်ဟိုလာ တိုက်ပွဲဖြစ်နေချိန်လည်း ဖြစ်၏။ ကျိုင်းတုံ ရှေ့တန်းတပ်မ (၈၈) တွင် ဗျူဟာ (၂) ခု ရှိသည်။

တစ်ခုက မိုင်းယောင်း။

တစ်ခုက မိုင်းခတ်

မိုင်းခတ်ဗျူဟာအနေဖြင့် ယခင်က တပ်ရင်း ၂ ရင်းဖြင့် စခန်းထိန်းတာဝန် ထမ်းဆောင်နေရသော်လည်း ယခုအခါ ရောင်ခေါက် ပန်မကောက် စခန်းကြီးများကို တာဝန်ယူရသဖြင့် စခန်းထိန်း Garrison Duty တပ်ရင်းကြီး





... ရင်း တာဝန်ယူနေရ၏။

မကြာသေးမီ ပြေလက မိုင်းယန်းကို ဗကပများ ...င်တိုက်သွားပြီးဖြစ်သည်။ ထိုတိုက်ပွဲ၌ ဗကပတို့ အောင် ...မရဘဲ ဆုတ်သွားကြသည်။ ထို့ကြောင့် နောက်တစ်ပွဲ ...ပ်လာနိုင်သေးသည်။ မိုင်းယန်း မရရင် နောက်တစ်မြို့ ...ိုက်မည်ဆိုက တိုက်နိုင်၏။ ဖြစ်နိုင်ချေရှိသည်မှာ မိုင်း ...တ်နှင့် မိုင်းယောင်းဖြစ်၏။ ထို့ကြောင့် မိုင်းယောင်းဗျူဟာ ...မှ တပ်များကို အနှံ့ဖြန့်ခွဲထားရ၏။ ဗကပတို့သည် အစွန် အကျဆုံး မိုင်းယုအနီးရှိ ကော်ဟိုလွယ် ထင်းရှူးတောင် ...ခန်းများကိုလည်း တိုက်မည်ဟု သတင်းလွှင့်နေသည်။

မိုင်းယောင်းဗျူဟာ ကွပ်ကဲမှုအောက်တွင် တပ်ရင်း ၃ ရင်း ရှိ၏။ တစ်ရင်းက မိုင်းဖြတ်ပို့ထားရသည်။ တစ် ရင်းက ကော်ဟိုလွယ် ထင်းရှူးတောင်ပို့ထားရသည်။ ကျန်တစ်ရင်းက မိုင်းယောင်း ဗျူဟာအရန် ဖြစ်သည်။ ဒေသခံတပ်ရင်း ချင်း (၃) က မိုင်းယောင်းပတ်လည်က စခန်းတွေမှာ နေရာချထားရသည်။



www.burmeseclassic.com

www.burmeseclassic.com



ရန်သူ့သတင်းများ ရရှိခြင်း

ဗကပများသည် မိုင်းယန်းကို ဝင်တိုက်ပြီး အော မြင်မှုမရသဖြင့် နောက်ထပ် ပစ်မှတ်တစ်ခုကို တစ်လ န လအတွင်း ဝင်တိုက်ရန် စီမံလျက်ရှိသည်။ မော်ဖအော တွင်လည်း လွယ်ဟိုလာ ပွိုင့် ၇၀၂၃ ကိုလည်း ဗကပန မြန်မာ့တပ်မတော် ဘတစ်ပြန် ကျားတစ်ပြန် ပြန်တို လိုက် သိမ်းလိုက်လုပ်နေသည့်ကာလ ဖြစ်သည်။ လွယ် လာကို မိမိတို့တပ်မတော်က ၁၉၈၁ ခုနှစ်ကျမှ အပြီးထိ ချုပ်နိုင်ခဲ့ပါသည်။

ဗကပတို့သည် မိုင်းယုအနီးက စခန်းကြီးနှစ်ခု တိုက်မည်ဟု သတင်းထွက်နေသည်။ ထိုအချိန်တွင် မိ တပ်မတော်မှ အောက်ပါသတင်းများကို ရရှိခဲ့ပါသည်။

(က) ဖွန်လ ၁၀ ရက်နေ့ ဗကပ ဖမ်းဆီးခေါ်ဆော သွားခြင်းခံရသည့် ဝမ်တာနွဲ့ရွာသား ကျောက် ထွက်ဆိုချက်အရ ကော် (၈၁၅) ဌာနချုပ် ဝ ဆောဝမ်ဖိုင်တွင် ဗကပအင်အား ၉၀၀ ခန့် စု ရောက်ရှိနေကြောင်း၊ ၎င်းအင်အားစုမှ အင်အာ ၄၀၀ ခန့်သည် ဝမ်ဖြတ်နယ်မြေသို့လည်းကောင်း





ကျန်အင်အားစုသည် ခန်းတောင်နယ်မြေသို့လည်း ကောင်း ထွက်ခွာရန် စီစဉ်ဆောင်ရွက်နေသည်ကို တွေ့မြင်ရကြောင်း သိရပါသည်။ ဝမ်ဖြတ်နှင့် ခန်း တောင်မှာ မိုင်းယောင်းပြန့်အစပ်မှ ကျေးရွာများ ဖြစ်ပါသည်။ ထိုသတင်းများကို ဖွန်လ ၂၅ ရက်နေ့ တွင် ရရှိခြင်းဖြစ်ပါသည်။

(ခ) ဖွန်လ ၂၈ ရက်နေ့ မိုင်းယန်းတွင် လက်နက်ချခဲ့သူ ဗကပတစ်ဦး၏ ထွက်ဆိုချက်အရ တပ်မဟာ (၆၈၅) မှ တပ်ရင်း (၁၅) သည် လက်နက်ကြီးများ နှင့်အတူ မိုင်းပေါက်မှ ဆီလူးသို့၊ ၎င်းမှ မိုင်းလား သို့ ရောက်ရှိခဲ့သည်။ ၎င်းမှ ဝမ်ကျင်းဆန်တောက် သို့ ဆက်လက်ထွက်ခွာသွားကြောင်း သိရသည်။ ရင်း ၉ သည်လည်း မကြာမီ ဝမ်ကျင်းဆန်တောက် ဘက်သို့ ထွက်ခွာမည်ဟု သတင်းရကြောင်း သိရ ပါသည်။

(ဂ) ကျိုင်းတုံအခြေပြု ထောက်လှမ်းရေးတပ်ခွဲ၏ တင်ပြချက်အရ ကော် (၈၁၅) မှ ရင်း (၁၂)၊ (၁၄)၊ (၁၆)၊ (၁၈) နှင့် တပ်ရင်းလေးရင်း ပူးပေါင်း



www.burmeseclassic.com

www.burmeseclassic.com



အင်အား ၁၀၀၀ ခန့်သည် ဇွန် ၂၆ ရက်နေ့... ဝမ်ဖြတ်ဒေသသို့ စုဖွဲ့ရောက်ရှိနေကြောင်း သတင်း... ရရှိပါသည်။ ဝမ်ဖြတ်မှာ မိုင်းယောင်းနှင့် မိုင်း... ကြားတွင် ရှိပါသည်။

(ဃ) ဇွန် ၃၀ ရက်တွင် ဖျာကျင်းမိုင်းကိုင်ရှိ ရှေ့တန်း... သနက (၂) မှ တင်ပြချက်အရ ဆားဖျော်လော်... ဦးစီးအင်အားစုတစ်ဖွဲ့သည် ခမ်းတောင်နယ်မြေ... သို့ ရောက်ရှိနေကြောင်း၊ တိုက်ကွက်တစ်ခု ... ရန် ပြင်ဆင်နေကြောင်း မိုင်းယောင်းဗျူဟာမှ ... ခဲ့ပါသည်။

(င) လွယ်မွေအုပ် (၇၂) လေတပ်ဆွယ်၏ သတင်း... ချက်အရ ကော် (၈၁၅) မှ အင်အား ၃၀၀ ... ခွန်ပုတ် သို့ ရောက်ရှိလာပြီး ကျိုင်းတုံနှင့် မိုင်း... ဖြတ်ကားလမ်းဘက်သို့ ထွက်ခွာသွားကြောင်း... သတင်းကို ဇူလိုင်လ ၁ ရက်နေ့တွင် ရရှိ... ရှေ့တန်းတပ်မဌာနချုပ်သို့ ဇူလိုင်လ ၃ ရက်နေ့တွင် ပေးပို့တင်ပြခဲ့ပါသည်။



### ...တပ်များ၏နောက်ဆုံးတပ်ဖြန့်ထားမှု

ရန်သူသတင်းများ မိုင်းယောင်းဗျူဟာနယ်မြေ...တွင် ဖြစ်ပေါ်လျက်ရှိရာ ရန်သူသည် တိုက်ပွဲကြီးတစ်ပွဲ ...တိုက်ရန် စုဖွဲ့ပြင်ဆင်နေသည်ကို သာမန်အားဖြင့် သုံးသပ်ရရှိပါသည်။ ကော်ဟိုလွယ် ထင်းရှူးတောင်စခန်းများကို တိုက်လိမ့်မည်ဟု အဓိက သုံးသပ်ခဲ့သည်။ သို့ဖြစ်၍ မိုင်းယောင်းဗျူဟာမှ တိုက်ပွဲဖြစ်သည့် ဇူလိုင် ၄ ရက်နေ့ ...တိုင်မီ နောက်ဆုံးတပ်ဖြန့်ခဲ့မှုမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

(က) ဖျာကျင်းမိုင်းကိုင်တွင် စခန်းစွဲထားရှိရာ ၎င်းစခန်း၌ ရတသနက (၂) မှ စစ်ကြောင်း (၁) နှင့် တပ်ခွဲ ၃ ခွဲ ထားရှိပါသည်။ ရန်သူ့သတင်းအရ ဖျာကျင်းလည်း အတိုက်ခံရနိုင်သည်။ မိုင်းယောင်းဗျူဟာရှိ စစ်ကြောင်း (၂) နှင့် တပ်ခွဲ ၂ ခွဲမှ တစ်ခွဲအား ဇူလိုင် ၃ ရက်နေ့တွင် ဖျာကျင်းသို့ စေလွှတ်ခဲ့ပါသည်။

(ခ) ရတခလရ (၅) စစ်ကြောင်းနှင့် တပ်ခွဲ ၂ ခွဲ ကော်နမ့်တောင်းဒေသ၊ အထိုင်နှင့် တစ်ခွဲလှုပ်ရှား



www.burmeseclassic.com

www.burmeseclassic.com



ကျန် စစ်ကြောင်း (၂) နှင့် တပ်ခွဲ (၂) ခွဲ မိုင်း...
လှုပ်ရှား။

(ဂ) ရတသနက (၁) စစ်ကြောင်း (၁) နှင့် ခွဲ ၂ ...
မိုင်းယုအနီး ထင်းရှူးတောင်၊ စခန်းထိန်းတာဝ...
တပ်ရင်းမှူး ဦးစီးစစ်ကြောင်း (၁) နှင့် ခွဲ ၃ ...
မိုင်းဖြတ်

(ဃ) ဒေသခံတပ်ရင်း ချင်း (၃) အား အောက်ပါအတိုင်း
ဖြန့်ခွဲထားပါသည်။

- ခွဲတစ်ခွဲ ကော်ဘိုကြားစခန်း စခန်းထိန်း
- ဝမ်တုံတွင် တပ်စု ၂ ခု၊ ဝမ်ပုံတွင် တပ်...
တစ်စု
- ကျန်ဌာနချုပ်တပ်ခွဲနှင့် ခွဲနှစ်ခွဲအား ချင်း
(၃) တပ်ရင်းဌာနချုပ်နှင့် ပတ်လည်ဘန်
ကာများ၊ ရေစင်ကုန်း၊ ထောက်ပို့ကုန်း
ဝန်တင်တပ်ဆွယ်၊ တောင်ယာကုန်း၊ လျှို
ထိပ်ကုန်း၊ အမြောက်ကုန်းတို့ကို အသီးသီး
ဖြန့်ခွဲနေရာချထားခဲ့ပါသည်။

(င) မိုင်းယောင်းမြို့ ပတ်ဝန်းကျင်၌ကား မြို့ခံရဲစခန်း



ပြည်သူ့ရဲအင်အား ၂၁ ယောက်နှင့် မြို့အထွက်ရှိ
တပ်တွင်း ပညာပေးသင်တန်း၌ သင်တန်းသား
စစ်သည် ၄၀ ဦး နေရာချထားခဲ့ပါသည်။ တပ်တွင်း
ပညာပေး သင်တန်းကုန်းအား ကြောင်စလီကုန်း
ဟုလည်း ခေါ်ပါသည်။

နည်းဗျူဟာမှူး ဦးစီးသည့် ဗျူဟာအဖွဲ့မှာ တိုက်
ပွဲဖြစ်ပွားချိန်၌ မိုင်းယောင်းတွင်မရှိဘဲ ကော်
ဟိုလွယ် ထင်းရှူးတောင်စခန်းများအား ရန်သူ
တိုက်မည်ဟု သုံးသပ်သဖြင့် သနက (၂) မှ အရန်
တပ်ခွဲနှင့်အတူ မိုင်းယုသို့ ထွက်ခွာသွားခဲ့ရာ
တိုက်ပွဲဖြစ်ပွားချိန်၌ ရတခလရ (၅) စစ်ကြောင်း
(၂)မှ တပ်ခွဲ ၂ ခွဲနှင့်အတူ မိုင်းယုအနီး ရောက်
ရှိနေပါသည်။

**...ပွဲများစတင်ဖြစ်ပွားခြင်း**

ရန်သူ့သတင်းများ မိုင်းယောင်းဗျူဟာနယ်မြေ၌
...ဘဒီက ပေါ်လျက်ရှိနေသည်။

မိုင်းယောင်းဗျူဟာမှူး ဦးစီးနည်းဗျူဟာ (၈၂)



www.burmeseclassic.com

www.burmeseclassic.com



နှင့်အဖွဲ့သည် ရတခလရ (၅) စစ်ကြောင်း (၂) နှင့် အ
မိုင်းယုဒေသသို့ ရောက်ရှိနေ၏။ ကော်ဟိုလွယ်နှင့်
ရှူးတောင်စခန်းများကို ရန်သူတိုက်မည်ဟု သုံးသ
သွားရောက်နေခြင်းဖြစ်သည်။ ဇူလိုင်လ ၃ ရက်နေ့
ထွက်ခွာသွားခဲ့ခြင်း ဖြစ်သည်။ ထိုအချိန်၌ မိုင်းယောင်း
အရန်စစ်ကြောင်းများ ၊ မရှိခဲ့ပါ။

ဗျူဟာအဖွဲ့ ထွက်ခွာသွားပြီး နောက်တ
ဇူလိုင် ၄ ရက်နေ့၌ မနက် ၀၅း၀၀ အချိန်ခန့်တွင်
ယောင်းမြို့ ပတ်ဝန်းကျင်သို့ ရောက်ရှိနေသည့် ဗကပ
(၆၈) တပ်မမှူး ရဲဒင်နှင့် စစ်အကြံပေး ဖုန်ကြား
ဦးစီးတပ်မဟာ (၈)၊ တပ်မဟာ (၆၈၅)၊ တပ်မဟာ (
နှင့် အသေခံ ကော် (၈၁၅) တပ်မဟာ အပါအဝင် အင်အား
၁၅၀၀ ခန့်သည် မိုင်းယောင်းကို ဝင်ရောက်တိုက်
ကြတော့၏။

ဗကပများသည် တိုက်ပွဲစလျှင်စချင်းပင်
ဗျူဟာ (၈၂) စခန်းကုန်း ချင်း (၃) တပ်ရင်းဌာန
နှင့် အမြောက်စခန်းများကို အင်အား ၁၀၀၀ ခန့်ဖြင့်
ဖက်လေးတန် လူခွဲကာ ဝင်ရောက် တိုက်ခိုက်ကြ



သည်။ တိုက်ပွဲအစမှာပင် ရန်သူတို့က ၆၀ မီလီမီတာ
ပြောင်းများ၊ ၈၂ မီလီမီတာစိန်ပြောင်းများ၊ ၅၇ မီလီ
တာ နောက်ပွင့်ရိုင်ဖယ်များ၊ ပွိုင့် ၅ စက်သေနတ်ကြီး
များ RPG လောင်ချာများကို တရစပ် အသုံးပြုကာ
တိုက်ခိုက်ကြသည်။ ရန်သူ၏ တိုက်စစ်ပြင်းထန်မှု၊
တ်နက်ကြီးများ ဖောဖောသီသီ အသုံးပြုမှု၊ မိမိလူ
င်အား နည်းပါးမှု တို့ကြောင့် မနက် ၀၇း၃၀ နာရီအချိန်
တွင် မိမိတို့စခန်းများအားလုံး ကျဆုံးခဲ့ရလေသည်။

ချင်း (၃) တပ်ရင်းဌာနချုပ်နှင့် ဗျူဟာကုန်းအား
တိုက်ခိုက်နေချိန်၌ ကော်တိုးကြားစခန်းမှ စစ်ကူများ ဆင်း
လာနိုင်အောင် ကော်တိုးကြားစခန်းအား ရန်သူအင်အား
၁၀၀ ခန့်မှ ပိုင်းဝန်းထိန်းချုပ် တိုက်ခိုက်ခဲ့ပါသည်။

ရန်သူသည် တပ်ရင်းဌာနချုပ်ရှိ ရုံးအဆောက်
ဦများ၊ ရိက္ခာများ၊ မော်တော်ယာဉ်များကို မီးရှို့ဖျက်ဆီး
ကြကာ အိမ်ထောင်သည် ရဲမေများ၊ ကလေးများကိုပါ
နိုင်ကျင့်သတ်ဖြတ်မှုများ ပြုလုပ်ခဲ့ပါသည်။ ပုံးခိုကျင်း
များအတွင်းသို့ လက်ပစ်ဗုံးများလည်း ယုတ်မာရက်စက်
စွာ ပစ်သွင်းခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဇူလိုင် ၄ ရက်၊ ၅ ရက် နှစ်ရက်လုံးလုံး ရန်သူ [illegible]

လက်တွင်းသို့ ချင်း (၃) တပ်ရင်းဌာနချုပ် ကျဆုံးခဲ့ပါသည် [illegible] တပ်တွင်းမိသားစုများ ၎င်းတို့၏ အနိုင်ကျင့်စော်ကား [illegible] ခံခဲ့ရပါသည်။

အမှတ် (၅) ခြေလျင်တပ်ရင်းမှ စစ်ကြောင်းသည် [illegible] မိုင်းယုကော်ဟိုလွယ်ဒေသမှ အပြင်း ပြန်လည်ချီတ [illegible] လာရာ လမ်းတစ်လျှောက် ရန်သူ၏ အဆင့်ဆင့်နှောင့်ယှ [illegible] ပစ်ခတ်မှုများနှင့် ကြုံရပြီး ဇူလိုင် ၆ ရက်နေ့ မနက် [illegible] ချင်း (၃) တပ်ရင်းဌာနချုပ်နှင့် ဗဟိုကင်း နေ့လယ် [illegible] နာရီတွင် နမ့်မလွေကုန်း၊ ၁၂ နာရီတွင် ရေစင်ကုန် [illegible] ထောက်ပံ့ရေးကုန်းများအား ရန်သူ့လက်တွင်းမှ ပြန်လ [illegible] တိုက်ခိုက် သိမ်းပိုက်နိုင်ခဲ့ပါ၏။ ဗျူဟာအဖွဲ့လည်း [illegible] လည်လိုက်ပါခဲ့ပါသည်။

အလားတူပင် မိုင်းဖြတ်မှ အပြင်းချီတက်လာသည် [illegible] ရတသနက (၁) နှင့် တပ်ခွဲ ၂ ခွဲပါ စစ်ကြောင်းသည် [illegible] ဇူလိုင် ၆ ရက်နေ့ ၁၁ နာရီ ၂၅ မိနစ်တွင် အမြောက်ကုန် [illegible] ညနေ ၅ နာရီတွင် ကြောင်စလီကုန်း၊ ၆ နာရီတွင် ကော [illegible] ဘိုးကြားစခန်းများကို ဗကပများလက်မှ ပြန်လည်သိ [illegible]



[illegible] နိုင်ခဲ့ပါသည်။

တိုက်ပွဲစဥ်တစ်ခုလုံး၌ မိမိဘက်မှ ၆၈ ဦး ကျဆုံး [illegible] ၂၂ ဦး ဒဏ်ရာရပြီး စစ်သည် ၄၃ ဦး ပျောက်ဆုံး [illegible] သည်။ လက်နက်စုံအမြောက်အမြား ဆုံးရှုံးခဲ့ပါသည်။

ရန်သူ့ဘက်မှ ၉၁ ဦး ကျဆုံး (၃၄ ဦး အလောင်းရ) ၁၁၅ ဦး ဒဏ်ရာရရှိခဲ့ပါသည်။ ရန်သူသည် [illegible] တို့၏ အလောင်းများကို မြေမြှုပ်သွားခဲ့ရာ အကုန် [illegible] ထုတ်နိုင်ခြင်း မရှိခဲ့ပါ။ ၃၄ ဦးသာ ဖော်ထုတ်စိစစ် [illegible] ခဲ့ပြီး ၉၁ ဦးမှာ ကြားဖြတ်စက်များမှ ဖမ်းယူရရှိခဲ့သည့် [illegible] တင်းဖြစ်ပါသည်။

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၅ )

## တိုက်ပွဲအသေးစိတ်ဖော်ပြချက်များ

ဗကပတို့လက်တွင်း ကျရောက်ခဲ့သော မိုင်း
[illegible]င်းမြို့ကလေးအား မိမိတို့ တပ်မတော်မှ နည်းဗျူဟာ
[illegible]၂) နှင့် ကွပ်ကဲမှုအောက်မှ သနက (၁)၊ သနက (၂)၊
[illegible] (၃) နှင့် ခလရ (၍) စုစုပေါင်း တပ်ရင်း ၄ ရင်းမှ
[illegible]တ်နုတ်အင်အားများဖြင့် ပြန်လည် တိုက်ယူခဲ့ရပါ
[illegible]ည်။

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



တပ်ရင်း ၄ ရင်းဖြစ်သော်လည်း မိမိတို့အင်[illegible] များတွင် နောက်ချန်အင်အားများ ထားရှိခဲ့ရခြင်း၊ ဗ[illegible] တို့နှင့် ရင်ဆိုင်တိုက်ပွဲများ၌ ထိခိုက်ဒဏ်ရာရ ကျ[illegible] များကြောင့် အင်အားပြုန်းတီးမှုများရှိခြင်း တို့ကြော[illegible] အင်အားပြည့်တိုက်ပွဲ ဝင်နိုင်ခြင်း မရှိခဲ့ပါ။ သို့ရာ[illegible] မိမိတို့တပ်မတော်သည် ပေးအပ်သောတာဝန်ကို ဦးထ[illegible] မသုန် ထမ်းရွက်၍ အသက်စွန့်ကာ တိုက်ပွဲဝင်ခဲ့ကြ[illegible] သည်ခင်ဗျား။ တိုက်ပွဲအသေးစိတ်များကို အောက်[illegible] အတိုင်း ဖော်ပြအပ်ပါသည်။

**တိုက်ပွဲဖြစ်စဉ်အဆင့်ဆင့်**

၁၉၈၀ ခုနှစ်၊ ဇူလိုင်လ ၄ ရက်နေ့ မနက် [illegible] နာရီခန့်တွင် ရန်သူ ဗကပအင်အား ၁၅၀၀ ခန့်သ[illegible] ၅၇ မီလီမီတာ ၄ လက်၊ ၇၅ မီလီမီတာ ၃ လက်၊ [illegible] မီလီမီတာ ၇ လက်၊ ပွိုင့်ဖိုက်စက်သေနတ်ကြီး ၇ လ[illegible] ဖြင့် ၈၀ ဖူ ဝ၄၀၅၀၀ ချိန်မှစ၍ မိုင်းယောင်းရှိ မ[illegible] စခန်းအသီးသီးအား ၁၀ မိနစ်ခန့် ပစ်ခတ်ပြီး ခြေလျ[illegible] တပ်များဖြင့် လျှိုထိပ်ကုန်း၊ ရေစင်ကုန်းတို့မှ အင်အ[illegible]



အလုံးအရင်းဖြင့် ဝင်ရောက်တိုက်ခိုက်၊ ၎င်းကုန်းများအား [illegible]မ်းထားပြီးနောက် နမ့်မလွေ့ရိပ်သာနှင့် ချင်း (၃)၊ ဘန်ကာ (၄/၈) နှင့် တပ်ရင်းရုံးတို့ကို ဆက်တိုက်ခဲ့၊ ဝ၅၃၀ ချိန် [illegible]ွင် သိမ်းပိုက်ရရှိသွားပါသည်။

ရန်သူသည် အမြောက်ကုန်းသို့လည်း အင်အား ၅၀၀ ခန့်ဖြင့် ဖူ ဝ၄၀၅၀၀ ချိန်မှစ၍ လက်နက်ကြီးများဖြင့် ပစ်ခတ်ပြီး ခြေလျင်တပ်ဖြင့် အတင်းဝင်ရောက် ကျားထိုးတိုက်ခိုက်ခဲ့ရာ ဖူ ဝ၄၀၆၂၀ ချိန် မိမိတပ်များ စခန်းမှ ခွာပေးလိုက်ရပါသည်။

ရန်သူသည် အမြောက်ကုန်း၊ ရေစင်ကုန်း၊ ချင်း (၃) ဌာနချုပ်နှင့် နမ့်မလွေ့ရိပ်သာတို့အား သိမ်းပိုက်ပြီးသည်နှင့် တစ်ပြိုင်နက်တည်းမှာပင် အင်အား ၅၀ ခန့်သည် ဘုရားရှိနိုးကျောင်းကုန်း၊ အင်အား ၁၅၀ ခန့်သည် မြို့အနောက်ဘက်တောင်ကုန်း၊ ၅၇ မီလီမီတာ ၁ လက်၊ ပွိုင့်ဖိုက် ၂ လက်နှင့် အင်အား ၁၅၀ ခန့်သည် မြို့တောင်ဘက်တွင်လည်းကောင်း၊ ဝမ်ပုံဘုရားကုန်းတွင် အင်အား ၁၀၀ ခန့်သည်လည်းကောင်း အသီးသီး ခြေကုပ်ယူထားရှိသည့်အပြင် ချင်း (၃) ဌာနချုပ်စခန်းတွင်



www.burmeseclassic.com

www.burmeseclassic.com



၇၅ မီလီမီတာ ၂ လက်နှင့် အင်အား ၅၀၀ ကျော်ခန့်မှ သိမ်းပိုက်ထားရှိပြီး ကြောင်စလီကုန်းသို့ လက်နက်ကြီးများဖြင့် ပစ်ခတ်စေခဲ့ပါသည်။

တိုက်ပွဲစဉ်အတွင်း မိမိတပ်များလုပ်ဆောင်ချက်

(၁) ချင်း (၃)။ ဘန်ကာများရှိ ကင်းစောင့်အများစုမှာ ရန်သူမှ အနီးကပ် ရုတ်တရက် အလုံးအရင်းဖြင့် ဝင်ရောက်တိုက်ခိုက်မှုကြောင့် ဆုတ်ခွာပေးလိုက်ရသည်နှင့် တစ်ချိန်တည်းမှာပင် အိမ်ထောင်သည်လိုင်းများသို့ ဗကပများ ဝင်ရောက်တိုက်ခိုက်လာခဲ့ပါသည်။ တိုက်ပွဲဖြစ်ချိန်တွင် မိုင်းယောင်း၌ အရာရှိ ၄ ယောက်၊ စစ်သည် ၁၄၇ ယောက်ရှိနေပြီး ဗကပများ ဝင်ရောက်တိုက်ခိုက်မှုကြောင့် ကျဆုံး ၁၆ ယောက်၊ ဒဏ်ရာရ ၁၂ ယောက်၊ ပျောက်ဆုံး ၂၀ ယောက်ရှိပြီး အခြေပြုမှ အားလုံးဆုတ်ခွာပေးလိုက်ရပါသည်။ ဗကပများသည် အိမ်ထောင်သည်လိုင်းများသို့ ရောက်ရှိလာပြီး ဗုံးခိုကျင်းများထဲသို့ လက်ပစ်ဗုံးများ ပစ်သွင်းခြင်း





မိန်းမ၊ ကလေးများပါမရှောင် ပစ်ခတ်သတ်ဖြတ်ခြင်းများကြောင့် အိမ်ထောင်သည် အမျိုးသမီး ၁၄ ယောက် သေဆုံး၍ ၁၅ ယောက် ဒဏ်ရာရရှိခဲ့ပါသည်။ 'စစ်သည်များ၏ ကလေးနှင့် မိုခိုသူကလေး ၂၈ ယောက် သေဆုံးပြီး ၂၅ ယောက် ဒဏ်ရာရရှိခဲ့ပါသည်။

ရတခလရ (၅)။ ပို့ဂိုင် ၅၄၀၃ မှ တပ်ရင်းမှူး ဒုဗိုလ်မှူးကြီး ကြည်ဝင်းဦးစီး ခလရ (၅) စကာ (၁) နှင့် ခွဲ (၃) ခွဲတိုက်ပွဲဖြစ်လျှင်ဖြစ်ချင်း နပဗဟာ ညွှန်ကြားချက်အရ မိုင်းယောင်းသို့ စတင်ချီတက်ခဲ့ရာ ၇ူ ၀၅၀၂၀၀ ချိန် ဝမ်တပ်သို့ ရောက်ရှိ ၀၅း၀၀ချိန် ဆက်လက်ချီတက်ရာ ကြောင်စလီကုန်းသို့ ၀၅၁၂၁၀ ချိန် ရောက်ရှိပြီး ခွဲ (၁) ခွဲ အင်အားဖြည့်တင်းထားရှိခဲ့၍ စကာ (၁) နှင့် ခွဲ (၂) ခွဲသည် မိုင်းယောင်းမြို့အား ရှင်းလင်းပြီး နည်းဗျူဟာအဖွဲ့နှင့်အတူ ၀၅၁၆၀၀ ချိန် ပူးပေါင်းခေတ္တ အခြေပြု ရတခလရ (၅) စကာ (၂) နှင့် ခွဲ



www.burmeseclassic.com

www.burmeseclassic.com



(၂) ခွဲသည် ချင်း (၃)မှ လေ့ကျင့်ရေး အရန်တပ်
နဗဟ (၈၂) ကွပ်ကဲမှုအဖွဲ့တို့နှင့်အတူ ဟိုး
ထွက်ခွာခဲ့၊ ကြောင်စလီကုန်းသို့ ၁၅၀၀ အ
ရောက်ရှိ၊ ၎င်းမှ ဆက်ထွက် လမ်းတစ်ဝက်
၀၄၁၇၀၀ ချိန်ရောက်ရှိ၊ ၁၇၁၅ ချိန်ခန့်တွင် ရန်
အင်အား ၁၅၀ ခန့်သည် မိမိတပ်ဖွဲ့ ခေတ္တအ
ပြုတောင်ကုန်းအား ဝိုင်းပတ်တိုက်ခိုက်ရာ မိ
စနစ်တကျ ခုခံတိုက်ခိုက်မှုကြောင့် ၁၇၅၀
ရန်သူများ ဆုတ်ခွာသွား။ ဝမ်ပိုရွာအနီးမှ ၀၄၁၄
ချိန်ခွဲထွက်ပြီး ရှင်းလင်းခဲ့သော ချင်း (၃)
ဌာနချုပ် တပ်ခွဲမှူး မှူးမောင်ချိုတပ်ခွဲနှင့် ခလ
(၅)မှ စု (၁) စုတို့မှာလည်း ၁၆၃၀ ချိန် ဘုရ
ကုန်းစခန်းဟောင်းရှိ ရန်သူအင်အား ၁၀၀ ခန့်
တွေ့ဆုံတိုက်ပွဲဖြစ်၊ ရန်သူမှ အပေါ်စီးရထား
၇၅ မမဖြင့် ပစ်ခတ်မှုကြောင့် မှူးမောင်ချိုသည်
ပြန်လည်ဆုတ်ခွာပြီး၊ ကြောင်စလီရှိ သဘော
တရား သင်တန်းသားများနှင့် ပူးပေါင်းခဲ့၊ ရန်
သည် လက်နက်ကြီးများဖြင့် ကြောင်စလီကုန်းအ

၀၅၁၂၀၀ ချိန်မှ ၁၃၀၀ ချိန်ထိ ပြင်းပြင်းထန်ထန်
ထပ်မံပစ်ခတ်တိုက်ခိုက်ခဲ့ရာ တပ်ခွဲမှ စစ်သည်
၂ ဦး ကျဆုံးခဲ့ပါသည်။ မှူးမောင်ချိုခွဲသည်
၀၅၁၇၀၀ ချိန် ကြောင်စလီကုန်းမှ ထွက်ခွာရာ
ရန်သူအင်အား ၁၀၀ ယောက်ခန့်နှင့် မြို့တွင်း၌
တွေ့ဆုံပစ်ခတ်မှုဖြစ်ပြီး ဝမ်မွန်ကုန်းသို့ ၂၀၀၀
ချိန် ရောက်ရှိ၊ ရတသနက (၂) ခွဲရုံး (၂) စုဖြင့်
စုပေါင်းခြေကုပ်ယူထားရာမှ အဖွဲ့ငယ်လေးများ
ဖြင့် ဖြန့်ခွဲပြီး ၇ ၀၄၂၃၄၅ ချိန်မှ စ၍ ၇ ၀၅၀၃၄၅
ချိန်ထိ ချင်း (၃) ဗဟိုကင်းသို့ ချင်း (၃) ရှပ်ရှင်ရုံ
ဘက်မှလည်းကောင်း၊ ဟိုကဲရွာဘက်သို့လည်း
ကောင်း သွေးတိုးစမ်းတိုက်ခိုက်စေခဲ့ရာ ရန်သူမှ
တုံ့ပြန်ပစ်ခတ်ခဲ့။ ၎င်းအချိန်အထိ ရန်သူသည်
နမ့်မလွေကုန်း၊ အမြောက်ကုန်း၊ ရေစင်ကုန်းနှင့်
ရင်း၌နခကုန်းများတွင် အင်အား ၃၀၀ ခန့်၊
ဟိုကဲရွာဘုန်းကြီးကျောင်းတွင် အင်အား ၁၀၀
ခန့်နှင့် ဘုရားရှိခိုးကျောင်းကုန်းဘက်တွင် အင်အား
၈၀ ခန့် ရှိနေသေးကြောင်း သိရ။ ရင်းမှူးဦးစိုး



www.burmeseclassic.com

www.burmeseclassic.com



ခလရ (၅) စက (၁/၂) ဌာနခနှင့် ခွဲ (၄) ခွဲသည်...
ချင်း (၃) ဌာနချုပ်အား ပြန်တိုက်ရေးအတွက်...
ဝ၅၁၈ဝဝ ချိန် အသေးစိတ် နေရာယူထော...
လှမ်းပြီး ရင်းမှူး ဦးစီး စက (၁) ဌာနခနှင့် ...
(၄/၅) သည် မြေပြင်အခြေအနေအရ ရင်းဌာန...
ဗဟိုကင်းအားလည်းကောင်း စက (၂) မှူး ...
အောင်ကြည် ဦးစီး စက (၂) ဌာနခနှင့် ခွဲ (၂/...
သည် ချင်း (၃) ထပရကုန်းအားလည်းကော...
တစ်ပြိုင်နက်တည်း တိုက်ခိုက်ရန် စီမံ၍ ၂၀...
ချိန် စတင်ဆောင်ရွက်ခဲ့ရာ ရင်းမှူး ဒုဗိုလ်မှူးကြီး...
ကြည်ဝင်း ဦးစီး စက (၁) နှင့် ခွဲ (၄/၅) သည်...
ခေတ္တအခြေပြုမှ အဆင့်ဆင့်ခြေကုပ်ယူ ချဉ်းကပ်...
ပြီး စစ်ကြောင်းကွပ်ကဲမှုအဖွဲ့နှင့် ခွဲ (၅) အား...
တပ်ထိပ်တွင် လက်နက်ကြီး များနှင့်အတူ ပစ်...
အတွက် နေရာယူစေပြီး ခွဲ (၄) တစ်ခွဲလုံးအား...
ဗဟိုကင်းသို့ အရှိန်အဟုန်ဖြင့် အတင်းဝင်ရောက်...
လုံးထွေးတိုက်ခိုက်စေခဲ့ ဝ၆၁၄ဝဝ ချိန်တွင် တိုက်...
စတင်ဖြစ်ပွားပြီး မိမိလက်နက်ကြီး ပစ်ကူနှင့် ...



(၄) ၏ တိုက်စစ်အဟုန်ကြောင့် ဝ၅ဝဝ ချိန် ရန်သူများ ဗဟိုကင်းမှ ဆုတ်ခွာသွားရပြီး ဗိုလ် ဝင်းမောင် ဦးစီး ခွဲ (၄) မှ ဗဟိုကင်းအား အောင်မြင်စွာ သိမ်းပိုက်ရရှိခဲ့။ စက (၁) ဌာနခနှင့် ခွဲ (၅) မှ အမြန်ဆုံးလိုက်လံပူးပေါင်းပြီး ဆက်လက် တိုက်ခိုက်ရာ ရန်သူမှ ဗဟိုကင်းအထက်ရှိ တောင် ကြောမှ ပြန်လည်ခုခံပစ်ခတ်ခဲ့၊ လက်နက်ကြီး၊ လက်နက်ငယ်မျိုးစုံဖြင့် မိနစ် ၂၀ မျှ ဒလကြမ်း ပစ်ခတ်ပြီး တဖြည်းဖြည်း ပစ်ခတ်မှုကျဲပါးသွားခဲ့။ စက (၂) နှင့် ခွဲ (၂) ခွဲ ဆက်လက်ရှင်းလင်းရာ ရန်သူမှ ပြင်းပြင်းထန်ထန် ခုခံမှုမရှိဘဲ ၁၂ဝဝ ချိန်တွင် ဗဟိုကင်းအထက်ကြော နမ့်မလွှေကုန်း၊ ရေစင်ကုန်းများအား သိမ်းပိုက်ရရှိခဲ့။ ထပရကုန်း ဘက်သို့ ချီတက်ခဲ့သော ရတခလရ (၅) စက (၂) မှူး မှူးအောင်ကြည် ဦးစီး စက (၂) နှင့် ခွဲ (၂) ခွဲသည် မိုးသည်းထန်စွာ ရွာသွန်းမှုကို အလစ် အငိုက်ယူ၍ ထပရကုန်း အောက်ခြေသို့ ချဉ်းကပ် ရာ စက (၂) တစ်ခုလုံး ဝ၆ဝ၃ဝဝ ချိန် ရောက်ရှိ



www.burmeseclassic.com

www.burmeseclassic.com



ရန်သူမှ တစ်ညလုံး မသက်သာသည့်နေရာများ
ပစ်ခတ်မှုနှင့် ရှာဖွေပြီး ဆွဲမိုင်းများ ဖောက်ခွဲနေခဲ
ဗက ဝင်းမြင့် ဦးစီး ခွဲ (၃) သည် ဒု-ဗိုလ်အုန်း
သောင်း ဦးစီး စု (၁) စု ဘက်မှလည်းကောင်း
တကက ဝင်းမောင်နှင့် စု (၁) စု ညာဘက်
လည်းကောင်း၊ တဖြည်းဖြည်းချဉ်းကပ်ခဲ့၊
ဝ၆ဝ၄ဝဝ ချိန် ခွဲ (၃) ဗက ဝင်းမြင့် ဦးစီး ချေမှုန်း
ရေး စု (၂) စုမှ ရန်သူကတုတ်များနှင့် ဆသ
မြောင်းများအတွင်းသို့ လက်ပစ်ဗုံးများ ဘီအေ
(၈၀/၅၁) ဗုံးသီးများ ပစ်သွင်းပြီး အတင်းတက်
ရောက် တိုက်ခိုက်၊ ရန်သူမှ ဆွဲမိုင်း၊ လောင်ချာ
လက်နက်ငယ်များနှင့် ပြင်းထန်စွာ ခုခံပစ်ခတ်၍
ခွဲ (၃) မှ မိမိစစ်သည် ၅ ယောက် ကျ၊ ဘ
ယောက် ဒဏ်ရာရရှိခဲ့။ စက (၂) မှူးမှ ခွဲ (၃)
တစ်စုအား မိမိကျဆုံး၊ ဒဏ်ရာရ စစ်သည်များနှင့်
လက်နက်ခဲယမ်းများအား ကောက်ယူစေခဲ့။ မိမိ
မှ ကာပစ် ပြင်းပြင်းထန်ထန် ပစ်ခတ်ပေးခဲ့သော်
လည်း ရန်သူ့လက်နက်ကြီး၊ လက်နက်ငယ်များ



ဖြင့် အနီးကပ် ပြင်းပြင်းထန်ထန် ပစ်ခတ်မှုကြောင့်
တကက ရန်ကင်းနှင့် တသ (၁) ဦး ကျဆုံးခဲ့။
ဝ၆ဝ၄၁ဝ ချိန် ဗိုလ်အေးလွင် ဦးစီး ခွဲ (၂) စုရုံး
(၂) စိပ်အား ဘယ်ဘက်မျက်နှာစာမှ ချဉ်းကပ်
စေပြီး တကက စောဝင်းနိုင် ဦးစီး စု (၁) စုအား
ညာဘက်မှ ပတ်၍ တိုက်ခိုက်စေခဲ့သော်လည်း
ရန်သူ့ပစ်ကွင်းအတွင်း ကျရောက်နေ၍ စစ်သည်
(၅)ဦး ဒဏ်ရာရရှိခဲ့၊ စစ်ကြောင်းမှူးမှ လက်နက်
ကြီးကျည်များ ကျရောက်မှုများနေ၍ ခေတ္တ ခွာစစ်
ဆင်စေခဲ့၊ မိမိမှ ခွာပေးလိုက်ပြီး (၂) မိနစ်ခန့်
အကြာ ၎င်းနေရာတစ်ဝိုက် လက်နက်ကြီးများ
တရစပ်ကျရောက်ပြီး ထပရကုန်းရှိ အဆောက်
အဦများ မီးတင်ရှို့ပြီး၊ ၎င်းမီးရောင်ဖြင့် ပစ်မှတ်
ရှာဖွေ ပစ်ခတ်ခဲ့ပါသည်။ ၎င်းမှူးမှ စက (၂)
သို့ ခွဲ (၅) တပ်ခွဲ ထပ်မံအင်အားဖြည့်တင်းပေးပြီး
ခွဲ (၂/၃/၅) သည် လျှို့အတွင်းမှ မျက်ကွယ်ယူ
ချီတက်ပြီး ဗိုလ်ဌေးလွင်ဦးစီး ခွဲ (၂) သည် ရုပ်ရှင်
ရုံနှင့် ရဲညွှန့်အိပ်ဆောင်ဘက်မှတစ်ဆင့် ချဉ်းကပ်



www.burmeseclassic.com

www.burmeseclassic.com



စေပြီး ပင်မဂိတ်မှတစ်ဆင့် လမ်းကြောင်းအတိုင်း
ဝင်ရောက်လျက် နမ့်မလေ့ရိပ်သာကုန်း ညာဘ
မျက်နှာစာအားလည်းကောင်း၊ ဗိုလ်ဝေလွင်ဦး
ခွဲ (၅) သည် ဈေးတန်းနောက် ရေချောင်းမှ
ဆင့် နမ့်မလေ့ရိပ်သာကုန်းအောက်မှ ချဉ်း
တိုက်ခိုက်ရန် တာဝန်ပေးပြီး စက်လတ် ၃ လ
အား စစ်ကြောင်းမှူး၏ ကွပ်ကဲမှုအောက်တွ
စုစည်းထားရှိကာ ၇၅ မီလီမီတာများဖြင့်
ရောက်စွာ ပစ်ကူပေးပြီး အတင်းတက်ရော
တိုက်ခိုက်စေခဲ့ရာ နမ့်မလေ့ကုန်းအား ဗိုလ်ဆွေ
လွင် ဦးစီး ခွဲ (၂) မှ ဝ၆၁၁ဝဝ ချိန် သိမ်းပိုက်
စက (၂) အဖွဲ့များ နမ့်မလေ့ကုန်းသို့ လိုက်
ပူးပေါင်းပြီး စက်လတ်၊ ၇၅ မီလီမီတာ နော
ပွင့်တို့ဖြင့် ပစ်ခတ်၍ ရေစင်ကုန်းအား ဆက်လ
တိုက်ခိုက်ရာ ဇူလိုင် ၆ ရက်နေ့ ၁၂ဝဝ
စခန်းအားလုံး ပြန်လည်သိမ်းပိုက်ရရှိခဲ့ပါသည်။



**ရှေ့တန်းသနက (၂)။** ခွဲ (၁) မှ တက စိန်
သန်းမောင် ဦးစီးစုရုံး (၂) စိတ်သည် ပွိုင့် ၃၃၃၃
တွင် အခြေပြုထားစဉ် ဇူ ဝ၄ဝ၅၁၅ ချိန်၊ ချင်း
(၃) ရင်း ဌနခအား စတင်တိုက်ခိုက်သည်နှင့်
တစ်ပြိုင်တည်း မိမိပွိုင့် ၃၃၃၃ စခန်းအား ရန်သူမှ
လက်နက်ကြီးများဖြင့် ထိန်းချုပ်ပစ်ခတ်ခဲ့၊
ဝ၄၁၆ဝဝ ချိန်တွင် ရန်သူအင်အား ပိုမိုများပြား
လာပြီး လက်နက်ကြီးများ စုပြုပစ်ခတ်လာမှု
ကြောင့် ဝ၄၁၉ဝဝ ချိန်တွင် ဆုတ်ခွာပေးလိုက်ရ။
ဝ၇၁၄၁၅ ချိန် တပ်ရင်းဌနခသို့ လာရောက်
ပူးပေါင်း၊ ဗိုလ်ဆွေမြင့် ဦးစီးခွဲရုံး (၂) ခသည်
ဝမ်ဟိုရမ်းမှ ဝ၄ဝ၇ဝဝ ချိန်ထွက် ကြောင်စလီ
ကုန်းသို့ ၁၁ဝဝ ချိန် ရောက်ရှိဆက်သွယ်မှု ပြု
လုပ်ပြီး ချင်း (၃) ရင်း ဌနခအား ပြန်လည်သိမ်း
ပိုက်ရန် မိုင်းယောင်းမြို့အား ဖြတ်ချီတက်စဉ်
ရန်သူအဖွဲ့ငယ်များနှင့် ထိတွေ့မှုဖြစ်၍ မိုင်း
ယောင်းအရှေ့ကွင်းဘက်မှ ပန်း၍ ချင်း (၃) ရင်း
ဌနခသို့ ချီတက်တိုက်ခိုက်ရာ ရန်သူ ၁၅ဝ ခန့်မှ



www.burmeseclassic.com

www.burmeseclassic.com



ပြင်းထန်စွာ ခုခံတိုက်ခိုက်၊ မိမိမှလည်း အတ
ဝင်ရောက် တိုက်ခိုက်၊ ၁၇၀၀ ချိန်မှ ၁၇၃၀
ထိ ပြင်းထန်စွာ တိုက်ပွဲဖြစ်ပွားပြီး ရန်သူ
အင်အားနှင့် လက်နက်ကြီးသာလွန်သဖြင့် ပြန်
ခဲ့ရပြီး ရင်း၌နန်ကုန်းနှင့် ဝမ်မွန်ရွာကြားရှိ တော
ကုန်းတွင် ခလရ (၅) မှ ကာကင်း (၁) ရ
၀၄၁၈၀၀ ချိန် ပူးပေါင်းခြေကုပ်ယူခဲ့ရပါသည်
တိုက်ပွဲတွင် မိမိစစ်သည် ၂ ဦး ကျ၊ ၂
ဒဏ်ရာရပြီး ၄ ဦးပျောက်ဆုံးခဲ့ပါသည်။

(၄) **ရှေ့တန်းသနက (၁)။** ဗကခင်ဖော်ဦးစီးခွဲ (
ခွဲ ထင်းရှူးတောင်မှ ၀၄၁၀၀၀ ချိန်ထွက် ဝမ်တ
သို့ ၀၄၁၈၀၀ ချိန်ရောက်၊ ဆက်ထွက် ဝမ်
ဘုရားကုန်း တောင်ခြေသို့ ၄ူ ၀၅၀၅၀၅ ချိ
ရောက်၊ ဘုရားကုန်းရှိ ရန်သူမှ ၅၇ မီလီမီတာ
လောင်ချာဖြင့် ပစ်ခတ်၊ နဗဟာအဖွဲ့နှင့်
၀၅၁၂၀၀ ချိန် ပြန်လည်ပေါင်းမိပြီး ဆက်လ
တိုက်ပွဲဝင်ခဲ့။ ရှေ့တန်း သနက (၁) ရင်းမှူး ဦးစီး





ခွဲ (၂) ခွဲသည် မိုင်းဖြုတ်မှ ၀၅၀၃၀၀ ချိန်ထွက်
ဝမ်ဖသို့ ၀၅၁၃၃၀ ချိန် ရောက်ရှိ၊ ဆက်ထွက်၊
မုန်းလိုက်သို့ ၀၅၂၀၀၀ ချိန် ရောက်ရှိပြီး ဆက်
လက်ချီတက်ခဲ့ရာ ၀၆၁၁၂၅ ချိန် အမြောက်ကုန်း
အား ရန်သူမှ ခုခံမှုမရှိဘဲ သိမ်းပိုက်ရရှိခဲ့ပါသည်။
ရှေ့တန်း သနက (၁) စစ်ကြောင်း (၂) နှင့် ခွဲ ၂
ခွဲသည် ထင်းရှူးတောင်မှ ဆင်းလာသည့် ဗိုလ်ကြီး
ခင်ဖော်တပ်ခွဲနှင့် ပူးပေါင်းပြီး မိုင်းယုမှ ၀၆၁၅၃၀
ချိန်ထွက်၊ လမ်းတွင် ၀၆၁၆၄၅ ချိန်အရောက်
ရန်သူ ၁၀ ယောက်ခန့်မှ လောင်ချာ၊ လက်နက်
ငယ်များဖြင့် ဆီးကြိုပစ်ခတ်၊ မိမိမှ ပစ်အားသုံးပြီး
တိုက်ခိုက်ရာ ၁၀ မိနစ်ခန့်အကြာတွင် ကြောင်စလီ
ကုန်းဘက်သို့ ဆုတ်ခွာသွားခဲ့၊ ၁၆၅၅ ချိန်
ဆက်လက်ထွက်ခွာခဲ့ပြီး ကြောင်စလီကုန်းအား
ဝင်ရောက်ရှင်းလင်းရာ ၁၇၁၅ ချိန် ကြောင်စလီ
ကုန်းမှ အင်အား ၃၀ ခန့်ဖြင့် ထိတွေ့တိုက်ပွဲဖြစ်၊
ဗိုလ်ကြီးခင်ဖော်ဦးစီး တပ်ခွဲ (၂)ခွဲဖြင့် ဝင်ရောက်
တိုက်ခိုက်ရာ ၁၇၅၀ ချိန် ကြောင်စလီကုန်းအား



www.burmeseclassic.com

www.burmeseclassic.com



ပြန်လည်သိမ်းပိုက်ရရှိ၊ ရန်သူ ၁ လောင်း... အမ် ၂၂ သေနတ် ၁ လက် ရရှိပြီး မိမိမှ ... ယောက်ကျပြီး အရာရှိ ၂ ယောက်၊ စစ်သည် ... ယောက်တို့ ဒဏ်ရာရရှိခဲ့ပါသည်။

(၅) **လေကြောင်းပစ်ကူ။** ဇူ ၄ ရက်မှ ၁၂ ရက်... ပီစီ (၆) ၂ စီး၊ ပီစီ (၇) ၄ စီးတို့ဖြင့် ထိရော... သော ခြေမှုန်းမှုများ ဆောင်ရွက်ခဲ့ပါသည်။

**တိုက်ပွဲအရှုံးအမြတ်**

(၁) ရန်သူ

(ကက) ကျဆုံး ၄၇ ယောက်
၃၄ လောင်း မြေပေါ်ရရှိပြီး ကျန် ...
ထုတ်ဆဲ ဖြစ်ပါသည်။

(ခခ) ဒဏ်ရာရ ၈၀ ယောက်

(၂) မိမိ

(ကက) ကျဆုံး။ အရာရှိ ၁ ယောက်
စစ်သည် ၆၆ ယော...

(ခခ) ဒဏ်ရာရ။ အရာရှိ ၄ ယောက်
စစ်သည် ၆၀ ယောက်

(ဂဂ) ပျောက်။ စစ်သည် ၄၃ ယောက်

**...ယောင်းနောက်ဆက်တွဲတိုက်ပွဲ သို့မဟုတ် ...ကော်ဟိုလွှယ်တိုက်ပွဲ**

မိုင်းယောင်းတိုက်ပွဲတွင် အထိုက်အလျောက် ...အောင်မြင်မှု ရသွားသော ဗကပများသည် သွေးကြွလျက် ...ကြ၏။ ထို့ကြောင့် ၎င်းတို့၏ မူလသတင်းလွှင့်ခဲ့သော ...ယုဒေသ ကော်ဟိုလွှယ်စခန်း တိုက်ခိုက်ရေးစီမံချက် ...အား ဆက်လက်အကောင်အထည် ဖော်ခဲ့ကြ၏။

မိုင်းယောင်းတိုက်ပွဲအပြီးတွင် တပ်မဟာ (၇၆၈)၊ ...တပ်မဟာ (၆၈၅) တို့က ၎င်းတို့၏ ဒေသများသို့ ပြန် ...လည်ဆုတ်ခွာသွားကြ၏။ ကျန်ရစ်သော တပ်မဟာ (၈) ...နှင့် ကော် (၈၁၅) မှ အင်အားစု ၈၀၀ ခန့်သည် ရတခလရ (၅) စစ်ကြောင်း (၁) နှင့် တပ်ခွဲ (၂) ခွဲ အခြေပြုထားသည့် ...ကော်ဟိုလွှယ်စခန်းအား ၁၉၈၀ ပြည့်နှစ် ဇူလိုင်လ ၁၂ ...ရက်နေ့မနက်တွင် ဝင်ရောက်တိုက်ခိုက်ကြ၏။ မိုင်းယောင်း...



www.burmeseclassic.com

www.burmeseclassic.com



တိုက်ပွဲနှင့်ဆိုသော် ရက်သတ္တ တစ်ပတ်သာခြား၏။

ထိုစဉ်က ရှေ့တန်းအမှတ် (၅) ခြေလျင်တပ်ရင်း တပ်ရင်းမှူး ဦးစီးစစ်ကြောင်း (၁) နှင့် တပ်ခွဲ (၂) ခွဲသည် ကော်ဟိုလွယ် ပင်မစခန်း (က) တောင်ကုန်း၊ (ခ) တောင် ကုန်း၊ အမြောက်ကုန်း၊ ပွိုင့်ကုန်း၊ မိုင်းယုဘုရားကုန်း စခန်းတို့၌ ဖြန့်ခွဲနေရာယူထားသည်။ ဇူလိုင်လ ၁၂ ရ နေ့ မနက် ၆ နာရီခန့်တွင် ဗကပအင်အား ၃၀ ခန့်သည် အမြောက်ကုန်း ခြေကုပ်စခန်းမှ ကင်းပုန်းတပ်စိတ်အား စတင်တိုက်ခိုက်သည်။ တစ်ပြိုင်နက် တည်းမှာပင် ကု အင်အားစုများက ၁၂၀ မီလီမီတာ စိန်ပြောင်းကြီး အ အဝင် လက်နက်ကြီးများ အလုံးအရင်းပစ်ခတ်ပြီး မိမိ တပ်စခန်းများကို အတင်းဝင်ရောက်တိုက်ခိုက်ကြတော့

မိမိတို့တပ်များသည် အင်အားဖြန့်ခွဲပြီး စခန်း ကုန်းများကို နေရာယူထားကြရာ ရန်သူ၏ **Steam Roll** **Tactics** အရ တစ်ခုချင်း အမှည့်ခြွေ သာလွန် အင်အားဖြ အတိုက်ခံရသောကြောင့် မနက် ၉ နာရီတွင် စခန်း ၂ ကျဆုံးခဲ့ရပါသည်။ တပ်ရင်းမှူးသည် (က) တောင်ကုန်းမှဆုတ်ခွာလာခဲ့ပြီး (ခ) တောင်ကုန်းစခန်း

လက်ရှိ လူအင်အားဖြင့် အပြင်းအထန် ခုခံခဲ့ပါသည်။

တိုက်ပွဲဖြစ်ပွားနေချိန်တွင် တပ်မတော် (လေ) မှ တိုက်လေယာဉ်များက ရန်သူ့နေရာများကို မျက်မြင် ပစ်ကူ ပေးခဲ့ပါသည်။

စစ်ကြောင်း (၁) ဌာနချုပ်အတိုက်ခံရသည်နှင့် မိုင်းယုဘုရားကုန်းရှိ ဗိုလ်ဝေလွင်ဦးစီး ခွဲရုံး ၂ ခုသည် မိုင်းယုတွင် ရောက်ရှိနေသည့် ရတသနက (၁) မှ ဗိုလ်ကြီး ဇော်ဦးစီး ခွဲတစ်ခွဲနှင့် ပူးပေါင်းပြီး စစ်ကြောင်းဌာနချုပ် သို့ အပြင်းချီတက်ခဲ့ကြပါသည်။ လမ်းတွင် ရန်သူဖြတ် တောက်ရေးအဖွဲ့များကို ရှင်းလင်းကာ စစ်ကြောင်း (၁) နှင့် အတင်းတိုးဖောက်ပူးပေါင်းခဲ့ပါသည်။

တပ်ရင်းမှူးသည် စစ်ကြောင်းဌာနချုပ်နှင့် စစ်ကူ အဖွဲ့များ ပူးပေါင်းမိပြီးသည်နှင့် (က) တောင်ကုန်းရှိ ရန်သူကို တန်ပြန်တိုက်ခိုက်ရာ နံနက် ၁၁၃၅ ချိန်တွင် ပြန်လည်ရရှိပါသည်။ ဆက်လက်၍ တိုက်စစ်ဆင်ရာ အမြောက်ကုန်းကို မွန်းလွဲ ၁၄၂၀ အချိန် ပြန်လည်ရရှိ ခဲ့သည်။ ရန်သူနှင့် မိမိ ဘတစ်ပြန် ကျားတစ်ပြန် ထွေးလုံး ရစ်ပတ်တိုက်ခိုက်ကြပြီး မိမိတပ်မတော်(လေ)၏



www.burmeseclassic.com

www.burmeseclassic.com



ရောက်သော ပစ်ကူပေးမှုများကြောင့် ညနေ ၁၇၀၀ ချိန်တွ[...] ဗကပများ ကော်ဟိုလွယ်စခန်းသိမ်းတိုက်ပွဲကို အောင်မြ[...] မှု မရဘဲ အကျအဆုံးများစွာနှင့် ဆုတ်ခွာသွားခဲ့ကြ[...] သည်။ ရန်သူ့အလောင်း ၂၇ လောင်း အသေရမိခဲ့[...] မိမိဘက်မှ ၁၆ ဦး ကျဆုံးခဲ့ပါသည်။

တိုက်ပွဲအသေးစိတ်အား ဆက်လက်ဖော်ပြအ[...] ပါသည်။

**တိုက်ပွဲအသေးစိတ်ဖော်ပြချက်များ**

(က) **ရန်သူ့လှုပ်ရှားလှုပ်ဆောင်ချက်။** ၁၉၈၀ ခုနှ[...] ပြည့်နှစ် ဇူလိုင်လ ၁၂ ရက်နေ့ ဝ၆၀၅ ချိန်တွ[...] စတင်၍ ကော် (၈၁၅) စစ်ဒေသမှ ရင်း (၁၃) ရင်း (၁၈) နှင့် တပ်မဟာ (၈) မှ တပ်ရင်း [...] ရင်း ပါဝင်သော ဗကပအင်အား စုစုပေါင်း ၈၀[...] ခန့်သည် ၁၂၀ မီလီမီတာ ၁ လက်၊ ၈၂ မီ[...] မီတာ ၂ လက်၊ ပွိုင့် ဖိုက် ၁ လက်၊ ၇၅ မီလီမီတာ ၁ လက်၊ ၅၇ မီလီမီတာ ၂ လက်တို့ဖြ[...] တိုက်ခိုက်ခဲ့ပါသည်။



**မိမိတပ်များ။** တိုက်ပွဲမဖြစ်မီ မိမိတပ်များ အောက်ပါအတိုင်း စုဖွဲ့ထားရှိခဲ့ပါသည်။

(၁) ရတခလရ (၅) စက (၁) နှင့် တပ်ခွဲ (၁)မှ စုရုံး (၂) စိတ် အင်အား ၄၃ ယောက်၊ ချင်း (၃) မှ ရိက္ခာစောင့် စစ်သည် ၂ ယောက်၊ စစ်မြေပြင် အင်ဂျင်နီယာစစ်သည် ၁ ယောက်၊ ပေါင်း ၄၆ ယောက်သည် ကော်ဟိုလွယ်ပင်မစခန်း (က) ကုန်းတွင်လည်းကောင်း။

(၂) တပ်ခွဲ (၁) မှူး ဗိုလ်ကြီးအုံးသိန်း ဦးစီးခွဲရုံး (၁) စုအင်အား ၃၂ ယောက် ကော်ဟိုလွယ်ပင်မကုန်း၏ (ခ) ကုန်းတွင်လည်းကောင်း။

(၃) တပ်ခွဲ (၁) မှ ဗိုလ်မြင့်ဦး ဦးစီး စိတ် (၄) စိတ် အင်အား ၂၀ ယောက်သည် အမြောက်ကုန်းတွင်လည်းကောင်း။

(၄) တပ်ခွဲ (၅) မှ ဒုဗိုလ်စိုးမောင် ဦးစီး စု (၁) စု အင်အား ၁၇ ယောက်သည် ပွိုင့်ကုန်းတွင် လည်းကောင်း။



www.burmeseclassic.com

www.burmeseclassic.com



(၅) တပ်ခွဲ (၅) မှ ဗိုလ်ဝေလွင် ဦးစီး ခွဲရုံး စု အင်အား ၄၇ ယောက်သည် မိုင်း ဘုရားကုန်း စခန်းတွင်လည်းကောင်း အ သီး ဖြန့်ခွဲထားရှိပါသည်။

(၆) ဘေးနံ့တပ်များအနေနှင့် အောက်ပါအတိုင်း ရှိနေခဲ့ပါသည်။

(ကက) ရှေ့တန်းသနက (၁) မှ ဗိုလ်ကြ ခင်ဖော် ဦးစီး ခွဲ (၂) မှ တပ် ထင်းရှူးတောင်စခန်းသို့ ပူးပေါင်း ရန် မိုင်းယောင်းမှ ချီတက်လာ ၈၀ ဖူ ၁၁၂၀၀၀ ချိန် မိုင်းယု ရောက်ရှိ ခေတ္တအခြေပြုနေခဲ့ သည်။

(ခခ) ရှေ့တန်းသနက (၁) စစ်ကြောင် (၂) နှင့် တပ်ခွဲ (၁) သည် ထင်းရှူး တောင်စခန်းတွင် ရှိနေပါသည်။

မြရတနာစာပေ

## တိုက်ပွဲဖြစ်ပွားပုံအဆင့်ဆင့်

(၁) ၁၉၈၀ ပြည့်နှစ် ဇူလိုင်လ ၁၂၀၆၀၅ ချိန်တွင် အမြောက်ကုန်း၏ အနောက်ဘက်ရှိ မိုင်းကွင်းမှ အမှတ် (၁) တိုက်မိုင်း ၂ လုံး စတင်ပေါက်ကွဲခဲ့၊ မိုင်းကွင်းအရှေ့ဘက် ကိုက် ၄၀ အကွာတွင် ကင်းပုံးဝပ်နေသော ဒု-တပ်ကြပ်အလီ ဦးစီး စိတ် (၁) စိတ်မှ မိုင်းကွဲသည့်နေရာသို့ စတင်ပစ်ခတ်ခဲ့ရာ ရန်သူအင်အား ၃၀ ခန့်မှ လက်နက်ငယ် လောင်ချာများဖြင့် ပြန်လည်ပစ်ခတ်ရာမှ တိုက်ပွဲဖြစ်ပွားခဲ့ပါသည်။ တဖြည်းဖြည်း ရန်သူအင်အား များပြားလာပြီး ဗိုင်းပတ် တိုက်ခိုက်လာသဖြင့် ၎င်းတပ်စိတ်သည် ၀၆၁၀ ချိန်တွင် အမြောက်ကုန်းသို့ ပြန်လည် ပူးပေါင်းခဲ့ပါသည်။ ထိုအချိန်တွင် မိမိစခန်းအသီးသီးတွင် စစ်သည်အားလုံး အသင့်နေရာယူပြီး လက်နက်ကြီး၊ လက်နက်ငယ်ကျည်များ ထုတ်ယူဝေငှပြီး

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပါသည်။

(၂) ဇူလိုင် ၁၂၀၆၁၀ ချိန်မှစ၍ ရန်သူသည် ၁၂၀ မီလီမီတာ ၁ လက်၊ ၇၅ မီလီမီ ၁ လက်၊ ၅၇ မီလီမီတာ ၂ လက်၊ ဖိုက် ၁၊ လက်၊ ၈၂ မီလီမီတာ ၂ လ တို့ဖြင့် ၆နေရာ ၆ နေရာမှ အမြောက်ကုန် ပင်မကုန်းအား တစ်ပြိုင်တည်း အဆ မပြတ် ပြင်းပြင်းထန်ထန် ပစ်ခတ်လာ ပါသည်။

(၃) ဗိုလ်မြင့်ဦး ဦးစီး အင်အား ၂၀ ယောက် ရာ အမြောက်ကုန်းစခန်းသို့ လက်န ကြီးများ ပစ်ခတ်မှုနှင့်အတူ ရန်သူမှ ဝိုင် ပတ်၍ အပြင်းအထန် တိုက်ခိုက်လာ ၁၂၀၈၂၀ ချိန် မိမိစစ်သည် ၃ ဦး ကျဆုံး ၂ ဦး ဒဏ်ရာရရှိပြီး ပင်မကုန်းသို့ ပြ လည်ပူးပေါင်းခဲ့ပါသည်။ ပူးပေါင်းလာ အမြောက်ကုန်းနှင့် ပင်မစခန်းကြား၌ ရန် ဖြတ်တောက်တိုက်ခိုက်မှုကြောင့် တ



တပြား ဖြစ်သွားပြီး ဗိုလ်မြင့်ဦးနှင့် စစ်သည် ၄ ဦးသာလျှင် ၁၂၃၀ ချိန် ပင်မကုန်းသို့ ပူးပေါင်းနိုင်ခဲ့ပါသည်။ ၎င်းတိုက်ပွဲတွင် ရန်သူ ၃၀ ခန့် ကျဆုံးခဲ့ပါသည်။

(၄) ရန်သူသည် အမြောက်ကုန်းစခန်းအား သိမ်းပိုက်ပြီး ၅၇ မီလီမီတာ တင်ကာ ခြေကုပ်ယူ၍ ပင်မစခန်း၏ (က) ကုန်းအား တိုက်ရိုက်ပစ်ခတ် တိုက်ခိုက်လာခဲ့ပါသည်။ လောင်ချာ ၃ လက် အား အမြောက်ကုန်းနှင့် ပင်မကုန်းအကြားတွင်ထား၍ အနီးကပ် ပစ်ခတ်ပြီး ခြံစည်းရိုးဖောက်ကာ စခန်း၏ အနောက်ဘက် မျက်နှာစာမှ အင်အား ၅၀ ခန့်၊ တောင်ဘက်မျက်နှာစာမှ အင်အား ၅၀ ခန့်ဖြင့် ဝိုင်းပတ်တိုက်ခိုက်လာပါသည်။ လက်နက်ကြီးပစ်အား စုပြုံပစ်ခတ်ပြီး ၀၈၅၀ ချိန်တွင် ပထမအကြိမ် ကျားထိုး တိုက်ခိုက်လာပါသည်။ မိမိတပ်ရင်းမှူး ကိုယ်တိုင် ဦးစီး၍ အနီးကပ် အပြင်းအထန်



www.burmeseclassic.com

www.burmeseclassic.com



ပြန်လည်တိုက်ခိုက်ခဲ့ရာ ရန်သူ ၄၀ ... ထိမှန်ဒဏ်ရာရရှိပြီး ရန်သူတိုက်စစ် ခေ... တန့်သွားပါသည်။

(၈) ရာသီဥတုကောင်းလျှင် ကောင်းချင်း ဝေ... ချိန်တွင် နယ်လှည့် ကစထ (၁) ၏ ခွဲ... ချက်အရ ဗိစိ (၇) လေယာဉ် ၄ စီး၊ ဗိ... (၆) လေယာဉ် ၂ စီးတို့အား လေကြောင်း... ပစ်ကူပေးရန် ကျိုင်းတုံမှ စေလွှတ်ပေးခဲ့... သည်။ လေယာဉ်များ ပစ်မှတ်ပေါ်မရော... မီ ၀၉၀၀ ချိန်တွင် ရန်သူမှ ဒုတိယအကြိမ်... ပစ်အားသုံး ကျားထိုးတိုက်ခိုက်လာ... ပင်မကုန်း ၂ ခုလုံးမှ တဲများ လက်နက်ကြီ... ကျည်ထိမှန်၍ မီးစွဲလောင်ပြီး ပင်မစခန်း... (က) ကုန်း ခံစည်းရိုးပေါက်သွားကာ (က)... ကုန်းဆက်သွယ်ရေးမြောင်းများအတွင်း... ရန်သူများ ရောက်ရှိလာခဲ့ပါသည်။ ၎င်း... အချိန်တွင် ဆေးလက်ထောက် ဒုအရာခံ... ဗိုလ် ကျော်မြင့်သည် ရန်သူအား ပြန်လည်...



ပစ်ခတ်ရင်း လူနာများ အား လိုက်လံဆွဲယူကုသစဉ် ၎င်းအနီးသို့ ၈၂ မီလီမီတာ ဗုံးသီးကျရောက်ပေါက်ကွဲ၍ ဦးခေါင်း ထိမှန်ကျဆုံးသွားပါသည်။ လေယာဉ်သံများ ကြားလာရပြီဖြစ်သဖြင့် ရန်သူသည် စခန်း၏တောင်ဘက် မြောက်ဘက် မိုင်းကွင်းများကိုပင် ဖြတ်ကာ (က) ကုန်း၊ (ခ) ကုန်းစခန်းများအား နှစ်ဘက်ညှပ် တိုက်ခိုက်လာခဲ့သဖြင့် ၀၉၃၀ ချိန်တွင် မိမိ ၈၁ မီလီမီတာ ၂ လက်အား (က) ကုန်းမှ (ခ) ကုန်းသို့ ပစ်ခတ်မှုကြားမှပင် ရွှေ့ပြောင်းခဲ့ရပါသည်။ ဗိုလ်မြင့်ဦး ဦးစီးသော (ခ) ကုန်းအနောက်ဘက် မျက်နှာစာမှ စစ်သည် ၂ ဦးမှာလည်း ရန်သူလက်နက်ငယ် ထိမှန်ကျဆုံးသွားကာ စစ်သည်အများအပြားဒဏ်ရာရရှိလာပြီး ခံစစ်စည်း ကျိုးပေါက်သွားပြီး တပ်ရင်းမှူးနှင့် ကျန်အင်အားစုများအား ရန်သူမှ ဝိုင်းပတ်တိုက်ခိုက်လာ



www.burmeseclassic.com

www.burmeseclassic.com



သဖြင့် တပ်ရင်းမှူးသည် လက်...
အင်အား စုစည်းကာ အတင်းထိုး...
ထွက်ခွာ၍ (ခ) ကုန်းသို့ ပူးပေါင်းခဲ့ပါသည်...
(ခ) ကုန်းသို့လည်း ရန်သူမှ လက်နက်...
များဖြင့် ဦးနှိမ်ပစ်ခတ်ထားပြီး လောင်...
လက်နက်ငယ်များဖြင့် အနီးကပ် တိုက်...
နေမှုကြောင့် (ခ) ကုန်းရှိ မိမိလက်နက်...
များအား ထိရောက်စွာ အသုံးမပြုနိုင်...
တပ်ရင်းမှူးအဖွဲ့မှ ရန်သူအား ထိုးဖော...
(ခ) ကုန်းစခန်းသို့ ပူးပေါင်းစဉ် ရန်...
ဖြတ်တောက် တိုက်ခိုက်မှုကြောင့် ...
စစ်သည်များ အထိအခိုက်များစွာဖြင့် ...
တပြား ဖြစ်သွားခဲ့ပြီး တပ်ရင်းမှူး...
အင်အား ၂၀ ခန့်သာ (ခ) ကုန်းသို့ ရော...
ပူးပေါင်းနိုင်ခဲ့ပါသည်။

(ဇ) ၀၉၁၅ ချိန်တွင် (က) ကုန်းစခန်းအ...
ရန်သူမှ လုံးဝရရှိသွားခဲ့ပြီး လေယာဉ်...
လည်း ရောက်ရှိလာပြီဖြစ်၍ တပ်ရင်းမှူး...



လေယာဉ်များအား (က) ကုန်းသို့ ဗုံးကြဲ တိုက်ခိုက်ပေးရန် ပြောနေချိန်တွင် ရန်သူသည် (က)ကုန်းတွင် အကဲစ် ၂၃ လောင်ချာ ၂ လက်တင်ပြီး လက်နက်ငယ်များပါ အသုံးပြု၍ (ခ) ကုန်းအား တစ်ဆက်တည်း တိုက်လာခဲ့ပါသည်။ ရန်သူသည် ကိုက် ၂၀ ခန့် အကွာမှပင် လောင်ချာဖြင့် ကပ်ပစ်လာပြီး ချဉ်းကပ်တိုက်ခိုက်လာသဖြင့် (ခ) ကုန်း၏ အနောက်ဘက်မျက်နှာစာမှ ခံစစ်စည်း ပေါက်လုနီး အခြေအနေသို့ ရောက်ရှိလာပါသည်။ (ခ) ကုန်း၏ အရှေ့ဘက် မျက်နှာစာတစ်လျှောက်ကိုလည်း လက်နက်ကြီးများဖြင့် ဖြတ်တောက် ပစ်ခတ်လာသဖြင့် တပ်ရင်းမှူးမှ ကျန်ရှိ စစ်သည်အားလုံးတို့အား စခန်းမှ မဆုတ်တမ်း အသက်စွန့်၍ သေသည်အထိ ရဲရဲဝံ့ဝံ့ တိုက်ခိုက်သွားကြရန်နှင့် ဆုတ်သည့်သူအား ပစ်သတ်ရန် အမိန့်ပေးပြီး အပြင်းအထန် ပြန်လည်ခု...



www.burmeseclassic.com

www.burmeseclassic.com



တိုက်ခိုက်ကြပါသည်။ လေယာဉ်များ ခေ...
ပေါ် ရောက်ရှိသော်လည်း ရန်သူနှင့်...
လုံးထွေးတိုက်ခိုက်နေသဖြင့် ဗုံးချရန်နေ...
အား လေယာဉ်သို့ အကြောင်းကြားချိန်...
မရရှိခဲ့။ ရန်သူမှာ ၅၇ မီလီမီတာနှ...
လောင်ချာများ အဆက်မပြတ်ပစ်ပြီး ...
ခေါင်းမဖော်နိုင်ချိန်တွင် လက်ပစ်ဗုံးများ...
၍ ခြံစည်းရိုးအနီးထိ ချဉ်းကပ်တိုက်ခို...
လာသဖြင့် တပ်ရင်းမှူးနှင့် တပ်ခွဲ (၁) မှူ...
ဗကအုန်းသိန်းအပါအဝင် အနောက်ဘက်...
မျက်နှာစာမှ စစ်သည် အားလုံးလို...
ထိခိုက်ဒဏ်ရာရလာပြီး အကျအဆုံးများ...
က အနီးကပ်လောင်ချာဒဏ်ကြောင့် (ခ)...
ကုန်းခံစစ်စည်း ပေါက်လုလု အခြေအနေ...
တွင် ခလရ (၅) မှ အမှတ် ၃၄၀၃၈...
တပ်သား ခင်မောင်ဦးနှင့် ချင်း (၃) မှ...
အမှတ် ၅၀၃၈၀၈ တပ်သားလှမြင့်တို့နှစ်ဦး...
သည် တစ်ယောက်လျှင် လက်ပစ်ဗုံး ၅...



လုံးစီယူဆောင်၍ ရန်သူ တရစပ် ပစ်ခတ်နေသည့်ကြားမှ (ခ) ကုန်းပေါ်မှ အောက်သို့ တစ်ဟုန်ထိုးပြေးဆင်းကာ ရန်သူ့လောင်ချာများ ပစ်ခတ်နေသည့်နေရာများသို့ အတင်း ဝင်ရောက် ပစ်ပေါက်ခဲ့ကြရာ လောင်ချာများ လုံးဝငြိမ်သွားပြီး ၎င်းစစ်သည် ၂ ဦးလည်း ဒဏ်ရာများဖြင့် စခန်းပေါ်သို့ ပြန်လည် ရောက်ရှိလာခဲ့ပါသည်။ ၎င်းတို့ ၂ ဦးသည် ဘီအေ ၆၄ သေနတ်များကိုယ်စီ ပြန်ကိုင်ကာ (ခ) ကုန်းပေါ်သို့ ဝိုင်းပတ်လာသော ရန်သူများအား ဆက်လက်၍ တရစပ်ခုခံပစ်ခတ်နေစဉ် ရန်သူ့လက်ဖြောင့်သေနတ် ပစ်ခတ်မှုကြောင့် စစ်သည် ၂ ဦးစလုံး နဖူးတွင် လက်နက်ငယ်ကျည် ထိမှန် ကျဆုံးခဲ့ပါသည်။

(၇) ထိုအချိန်တွင် ရန်သူနှင့်မိမိ ရောယှက်ရှုပ်ထွေးနေသော်လည်း တပ်ရင်းမှူး...



www.burmeseclassic.com

www.burmeseclassic.com



လေယာဉ်အား ပြန်လည်ဆက်သွယ်
မိမိတို့နှင့် ကိုက် ၅၀ ခန့်မျှသာ ကွာသည်
(က)ကုန်းမှ ရန်သူ့နေရာများအား မိမိ
နှင့် မလွတ်သည့်တိုင် ပုံးကြဲတိုက်ခိုက်
ရန် ပစ်ကူတောင်းခဲ့ပါသည်။ ၀၉၃၀ ချိန်
စ၍ ရန်သူအား ပီစီ (၇) လေယာဉ်မျ
စွန့်စွန့်စားစား မျက်မြင်ပုံးကြဲ တိုက်ခိုက်
ပါသည်။ ကော့်ဟိုလွယ်စခန်း၏ အ
အထားမှာ ဓားသွားကဲ့သို့ ကျဉ်းမြော
သဖြင့် ပုံးကြဲတိုက်ခိုက်ရန် ခက်ခဲမှုရှိ
လည်း လေယာဉ်မှူးများမှ အနီးကပ်
ဆင်းကာ အသက်စွန့်တိုက်ခိုက်ခဲ့၍ (
ကုန်းပေါ်တွင် ရောက်ရှိနေသော ရန်သူ
များစွာ အထိနာသွားပြီး လက်နက်ကြီး
ခတ်မှု ငြိမ်သက်သွားကာ ရန်သူထိုးဖော
တိုက်ခိုက်မှု ခေတ္တတန့်သွားပါသည်။

(၈) လေကြောင်းတိုက်ခိုက်မှု ပြုလုပ်စဉ် တ
မှူး ဒု–တပ်မမှူးတို့မှ စက်ဖြင့် ဆက်သွ

ညွှန်ကြားချက်အတိုင်း တပ်ရင်းမှူးသည် ကျန်ရှိ စစ်သည် ၂၀ ခန့်အား နောက်ဆုံးလူ၊ နောက်ဆုံးကျည်အထိ အသေခံ၍ ကြံ့ကြံ့ခံတိုက်ခိုက်ရန် ပစ်ခတ်မှု ထိန်းသိမ်းရင်း အနီးကပ်မှ အပိုင်ပစ်ခတ်ရန် စစ်ကူရောက်လာတော့မည်ဖြစ်ကြောင်း အားပေး၍ ရှပ်ရှပ်ချုံချုံတိုက်ပွဲဝင်သွားကြရန် ပြောကြားခဲ့ပါသည်။ ၀၉၄၅ ချိန် လေကြောင်းတိုက်ခိုက်မှုပြီးသည်နှင့် ရန်သူ့လက်နက်ကြီးများ ပြန်လည် ပစ်ခတ်လာပြီး (ခ) ကုန်းအား အပြီးသိမ်းပိုက်နိုင်ရေး သဲသဲမဲမဲ ကြိုးပမ်းတိုက်ခိုက်လာပါသည်။ မိမိ ဆသရ/စမအ စစ်သည်ပါ မကျန် လက်နက်ကိုယ်စီကိုင်၍ (ခ) ကုန်းပတ်လည်တွင် ရဲရဲဝံ့ဝံ့ ပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့ကြပါသည်။ မိမိဆက်သွယ်ရေးမြောင်းအတွင်း ဆင်းသက်လာသည့် ရန်သူ ၅ ယောက်ခန့်အား ဒုအရာခံဗိုလ် ထွန်းရှိန်နှင့် တပ်သား



www.burmeseclassic.com

www.burmeseclassic.com



မောင်ညို့တို့မှ ၅ ကိုက် အကွာတွင်ပင်
ပစ်ဖုံးများဖြင့် အသက်စွန့် ပစ်ခတ်
ခိုက်ပါသည်။ မိမိလက်ပစ်ဖုံးကြောင့်
၂ ဦးကျဆုံးကျန်ခဲ့ပြီး ရန်သူလက်
ပစ်ခတ်မှုကြောင့် ၁၀၁၅ ချိန်တွင် အ
၄၂၇၁၆၄ တပ်သား မောင်ညို နှ
လက်နက်ငယ်ထိမှန်ကျဆုံးပြီး အ
၁၂၈၃၃၇ ဒု-အရာခံဗိုလ်ထွန်းရှိန်
ဂျိုစောင်းထိ၍ ပြင်းထန်စွာ ဒဏ်ရာ
တိုက်ပွဲအခြေအနေ အပြင်းထန်ဆုံးဖြစ်
ပြီး စခန်း၏ တစ်နေရာမှ စစ်သည်
ယောက်ကျ၍ အင်အားလျော့သွားပါက
ကုန်း ရန်သူလက်သို့ ရောက်သွားနိုင်သော
အခြေအနေသို့ ရောက်ရှိလာပါသည်။
ရင်းမှူးနှင့် တပ်ခွဲမှူးတို့မှ စစ်သည်တ
ချင်းသို့ လိုက်လံကြည့်ရှုကွပ်ကဲအားပေး
ဆက်လက်တိုက်ပွဲဝင်ခဲ့ကြပါသည်။ မိုး
ကွင်းအတွင်းရှိ မိုင်းများအား ရန်သူ နှ



တိုက်မိသောကြောင့် မိမိတို့၏ အမှတ် (၁) တိုက်မိုင်း ၂၁ လုံး၊ အယ်လ်တီအမ်နင်းမိုင်း ၈ လုံး၊ စုစုပေါင်း ၂၉ လုံး ပေါက်ကွဲခဲ့ပြီး ရန်သူ ၃၀ ကျော်ထက်မနည်း ဒဏ်ရာရ ကျဆုံးစေခဲ့ကြောင်း တွေ့ရပါသည်။

(၉) မိုင်းယု ဘုရားကုန်းရှိ ရတခလရ (၅) မှ ခွဲ (၅) ခွဲမှူး ကြည်း ၁၃၉၃၂ ဗိုလ်ဝေလွင် ဦးစီးခွဲရုံး၂ စုနှင့် စက (၁) တို့ စက် အဆက်အသွယ် ရရှိ၍ ၎င်းတို့အား ပင်မ ကုန်းသို့ အမြန်ချီတက် ပူးပေါင်းစေခဲ့ပါသည်။ ၎င်းအဖွဲ့သည် အမြန်ဆုံးထွက်ခွာ လာရာ ၁၂၀၆၄၀ ချိန်တွင် ၎င်းတို့ကဲ့သို့ တိုက်ပွဲဖြစ်သံကြား၍ မိုင်းယုမှ ချီတက် လာသော ရတသနက (၁) မှ ကြည်း ၁၃၂၄၂ ဗိုလ်ကြီးခင်မော် ဦးစီးတပ်ခွဲနှင့် မိုင်းယုအနီးတွင် တွေ့ဆုံပူးပေါင်းမိပြီး ဆက် လက်ချီတက်ခဲ့ပါသည်။ ကော်ဆန်မိန်းရွာ အနီး အရောက်တွင် တောင်ကြောမှ



www.burmeseclassic.com

www.burmeseclassic.com



ရန်သူဖြတ်တောက်ရေးအဖွဲ့အင်အား ၅
ခန့် ဖြန့်ခွဲနေရာယူထားသည်ကို ထော
လှမ်းတွေ့ရှိရ၍ မူလစီမံချက်တွင် သ
မှတ်ထားသည့် အရန်စစ်ကူလမ်းကြော
လျှိုလမ်းအတိုင်း သိုသိပ်စွာ ရန်သူကို ကွ
၍ ဆက်လက်ချီတက်ခဲ့ပါသည်။ ၁၂၁၀
ချိန်တွင် ပင်မကုန်းစခန်းအနီး ဘုရားပျ
သို့ ရောက်ရှိလာကြပြီး တပ်ရင်းမှူး
အဆက်အသွယ်ယူကာ တပ်ခွဲ ၂ ခွဲလုံ
ကျားထိုးရန် ဝိုင်းထားသော ရန်သူအ
နောက်ပိုးသိပ် ပစ်ခတ်ထိုးဖောက်ပြီး စခ
အတွင်း အတင်းဝင်ရောက်ပူးပေါင်းကြ
၁၂၁၀၄၀ ချိန်တွင် ဗိုလ်ဝေလွင်တပ်ခွဲပင်
(ခ) ကုန်းသို့ ပူးပေါင်းမိပြီး ဗကခင်ဇေ
တပ်ခွဲလည်း ထက်ကြပ်လိုက်ပါ၍ တစ်ချိ
တည်း ဝင်ရောက်ပူးပေါင်းနိုင်ခဲ့ပါသည်
တပ်ရင်းမှူး၏ အစီအမံဖြင့် ဗိုလ်ဝေလွင်
ခွဲရုံး (၂) စုသည် (က) ကုန်း အရှေ့ဘက်



ကြောအတိုင်း လည်းကောင်း၊ ဗိုလ်ကြီး
ခင်ဇော် ဦးစီးတပ်ခွဲသည် မြောက်ဘက်
ပြန့်မှလည်းကောင်း နှစ်ဖက်ညှပ်၍ အဆင့်
ဆင့် အပြန်အလှန် ကာပစ် ပစ်ကူပေး၍
တန်ပြန်တိုက်ခိုက်ခဲ့ရာ ၁၂၁၁၃၀ ချိန် (က)
ကုန်းအား ပြန်လည်သိမ်းပိုက်နိုင်ခဲ့ပါသည်။
ရန်သူသည် ဒဏ်ရာရသူများကို ဆွဲယူကာ
အမြောက်ကုန်းသို့တစ်ဆင့် ဆုတ်သွားခဲ့
ပါသည်။ ရန်သူသည် အမြောက်ကုန်းမှ ပြန်
လည်ခုခံနေစဉ် ၁၂၁၁၄၅ ချိန် လေယာဉ်များ
ထပ်မံရောက်ရှိလာပြီး ပစ်ကူတောင်းချက်
အရ ၁၁၄၅ ချိန်မှ ၁၂၃၀ ချိန်ထိ ပင်မ
ကုန်းနှင့် အမြောက်ကုန်းများသို့ ဗုံးကြဲ
ပစ်ခတ်တိုက်ခိုက်ပေးခဲ့ပါသည်။ ၁၂၃၅ ချိန်
အမြောက်ကုန်းအား မိမိမှ နှစ်ဖက်ညှပ်၍
ဝိုင်းဖြတ်တိုက်ခိုက်ခဲ့ရာ ၁၄၂၀ ချိန်တွင်
အမြောက်ကုန်းအား ပြန်လည် သိမ်းပိုက်
နိုင်ခဲ့ပါသည်။ (က) ကုန်းသိမ်းပိုက်စဉ် ရန်သူ



www.burmeseclassic.com

www.burmeseclassic.com



ကော်လူမျိုး အလောင်း ၁၀ လောင်းအား
လည်းကောင်း၊ အမြောက်ကုန်းသိမ်း…
စဉ် ရန်သူ့အလောင်း ၅ လောင်းအား
လည်းကောင်း ရရှိခဲ့ပါသည်။

(၁၀) ခလရ (၅) ခွဲ (၅) မှ ကြည်း ၁၅၃၂၂၇ …
ဗိုလ်စိုးမောင်ဦးစီး တပ်စု (၁) စု အင်အား
၁၇ ယောက်သည် ကော်ဟိုလွယ်…
ကာရန်အဖြစ် နမ့်မလွေချောင်းအနီး…
ဖို့ငုံ့ကုန်းကိုလည်း ၄ ၁၂၀၉၁၅ ချိန် ရန်…
သည် ၅၇ မီလီမီတာ ၁ လက်အား ပင်…
ထားကာ အင်အား ၁၀၀ ခန့်ဖြင့် ဝိုင်း…
တိုက်ခိုက်ခဲ့ပါသည်။ ၎င်းအဖွဲ့နှင့် ပင်မကျ…
ဆက်သွယ်မှုစနစ်မှာ ဆက်သွယ်ရေး…
မရှိဘဲ ညအချိန် မီးကျည်ဖြင့်လည်းကောင်း
နေ့အချိန် ဆက်သား၊ သေနတ်သံ…
အချက်ပြဖြင့်လည်းကောင်း ဆက်သွယ်မှု…
ပါသည်။ ၀၆၁၀ ချိန်မှစ၍ ကော်ဟိုလွယ်…
ပင်မစခန်းအား ရန်သူတိုက်ခိုက်နေသည်

တိုင် ၎င်းတပ်စုသည် တပ်ရင်းမှူးနှင့်
အဆက်အသွယ် မယူ၊ အမိန့် တောင်းခံမှု
မပြုခဲ့ကြောင်း တွေ့ရပါသည်။ ၀၉၁၅ ချိန်
ရန်သူမှ တိုက်ခိုက်လာရာတွင် ပြင်းပြင်း
ထန်ထန် ခုခံမှု မတွေ့ရဘဲ စစ်သည် ၁
ဦး ဒဏ်ရာရရှိမှုဖြင့် ၁၀၃၀ ချိန် ဆုတ်
ခွာပေးခဲ့ကြကြောင်း၊ ဆုတ်ခွာရာတွင်
လည်း တိုက်ပွဲဝင်နေသည့် တပ်ရင်းမှူး
အဖွဲ့သို့ သွားရောက်ပူးပေါင်းခြင်း မပြုဘဲ
မိုင်းယုဘက် ဦးတည်ထွက်ခွာသွားကြောင်း
တွေ့ရပါသည်။ ဘုရားကုန်းတွင် ခွဲ (၅)
ရုံးနှင့် တပ်စု (၂) စုအား မတွေ့တော့၍
ဆက်လက်စုံစမ်းခြင်းမပြု၊ ကော်ဟိုလွယ်သို့
ပြန်တက်ခြင်းလည်း မရှိဘဲ ဆက်လက်
ထွက်ခွာသွားခဲ့သည်ကို တွေ့ရပါသည်။

(ဃ) တိုက်ပွဲစဉ်တစ်လျှောက်လုံးတွင် အမှတ် (၁)
စစ်ဆင်ရေး အထူးအဖွဲ့မှူးကိုယ်တိုင် ကျိုင်းတုံ…



www.burmeseclassic.com

www.burmeseclassic.com



တွင် ရောက်ရှိနေပြီး တိုက်ပွဲတွင်းသို့ ညွှန်ကြ... ကြပ်မတ်ပံ့ပိုး ဆောင်ရွက်ပေးခဲ့ပါသည်။ ဒုတ... တပ်မမှူး ဗိုလ်မှူးကြီးမြင့်အောင်သည် လှုပ်ရှာ... တမခ (၈၈) အနေဖြင့် မိုင်းယောင်းတွင် အခြေ... ဆက်သွယ်မှုရယူကာ အားပေးတိုက်တွန်း ကြ... မတ်ပေးခြင်း၊ တပ်မမှူးသို့ ဆက်သွယ်တင်ပြ... လေယာဉ်အကူ၊ စစ်ကူများ စီစဉ်ဆောင်ရွက်ပေး... ခဲ့ပါသည်။ တပ်မမှူးသည် ဒုတပ်မမှူး၏ စစ်... အဖွဲ့ စေလွှတ်မှုများ အပေါ်တွင် လမ်းကြောင်း... အတိုင်း ချီတက်ခြင်းမပြုရန် ဝမ်တပ်ရောက်လှ... ကားလမ်းမြောက်ဘက် တောင်ကြောလမ်းအတိုင်း... ချီတက်ရန်။ ရန်သူသည် လွယ်နမ့်တောင်းကြော... လည်းကောင်း၊ ကော်ဟိုလွယ်စခန်း၏ မြောက်... ဘက်ကြောမှလည်းကောင်း မိမိအား တိုက်ခိုက်... နေသဖြင့် ရန်သူနောက်ကျောမှ ဝိုင်းပတ်တိုက်... ခိုက်နိုင်ရန် စစ်ကူအဖွဲ့အား လွယ်နမ့်တောင်... ဘက်မှ ဝင်ရောက်ရန် ညွှန်ကြားခဲ့ပါသည်။



ဤတိုက်ပွဲမှာ ဇူလိုင်လ ၄ ရက်နေ့တွင် မိုင်းယောင်းတိုက်ပွဲတွင် အမြတ်အစွန်း ရရှိသွားသော သွေးကြွနေသည့် ကော် (၈၁၅) သည် ဆက်လက်၍ စစ်အရှိန်မြှင့်လိုခြင်း၊ နိုင်ပွဲဆက်လိုခြင်းနှင့် စခန်းသိမ်း အမြတ်ထုတ်တိုက်ပွဲ ဆင်နွှဲလိုခြင်းများကြောင့် ကော်ဟိုလွယ်စခန်းအား ဇူလိုင်လ ၁၂ ရက်နေ့တွင် သာလွန်အင်အားဖြင့် တိုက်ခိုက်ခဲ့ခြင်း ဖြစ်ပါသည်။

**တိုက်ပွဲအရှုံးအမြတ်**

(၁) ရန်သူ

(ကက) ကျဆုံး ၂၇ လောင်း (အလောင်းရ)

(ခခ) ဒဏ်ရာရ ၈၀ ယောက်ခန့် (ကြားဖြတ်စက်နှင့် မြေပြင်သတင်း ထောက်လှမ်းချက်အရ)

(၂) မိမိ

(ကက) ကျဆုံး

ရတခလရ (၅) ၁၄ ယောက်



www.burmeseclassic.com

www.burmeseclassic.com



ရတာ ချင်း (၃) ၁ ယောက်
ရတာ သနက (၁) ၁ ယောက်

(၁၁) ဒဏ်ရာရ

ရတာ ခလရ (၅) ၂၂ ယောက်
ရတာ သနက (၁) ၃ ယောက်

(၈၈) ပျောက်ဆုံး

ရတာ ခလရ (၅) ၁ ယောက်

**လေကြောင်းပစ်ကူပေးမှုများ**

မိုင်းယောင်းတိုက်ပွဲနှင့် ကော်ဟိုလွယ်တိုက်ပွဲစဉ်များတွင် မိမိတို့လေတပ်မတော်၏ ပါဝင်တိုက်ခိုက်မှုမှာ အထူးအရေးပါလှ၏။ အထူးသဖြင့် ကော်ဟိုလွယ်တိုက်ပွဲတွင်ဖြစ်၏။ ကော်ဟိုလွယ်တိုက်ပွဲ၌ ရန်သူသည် မိမိတို့စခန်းကုန်း အားလုံးလို ရလုနီးနီး နောက်ဆုံးစခန်းကုန်းတစ်ခုသာကျန်သည့်အချိန်၌ မိမိတို့ ပုံးကြဲလေယာဉ်များ ရောက်ရှိသွားပြီး ကိုယ့်စခန်းများပေါ် ကိုယ် ပုံးပြန်ကြဲချမှ စခန်းများပေါ် ရောက်နေသည့် ရန်သူများ အထိနာသွားပြီး အပြီးသတ် တိုက်စစ်အဟုန် လျော့ကျသွားတော့၏။ အကြိမ်ကြိမ်





ဗိုလ်မှူးချုပ် ခင်မောင်တင် (ငြိမ်း)
ယခု နိုင်ငံခြားရေးဝန်ကြီးဌာန

www.burmeseclassic.com

www.burmeseclassic.com



မိုင်းယောင်းတိုက်ပွဲတွင် ပါဝင်ခဲ့သည့် တပ်မတော်(လေ)မှ ပီစီ-၆ ဗုံးကြဲလေယာဉ်



ကြဲပစ်ခတ်ပြီး ခြေလျင်စစ်ကူများ ရောက်ချိန်ထိ လေ ကြောင်းမှ ရန်သူကို ဟန့်တားထားနိုင်ခဲ့ပါသည်။ ဤကိစ္စ တ်သက်၍ ထိုစဉ်က ထိုတိုက်ပွဲစဉ်များတွင် ကိုယ်တိုင် ဝင်ခဲ့သည့် မြန်မာ့တပ်မတော်(လေ)မှ ဗိုလ်မှူးချုပ် မောင်တင်၏ ရေးသားဖော်ပြချက်များကို ကာယကံရှင်၏ ပါရောင်မြေပြင်အထက်မှ လင်းလက်သော ကောင်းကင် စာအုပ်မှ အောက်ပါအတိုင်း ကူးယူဖော်ပြအပ်ပါသည် များ။

**ရန်အောင် (သို့မဟုတ်) ကျွန်တော်သိမီသော ကြီးကျယ်ဆုံးလေကြောင်းအကူ**

ကျိုင်းတုံ၏ အနောက်မြောက်ဇရိယာနှင့် သံလွင် ရှေ့ခြမ်းရှိ ဗကပတို့ကို တပ်မတော်က အပြတ်အသတ် တ်ခိုက်ချေမှုန်းခဲ့သော မင်းရန်အောင် စစ်ဆင်ရေးကြီး ၁၉၇၉ ခုနှစ် ဒီဇင်ဘာလမှ ၁၉၈၀ ပြည့်နှစ် ဇန်နဝါရီ အတွင်း ဆက်လက်ဆင်နွှဲခဲ့သည်။ ဒုတိယဗိုလ်ချုပ်ကြီး ဆွေက အမှတ် (၇၇) ခြေမြန် တပ်မဌာနချုပ်မှူးတာဝန် ထမ်းဆောင်နေစဉ် ဤစစ်ဆင်ရေးကြီးကို ကွပ်ကဲကြီး



www.burmeseclassic.com

www.burmeseclassic.com



ကြပ် ဆင်နွှဲခဲ့ကြောင်း ဒုတိယဗိုလ်ချုပ်ကြီးကိုယ်တိုင် … သားသည့် သေတစ်နေ့ မွေးတစ်နေ့ စာအုပ်တွင် ဖော်… ရပါသည်။ ထိုစာအုပ်ထဲတွင် ဤစစ်ဆင်ရေးကို ကွပ်… နေစဉ် စစ်ရုံးက သတင်းပို့ခေါ်ကြောင်း ရေးသားထား… အမှတ် (၇၇) ခြေမြန် တပ်မဌာနချုပ်မှူးကို ဒီဇင်ဘာ… နောက်ဆုံးအပတ်အတွင်း မိတ္ထီလာမှ မော်ဘီသို့ ထိုစဉ်… ပို့ဆောင်ပေးခဲ့သော ပီစီ (၆) လေယာဉ်ကို ကျွန်တော်… မောင်းနှင်ခဲ့ရပါသည်။ ထိုစဉ် ကျွန်တော်က မင်းရန်အောင်… စစ်ဆင်ရေးတွင် ပါဝင်ဆောင်ရွက်နေရာမှ တပ်မမှူး… သီးခြားတစ်ခေါက် ပို့ဆောင်ပျံသန်းပေးခဲ့ရပါသည်။

ဤစစ်ဆင်ရေးကြီးတွင် တပ်မတော်(လေ)မှ … (၃၃) တိုက်လေယာဉ် ၄ စီး၊ ပီစီ (၇) တိုက်လေယာဉ် … စီး၊ ပီစီ (၆) လေယာဉ် ၂ စီး၊ ဘဲလ် (၂၀၅) ရဟတ်ယာဉ်… ၆ စီး၊ ဘဲလ် ၂၀၆ ရဟတ်ယာဉ် ၂ စီး စုစုပေါင်း… လေယာဉ်၊ ရဟတ်ယာဉ် ၂၃ စီး ပါဝင်ခဲ့သည်။ ကျိုင်း… ဒေသ ပန်မကောက်၊ လွယ်ဆီး၊ ဆွတ်ရ၊ ရောက်ခေါ… မိုင်းပေါက်၊ ဟိုကာ၊ ပန်ကောက်၊ လွယ်ချို၊ ရောင်အော… ပန်ရောင်းတို့တွင် အခိုင်အမာ ခံစစ်ဆင်နေသော ဗကပ…



…ကို အမှတ် (၇၇) ခြေမြန်တပ်မဌာနချုပ် ကွပ်ကဲမှု …အောက် တပ်ရင်းများက ပြင်းထန်စွာ တိုက်ခိုက်ချေမှုန်း …သည်။ ဤစစ်ဆင်ရေးတွင် တီ (၃၃) လေယာဉ် ၄ စီးသာ …မ်းတဲ၌ တပ်စွဲခဲ့ပြီး ကျန်လေယာဉ်၊ ရဟတ်ယာဉ် ၁၉ …မှာ နမ့်စန်တွင် တပ်စွဲခဲ့ပါသည်။ နမ့်စန်တပ်ဆွယ်မှူးမှာ …တိယဗိုလ်မှူးကြီးတင်ရွှေ ဖြစ်ပြီး စစ်ဆင်ရေးအရာရှိမှာ …ဗိုလ်ကြီးစိုးဝင်း ဖြစ်သည်။ ဗိုလ်ဇင်ယော်နှင့် ဗိုလ်ဌေးအောင် …တို့က ပီစီ (၇) လေယာဉ်ဖြင့်ပါဝင်ဆင်နွှဲခဲ့သည်။ လေသူရဲ …တော်မှုလက်မှုအရာရှိ စစ်သည်များဖြင့် နမ့်စန်တပ်ဆွယ် …မှာ စည်ကား၍ နေသည်။ အလွန်ချမ်းအေးလှသော …ဆောင်းရာသီဖြစ်သော်လည်း ညဘက်တွင် ဝိုင်းဖွဲ့ကာ …အားကြသောက်ကြပြီး စကားတွေ ဖောင်ဖွဲ့ကာ ပျော်စရာ …ကောင်းလှပါသည်။ အားလုံးလည်း အတော်ပင်ပန်းကြ …သည်။

ဤစစ်ဆင်ရေးကို အစအဆုံး ပါဝင်ခဲ့ရာတွင် ကျွန်တော်နှင့် ကိုအောင်မြင့်က ပီစီ (၆) လေယာဉ် တစ်စီးဖြင့် ပထမပိုင်း လားရှိုး၊ ၎င်းနောက် နမ့်စန်၊ ၎င်းနောက် ကျိုင်းတုံ၌ တပ်စွဲကာ ဤစစ်ဆင်ရေးကို ဆောင်ရွက်ခဲ့ပါ…



www.burmeseclassic.com

www.burmeseclassic.com



သည်။ ကျိုင်းတုံ၌ တပ်စွဲပြီးနေစဉ် ကျွန်တော်၏ သွား...
ချောင်းမှာ အတော်နာနေသဖြင့် ပါလျှန် ဘုရားဘက်...
နေသော သွားဆရာဝန်ကို ပြသရာ ဆရာဝန်က တ...
တည်း နုတ်လိုက်ပါသည်။ နုတ်ရာတွင် အမြစ်က ကျိုး...
ကျန်ခဲ့သဖြင့် စက်နှင့်ထွင်းထုတ်ရသည်။ ထို့နောက် ဂွမ်း...
ကိုက်လျက် ဖိုးချင်းရိပ်သာသို့ ပြန်ရောက်ရောက်ချင်း...
လေယာဉ်တက်ရမည်ဆို၍ လေဆိပ်သို့ ပြေးခဲ့ရသည်...
ထိုနေ့က သွေးတွေနှင့် ဂွမ်းစကြီးကိုကိုက်ကာ ဗုံး ၄ ခေါ...
တက်ကြဲခဲ့ရလေသည်။ နမ့်စန်တွင် စတင်တပ်စွဲသည်...
ကတုတ်ကျင်းများကို ကိုယ်စီတူးကြရသည်။ ရက်သ...
နှစ်ပတ်ခန့်ကြာသောအခါ ညဘက်တွင် လေယာဉ်...
လုံခြုံရေး စိတ်မချရဟုဆိုကာ ကျွန်တော်တို့ကို မိတ္ထီ...
သို့သွား၍ အိပ်နိုင်းပါသည်။ မနက် နေထွက်ချိန်...
မိတ္ထီလာမှ နမ့်စန်၊ ကျိုင်းတုံသို့တက်လာပြီး ဗုံးကြဲပျံသ...
ကာ ညနေတွင် ကျိုင်းတုံ နမ့်စန်မှ မိတ္ထီလာသို့ ပြန်ခဲ့...
ညနေဆည်းဆာတွင် လေယာဉ်ဦးတည်ရာ အနောက်...
ဆီ၌ ပုပ္ပါးတောင်ကြီးက မိုးကုတ်စက်ဝိုင်းပေါ်တွင် ထိုးထွ...
နေပြီး ပုပ္ပါးတောင်နှင့် ပန်းနုရောင်တိမ်စိုင်များအကြား...





...သန်းနီကြီး ဝင်သွားသည်ကို မိတ္ထီလာကွင်း ဆင်းခါနီး
...နှင့် ဆွတ်ပျံ့ကြည်နူးဖွယ် မြင်တွေ့ရလေသည်။

၁၉၈၀ ပြည့်နှစ် ဇန်နဝါရီလ ၁၁ ရက်နေ့တွင်
...သူ့စခန်းအားလုံး သိမ်းပိုက်ရရှိကာ ဗကပတို့ အကျ
...ဆုံးများစွာနှင့် ဆုတ်ခွာသွားကြတော့သည်။ တပ်မတော်
...သ)မှ လေယာဉ်၊ ရဟတ်ယာဉ် ၂၃ စီး ဤစစ်ဆင်
...၌ ပါဝင်ခဲ့ရာ အနီးကပ်လေကြောင်းပစ်ကူ ၆၀၇ ခေါက်
...သန်းကာ ဒသမငါး ကျည် ၂၉၇၄၇ တောင့်၊ ၂၀ ၇၅
...က်မ ဒုံးကျည် ၁၁၀၅ စင်းဖြင့် ဗကပစခန်းများကို ပစ်
...တ်ချေမှုန်းခဲ့သည်။ ပီစီ (၆) နှင့် ပီစီ (၇) လေယာဉ်များမှ
...ကြဲချခဲ့သော ဗုံးအလေးချိန်မှာ ပေါင်တစ်သိန်းရှစ်သောင်း
...ကျော် ၁၈၀၉၄၀ ပေါင် ဖြစ်ပါသည်။ ရဟတ်ယာဉ်များက
...လက်နက်ခဲယမ်း၊ ရိက္ခာ၊ လူနာနှင့် ခရီးသည် အလေးချိန်
...ပေါင် ငါးသိန်းကျော် ၅၆၇၆၃၅ ပေါင်ကို ၁၀၅၂ ခေါက်
...သန်းသယ်ဆောင်ပေးခဲ့ရသည်။ ဤစစ်ဆင်ရေးတွင်
...လေယာဉ်စင်းရေ၊ ပစ်ခတ် တိုက်ခိုက်ခဲ့သော ခေါက်ရေ၊
...ကြဲချခဲ့သော ဗုံးအရေအတွက်နှင့် အလေးချိန်၊ ရဟတ်ယာဉ်
...သယ်ယူပို့ဆောင်ပေးခဲ့သော ခေါက်ရေ၊ လက်နက်ခဲယမ်း၊



www.burmeseclassic.com

www.burmeseclassic.com



ရိက္ခာ၊ လူ အလေးချိန်များကို အခြားစစ်ဆင်ရေးများ နှိုင်းယှဉ်ကြည့်ပါက ကျွန်တော်၏ စစ်မှုထမ်းသက်တ တစ်လျှောက်တွင် ဤမင်းရန်အောင်စစ်ဆင်ရေးကြီးသည် အကြီးကျယ်ဆုံးသော လေကြောင်းအကူပေး စစ်ဆင် ကြီးဖြစ်ကြောင်း အခိုင်အမာ သက်သေထူလျက် ရှိ တော့သည်။

ဤစစ်ဆင်ရေးကာလတွင် တီ (၃၃) နှင့် (၇) လေသူရဲများမှာ အုပ်မှူး ဗိုလ်မှူးဇော်ဝင်း၊ အုပ် ဗိုလ်မှူးစိန်မြင့်၊ ဗိုလ်မှူးမျိုးတင်၊ ဗိုလ်မှူးခင်မောင်လ ဗိုလ်မှူးသိန်းမြင့်၊ ဗိုလ်မှူးလှမြင့်၊ ဗိုလ်မှူးထွန်းမြ ဗိုလ်မှူးခင်မောင်ဝင်း၊ ဗိုလ်မှူးခင်မောင်မြင့်၊ ဗိုလ်မှူးကျော် အောင်၊ ဗိုလ်မှူးမြင့်သိန်း၊ ဗိုလ်မှူးဝင်းဦး၊ ဗိုလ်မှူးအ မြင့်၊ ဗိုလ်ကြီးကြည်ဝင်း၊ ဗိုလ်ကြီးခင်မောင်မြင့်၊ ဗိုလ်ကြီး ခင်မောင်ဦး၊ ဗိုလ်ကြီးရဲထွဋ်၊ ဗိုလ်ကြီးအောင်ကြီး၊ ဗိုလ်ကြီး တင့်ကို၊ ဗိုလ်မြတ်ဟိန်း၊ ဗိုလ်တင်မောင်ထွန်း၊ ဗို ဦးကျော်ဇံ၊ ဗိုလ်အောင်ကျော်စိုး၊ ဗိုလ်ဇင်ယော်၊ ဗို ဌေးအောင်တို့ ဖြစ်ကြသည်။

ပီစီ (၆) လေသူရဲများမှာ အုပ်မှူး ဗိုလ်မှူးမြသ



ကြီးသိန်းဆွေ၊ ဗိုလ်ကြီးလှထွန်း၊ ဗိုလ်ကြီး ခင်မောင် ဗိုလ်ခင်မောင်တင်၊ ဗိုလ်ကိုကို၊ ဗိုလ်အောင်မြင့်၊ တင်နိုင်ထွန်း၊ ဗိုလ်ထင်လင်း၊ ဗိုလ်မင်းဇော်၊ ဗိုလ်ကြီး ဘို၊ ဗိုလ်ဘုန်းမောင်မြင့်၊ ဗိုလ်စိန်မြင့်တို့ ဖြစ်သည်။

ဤစစ်ဆင်ရေးတွင် မိတ္တီလာ ဘဲလ် (၂၀၅) နှင့် ဘဲလ် (၂၀၆) ရဟတ်ယာဉ်အုပ်မှ အုပ်မှူး ဗိုလ်မှူးမောင် မောင်ဌေး၊ အုပ်မှူး ဗိုလ်မှူးဇော်ဝင်း၊ ဗိုလ်မှူးတင့်ဆွေ၊ မှူးမောင်မောင်လတ်၊ ဗိုလ်မှူးလှဘို၊ ဗိုလ်မှူးမောင် မောင်ရွှေ၊ ဗိုလ်ကြီးကျော်စိုးမြင့်၊ ဗိုလ်ကြီးဘုန်းမြင့်ရွှေ၊ ဗိုလ် ကြီးတင်ဝင်း၊ ဗိုလ်ကြီးသန်းအောင်လတ်၊ ဗိုလ်ကြီးဌေးလွင်၊ ဘုန်းကျော်ရွှေ၊ ဗိုလ်ခင်မောင်သန်း (၃၈) ပီနှင့် (၃၉) ရဟတ်ယာဉ်လေသူရဲအချို့ ပါဝင်ခဲ့ကြသည်။

အထိနာသွားသော ဗကပတို့သည် ၁၉၈၀ ပြည့်နှစ် လိုင်လတွင် အရှေ့ပိုင်းစစ်ဌာနချုပ်နယ်မြေ မိုင်းယောင်း ဝင်ရောက်တိုက်ခိုက်ခဲ့သည်။ ဇူလိုင်လ ၄ ရက်နေ့တွင် တပ်ရင်းများက လက်နက်ကြီးပစ်ကူ၊ လေကြောင်း ကူတို့ဖြင့် အပြင်းအထန် ပြန်လည်တိုက်ခိုက်ချေမှုန်းခဲ့ ဖြင့် ဇူလိုင်လ ၆ ရက်နေ့တွင် ဗကပတို့သည် အကျ



www.burmeseclassic.com

www.burmeseclassic.com



အဆုံးများစွာဖြင့် ဆုတ်ခွာသွားခဲ့သည်။ ဗကပအလော
၉၁ လောင်း ကျန်ရစ်သည်။ မိုင်းယောင်းတိုက်ပွဲ
တပ်မတော်(လေ)မှ ပီစီ (၇) တိုက်လေယာဉ်နှင့် ပီစီ
လေယာဉ်များပါဝင်ပြီး ဆုတ်ခွာသော ဗကပတို့အား
လ ၁၄ ရက်နေ့အထိ လေကြောင်းမှ လိုက်လံချေ
သုတ်သင်ခဲ့သည်။ ဤမိုင်းယောင်းတိုက်ပွဲသည် လေ
အောင် ဒေသန္တရစစ်ဆင်ရေးတိုက်ပွဲစဉ်များတွင် ပါဝင်သ
၁၉၈၁ ခုနှစ် ဒီဇင်ဘာလ ၄ ရက်နေ့တွင် မိုင်းယုန်း ဗ
တို့အား ခြေလျင်တပ်ရင်းများမှ ချေမှုန်းတိုက်ခိုက်ရာ
ပီစီ (၇) တိုက်လေယာဉ်များအား ဗိုလ်မှူးစိန်မြင့်၊ ဗိုလ်
ကျော့ထွန်းကြိုင်၊ ဗိုလ်ကြီးကြည်ဝင်း၊ ဗိုလ်ဌေးအောင်၊
ဆန်းဦးလှိုင်၊ ဗိုလ်မျိုးသန့်တို့ မောင်းနှင်၍ လေကြော
ပစ်ကူပေးတိုက်ခိုက်ခဲ့သည်။

ဤသည်မှာ ကျွန်တော် ပါဝင်တိုက်ခိုက်ခဲ့သေ
ကျိုင်းတုံ မိုင်းယောင်းဒေသ လေကြောင်းတိုက်ပွဲများ
ခင်ဗျား။

■



# အခန်း ( ၆ )

## တိုက်ပွဲသုံးသပ်ချက်နှင့် သင်ခန်းစာဖော်ထုတ်ချက်များ

### ရန်သူ့အပေါ် သုံးသပ်ချက်များ

ဗကပတို့သည် သာလွန်အင်အားစုဖွဲ့၍ မိုင်းယောင်းအား နာရီပိုင်းအတွင်း ရရှိအောင် တိုက်သွားနိုင်ခဲ့ကြသည်။ ထို့ကြောင့် ရန်သူ့အားသာချက်နှင့် အားနည်းချက်များကို အောက်ပါအတိုင်း သုံးသပ်တင်ပြအပ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



**တပ်အင်အားရရှိအောင် စုဖွဲ့နိုင်ခြင်း**

(၁) ဤတိုက်ပွဲကြီး၌ ရန်သူသည် တပ်စုဖွဲ့မှု အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်နိုင်ခဲ့သည်။ ထိုအချိန်က ကော် (၈၁၅) တပ်မဟာတွင် ရှ အင်အား ၄၀၀ ကျော်၊ ၅၀၀ ခန့်သာရှိသည်။ မိုင်းယောင်းမြို့ကို ကျသွားအောင် တိုက်နိုင်သည့် အင်အား မရှိပါ။ ဗကပတို့၏ တိုက်ခိုက်ရေး ကြွေးကြော်သံဖြစ်သည့် "ရန်သူတစ်ဆကို မိမိ ဆယ်ဆနှင့် တိုက်ရမည်" ဟူသော ပေါ်လစီအ မိမိတို့အင်အား ၁၀ ဆခန့်ရအောင် အောက်ပါ အတိုင်း စုဖွဲ့ခဲ့သည်။

ကော် (၈၁၅) တပ်မဟာမှ အမာခံတိုက်ခိုက်ရေးအင်အား ၅၀၀ ခန့်ရအောင် စုဖွဲ့ ခဲ့သည်။ ကော် (၈၁၅) တပ်မဟာဌာနချုပ်သည် မိုင်းယ နှင့် မဝေးလှသော ဝမ်ဆော ဝမ်ဖိုင်တွင် ရှိသည်။ ၎င်းနောက် မိုင်းမ၊ မိုင်းလားရှိ တပ်မဟာ (၈) မှ အင်အားစုအချို့ကို ခေါ်ယူခဲ့သည်။ တပ်မဟာ (၈) မှ အင်အား ၄၀၀ ခန့်သည် ဝမ်ကျင်းဆန်တော

မြရတနာစာပေ

ကိုဖြတ်၍ မိုင်းယောင်းဒေသသို့ ရောက်ရှိလာခဲ့သည်။ ၎င်းတို့၏ ယရက်မတိုင်မီ ဖြစ်၏။ ထိုနည်းတူ မိုင်းယန်းအရှေ့ဘက် ဆီလူးတွင် အခြေပြုထားသည့် ရှမ်းတပ်မဟာ ခေါ် တပ်မဟာ (၇၆၈) မှ အင်အား ၂၀၀၊ ၃၀၀ သည်လည်း နမ့်မလွေချောင်းကိုဖြတ်၍ မိုင်းယောင်းနှင့် ကျိုင်းတုံကြားသို့ တိုက်ပွဲကာလမတိုင်မီမှာပင် ရောက်ရှိလာခဲ့သည်။ နောက်ဆုံးရောက်ရှိလာသည့်တပ်မှာ မိုင်းခတ်မြောက်ဘက် မိုင်းပေါက်တွင် စုဖွဲ့ထားသော တပ်မဟာ (၆၈၅) ဖြစ်၏။ တပ်မဟာ (၆၈၅) မှ အင်အား ၂၀၀၊ ၃၀၀ သည် မိုင်းခတ်နှင့် မိုင်းယန်းကို ရှောင်ကွင်း၍ နမ့်မလွေအရှေ့ခြမ်းမှတစ်ဆင့် မိုင်းယောင်း ဒေသသို့ ၎င်းတို့၏ ယရက်မတိုင်မီမှာပင် ရောက်ရှိလာခဲ့သည်။

ဤသို့အားဖြင့် မိုင်းယောင်းတိုက်ပွဲဖြစ်ပွားသည့် ၁၉၈၀ ခုနှစ် ဇူလိုင်လ ၄ ရက်နေ့မတိုင်မီ ၃၊ ၄

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



၅ ရက်အလိုမှာပင် ဗကပတို့သည် ၎င်းတို့၏တ
များကို ဖြန့်ခွဲပြီး မိုင်းယု၊ မိုင်းယောင်းဒေသ
အသင့် စုဖွဲ့ထားရှိနိုင်ခဲ့သည်။ အင်အားမှာ ၁၅
ခန့် ဖြစ်၏။

**သတင်းလုံခြုံမှုရှိခြင်း**

၃။ ရန်သူသည် မိုင်းယောင်းဒေသသို့ ၎င်းတို့၏
အင်အား ၁၅၀၀ ခန့် ရောက်ရှိနေသည်ကို မိမိ
တပ်များ မသိအောင် ခြေလုံလက်လုံ နေနိုင်
ကြသည်။ အထူးသဖြင့် မိုင်းယောင်းပတ်ဝန်းကျ
ပြန့်အစပ်က တောင်များပေါ်၌ ၎င်းတို့၏ တပ်များ
ကို ကျစ်လျစ်စွာ လျှို့ဝှက်နေနိုင်ခဲ့သည်။ ဒေသ
ကျေးရွာများမှာ ၎င်းတို့နှင့်လူမျိုးတူ ကော် (ခေ
အခါလူမျိုးများ တောင်ပေါ်ရှမ်းများ၊ တိုင်းလိ (ခေ
လိရှမ်းများ ဖြစ်ကြရာ မကင်းရာမကင်းကြောင်
ဆွေမျိုးများပါနေသဖြင့် သတင်းမပေါက်ကြာ
အောင် ထိန်းသိမ်းနိုင်ခဲ့သည်။ ၎င်းမှု များပြားသည်
တပ်အင်အားကို သတင်းမပေါက်ကြားအောင်





ထိန်းသိမ်းသော်လည်း အထိုက်အလျောက်
သတင်းပေါက်ကြားမှုရှိသည့်အခါ အဓိကရည်
မှန်းချက် မိုင်းယောင်းကို တိုက်ရန်မဟုတ်ဘဲ အစွန်
အကျဆုံး ကော်ဟိုလွယ်နှင့် ထင်းရှူးတောင်
စခန်းများကို တိုက်ရန်သာ ဖြစ်သည်ဟု မိမိတို့
ထင်ယောင်ထင်မှားဖြစ်အောင် သတင်းလွှင့်နိုင်ခဲ့
လေသည်။ ဤသို့အားဖြင့် ၎င်းတို့၏ ရည်ရွယ်
ချက်အမှန်ကို ဖုံးကွယ်နိုင်ခဲ့လေသည်။

**အင်အားကို တစ်စုတည်းအသုံးချခဲ့ခြင်း**

၄။ ရန်သူသည် မိုင်းယောင်းကို တိုက်ရန် ကော်ဟို
လွယ် ထင်းရှူးတောင်နှင့် မိုင်းယုဒေသ၌ အင်အား
စုအချို့ကို (Show of Force) ပြုလုပ်ကာ မိမိ
တို့၏ အဓိကတပ်များကို မိုင်းယောင်းမှ အပြင်
ထွက်ရန် ဆွဲဆောင်နိုင်ခဲ့သည်။ ပင်မတိုက်ခိုက်
ရေးတပ်များကိုသာမက နည်းဗျူဟာအဖွဲ့ကိုပါ မိုင်း
ယောင်းမှ မိုင်းယုဒေသသို့ ထွက်ခွာသွားအောင်
ပြုလုပ်နိုင်ခဲ့သည်။ ထို့ကြောင့် အမှန်တကယ်



www.burmeseclassic.com

www.burmeseclassic.com



တိုက်ပွဲဖြစ်ပွားချိန်တွင် မိုင်းယောင်း၌ မိမိ[illegible] အင်အားမှာ ၁၅၀၊ ၂၀၀ ခန့်သာ ဖြစ်သည်[illegible] ထိုအင်အားစုအားလုံးမှာ ပတ်လည်ဘန်ကာ[illegible] စခန်းကုန်းများ၌ ဖြန့်ခွဲထားရှိရရာ တပ်များ[illegible] တစ်စစီပြန့်ကျဲလျက်ရှိ၏။ ဤသည်ကို ရန်သူတို့[illegible] သိသည်။ ဒေသခံများထံမှ သတင်းများ အဆ[illegible] မပြတ်ရယူလျက်ရှိသည်။ ထို့ကြောင့် တိုက်ပွဲ[illegible] ပွားချိန်၌ ၎င်းတို့၏အင်အား ၁၅၀၀ ခန့်ကို အ[illegible] ကြီး လေးငါးဖွဲ့ခန့်ခွဲပြီး သာလွန်အင်အားဖြင့် [illegible] စခန်းငယ်များကို လျင်မြန်စွာ တိုက်ခိုက်သွား[illegible] ခဲ့သည်။

**လက်နက်ကြီးများ ဖောဖောသီသီသုံးစွဲနိုင်ခြင်း**

၅။ ရန်သူသည် တိုက်ပွဲခွင်သို့ လက်နက်ကြီးများ[illegible] အောက်ပါအတိုင်း သယ်ဆောင်လာခဲ့သည်[illegible] ဖော်ထုတ်ရရှိပါသည်။

(က) ၁၂၀ မီလီမီတာစိန်ပြောင်းကြီး ၂ လက်၊

(ခ) ၈၂ မီလီမီတာစိန်ပြောင်းကြီး ၇ လက်၊

(ဂ) ၆၀ မီလီမီတာစိန်ပြောင်း ၁၂ လက်၊

(ဃ) ၇၅ မီလီမီတာနောက်ပွင့်ရိုင်ဖယ် ၃ လက်၊

(င) ၅၇ မီလီမီတာနောက်ပွင့်ရိုင်ဖယ်အသေး ၄ လက်၊

(စ) ပွိုင့် ၅ စက်သေနတ်ကြီး ၇ လက်။

၆။ ရန်သူသည် ၎င်းလက်နက်ကြီးများကို မနက် အရုဏ်တက်တိုက်ပွဲဖြစ်ချိန်မှစ၍ ၁ နာရီကျော် မိမိတပ်များအား ကြိုတင်ပစ်ခတ်ပြီး လက်နက် ကြီးဒဏ်ကြောင့် မိမိတပ်များ အထိနာနေချိန်တွင် RPG ခေါ် ၄က်ပျောဖူးလောင်ချာများ တရစပ် ပစ်ကာ မြေပြင်တပ်များကို တိုက်ခိုက်ခဲ့လေသည်။ ရန်သူ၌ တပ်စိတ် ၁ စိတ်လျှင် ၄က်ပျောဖူး လောင်ချာ ၁ လက် တပ်ဆင်ထားရာ ၄က်ပျောဖူး လောင်ချာ အလက်ပေါင်း ၁၀၀ ခန့် ပါသည်ဟု ခန့်မှန်းရသည်။ ဤသို့သော လက်နက်ကြီးများ ဖောဖောသီသီ သုံးနိုင်သည့်အပြင် အင်အားက လည်း ၅ ဆကျော် ကွာခြားခြင်းကြောင့် မိမိ စခန်းများ ကျဆုံးခဲ့ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



**ပေါ့ပေါ့ပါးပါးချီတက်နိုင်ခြင်း**

၇။ ရန်သူသည် အနီးဆုံးဝမ်ဆောဝမ်ဖိုင်မှ အဝေး မိုင်းပေါက်အထိ အခြေပြုနေရာများမှ စုရုံ ချီတက်လာရာ၌ လက်နက်ခဲယမ်းမှလွဲ၍ ကျ ပစ္စည်းများ ဟုတ်တိပတ်တိ သယ်မလာခဲ့ကြ လျင်မြန်စွာ ပေါ့ပေါ့ပါးပါးချီတက်နိုင်အောင် ပြ ဆင်လာခဲ့ကြပါသည်။ ရိက္ခာအတွက် ၂ ရက် ၃ ရက်စာသာ ပါလာပြီး အဓိကအားဖြင့် ပြည် အပေါ် မှီခိုခဲ့ကြပါသည်။ ၎င်းတို့အနေဖြင့် ၎င်းတို့ ဌာနချုပ်များမှလွဲ၍ ထိန်းသိမ်းထားရာ စခန်းများ လည်း မရှိသဖြင့် စိတ်လွတ်ကိုယ်လွတ် ပေါ့ပေါ့ ပါးပါး တိုက်ပွဲခွင်သို့ ဝင်ရောက်လာနိုင်ခဲ့ပါသည်။

**စိတ်ဓာတ်တက်ကြွလျက်ရှိခြင်း**

၈။ ရန်သူသည် ၁၉၈၀ ခုနှစ် ဧပြီလတွင် ဖြစ် ပွားခဲ့သော မိုင်းယန်းတိုက်ပွဲ၌ အထိနာခဲ့သဖြင့် ယခုတိုက်ပွဲကို အောင်မြင်နိုင်ရန် ဘက်ပေါင်းစုံ ပြင်ဆင်လေ့ကျင့်ခဲ့သည်။ တပ်အင်အားကို မိုင်း



ယန်းတိုက်ပွဲထက် ပိုမိုသာလွန်အောင် စုစည်းခဲ့ သည်။ လူအင်အားသာမက လက်နက်ကြီးအင် အားများကိုလည်း ဖြည့်စွက်ခဲ့သည်။ ၁၂၀ မီလီ မီတာ စိန်ပြောင်းကြီးများကိုပင် စစ်မြေပြင်သို့ ပါအောင် သယ်ဆောင်လာနိုင်ခဲ့ကြသည်။ မိုင်း ယောင်းကို နာရီပိုင်းအတွင်းရအောင် တိုက်နိုင် သဖြင့်လည်း အူမြူးချိုကြွလျက် ရှိကြသည်။ ထို့ ကြောင့် မိုင်းယောင်းတိုက်ပွဲအပြီး နောက်တစ်ပတ် အကြာ၌ ၎င်းတို့၏ ပထမရည်မှန်းချက်ဖြစ်သော ကော်ဟိုလွယ်စခန်းကို ဝိုင်းပတ်တိုက်ခိုက်ကြပြန် သည်။ သို့ရာတွင် ဤတိုက်ပွဲမှာ ဗကပတို့ အထိ နာသွားကြသည်။ မြန်မာ့တပ်မတော်မှ လေတပ်ကို ထိရောက်စွာအသုံးပြုနိုင်ခြင်း၊ စစ်ကူစစ်ကြောင်း များ အချိန်မီ စေလွှတ်နိုင်ခြင်း၊ မိမိတိုက်ပွဲဝင် တပ်များအားလုံး အသက်ကို ပဓာနမထားဘဲ ရှပ်ရှပ်ချွန်ချွန် တိုက်ပွဲဝင်နိုင်ခြင်းကြောင့် ဗကပတို့ အကျအဆုံးများစွာဖြင့် ကော်ဟိုလွယ်တိုက်ပွဲ၌ အရေးနိမ့်သွားခဲ့ရလေသည်။ တက်ကြွနေသော



www.burmeseclassic.com

www.burmeseclassic.com



၎င်းတို့၏စိတ်များလည်း ထိုအချိန်မှစ၍ များ
ငြိမ်ဝပ်ပိပြားသွားခဲ့လေသည်။

**လူသားမဆန်သောပြုမူမှုများ**

၉။ ဗကပတို့သည် မိုင်းယောင်းရှိ ချင်း (၃) ဌာန
ကို ဝင်တိုက်ရာ၌ လူသားမဆန်သော အပြု
များ ပြုလုပ်ရာ၌ ဂျနီဗာကွန်ဗင်းရှင်းပါ အချ
အလက်များကို တော်တော်များများ ချိုးဖော
ခဲ့ကြသည်။ ဗကပများသည် ချင်း (၃) အိမ်ထော
သည်လိုင်းများကို တိုက်ခိုက်သည့်အခါ ဗုံးခို
များထဲသို့ လက်ပစ်ဗုံးများ ပစ်သွင်းခြင်း၊ မိန်း
ကလေးများပါမရှောင် ပစ်ခတ်သတ်ဖြတ်ခြင်း
ကြောင့် အိမ်ထောင်သည်အမျိုးသမီး ၁၄ ယော
သေဆုံး၍ ၁၅ ယောက် ဒဏ်ရာရရှိခဲ့ပါသည်
စစ်သည်များ၏ ကလေးများနှင့် မှီခိုသူက
၂၈ ယောက် သေဆုံးပြီး ၂၅ ယောက် ဒဏ်
ရရှိခဲ့ပါသည်။ ရန်သူသည် မိမိဒဏ်ရာရ
များကို ပစ်ခတ်သတ်ဖြတ်ခဲ့ပါသည်။ ၎င်း



အိမ်ထောင်သည် အမျိုးသမီးများကို မတရားကျင့်ခြင်းများ၊ ကိုယ်ထိလက်ရောက် စော်ကားခြင်းများ မဖွယ်မရာ ရိုင်းစိုင်းစွာဆက်ဆံခြင်းများ ပြုလုပ်ခဲ့ပါသည်။ အရှင်ဖမ်းဆီးရမိသွားသော မိမိစစ်သည်များကိုလည်း ရိုင်းစိုင်းစွာ ဆက်ဆံခဲ့ပါသည်။ ထိုကဲ့သို့သော လူသားမဆန်သည့် အပြုအမူများကြောင့် မိုင်းယောင်းတိုက်ပွဲအပြီး၌ ဤသတင်းကို ရှမ်းပြည်နယ်တစ်ခွင်လုံးသာမက မြန်မာနိုင်ငံအနှံ့ ပျံ့နှံ့သိရှိသွားကြသဖြင့် ဗကပများကို မြန်မာတစ်နိုင်ငံလုံးက အော့နှလုံး နာသွားကြပါသည်။ ထို့ကြောင့်လည်း နောက်ဆုံး၌ ဗကပကြီးတစ်ဖွဲ့လုံး ကျေပြုန်းပျက်စီးကာ ၎င်းတို့၏ ဗကပတူတံစဉ် အလံကြီးသည်လည်း ဘင်္ဂလားအော်အတွင်းသို့ သက်ဆင်းကာ နစ်မြုပ်ပျောက်ကွယ်ခဲ့ရပါသည် ခင်ဗျား။



www.burmeseclassic.com

www.burmeseclassic.com



## မိမိတပ်အပေါ်သုံးသပ်ချက်များ

မိုင်းယောင်းတိုက်ပွဲသည် မိမိတပ်မှ မြို့ကျ အရေးနိမ့်ခဲ့ရသော ရှားရှားပါးပါး တိုက်ပွဲဖြစ်၏။ ၁၉ ခုနှစ်နောက်ပိုင်း ဗကပများဝင်တိုက်၍ ရန်သူ့လက် မြို့ကျသွားသော တိုက်ပွဲမှာ များများစားစား မရှိပါ။

၁၉၇၇ ခုနှစ် ပြေကြ မိုးမိတ်တိုက်ပွဲ။

၁၉၈၀ ခုနှစ် ဇူလိုင်က မိုင်းယောင်းတိုက်ပွဲ ပွဲခန့်သာ ရှိခဲ့ပါသည်။

ဗကပအနောက်မြောက်တိုင်းမှ ဗိုလ်သက်ထွန်း အမ်းမြို့သိမ်းတိုက်ပွဲတစ်ပွဲ ၁၉၈၀ ခုနှစ်ပတ်ဝန်းကျင် ရှိခဲ့ဖူးသည်။ အမ်းကို ဝင်တိုက်ပြီး ဗိုလ်သက်ထွန်းက ရသ ပစ္စည်း သယ်နိုင်သမျှသယ်ပြီး ချက်ချင်း ဆုတ်သွားခဲ့သည် နေ့ကူးမသွား။ မိုးမိတ်နှင့် မိုင်းယောင်းတိုက်ပွဲများတွင်က ရန်သူတို့ နေ့ကူးသွား၏။

မိုင်းယောင်းတိုက်ပွဲတွင် အဘယ်ကြောင့် ရန်သ လက်ထဲ မိမိတို့၏ အခိုင်အမာစခန်းကြီး ကျသွားခဲ့ရ





သလဲ။ အဘယ်ကြောင့် ရန်သူတို့ မိုင်းယောင်းမှာ ဇူလိုင် ရက်မှ ၆ ရက်ထိ နေသွားနိုင်ခဲ့ရပါသလဲ။

ဖြစ်စဉ်ကို အနီးစပ်ဆုံးသုံးသပ်၍ တင်ပြပါမည်။ မှသာ မိမိတို့ နောင်တစ်ခေတ်၏ အောင်စစ်သည်များ တွက် သင်ခန်းစာယူဖွယ်ဖြစ်ပြီး အမှားပြင်၍ အမှန်ပွား င်လိမ့်မည်ဟု ယူဆပါသည်ခင်ဗျား။

### သုံးသပ်ချက်များယှဉ်ခြင်း

မိုင်းယောင်းကို ရန်သူဝင်တိုက်သွားသည့်ကိစ္စနှင့် တ်သက်ပြီး တာဝန်အရှိဆုံးပုဂ္ဂိုလ်မှာ ထိုစဉ်က မိုင်း ယောင်းဗျူဟာမှူးဖြစ်၏။ မိုင်းယောင်းဗျူဟာမှူးမှာ ဗိုလ် ကြီးသူရထွန်းကြည် ဖြစ်သည်။ သူသည် ၁၉၇၉ ခုနှစ် င်းရန်အောင်စစ်ဆင်ရေးကာလက သနက (၁) တပ်ရင်း ဖြစ်၍ နာမည်ကျော် ရောင်ခေါက် ပန်မကောက် စခန်း သိမ်းတိုက်ပွဲကြီးများကို တိုက်လာခဲ့သူဖြစ်၏။ ထိုတိုက် ကြီးများ တိုက်အပြီး၌ တိုက်ပွဲအောင်မြင်မှုကြောင့် သူရ ရရှိခဲ့သည်။ သူရဘွဲ့ရပြီး များမကြာမီမှာပင် တပ်မ ၈) မှာပင် နည်းဗျူဟာမှူး ပြန်ဖြစ်လာသည်။ သူသည်



www.burmeseclassic.com

www.burmeseclassic.com



စွမ်းရည်ထက်မြက်၍ သန္ဓေကောင်းသော တိုက်တိုင်းအောင် သနက (၁) နှင့် ထိုးစစ်များကို ကောင်းစွာ ဆင်နွှဲခဲ့သည်။ သူကိုယ်တိုင်ကလည်း **Aggressive** ဖြစ်ပါသည်။

သို့ရာတွင် မိုင်းယောင်းတိုက်ပွဲကား ထိုးစစ်မဟုတ်ပါ။ ခံစစ်ဖြစ်ပါသည်။ ခံစစ်နှင့် ထိုးစစ်ကား ဥပဒေသ တခြားစီဖြစ်ပါ၏။ ခံစစ်သည် အဖက်ဖက်ပြည့်စုံအောင် ပြင်ဆင်ထားရ၏။ စီမံချက် အတော်များများ လုပ်ထားရ၏။ အတားအဆီး စီမံချက်၊ တပ်ချထားမှုစီမံချက် ပစ်ခတ်မှုစီမံချက်၊ လုံခြုံရေးစီမံချက်၊ အုပ်ချုပ်မှုစီမံချက် ဆက်သွယ်ရေးစီမံချက် စသည်တို့ဖြစ်၏။ ဗိုလ်မှူးကြီး သူရထွန်းကြည်အနေဖြင့် ၎င်းစီမံချက်များကို ပြည့်စုံအောင် စီမံဆောင်ရွက်ချိန် ရလိုက်ဟန်မတူပါ။ သူ မိုင်းယောင်း ရောက်ပြီး ရက်အနည်းငယ်အတွင်းမှာပင် မိုင်းယောင်း အတိုက်ခံခဲ့ရသည်။

ဗိုလ်မှူးကြီးသူရထွန်းကြည်သည် ငယ်စဉ်ဘဝက သံချပ်ကာတပ်တွင် တာဝန်ထမ်းဆောင်ခဲ့သည်။ နှစ်အတော်ကြာ၏။ ထို့နောက် ခြေလျင်တပ် ပြန်ပြောင်းလာ၍ တပ်ရင်းမှူး၊ နည်းဗျူဟာမှူး ဖြစ်လာသူဖြစ်၏။ ဗကပများနှင့်





သက်ကြီးပိုင်းမှ ကြုံဆုံခဲ့ရသည်။ ဗကပများကား အလွန် ပျို့ဝှက်သိပ်သည်း၍ အကွေ့အလိမ်များသူများ ဖြစ်သည်။ မိုင်းယောင်းတိုက်ပွဲတွင် မိုင်းယောင်းကို အဓိကပစ်မှတ်ထားခဲ့သော်လည်း ယုံထင်ကြောင်ထင်ဖြစ်အောင် ကော်ဟိုကြယ် ထင်းရှူးတောင်ဒေသအား တိုက်မည်ဟု သတင်းလွှင့်ခဲ့သည်။ သူတို့၏ ဗကပတပ်များကို မိုင်းယုတစ်ဝိုက်တွင် မြှုပ်ပြီး မိမိတို့တပ်များကို စစ်မြူသည်။

ဗျူဟာမှူးဖြစ်ခါစ ဗိုလ်မှူးကြီးသူရထွန်းကြည်က ဗကပများကို နိုင်လာခဲ့သူဖြစ်ခြင်းကြောင့် ရန်သူ့အသံ ကြားသည်နှင့် မိုင်းယောင်းအထိုင်မှ ရသမျှတပ်ကို ဆွဲထုတ်သွားပြီး မိုင်းယုဘက် ထွက်သွားချိန်၌ မိုင်းယောင်းပြန့်တပ်မှ အသင့်စောင့်နေသည့် ရန်သူ့ပင်မတပ်မှ မိုင်းယောင်းကို ဝင်တိုက်သွားသဖြင့် မိုင်းယောင်း ကျဆုံးခဲ့ရပါသည်။

**၂။ ထုတ်သုံးရန်အရန်တပ်များ မရှိခြင်း**

မိုင်းယောင်းတိုက်ပွဲ ဖြစ်ပွားချိန်၌ မိမိတို့တွင် အရန်တပ်များ မရှိပါ။ အားလုံးမှာ မိမိတို့အထိုင်များ **Outpost**



www.burmeseclassic.com

www.burmeseclassic.com



များ၍သာ နေရာယူထားကြပါသည်။ လှုပ်ရှားစစ်ကြော
အဖြစ် စစ်ကြောင်း ၂ ကြောင်း စုဖွဲ့ထားရာ ၎င်းစစ်ကြော
၂ ခုလုံး မိုင်းယုသို့ရောက်ရှိနေပါသည်။ မိုင်းယုနှင့် မိုင်း
ယောင်းမှာ မိုင် ၂၀ ခန့်ရှိ၍ တစ်နေ့ခရီးလောက် သွား
သည်။ စစ်ကြောင်းများမှာ Fresh မဖြစ်ပါ။ ခရီးပန်း
ကြပါသည်။ ထို့ကြောင့် တိုက်ပွဲဖြစ်ပွားချိန်တွင် Fre
ဖြစ်သော မိုင် ၅၀ အကွာရှိ မိုင်းဖြတ်မှ သနက (
တပ်ရင်းမှူးနှင့် စစ်ကြောင်း (၁) အား လှမ်းခေါ်ရပါသည်
၎င်းစစ်ကြောင်း မိုင်းဖြတ်မှ မိုင်းယောင်းသို့ ချီတက်လာ
၍ ရန်သူမှ လမ်းတစ်လျှောက် ဟန့်စစ်များ ဆင်ထားခဲ့
ဇူလိုင်လ ၆ ရက်တိုက်ပွဲဖြစ်ပြီး ၂ ရက်ကြာမှ ရောက်
ရှိနိုင်တော့၏။

အလားတူပင် မိုင်းယုရှိ ခလရ (၅) နှစ်ခွဲတစ်
ကြောင်းနှင့် သနက (၂) နှစ်ခွဲတစ်ကြောင်းတို့သည်လည်း
တိုက်ပွဲဖြစ်သည်နှင့် မိုင်းယောင်းကို ပြန်လည်ချီတက်
ခဲ့သော်လည်း မိုင်းယုနှင့် မိုင်းယောင်းကြားတွင် ရန်သူ
နေရာပေါင်း များစွာကနေပြီး ဟန့်စစ်ဆင်ဖြတ်တောက်
တိုက်ခိုက်ခဲ့ရာ ၎င်းစစ်ကြောင်းများလည်း ဇူလိုင် ၆ ရက်





ိုင်းယောင်းကို ပြန်တိုက်နိုင်ခဲ့ပါသည်။

အဓိကမှာ တိုက်ပွဲဖြစ်ပွားချိန်တွင် မိုင်းယောင်း၌
န်သူကို ခုခံနေသောတပ်များကို အင်အားဖြည့်ပေးရန်နှင့်
ာန်ပြန်တိုက်ပွဲဆင်နွှဲရန်အတွက် အရန်တပ် လုံးဝမရှိ
သလောက်ဖြစ်ခဲ့၍ မိုင်းယောင်းတပ်စခန်းကြီး လျင်မြန်စွာ
ကျဆုံးခဲ့ရသည်ဟု သုံးသပ်ရပါသည်။

**၃။ ဆက်သွယ်ရေးလမ်းကြောင်းများ ဝေးကွာခြင်း**

မိုင်းယောင်းမှာ မြန်မာနိုင်ငံအရှေ့ဘက် အစွန်ဆုံး
မြို့ကလေးဖြစ်ပြီး ဆက်သွယ်ရေးလမ်းကြောင်းမှာ အလွန်
ဝေးကွာလှပါသည်။ အနီးဆုံး မိုင်းဖြတ်နှင့် မိုင် ၅၀ ဝေး
သည်။ ကားဖြင့်သွားရသည်။ ကျောက်ခင်းလမ်း ဖြစ်၏။
လမ်းမှာ တောတောင်များကြား ဖြတ်သွားရသည့် တောင်
ကြားလမ်းဖြစ်၏။ ရန်သူက လမ်းမှ ဖြတ်တောက်တိုက်ရန်
အလွန်လွယ်သည်။ ထို့ကြောင့် မိုင်းဖြတ်မှလာသည့် စစ်ကူ
စစ်ကြောင်းကို ရန်သူမှ ဆီးကြိုနှောင့်ယှက် ပစ်ခတ်ထားရာ
၂ ရက်ကြာမှ မိုင်းယောင်းကို ရောက်လာသည်။ အလား
တူပင် မိုင်းယုမှ စစ်ကူစစ်ကြောင်းများလည်း ၂ ရက်ကြာမှ



www.burmeseclassic.com

www.burmeseclassic.com



မိုင်းယောင်း ရောက်လာသည်။ မိုင်းယုနှင့် မိုင်းယောင်း မိုင် ၂၀ ခန့် ဝေးပါသည်။ စစ်ကြောင်းတစ်ကြောင်းသည် တစ်ရက် ၂၅ မိုင်ထက် ပိုမသွားနိုင်ပါ။ ယခု မိမိစစ်ကြောင်းများသည် တိုက်ပွဲဝင်သို့ အပြင်းချီတက်လာကြသဖြင့်သာ ၂ ရက်နှင့် မိုင်းယောင်းသို့ ရောက်ရှိနိုင်ခဲ့ခြင်းဖြစ်ပါ၏။

**၄။ မိမိဘက်မှ အားသာချက်များ။**

အားနည်းချက်များကို တင်ပြခဲ့ပြီးပါပြီ။ အားသာချက်များ တင်ပြပါဦးမည်။

(က) **လေကြောင်းအကဲသာမှုရှိခြင်း။** ရန်သူမှာ လေကြောင်းအကဲသာမှု မရှိပါ။ မိမိဘက်မှ လုံးဝအကဲသာပါသည်။ လေကြောင်းအကဲသာမှုကြောင့် ကော်ဟိုလွယ်တိုက်ပွဲတွင် မိမိဘက်မှ အသာစီးရခဲ့ပါသည်။ ဤသို့သောအခြေအနေကို အမြဲတမ်းရယူထားနိုင်ရန် လိုအပ်ပါသည်။

(ခ) **စွန့်လွှတ်စွန့်စားမှုရှိခြင်း။** မိုင်းယောင်းတိုက်ပွဲ တိုက်ပွဲဝင်စစ်သည်များ ရှုပ်ရှုပ်ချုံချုံ





ခုခံတိုက်ခိုက်ရင်း အသေခံသွားကြသည်ကို တွေ့ရပါသည်။ စစ်ကူတပ်ဖွဲ့များသည်လည်း ရည်မှန်းချက်ကို အပြင်းချီတက်ကာ ရန်သူကို ရဲရဲရင့်ရင့် ရင်ဆိုင်၍ တိုက်ပွဲဝင်ကြပါသည်။ အလားတူဖြစ်စဉ်မျိုး ကော်ဟိုလွယ်တိုက်ပွဲတွင်လည်း တွေ့ရပါသည်။ ဤသို့ ရဲဝံ့စွန့်စားခဲ့ကြသောကြောင့် ကော်ဟိုလွယ်ကို ကယ်တင်နိုင်ခဲ့ပါသည်။ ဤသည်မှာ တပ်မတော်ဘက်မှ အားသာချက်များပါ ခင်ဗျား။



www.burmeseclassic.com

www.burmeseclassic.com



## သင်ခန်းစာဖော်ထုတ်ချက်များ

မိုင်းယောင်းတိုက်ပွဲတွင် မိုင်းယောင်းတပ်ရင်းဌာ ချုပ်နှင့် ဗျူဟာကုန်း ကျဆုံးခဲ့ရခြင်းနှင့် ပတ်သက်ပြီ အောက်ပါအတိုင်း သင်ခန်းစာများ ဖော်ထုတ်ရရှိပါသည်။

၁။ သတင်းသုံးသပ်ချက်မှားယွင်း၍ ဗျူဟာမှူး အပြ ထွက်လိုက်မိသဖြင့် ခေါင်းဆောင်ပီပီပြင်ပြင် မျ ချိန် မိုင်းယောင်း ကျဆုံးခဲ့ရသည်။ ထိုစဉ်က ဗျူဟာမှူးသည် မိုင်းယောင်းလုံခြုံရေးတာဝန်အာ ချင်း (၃) တပ်ရင်းမှူး သို့မဟုတ် ဒုတပ်ရင်းမှူးအာ လွှဲခဲ့ရမည်ဖြစ်၏။ သို့ရာတွင် ၂ ဦးလုံး မိုင်းယောင် တွင် မရှိပါ။ တပ်ရင်းမှူးက သင်တန်းတက်နေ သည်။ ဒုတပ်ရင်းမှူးက ယာယီတာဝန်သွားနေ သည်။ ထို့ကြောင့် ဌာနချုပ်တပ်ခွဲမှူးနှင့် ဗျူဟာ ဂျီတူးကိုသာ တာဝန်လွှဲခဲ့ရသည်။ ရန်သူမှ အဆ မတန် သာလွန်အင်အားဖြင့် လာတိုက်ချိန်၌ မည် သူမှ တိတိကျကျ ကွပ်ကဲမှုမယူနိုင်ဘဲ ရရာနီးစပ်

ရာ စုပေါင်းစပ်ပေါင်းတပ်များဖြင့် ခုခံတိုက်ပြီး နောက်ပိုင်း၌ ခွာစစ်ဆင်ရတော့၏။ ထို့ကြောင့် အမြင့်ဆုံးခေါင်းဆောင်သည် တိကျစွာ တာဝန်လွှဲ အပ်ပြီး လိုအပ်ပါမှ မိမိဌာနချုပ်မှ ထွက်ခွာသင့် ကြောင်း သင်ခန်းစာ ဖော်ထုတ်ရရှိပါသည်။

ဤတိုက်ပွဲကြီးတွင် ဗျူဟာမှူးသာ မိုင်း ယောင်းတွင်ရှိပါက ယခုလိုဖြစ်ချင်မှဖြစ်ပါမည်။ ဗျူဟာတွင် ၈၆ မီလီမီတာ အမြောက်များရှိရာ ရန်သူလက်နက်ကြီးများကို ထိုအမြောက်များနှင့် ပစ်ခွင်းနိုင်၏။ အမြောက်ဒဏ် သုံးလေးငါးလုံး ထိသွားလျှင်ပင် ရန်သူတို့ တုန်လှုပ်ချောက်ချားပြီး ခွာစစ်ဆင်သွားနိုင်၏။ ယခုမူ ရန်သူသည် လက် နက်ကြီးဖြင့် ကြိုတင်ချေမှုန်းမှုကို စိတ်တိုင်းကျ ပြုလုပ်ပြီးမှ နောက်က ခြေလျင်တပ်များလိုက်၍ အနီးကပ်တိုက်ရာ နာရီအနည်းငယ်မျှနှင့် မိမိ စခန်းကြီးကျသွားသဖြင့် အလွန်စိတ်ဓာတ်တက် ကြွသွားကြ၏။ အမှန်မှာ စောစောကတည်းက ရန်သူကို အထိနာအောင် ချေမှုန်းရမည်ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ချေမှုန်းနိုင်ခြင်း မရှိခဲ့ပါ။

၂။ အရန်တပ်များ လုံလောက်စွာ မထားနိုင်ခဲ့သဖြ
မိုင်းယောင်း ကျဆုံးခဲ့ရပါသည်။ ထို့ကြောင့် အ
အမာခံစစ်များတွင် အရန်တပ်များ လုံလောက်
ထားနိုင်ရပါမည်။ ထားရှိရန် လိုအပ်ကြောင်း မိုင်း
ယောင်းတိုက်ပွဲကြီးက သက်သေပြသွားပါသည်
ယခုအခါတွင်မူ ထိုပြဿနာကိုဖြေရှင်းရန်အတွ
မိုင်းဖြတ်တွင် တပ်မတစ်ခုထားရှိပြီး ဗျူဟာတ
နှင့် ၎င်း၏ကွပ်ကဲမှုအောက်မှ တပ်များ
မိုင်းယောင်းတွင် ထားရှိသည်ဟု ကြားသိ
သည်။ မိုင်းယောင်းတိုက်ပွဲအပြီး၌လည်း
အချက်ကို သုံးသပ်မိသဖြင့် သက်ဆိုင်ရာ High
**Formation** မှ မိုင်းဖြတ်၌ တပ်မ (၆၆)မှ နည်
ဗျူဟာတစ်ခုနှင့် တပ်ရင်းသုံးရင်း ထားရှိ
ပါသည်။ ၎င်းမှ တပ်ရင်းတစ်ရင်း အမြဲတမ်း မိုင်း
ယောင်းအရန်အဖြစ် ပေးပို့ထားခဲ့ပါသည်။
၌ **Isolated** ဖြစ်သော မြို့ရွာတပ်စခန်းမျ
အတွက် လုံလောက်သော အရန်တပ်များထား



သင့်ကြောင်း သင်ခန်းစာဖော်ထုတ်ရရှိပါသည်။

၃။ မိုင်းယောင်းတိုက်ပွဲနှင့် ကော်ဟိုလွယ်တိုက်ပွဲတွင် မိမိတပ်မတော်မှ လေကြောင်းမှ တိုက်ခိုက်မှုများ ပြုလုပ်နိုင်ခဲ့ရာ ရန်သူတို့ အထိနာခဲ့ရပါသည်။ ဗကပတပ်များသည် မိမိတို့ ကြည်းတပ်များကို ရင်ဆိုင်ဝံ့သော်လည်း လေတပ်ကိုမူ ကြောက်ကြပါသည်။ လေယာဉ်ကို သူတို့ ဘာမှပြန်မလုပ်တတ်ပါ။ မလုပ်နိုင်ပါ။ သူတို့တွင် လေယာဉ်ပစ်သေနတ်ကြီးများ ပြောပလောက်အောင် မရှိပါ။ ရှိရင်လည်း ကောင်းစွာ အသုံးမချတတ်ပါ။ ထို့ကြောင့် လေယာဉ်သံကြားလျှင် အပစ်ရပ်ပြီး နီးရာဖုံးခိုကျင်းများ၊ သစ်တောများသို့ ဝင်ပုန်းကြပါသည်။ လေယာဉ်သံ မကြားတော့မှ ပြန်ထွက်လာကြသည်။ စာရေးသူကိုယ်တိုင် ပါဝင်သော ၁၉၇၈ ခုနှစ် မတ်လက နောင်လိုင်ပါဖန်နှင့် ပွိုင့် ၆၀၄၁ တိုက်ပွဲကြီး၌ စာရေးသူ၏တပ်ခွဲကို ရန်သူ ၅၀၀ ကျော်က လက်နက်ကြီး ဖြိုင်ဖြိုင်ပစ်ကာ လက်စတုန်းချေမှုန်းရန် ပြင်နေချိန်၌ တပ်မတော်



www.burmeseclassic.com


www.burmeseclassic.com



လေယာဉ်များ ရောက်လာသဖြင့် စာရေးသူတို့ ခွာစစ်ဆင်ရန် အခွင့်အရေးရခဲ့ပြီး အသက်ဘေးမှ ကင်းဝေးခဲ့ရပါသည်။ လေယာဉ်သံကြား၍ ရန်သူတို့ တောအုပ်ကြားသွားပုန်းနေချိန်၌ တိုက်ပွဲနေရာမှ ခွာစစ်ဆင်နိုင်ခဲ့ခြင်းပါပေ။ ထို့ကြောင့် တကယ့်တိုက်ပွဲကြီးများ၌ လေကြောင်းအကဲသာမှု **Air Superiority** နှင့် လေကြောင်းစိုးမိုးမှု **Air Supremacy** ကို အမြန်အရယူပြီး ရန်သူကို ဦးနှိမ်ချေမှုန်းသင့်ကြောင်း သင်ခန်းစာ ဖော်ထုတ်ရရှိပါသည်။

၄။ ယခုတိုက်ပွဲကြီးတွင် ရန်သူသည် **Steam Roller Tactics** ခေါ် စခန်းတစ်ခုပြီးမှတစ်ခု တိုက်သွားသည့် နည်းဗျူဟာကို မကျင့်သုံးဘဲ စခန်းအားလုံးကို တစ်ချိန်တည်း တစ်ပြိုင်တည်း လူခွဲ၍ တိုက်သည့်နည်းဗျူဟာကို ကျင့်သုံးသွားခဲ့ပါသည်။ ထိုနည်းကို ကြံ့ကြံ့ခံရင်ဆိုင်နိုင်ရန်မှာ မိမိခံစစ်စခန်းများ ခိုင်မာရန် လိုအပ်ပါသည်။ ရန်သူဆယ်ဆကို မိမိတစ်ဆနှင့် ခံနိုင်ရန်မှာ စခန်းခံစစ် အထူး





ဂျီနီဗာ သဘောတူညီချက်အရ စစ်မြေပြင်တွင် ပြုကျင့်ရမည့် ဥပဒေသများ နှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ(ICRC) မှ အောက်ပါအချက်များကို လိုက်နာရန် ထုတ်ပြန်ထားခဲ့ပါသည်။ မိုင်းယောင်းတိုက်ပွဲတွင် ဗကပတို့သည် ဂျီနီဗာ သဘောတူညီချက်များကို လိုက်နာခဲ့ခြင်းမရှိခဲ့ပါ။

အရေးကြီးသော အချက်အချို့အား ထုတ်နုတ်၍ ပူးတွဲပါပုံများဖြင့်ဖော်ပြအပ်ပါသည်။


www.burmeseclassic.com

www.burmeseclassic.com

တိုက်ပွဲဝင်စစ်သည်များသည် စစ်ဖက်ဆိုင်ရာ ဥပဒေများအရ အောက်ပါတို့ကို လိုက်နာရမည်။


၁။ လက်နက်စွဲကိုင်ထားသူများကို သာတိုက်ခိုက်ပါ။
၂။ စစ်ဖက်ဆိုင်ရာ ပစ်မှတ်များကိုသာ တိုက်ခိုက်ပါ။
၃။ အရပ်သားများနှင့် အရပ်ဘက်ပစ္စည်းစွာများကို မတိုက်ခိုက်ဘဲ ကင်းလွတ်ခွင့်ပေးပါ။
၄။ သင်အား တာဝန်ပေး စေလွှတ်လိုက်သည့်အတိုင်း လိုအပ်သည်များကိုသာ ဖျက်စီးပါ။

ကြက်ခြေနီသင်္ကေတများသည် အောက်ပါတို့ကို အကာအကွယ်ပေးထားပါသည်။ မတိုက်ခိုက်ရပါ။



ဒဏ်ရာရစစ်သည်များ
ဆေးဘက်ဆိုင်ရာဝန်ထမ်းများ
လူနာနှင့် ကုသရေးအထောက်အကူပြု
သယ်ယူပို့ဆောင်ရေးယာဉ်များ
ဆေးရုံများ၊ ရှေးဦးသူနာပြုစခန်းများ နှင့် ကြက်ခြေနီ
အဆောက်အဦးများနှင့်ဝင်းခြံများ

# ထင်ရှားသည့် လက္ခဏာပြ အမှတ်အသားများ



ဆေးဘက်ဆိုင်ရာ ဝန်ထမ်းအဖွဲ့
ဘာသာရေးဆိုင်ရာ ပုဂ္ဂိုလ်
(စစ်ဘက်နှင့် နယ်ဘက်)




မြို့ပြကာကွယ်စောင့်ရှောက်ရေး
ယဉ်ကျေးမှုဆိုင်ရာ အရာဝတ္ထုများ



အထိမ်းအမှတ်များ၊ ကိုးကွယ်ရာ
နေရာများ၊ ပြတိုက်များအစရှိ



တာတမံ ရေကာတာ၊ အနုမြူ
ဓာတ်အားပေးစက်ရုံ



အတိုက်အခိုက်ရပ်စဲရေးအလံ
(အညံ့ခံ အရှုံးပေးခြင်းတွင်လည်း
အသုံးပြုသည်။)

အဆိုပါအမှတ်အသားကိုင်ဆောင်ပါရှိသောသူများနှင့် အရာဝတ္ထုပစ္စည်းများကို လေးစားပါ။

www.burmeseclassic.com

www.burmeseclassic.com



ထင်ရှားသည့် လက္ခဏာပြ အမှတ်အသားများ ဖော်ပြပါရှိသော
အဆောက်အဦများ၊ အဖွဲ့အစည်းများ အထိမ်းအမှတ်များကို
အထက်အမိန့်မရရှိဘဲ ဝင်ရောက်ခြင်း၊ ထိပါးခြင်း မပြုပါနှင့်။



ထင်ရှားသည့် လက္ခဏာပြ အမှတ်အသားများ ဖော်ပြပါရှိသော
စက်တပ်ယာဉ်များ၊ သင်္ဘောများနှင့် လေယာဉ်များကို
အထက်အမိန့်မရရှိဘဲ သွားလာမှုကို ဟန့်တားခြင်း မပြုပါနှင့်။

www.burmeseclassic.com

www.burmeseclassic.com

ဂျီနီဗာ သဘောတူညီချက်အရ စစ်မြေပြင်တွင်

ပြုကျင့်ရမည့် ဥပဒေသများ နှင့် အပြည်ပြည်ဆိုင်ရာ

ကြက်ခြေနီကော်မတီ(ICRC) မှ အောက်ပါအချက်


များကို လိုက်နာရန် ထုတ်ပြန်ထားခဲ့ပါသည်။

မိုင်းယောင်းတိုက်ပွဲတွင် ဗကပတို့သည် ဂျီနီဗာ

သဘောတူညီချက်များကို လိုက်နာခဲ့ခြင်းမရှိခဲ့ပါ။

အရေးကြီးသော အချက်အချို့အား ထုတ်နုတ်၍

ပူးတွဲပါပုံများဖြင့်ဖော်ပြအပ်ပါသည်။



စစ်မြေပြင်တွင် ပြုမူကျင့်ကြံ ရမည့် ဥပဒေသများ

www.burmeseclassic.com

www.burmeseclassic.com



အရပ်သားများကို တတ်နိုင်သမျှ ကရုဏာဖြင့် စနာစွာ ဆက်ဆံ



အရပ်သားများ၏ ပစ္စည်းဥစ္စာများအား လေးစားပါ။
ဖျက်ဆီးခြင်း၊ ခိုးယူခြင်း မပြုလုပ်ရပါ။

www.burmeseclassic.com

www.burmeseclassic.com



အရပ်သားများကို မတရားနှိပ်စက်ညှင်းဆဲခြင်းမှ အကာအကွယ်ပေး
ဂလဲ့စားချေခြင်းနှင့် ဓားစာခံအဖြစ်ဖမ်းယူခြင်းများကို မပြုလုပ်ရပါ။


လက်နက်ချ အညံ့ခံသော ရန်သူများကို လက်နက်များသိမ်းဆည်းပါ။

www.burmeseclassic.com

www.burmeseclassic.com



လက်နက်ချ အညံ့ခံသော ရန်သူများကို အသက်ချမ်းသာခွင့်ပေးပါ



ဒဏ်ရာရ လက်နက်ကိုင် ရန်သူများကို လိုက်လံရှာဖွေကောက်ယူပါ

www.burmeseclassic.com

www.burmeseclassic.com



ဒဏ်ရာရ လက်နက်ကိုင် ရန်သူများကို ဂရုတစိုက်ပြုစုပေးပါ




ဒဏ်ရာရ လက်နက်ကိုင်ရန်သူများကို သင့်အထက်အရာရှိထံ လွှဲပြောင်းအပ်နှံပါ။

www.burmeseclassic.com

www.burmeseclassic.com



ဒဏ်ရာရ လက်နက်ကိုင်ရန်သူများကို အနီးဆုံးသော
ဆေးဘက်ဆိုင်ရာဝန်ထမ်းများထံ ပို့ဆောင်ပေးပါ။



မိုင်းဖြတ် မိုင်းယောင်း ကားလမ်းပြမြေပုံ

www.burmeseclassic.com

www.burmeseclassic.com



အရပ်သားများကို အလေးဂရုပြုပါ။



ကောင်းမွန်မှုသာ ဖြစ်ပါလိမ့်မည်။ စာရေးသူ နည်းဗျူဟာမှူးဘဝနှင့် KNU ဘိနခံစစ်ကို တိုက်ခဲ့စဉ်က ရန်သူသည် စခန်းခြံစည်းရိုး ငါးထပ်ကာရံထား၏။ ခြံစည်းရိုးအပြင်ဘက်၌ ကိုက် ၅၀၀ ခန့် အပြောင်ရှင်းပြီး လူနင်းမိုင်းကွင်းကို အပြည့်ခင်းကျင်းထားပါသည်။ ကျွန်တော်တို့ ဘိနကို ချဉ်းကပ်စဉ် မိုင်းကွင်းရှင်းရပါသည်။ တစ်ဦး နှစ်ဦး မိုင်းထိသည်။ ရန်သူက ချဉ်းကပ်တာ သိသွားသည်။ ကပ်သွားသည့်တပ်များကို ပုံသေပစ်ကြောင်းထား၍ ပစ်သည်၊ ထပ်ထိသည်၊ ထပ်ကျသည်။ ခြံစည်းရိုးကို အတင်းဖောက်ရသည်။ အားလုံးပေါက်သွားပြီး အထဲရောက်တော့ ရန်သူတစ်ဦးမှ မတွေ့ပါ။ ဝမ်းသာသွား၏။ စခန်းရပြီဟု ထင်မှတ်နေချိန် ရန်သူက မြေအောက်ဂလိုင်ကျင်းများ၊ လိုဏ်ခေါင်းများထဲမှ ထွက်လာပြီး RPG များနှင့် ပစ်တော့ရာ အထိအခိုက် အကျအဆုံးများစွာဖြင့် ဆုတ်ခွာခဲ့ရ၏။ သုံးကြိမ် ကျားထိုးသည်။ သုံးကြိမ်လုံး လန်ကျလာ၏။ နောက်



www.burmeseclassic.com

www.burmeseclassic.com



ထပ် ထပ်ထိုးရန် ကြံစည်နေစဉ် အထက်က
စစ်ဆင်ရေး ရပ်နားလိုက်သဖြင့် စခန်းမရခဲ့ပါ
နှစ်ရက်၊ သုံးရက်ကြာအောင် ဘိနကို တိုက်ခဲ့ရ
သည်။ ဒါက ရန်သူ့ခံစစ်ကို မိမိကတိုက်ခဲ့တာပါ
မိုင်းယောင်းခံစစ်တွင် ရန်သူကို နည်းနည်းနှ
ကြံကြံခိုင်ခိုင်ဖြစ်အောင် ထိုကဲ့သို့သော **Fox ho**
များ၊ ဂလိုင်များ **Tunnel** ဥမင်လိုဏ်ခေါင်းမျာ
လုပ်ထားသင့်ပါသည်။ ရန်သူဆယ်ဆကို မိ
တစ်ဆနှင့် ခံနိုင်အောင် စီမံထားသင့်ပါသည်
သာမန်ဆက်သွယ်ရေးမြောင်းနှင့် အမိုးပါ ခေါ
ကတုတ်လောက်နှင့် မလုံလောက်ပါ။ အမိုး
ခေါင်ကတုတ်ကိုပင် ရန်သူ၏ ၁၂၀ မီလီမီတာ
စိန်ပြောင်းကြီးဒဏ် ခံနိုင်အောင် သစ်လုံးကြီးမျာ
သဲအိတ်များဖြင့် လုပ်ထားသင့်ပါသည်။ ဖြစ်လာ
နိုင်သည့် **Possibility** များကိုတွက်ပြီး မိမိဘက်
ခံစစ်များ အလွန်ပီပြင်စွာ ဆောင်ရွက်ထားသင့်
ကြောင်း သင်ခန်းစာ ဖော်ထုတ်ရရှိခဲ့ပါသည်။

၅။ မိုင်းယောင်းပတ်ဝန်းကျင်၌ ကော်ဘိုးကြား စခ





ကြီးရှိ၏။ တပ်ခွဲတစ်ခွဲထားသည်။ မိုင်းယောင်း
တပ်ရင်းဌာနချုပ်တွင်လည်း ထောက်ပို့ကုန်း၊
ရေစင်ကုန်း၊ အမြောက်ကုန်း၊ ဗျူဟာကုန်း ဟူ၍
ကုန်းမြင့်များရှိသည်။ ၎င်းတို့သည် တစ်ခုနှင့်တစ်ခု
**Mutual Support** အပြန်အလှန် ပစ်ကူပေးရန်
စီမံထားရှိမှု၊ **Ring Concept** ခေါ် **Grouping**
အလိုက် အကူအညီပေးရန် စီမံထားရှိမှုများ လို
အပ်သည်ဟု သုံးသပ်ရပါသည်။ သင်ခန်းစာ ဖော်
ထုတ်ချက်အရ ထိုသို့ **Mutual Support** နှင့်
**Ring Concept** များသာရှိပါက လွယ်လွယ်
ကူကူနှင့် စခန်းကျမသွားနိုင်ဟု သုံးသပ်ရပါသည်။

၆။ စပ်ကြားမြေစိုးမိုးထားနိုင်မှုလည်း ဤတိုက်ပွဲကြီး
နှင့် ပတ်သက်၍ အားနည်းကြောင်း လေ့လာ
တွေ့ရှိရပါသည်။ စပ်ကြားမြေများကို လှုပ်ရှား
တပ်ဖွဲ့ငယ်များဖြင့် ထိန်းထားသင့်ပါသည်။ တိုက်
ပွဲဖြစ်လာမှ စခန်းထဲက ခုခံသောနည်းသည်
အလွန်မှားယွင်းကြောင်း စာရေးသူ၏ ကိုယ်တွေ့
တိုက်ပွဲ အတွေ့အကြုံများထဲမှ ထုတ်နုတ်တင်ပြ



www.burmeseclassic.com

www.burmeseclassic.com



ပါဦးမည်။ ပထမတစ်ပွဲမှာ နောင်လိုင်ပါဖန်တိုက်ပွဲ ဖြစ်ပါသည်။ ၁၉၇၈ ခုနှစ် မတ်လ နောင်လိုင်ပါ ဖန်တိုက်ပွဲ၌ ခလရ (၃၃) မှ တပ်ခွဲတစ်ခွဲ ရှိ အင်အား ၆၀ ခန့်ရှိသော နောင်လိုင်စခန်းအား ဗကပအင်အား ၅၀၀ ကျော် ၆၀၀ ခန့်က မတ်လ ၇ ရက်နေ့မနက်ဝင်တိုက်ရာ မိမိတပ်က စခန်းထဲမှ ခုခံကြသည်။ ရန်သူက လက်နက်ကြီးအလုံး ရာ နှင့်ထောင်နှင့်ချီပစ်ပြီး ကျားတက်ထိုးရာ စခန်း နာရီပိုင်းအတွင်း ကျဆုံးသွားခဲ့၏။ မနက် ၆ နာရီသာသာမှာ ဝင်တိုက်ရာ ၉ နာရီ ၁၀ နာရီခန့် တွင် လုံးဝလက်စတုန်း ချေမှုန်းခံရတော့၏။

အမှန်က ရန်သူမှ ညကတည်းက ရွာထဲ ရောက်နေသည်။ မှူးရှုးသောက်စား ပေါက်မြောက် ပြီး မိုးလင်းမှ လာ ကျားတက်ထိုးခြင်းဖြစ်၏။ ရန်သူကို ညကတည်းက ထွက်ရင်ဆိုင်ရမည်။ စခန်းပတ်လည် ဆွဲမိုင်း၊ နင်းမိုင်းများ ထောင် ထားရမည်။ ဆွဲမိုင်းဆွဲနိုင်၍ လူ လေးငါးခြောက် ယောက် သေသွားရင် ရန်သူ လုံးဝဖြုံသွားမည်





ဖြစ်၏။ မနိုင်ရင် စခန်းတစ်ခုလုံး ဖောက်ခွဲပြီး လက်လွတ်ထွက်ခွာရမည်။ ဤသို့ မလုပ်နိုင်၍ ရန်သူက မိမိလူတွေ အကုန်လုံး ဖမ်းသည်။ သတ် သည်။ ရိက္ခာ လူတစ်သောင်း တစ်ရက်စာခန့်နှင့် ခဲယမ်းမီးကျောက် လေးငါးတန် ရသွားသည်။ ရန်သူတို့ အလွန်စိတ်ဓာတ် တက်ကြွသွား၏။

ဤကိစ္စနှင့်ပတ်သက်၍ တန့်ယန်းဗျူဟာ မှူးမှ ကျွန်တော်နှင့် တွေ့သောအခါ –

"မင်းသိပ်ကံကောင်းသွားတယ်။ တကယ် တော့ နောင်လိုင်မှာ မင်း သေရမှာ။ မင်းအစား ဗိုလ်သောင်းထွန်းက အသေခံသွားတယ်"

ဟုဆိုလေသည်။ ထိုစခန်းကို ကျွန်တော် လွှဲခဲ့ပြီး တစ်ပတ်အကြာတွင် အတိုက်ခံရခြင်း ဖြစ်သောကြောင့် အထက်ပါအတိုင်း ပြောခြင်း ဖြစ်၏။

ထိုအခါ ကျွန်တော်က "ကျွန်တော်ဆိုရင် သူ့လိုစခန်းထဲက မခုခံပါဘူး။ အတားအဆီးအမျိုး စုံ လုပ်ထားပါမယ်။ ဆွဲမိုင်း၊ နင်းမိုင်း၊ ထိုက်



www.burmeseclassic.com

www.burmeseclassic.com



မိုင်းတွေ ထောင်မယ်။ ညကတည်းက ရန်သူ… လက်ရွေးစင်အဖွဲ့နဲ့ ထွက်တိုက်မယ်။ လက်ဦးမှု… ကိုယ်က ရယူမယ်။ သူ့ အလုပ်ရှုပ်အောင် လု… မယ်။ တိုက်ပွဲဖြစ်လို့ ကိုယ် ရှုံးတော့မယ်ထင်ရ… စခန်းကို ဖောက်ခွဲပစ်ခဲ့မယ်။ ခဲယမ်းတွေ၊ ရိက္ခာ… တွေ သူတို့ မပေးဘူး။ ပြီးရင် ဒီက အပြီးဆုတ်… မယ်။ ဗျူဟာမှူးကြီးတို့ အရေးယူတာ ခံမယ်… ရဲဘော်တွေ အလဟဿ အဖြစ်မခံဘူး။ မလိုလား… အပ်ဘဲနဲ့ အသေခံမခိုင်းဘူး''

ဟု ပြန်ပြောပါတော့သည်။

ထိုအခါမှ ဗျူဟာမှူးကြီးက တဖြည်း… ဖြည်း ပြုံးလာပြီး . . .

''အင်း . . . မင်းမဆိုးပါဘူးကွ''

ဟု ပြောပါတော့သည်။

နောက်တိုက်ပွဲတစ်ပွဲမှာ ၁၉၇၇ ခုနှစ်… မိုးမိတ်တိုက်ပွဲဖြစ်၏။ မိုးမိတ်တိုက်ပွဲတွင်လည်း… ရန်သူ ဗကပ တပ်မဟာ (၁၂) နှင့် အင်အား… ၈၀၀ ခန့်က မိုးမိတ်ဝင်တိုက်သည်။ မတိုက်…





မြောက်ဘက် တောင်များပေါ်တွင် သူတို့ရောက်နေကြောင်း သတင်းရသည်။ သတင်းရပြီး နောက်ရက် မိုးမိတ်ကွင်းကို ရောက်၍ ကွင်းစပ်မှာ တစ်ညအိပ်ပြီး နောက်နေ့မနက်မှ ဝင်တိုက်သည်။

ရန်သူလာတိုက်တော့ မိုးမိတ်လုံခြုံရေးတပ်ရင်း ခလရ (၁၂) က တပ်ရင်းမှူး ဦးစီးစစ်ကြောင်းရုံးနှင့် တပ်ခွဲတစ်ခွဲက ဟော်ကုန်းစခန်းထဲက ခုခံကြသည်။ ဟော်ကုန်းစခန်းမှာ တစ်ဧကခန့်သာ ကျယ်ပါသည်။ ဒါထက်ပိုမည် မထင်ပါ။ ရန်သူက ထုံးစံအတိုင်း လက်နက်ကြီးအလုံး ရာထောင်ချီကာ ပစ်ပြီး ကျားထိုးသည်။ စခန်းကထွက်ပေါက် ၂ ပေါက်သာ ရှိ၏။ အုတ်တံတိုင်းကာထားသည်။ အုတ်တံတိုင်းကို RPG များ ၅၇ မမ နောက်ပွင့်ရိုင်ဖယ်များဖြင့် ပစ်ဖြိုပြီး အုပ်စုလိုက်ကျားထိုးရာ စခန်းကျရတော့၏။ သေသူ သေ၊ အဖမ်းခံရသူ အဖမ်းခံရနှင့် ဗကပတို့ အောင်ပွဲခံသည်။ ခေါင်းဆောင်တိုက်သွားသူမှာ ဗကပ တပ်မဟာမှူး ကျန်စီမြင့် ဖြစ်၏။ ကျန်စီမြင့်၏…



www.burmeseclassic.com

www.burmeseclassic.com



မိုးမိတ်တိုက်ပွဲအကြောင်းကို ခဏခဏကြွားသည်။

၁၉၉၁ ခုနှစ် မိုင်းမမိုင်းလားတွင် သူနှင့် ကျွန်တော် တွေ့ကြ၏။ ထမင်းအတူစားရင်း ယမကာလေး အတူသောက်ရင်း သူက မိုးမိတ်တိုက်ပွဲအကြောင်းကို ကြွားသည်။ သူ့တပ်တွေတိုက်ထားမြန်ကြောင်း ကျွန်တော်တို့တပ်တွေ ညံ့ကြောင်းပြောတော့ ကျွန်တော်က လုံးဝသည်းမခံပါ။

"ကိုကြည်မြင့် ခင်ဗျား ကျုပ်နဲ့မတွေ့တာ ကံကောင်းတယ်မှတ်ပါ။ ကျုပ်သာဆို ခင်ဗျားကို ပေါ်ကုန်းကစုပြီး မခံဘူး။ မိုးမိတ်ပြန့်က ထွက်တိုက်မှာ။ မိုင်းထောင်မယ်။ စောင့်ပစ်မယ်။ မိုင်းဆွဲမယ်။ ခင်ဗျားလူ ရာနဲ့ချီပြီး သေပြီးမှ မိုးမိတ်ကို ဝင်လို့ရမယ်။ ခင်ဗျားလူတွေ မိုးမိတ်ပြန့်ထဲမှာ အလောင်းချင်း ထပ်သွားစေရမယ်။ ဆုတ်ရရင် တောင် စခန်းထဲမှာ မိုင်းထောင်ခဲ့မယ်။ စခန်းကို လက်နက်ကြီးနဲ့ ပြန်ပစ်မယ်"

ဟု ပြောလေတော့သည်။ ပြောရင်း စကားတွေများကြ၏။ ထမင်းအတူစားနေသူ ဗိုလ်





မှူးကြီး ငွေစိုးထွန်းက ကျွန်တော့်ကို အတင်းဝင်တားသည်။ ထိုအခါမှ ဘေးက ဝိုင်းဖြန်ဖြေပြီး စကားဝိုင်း အဆုံးသတ်ဖြစ်တော့၏။

အဲဒီအတိုင်းပါပဲခင်ဗျာ။ ကျွန်တော့်အယူအဆက စခန်းထဲက ခုခံသောနည်းကို ငြင်းပယ်ပါသည်။ တတ်နိုင်သမျှ အတားအဆီးတွေ လုပ်ရမည်။ ရန်သူကို ထွက်တိုက်ရမည်။ လုံးဝမနိုင်တော့ရင် စခန်းကို စွန့်တန်သင့် စွန့်ရပါမည်။ ဒါက ရန်သူအင်အားသိပ်ကြီးရင် ပြောတာပါခင်ဗျာ။ တိုက်ပွဲဖြစ်တာနဲ့ စခန်းကို စွန့်ပြီး ထွက်ပြေးတာကို ဆိုလိုရင်းမဟုတ်ပါ။

စာရှုသူများ နားလည်သဘောပေါက်ကြမည်ဟု ယူဆပါသည်။

အဓိကမှာ စပ်ကြားမြေကို မိမိမှ စိုးမိုးထားနိုင်ရေး ဖြစ်ပါ၏။ စပ်ကြားမြေစိုးမိုးထားခြင်းအားဖြင့် **Early Warning** ရမည်။ ရန်သူတို့ **Resistance** ခုခံမှုများနှင့် ရင်ဆိုင်ရပြီး သူတို့၏ တိုက်စစ်အဟုန် **Momentum** ကို ရပ်တန့်သွား



www.burmeseclassic.com

www.burmeseclassic.com



စေကာ မိမိမှ အခြေအနေ ဖန်တီးနိုင်မှုရယူရမည် ဖြစ်ပါသည်။

ဤသည်မှာ ကျွန်တော် တစ်ဦးတည်း၏ အယူအဆဖြစ်ပါသည်။ အားလုံးမှန်သည်ဟုတော့ မဆိုလိုပါ။

မိုင်းယောင်းတိုက်ပွဲနှင့် ပတ်သက်၍ ကျွန်တော်၏ ရှုမြင်သုံးသပ်ချက်နှင့် သင်ခန်းစာဖော်ထုတ်ချက်များမှာ အထက်ပါအတိုင်း ဖြစ်ပါသည် ခင်ဗျား။

■



## အခန်း ( ၇ )

## ကျွန်တော်နှင့် မိုင်းယောင်းတပ်မှူးကြီးများအကြောင်း

ကျွန်တော်သည် မိုင်းယောင်းတိုက်ပွဲကြီးနှင့် ပတ်သက်ခဲ့သည့် တပ်မှူးကြီး အားလုံးလိုလိုကို သိပါသည်။ ထိုစဉ်က တပ်မ (၈၈) နည်းဗျူဟာမှူးများ ဖြစ်ကြသည့် ဗိုလ်မှူးကြီးသူရထွန်းကြည်၊ ဗိုလ်မှူးကြီးအောင်မြင့်၊ ဗိုလ်မှူးကြီး တန်ကာဒို့ချ်၊ ဒုတပ်မမှူး ဗိုလ်မှူးကြီးမြင့်အောင်၊ တပ်မမှူး ဗိုလ်မှူးကြီးသန်းရွှေ ရပခတိုင်းမှူး ဗိုလ်ချုပ်



www.burmeseclassic.com

www.burmeseclassic.com



လူဦးတို့ အားလုံးအား ရင်းရင်းနှီးနှီး သိခဲ့ပြီး အချို့ နှစ်ရှည်လများအတူ နေခဲ့သူများပင် ဖြစ်နေပါ သည်။

ယခု မိုင်းယောင်းတိုက်ပွဲကြီးအကြောင်းရေး ထိုအရာရှိကြီးများနှင့် ကျွန်တော် ပတ်သက်ပုံ၊ သိကျွမ်း ခဲ့ရပုံ၊ အတူနေခဲ့ရပုံလေးများကို တင်ပြလိုပါသည်။ သို့ သာ သူတို့၏ စိတ်နေစိတ်ထားများကို အကဲခတ်ပြီး သူ ၏တိုက်ပွဲကွပ်ကဲမှုများကို စာရှုသူတို့ အနီးစပ်ဆုံး သုံးသ အကဲဖြတ်နိုင်ကြမည် ဖြစ်ပါသည်။

ဦးစွာ ပထမ ထိုစဉ်က မိုင်းယောင်းဗျူဟာမှူး ဖြစ်ခဲ့သည့် ဗိုလ်မှူးကြီးသူရထွန်းကြည် အကြောင်း ပြောပါမည်။

## ကျွန်တော်နှင့်ဗိုလ်မှူးကြီးသူရထွန်းကြည်

အချိန်က ၁၉၈၁ ခုနှစ် ဒီဇင်ဘာဆောင်းရက်မှာ

နေရာက ကျိုင်းတုံမြို့ သစ်တစ်ပင်တောင်ကုန်း

ရှမ်းပြည်နယ်အရှေ့ပိုင်း၏ ဆောင်းတွင်းမိုး မမျှော်လင့်ဘဲ အဆက်မပြတ်ရွာလျက်ရှိသည်။ ကျွန်တော် သည် အမှတ် (၁) ဗမာ့သေနတ်ကိုင်တပ်ရင်းသို့ ယာ





တပ်ခွဲမှူး ဗိုလ်မှူး Promotion ဖြင့် ရောက်ရှိနေသည်။ ဇင်ဘာလဆန်းက ကျိုင်းတုံသို့ ရောက်လာ၏။ ကျိုင်းတုံ နှင့် အသင့်ရှိနေသည့် ရတသနက (၁) နှင့်အတူ ကျိုင်းတုံ စ်တစ်ပင်တောင်ကုန်းတွင် အခြေပြုနေရ၏။ တပ် ရောက်ခါစဖြစ်၍ တပ်ရင်းမှူး ဗိုလ်မှူးကြီးကိုလေးက ကျွန်တော့်ကို ဘယ်မှမလွှတ်။ သူနှင့်အတူ နေစေသည်။ တစ်လကျော်ရှိပြီ။

မိုးသည်းထန်သော ဒီဇင်ဘာညတစ်ည၌ ကျွန် တော်နှင့် တပ်ရင်းမှူးကြီးတို့ မီးလှုံနေကြစဉ် ရှေ့တန်း တပ်မဌာနချုပ်မှ ညွှန်ကြား Nissan Carrier ကားငယ် တစ်စီး ထိုးဆိုက်လာ၏။

"ဗျို့ . . . ဦးကိုလေး . . . ဗျို့ . . . ဦးကိုလေး"

ခေါ်သံအဆုံးတွင် ယူနီဖောင်း ခပ်ဟောင်းဟောင်း ဝတ်၍ အောက်က တရုတ်ဖိနပ်စီးထားသော စစ်သားဝဝ ကြီးတစ်ဦး ဆင်းလာ၏။ သူသည် အပေါ်က စစ်ဆွယ်တာ ထပ်ဝတ်ထားပြီး ခေါင်းတွင် Cap Comforter ဆောင်း ထား၏။ သူ့ကို ကျွန်တော် တစ်ခါမှ မတွေ့ဘူးပါ။ သူ ဘာရာထူးမှန်းလည်း မသိပါ။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ဗျူဟာမှူးကြီး ... လာပါခင်ဗျ လာပါခင်ဗျ"

တပ်ရင်းမှူး ဗိုလ်မှူးကြီးကိုလေးက ထိုပုဂ္ဂိုလ်ကြီး ကို မြင်သည်နှင့် ပျာပျာသလဲ ဖိတ်ခေါ်လိုက်သည်။

"အဲဒါ ဘယ်သူလဲခင်ဗျ"

"တပ်မ (၈၈)က ဗျူဟာမှူး ဗိုလ်မှူးကြီး သူ ထွန်းကြည်လေ။ အရင်ကျွန်တော်တို့ သနက (၁) က တ ရင်းမှူးပေါ့"

ကျွန်တော်က မေး၍ တပ်ရင်းမှူးကြီးက ဖြေသည်။

"ကဲ ... ဦးကိုလေးရေ ကန်နားလုံက ကျ အမျိုးတွေ နေမကောင်းနေတာ။ သွေးလိုနေလို့ သွေး ရအောင် ရဲဘော် ၄၊ ၅၊ ၁၀ ယောက် ထည့်ပေးလိုက်ပါ သွေးက 'အို' သွေးတဲ့"

"ရပါတယ် ဗျူဟာမှူးကြီး။ ခဏစောင့်။ ဗိုလ်ကြီး တင်ဖေရေ ဆေးမှူးဆရာကြီးတင်စိုးနဲ့ညှိပြီး ရဲဘော် အ ယောက် ၂၀ လောက် ထည့်ပေးလိုက်ပါ။ လိုလိုမယ်မ ပေါ့"

"ဟ ... ဝတင်ဖေ မိမ့်ကြီးကော နေကော





ရဲ့လား။ ကိုယ့်လူကလေး ၂ ယောက်တောင် ရပြီ ကြားတယ်"

"ဟုတ်ကဲ့ပါ ဗျူဟာမှူးကြီး"

"ဦးကိုလေးရေ ... ကျုပ် အခု မိုင်းခတ်က ပြန်လာတာဗျ။ ကန်နားလုံရောက်တော့ အမျိုးတွေ နေမကောင်းတာနဲ့ လာတိုးနေတယ်။ သူတို့ကိုစွပြီးမှ မကွေး ပြန်မယ်။ ဘာမှာဦးမလဲ"

"မရှိပါဘူးခင်ဗျ။ ကျွန်တော်တို့လည်း ပြန်ရ တော့မှာပါ"

ထိုနေ့က ည ၉ နာရီလောက်တွင် စစ်သည် ၁၄/၅ ယောက်နှင့် ဗျူဟာမှူး ဗိုလ်မှူးကြီးသူရထွန်းကြည်သည် သစ်တစ်ပင်တောင်ကုန်းမှ ကန်နားလုံသို့ နစ်ဆန်း ဘယ်ရီယာကားတွေဖြင့်ပင် ပြန်လည်ထွက်ခွာသွားလေ သည်။

ကားမထွက်မီ ကျွန်တော့်ကိုကြည့်ပြီး ...

"ဦးကိုလေး ... သူက ဘယ်သူလဲ"

"ကျွန်တော်တို့ တပ်ကို အခုရောက်လာတဲ့ တပ် ခွဲမှူး ဗိုလ်မှူးအသစ်ပါ။ ဗိုလ်ကြီးသက်ဦးတဲ့ခင်ဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ဩသြဘ်"

ဤသည်မှာ ကျွန်တော်နှင့် ဗိုလ်မှူးကြီး သူရ ထွန်းကြည်တို့ စတင်တွေ့ဆုံပုံပါခင်ဗျာ။

ဗိုလ်မှူးကြီးသူရထွန်းကြည်သည် ထိုလူမမာကို ဖြင့် မကွေးသို့ ချက်ချင်း မပြန်နိုင်ခဲ့ဘဲ ကျိုင်းတုံတွင် တစ်ပတ်ခန့်နေသွား၏။ နေ့တိုင်းလိုလို သစ်တစ်ပင်တောင် ကုန်းသို့ လာလည်တတ်သည်။ ရှေးဟောင်းနှောင်းဖြစ် များကို ပြောသည်။ စကားကို အကျယ်ကြီးပြောတတ်သော လူက ဝဝထောင်ထောင်မောင်းမောင်း ခေါင်းက ပြောင် ပြောင်၊ ဦးထုပ်မဆောင်းဘဲ ခေါင်းတွင် အမြဲတမ်း Cap Conforter သာ ဆောင်းလေ့ရှိသည်။ သစ်တစ်ပင်တောင် ကုန်းသို့ ရောက်တိုင်း ညွှန်ခံသမျှ အစားအစာများကို အကုန်စားသည်။ စားလည်း စားနိုင်၏။ ထူးထူးခြားခြား အရက် မသောက်တတ်ပါ။ စကားပြောလျှင်လည်း အကြောင်းအရာ စုံသည်။ အဆက်မပြတ်လည်း ပြောနိုင် သည်။ သူ ပြောသည့်အကြောင်းအရာများ၌ သနက (၁) နှင့် မင်းရန်အောင်စစ်ဆင်ရေး၊ ရောင်ခေါက်ပန်မကောက် တိုက်ပွဲကြီးများအကြောင်း၊ မိုင်းယောင်း တိုက်ပွဲကြီး





အကြောင်း။ မကြာသေးမီက ယန်းကောင်ထိုးဖောက်တိုက်ပွဲ၌ ခလရ (၅) တပ်ရင်းမှူး ဒုဗိုလ်မှူးကြီးကြည်ဝင်း ကျဆုံး သည့်အကြောင်းများကို စီကာစဉ်ကာဖြင့် ပြောပြလေ သည်။ သူက အပြောသမား။ ကျွန်တော်တို့က နားထောင် သမား။

"ယန်းကောင်ထိုးဖောက်တုန်းက အားလုံး ပြီးနေ ပြီ။ သေနတ်ကလေးတွေလည်း သုံးလေးငါးလက် ရထား ပြီးပြီ။ အဆုတ်မှာ ဟိုက (၆၀) မီလီမီတာ စိန်ပြောင်းနဲ့ ထိုက်ပစ်တာဗျာ။ ကံဆိုးချင်တော့ တစ်လုံးက ကိုကြည် ဝင်းနား လာကျပြီး ကွဲပါလေရော။ အသည်းကို အစ စလေးတစ်စ ဝင်စိုက်ပြီး ကိုကြည်ဝင်း On the Spot ကျသွားပါလေရော။ စိတ်မကောင်းဘူးဗျာ"

"ကိုကြည်ဝင်းက မိုင်းယောင်းတိုက်ပွဲတုန်းက တော်တော်လုပ်ရှာတယ်။ မိုင်းယောင်းအပြီး သူ့ကို ကော် ဘိုလွယ်မှာ တင်ထားတာ (၈၁၅) က ဝိုင်းတိုက်ကြတာ သနက (၁) နဲ့ ခလရ (၅) စစ်ကူတွေ အရောက်မြန်ပြီး လေယာဉ်ကလည်း ပစ်ကူတွေ တရစပ်ပေးနေလို့ သူ့ကုန်း ကလွဲပြီး ကျန်တာတွေအားလုံး ကျသွားပြီ။ လူတောင် ၂၉



www.burmeseclassic.com

www.burmeseclassic.com



၂၅ လောက်ပဲ ကျန်တယ်။ အားလုံး ကျတဲ့လူကျ၊ ဒဏ်ရာ ရတဲ့သူ ရနဲ့။ အဲဒီတုန်းက သေသွားနိုင်တယ်။ အဲဒီတုန်းက မသေဘဲ ခုမှသေသွားတော့ ပိုစိတ်မကောင်းဖြစ်ရတာပေါ့။ **Promotion** လည်း တင်ထားပေးပြီးပြီလေ။ သိပ်မကြာ ခင်ရတော့မှာ''

သူက မိုင်းယောင်းတိုက်ပွဲအကြောင်း ပြောတော့ မိုင်းယောင်းပြန် ရတာသနက (၁) မှ သူ၏တပည့်ရင်းများ ဖြစ်ကြသည့် ဗိုလ်တင်ဖေ၊ ဗိုလ်စိုးညွန့်၊ ဗိုလ်ကြီးသန်းဝင်း ဗိုလ်သူရခင်မောင်လတ် စသူတို့အား သူ့အကြောင်း မေး သည်။

''ဗျူဟာမှူးကြီးက တကယ့် **Fighter** ကြီး လုပ်ရဲ ကိုင်ရဲလည်း ရှိတယ်။ ဒါကြောင့် ရောင်ခေါက်ပန်မကောင် တိုက်ပွဲတွေမှာ အောင်မြင်မှုရခဲ့တာ။ သူက ပိုက်ဆံလည်း မနှမြောဘူး။ တိုက်ပွဲမှာရဲဘော်တွေကို အပြတ်တွန်းအား ပေးတယ်။ သားတို့ရေ အဖေကြီး ကြွားချင်လို့ပါကွ လုပ်ကြဟေ့၊ တက်ကြကွလို့ အမြဲ ပြောတတ်တယ်။ သူ ကိုယ်တိုင်လည်း ရှေ့က အမြဲလိုက်ပါတယ်။ တော်တော် အပြစ်လည်း အရေးမယူဘူး။ တိုက်ခိုက်ရေး အင်အား





ရှုမှာစိုးလို့တဲ့ စစ်တိုက်နေရင် ပြီးတာပါပဲဆိုပြီး ခွင့် တ်တတ်တယ်။ မင်းရန်အောင် စစ်ဆင်ရေး ပြီးတော့ **mp Promotion** နဲ့ ဗျူဟာမှူး ဒီမှာပဲပြန်ဖြစ်တယ်။ **n Paper** ၄၊ ၅၊ ၁၀ ရက်တော့ ဂျီဝမ်း ဖြစ်လိုက် သေးတယ်''

''နို့ ... နေစမ်းပါဦး၊ မိုင်းယောင်းတုန်းက ဘယ် ဖြစ်တာလဲ''

''သူက **Fighter** ကြီးလေ။ **Agressive** ဖြစ် ယ်။ ရန်သူက **Feint** ပြပြီး ကော်ဟိုလွယ်ထင်းရှူး ာင်မှာ ရွရွ ရွရွ လာလုပ်နေတော့ သူလည်း မရိုးမရွ ပြီး ရှိတဲ့တပ်နဲ့ မိုင်းယောင်းကနေ ထွက်လိုက်သွားတာ န်သူဆင်တဲ့ ထောင်ချောက်ထဲ ဝင်သွားတာပေါ့။ အဲဒီ ချိန်မှာ ရန်သူရဲ့ ပင်မတပ် လူ ၁၀၀၀ ကျော်က မိုင်း ယောင်းပြန့်အစပ်မှာ ရောက်နေကြပြီလေ။ ဒါကို မသိဘူး ဒါနဲ့ သူလည်း ခံသွားရတာ''

''ဪ''

''အဲဒီကိစ္စနှင့်ပတ်သက်ပြီး စုံစမ်းအဖွဲ့ အစစ်ခံရ ယ်။ ဗျူဟာမှူးကြီးနဲ့ တာဝန်ရှိတပ်မှူး အသီးသီး



www.burmeseclassic.com

www.burmeseclassic.com



အရေးယူခံရတယ်။ ဗျူဟာမှူးကြီးနဲ့ ချင်း (၃) ဌာန… တပ်ခွဲမှူး ဗိုလ်မှူးမောင်ချိုတို့ လုပ်သက်တွေ အပြ… ခံရတယ်တဲ့။ **Demotion** တော့ မဖြစ်ပါဘူး''

''အေးလေ … တော်သေးတာပေါ့။ ဒါလော… လုပ်ကိုင်ထားတာ **Higher Formortion** က သက်… မှာပါ''

ကျွန်တော်တို့ စကားဝိုင်းတွင် ဗိုလ် သူရခင်… လတ်က စကားအပြောဆုံး။ သူက ဗိုလ်မှူးကြီး သူရထွ… ကြည်နှင့် အနီးကပ် အတော်ကြာနေဖူးသည်။ ဗိုလ်မှူး… သူရထွန်းကြည်၏ အမူအရာနှင့် လေသံများကို တ… ပြောတတ်သည်။ စက်ပေါ်တွင် ဗိုလ်မှူးကြီးသူရထွန်းကြ… ၏ ပြောဟန်ဆိုဟန်များအား အတုယူပြီး ကနီဦးလူ… လေဖြင့် ပြန်ပြောပြရာ ကျွန်တော်တို့မှာ တဝါးဝါး တဟား… ဟားဖြင့် အတော်ရယ်ရပါသည်။

၁၉၈၁ ခုနှစ် နှစ်ကုန်၍ ၁၉၈၂ ခုနှစ်ရောက်သော… အခါ ကျွန်တော်နှင့် ဗိုလ်မှူးကြီးသူရထွန်းကြည်တို့ … တော့ပါ။ ၁၉၈၃ ခုနှစ်၌ သူသည် **Full Colonel** **Promotion** ရရှိ၍ နယ်ဘက်သို့ အပြီးအပိုင်ပြောင်း… …သွားတော့သည်။ ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ စစ်ဆေး…ရေးအရာရှိချုပ် ရာထူးနှင့် ပြောင်းသွားရခြင်း ဖြစ်သည်။ …နယ်ဘက်တွင် နှစ်အတန်ကြာ တာဝန်ထမ်းဆောင်ပြီး …နောက် နှလုံးရောဂါဖြင့် ကွယ်လွန်သွားခဲ့သည်ဟု သိရပါသည်။

ဤသည်မှာ ကျွန်တော် ဦးစွာ ဖော်ပြလိုသည့် …ဆောင်းတပ်မှူးကြီး ဗိုလ်မှူးကြီး သူရထွန်းကြည်၏ …အကြောင်းအရာတစ်ပိုင်းတစ်စပါခင်ဗျား။

**…နှင့် ဗိုလ်မှူးကြီးအောင်မြင့်**

နောက်ဗျူဟာမှူးတစ်ဦးဖြစ်သည့် ဗိုလ်မှူးကြီး …အောင်မြင့်အကြောင်း ပြောရမည်ဆိုက ကျွန်တော် အများ…ကြီး ပြောနိုင်ပါသည်။ အဘယ်ကြောင့်ဆိုသော် ဗိုလ်မှူးကြီး …အောင်မြင့်သည် ၁၉၇၃ ခုနှစ်က ကျွန်တော်၏ တပ်ရင်းမှူး …ခဲ့သောကြောင့်ပါတည်း။ သူနှင့် သုံးနှစ်ခန့် အတူနေခဲ့ရ…သည်။

၁၉၇၂ ခုနှစ် ဖွန်လတွင် ကရင်ပြည်နယ် ဖာပွန် …မှ မော်လမြိုင်ကျောက်တစ်လုံးတပ်သို့ ကျွန်တော်…



www.burmeseclassic.com

www.burmeseclassic.com



ပြောင်းခဲ့ရ၏။ တပ်ရင်းမှူးမှာ OTS အပတ်စဉ် (၄) ဗိုလ်မှူးစိန်ဝင်းဖြစ်သည်။ တပ်မှာ တပ်သစ်ဖြစ်၏။ အ... အရာရာ အသားမကျသေး။ ဗိုလ်မှူးစိန်ဝင်းမှာ စစ်... စွမ်းရည်ရှိသော်လည်း အုပ်ချုပ်ရေးပိုင်းတွင် အားနည်း... သည်။ တပ်ကလည်း နည်းနည်းဆိုးချင်သည်။ နေ... တွေများလှ၏။ စဖွင့်ချိန်က တပ်ရင်းမှူး ဗိုလ်မှူးကြီး... မြင့်သည် လူရိုးလူအေးကြီးဖြစ်၏။ ဘာသာတရားကို အ... လိုက်စားသည်။ ရဲဘော်တွေကို ညှာသည်။ ထို့ကြော... တပ်က စွမ်းရည်သုံးရပ်တက်မလာဘဲ ရေး (၃) ချည်... စပ်နေ၏။ ၁ နှစ်ကျော်အကြာ၌ တပ်ရင်းမှူး... **Demotion** နှင့် ကျွန်တော်တို့တပ် ဖာပွန်သို့ ရော... လာသည်။ ကျွန်တော်နှင့် လေးငါးလအတူ နေလို... ရပါသည်။ ထိုအခါ ဗိုလ်မှူးစိန်ဝင်း တပ်ရင်းမှူးဖြစ်လာ... ဗိုလ်မှူးစိန်ဝင်းမှာ ရှေ့တန်း၌သာ အနေများပြီး နော... တန်းကို သူ့သူငယ်ချင်း ဗိုလ်ကြီးချစ်သွင်ဆိုသူနှင့် လွှ... ထားသည်။ ဗိုလ်ကြီးချစ်သွင်က **Higher Formation**... သိပ်အဆင်ပြေသူမဟုတ်။ တိုင်းက ခိုင်းလျှင် လုပ်ချ... လုပ်သူဖြစ်သည်။ သူက တပ်ရေးဗိုလ်ကြီးဖြစ်၏။ တပ်...





တိုင်းနှင့် ကပ်နေရာ တစ်ခုခုဖြစ်လျှင် တိုင်းက ထစ်ခနဲဆို သိတော့၏။ အမိန့်နာခံမှု မကောင်းသော တပ်ရေးဗိုလ်ကြီးကို လဲပစ်ရန် တပ်ရင်းမှူးအား အားလုံးက ဝိုင်းပြောကြ၏။ တပ်ရင်းမှူးက ချက်ချင်း အရေးယူဆောင်ရွက်မှု မရှိခဲ့။ နောက်တော့ တိုင်စာတောစာတွေ တစ်ထပ်ကြီးတက်ပြီး တပ်ကို ကကစစ်က ဝင်စစ်တော့သည်။

တိုင်စာများ မှန်နေသဖြင့် ဒုတိယအကြိမ်မြောက်ဖြစ်သော တပ်ရင်းမှူးဗိုလ်မှူးစိန်ဝင်းလည်း **Demotion** ဖြစ်ရရှာတော့၏။

ထိုအခါ လူကြီးများက -

"ဒီတပ်ကတော့ မဖြစ်ပါဘူး။ စီနီယာ လူဟောင်းကောင်းကောင်းပို့မှ ရတော့မယ်"

ဟုဆိုကာ မြောက်ပိုင်းတိုင်းမှ စီနီယာ တပ်ရင်းမှူးကြီးဖြစ်သည့် ဗိုလ်မှူးကြီးအောင်မြင့်ကို ပို့လိုက်တော့သည်။

၁၉၇၃ ခုနှစ် နှောင်းပိုင်းတွင် ဗိုလ်မှူးကြီးအောင်မြင့် မော်လမြိုင်ကျောက်တစ်လုံးသို့ ပြောင်းရွှေ့ရောက်ရှိလာသည်။ အသားဖြူဖြူ အရပ်ရှည်ရှည်နှင့် ခပ်ပိန်ပိန်ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်မှူးကြီးအောင်မြင့်သည် တပ်ကိုရောက် သည်နှင့် ပထမဆုံး စည်းကမ်းကို အရင်တင်းကြပ်လိုက် သည်။ အမိန့်များထုတ်ပြန်သည်။ အမိန့်မလိုက်နာသူများကို ထိရောက်စွာ အရေးယူသည်။ လူ ၆၀၀ ကျော် ရ၀၀ နီးပါးရှိသည့် တပ်ကြီးတွင် အမှုပေါင်း ငါးဆယ်ကျော် တစ်ရာနီးပါးကို အပြတ်ရှင်းသည်။ တိုးလို့တန်းလန်း တစ်ခု မှ မထား။ အမှုဖြစ်သည့်စစ်သည်၏ ကိုယ်ရေးမှတ်တမ်း အကျင့်စာရိတ္တမှတ်တမ်း **Conduct Sheet** တွင် မှင်နီ သုံးခါပါပြီးသည်ကို တွေ့ပါက တပ်မှ အပြီးအပိုင် ထုတ်ပယ် ပစ်သည်။ ဤသို့ဖြင့် လူ ၁၀၀ နီးပါး တပ်မှ ထွက်သွား ရသည်။ တကယ်လုပ်တော့ တပ်က ကြောက်ပါသည်။ ငြိမ်ဝပ်ပိပြားသွားတော့၏။ အမှုများလည်း ရှင်းသွားသည်။

ဒါသာမကပါ ယခင်တပ်ရင်းမှူး ဗိုလ်မှူးစိန်ဝင်း လက်ထက်က ဦးစီးအရာရှိ **Staff** များကိုလည်း လဲထုတ် လိုက်သည်။ တပ်ရေးတပ်ထောက် အိုင်အိုအားလုံးကို **Junior Officer** များနှင့် လဲသည်။ စီနီယာများကို တပ်ခွဲ ပြန်ပို့သည်။ ဗိုလ်ကြီးချစ်သွင်လည်း အခြေစိုက်တပ်တစ်ခု ကို ပြောင်းပြေးသည်။ ဗိုလ်မှူးကြီးအောင်မြင့် ရောက် သာစဉ်က ကျွန်တော်သည် **Family O.C** ဖြစ်ပါသည်။ သက်ဖတင်နင်လေး ဖြစ်ပါသည်။ လအနည်းငယ်အကြာ တွင် အိမ်ထောင်သည်များ ဒဏ်မခံနိုင်၍ ရှေ့တန်းသို့ **Request** လုပ်ပြီး လိုက်ပါခဲ့သည်။ ထိုအချိန်တွင် ကျွန်တော်သည် လက်ဖတင်နင်က ကပ္ပတိန်ဖြစ်နေပါပြီ။ အသက်က ၂၇၊ ၂၈။ ထိုစဉ်က ထိုရာထူးနှင့် အတော် ငယ်သောအသက် ဖြစ်ပါ၏။

ဗိုလ်မှူးကြီးအောင်မြင့်နှင့်ပတ်သက်ပြီး ကျွန်တော့် တွင် ပြောစရာ အမှတ်တရ တစ်ခု၊ နှစ်ခု ရှိပါသည်။

ပထမတစ်ခုက ဒီလိုပါခင်ဗျာ။

နောက်တန်းမှ ရှေ့တန်းသို့ ကျွန်တော်ရောက်သွား သော့ အသစ်ကျပ်ချွတ် ကပ္ပတိန်လေးဖြစ်၍ တပ်ခွဲမှူး တာဝန် ထမ်းဆောင်ရသည်။ ရက်အနည်းငယ်အတွင်းမှာ ပင် ကွန်မန်ဒိုတပ်စုနှင့် သေနတ်လေးငါးဆယ်လက် ရ သော့၏။ ကျွန်တော် မြောက်ကြွ မြောက်ကြွဖြစ်သွား၏။ ဒါကို ဗိုလ်မှူးကြီးအောင်မြင့်က သိပ်ပြီး ဘဝင်ကျပုံမရ။

“ဟော့ကောင် ... သိပ်ဘဝင်တွေ မြင့်မနေနဲ့”

ဟု သတိပေး၏။ ထိုစဉ်က ကျွန်တော်သည်



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်မှူးကြီးအောင်မြင့်၏ စစ်ကြောင်း (၁) ဌာနချုပ်နှ
အတူကလိန်အောင်တွင် အတူနေရပါသည်။

သုံးလေးလအတူနေပြီး ရေဖြူသို့ ကျွန်တော်
ပြောင်းရသည်။ ရေဖြူတွင် ရှိနေစဉ် မိုးတွင်းတစ်
ထားဝယ်မြစ်အတွင်း ကင်းပုန်းသွားရင် ပြည်သူ့စစ်များ
ညသန်းခေါင်ချိန် မှားယွင်းပစ်ခတ်ကြ၍ ပြည်သူ့
ခေါင်းဆောင်ကျဆုံးသွားသည်။ ကျွန်တော်က ညာဘ
ပေါင် ၆ ချက်ထိပြီး ဆေးရုံတက်ရသည်။ မင်္ဂလာဒုံ DSGH
မှာ ဖြစ်၏။ ဆေးရုံမှာ သုံးလေးလကြာ၏။ ဆေးရုံ
ဆင်းတော့ ဆေးအဆင့် **B** သို့ ချပေးလိုက်သည်။ အိမ်
ထောင်သည်လိုင်း တာဝန်ခံ **Family OC** ဖြစ်ရပြန်သည်
ဒီရာထူးက ကျွန်တော်နှင့် **Allergic**၊ အိမ်ထောင်သည်
ရဲမေများ၏ ဂဂျီဂဂျောင်ဒဏ်ကို ကျွန်တော် မခံနိုင်၍
ကြောင့် ဒီတစ်ခါလည်း **Request** လုပ်ကာ ရှေ့တန်း
လိုက်ခဲ့ပြန်ပါသည်။ ဆေးအဆင့် **B** က **Outpost** ထိုင်
ရပါသည်။ ရှေ့တန်းသို့ ကျွန်တော် လိုက်သွားချိန်
ဆေးအဆင့် **B** နှင့် ထားတာ သုံးလရှိပါပြီ။ **Down**
**Grading** လုပ်တာ ၆ လ ဖြစ်၏။ ၆ လကြာရင် ဆေး





အဆင့်ပြန်မြှင့်ရန် **Up grade** လုပ်ရန် **DSGH** ပြန်
သွားရပါမည်။

ရှေ့တန်းမသွားမီ ရေးမြို့တပ်ရင်း ဌာနချုပ်၌
တပ်ရင်းမှူးကြီးနှင့် တွေ့ရ၏။ ထိုစဉ်က ကျွန်တော်တို့တပ်
ခလရ (၆၁) သည် မော်လမြိုင်ကျောက်တစ်လုံးမှ ရေးမြို့သို့
ရွှေ့ပြောင်းနေပြီဖြစ်သည်။ အိမ်ထောင်သည် မိသားစုများမှ
လွဲ၍ တပ်ရင်းတစ်ရင်းလုံး ရေးသို့ ရောက်နေပါပြီ။ အိမ်
ထောင်သည် လိုင်းများကား ဆောက်လုပ်ဆဲဖြစ်၏။

လူချင်းတွေ့တော့ တပ်ရင်းမှူးကြီးက အောက်
ပါအတိုင်း မေးတော့သည်။

"မင်းဆေးအဆင့်က ဘယ်နှစ်လချပေးလိုက်လဲ"

"၆ လ ပါခင်ဗျ"

"အခု ဘယ်နှစ်လကျန်သေးလဲ"

"သုံးလကျော်ကျော် ကျန်ပါတယ်ခင်ဗျ"

"အေးကွာ . . . အဲဒီသုံးလကို မင်းသားလယ်ကြီး
ခဏ သွားနေပေးကွာ။ အဲဒီက ဗိုလ်ကြီးတင်ဦး သင်တန်း
တက်ဖို့ရှိတယ်။ ပြီးရင် မင်း ဆေးပြန်စစ်ဖို့ ပြန်ခေါ်ပေး
မယ်။ ဟုတ်ရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါခင်ဗျ"

သုံးလက ၆ လ ကြာသွားပါသည်။ ၆ လ ကြာမှ ကျွန်တော့်ကို ပြန်ခေါ်သည်။ ဒါတောင် ကြေးနန်း အကြိမ်ကြိမ်ပို့ပြီး တင်ပြမှ ပြန်ခေါ်တော့သည်။

ဒီနေရာတွင်လည်း ပြောစရာတစ်ခု ရှိပါသည်။ ကျွန်တော် ရှေ့တန်းမသွားမီက တပ်ရေးဗိုလ်ကြီး ဗိုလ်ကြီး မျိုးအောင်နှင့်ညိုကာ တပ်ပြောင်းခွင့် ရေးတင်ခဲ့သည်။ တပ်ရင်းမှူးကြီးကို သတင်းမပို့မိပါ။ ပြဿနာက နှစ်ခု ရှိပါသည်။ တစ်ခုက ကျွန်တော်သည် ရတခ အရှေ့တောင် တိုင်းဒေသမှာ ဆယ်နှစ်နီးပါးရှိနေပြီ။ ဒီဒေသတွေမှာ နေရတာ ငြီးငွေ့နေပါပြီ။

ဖြစ်နိုင်ရင် ငယ်တုန်းရွယ်တုန်း အရှေ့မြောက်က ဗကပများနဲ့ တစ်ပွဲတစ်လမ်း အကဲစမ်းကြည့်ချင်ပါသည်။ သူများတွေက ဗကပနှင့် အရှေ့မြောက်တိုက်ပွဲတွေ အကြောင်း မစားရ ဝခမန်းပြောတော့ ကိုယ်လည်း လူငယ် ပီပီ ပြောကြည့်ချင်တာပေါ့ခင်ဗျာ။

နောက်တစ်ခုက ကျွန်တော့်ကိုယ်ရေးကိုယ်တာ ကိစ္စပါ။





ဖာပွန်မှ မော်လမြိုင် ပြောင်းလာတော့ ကျွန်တော့် ဇနီးက အသက် ၂၀ သာသာပါ။ အတော်ငယ်ပါသေးသည်။ မော်လမြိုင်မှာ ဇနီးသည်အမျိုးတွေ အများကြီး ရှိသည်။ ဒါသာမကပါ ခမရ (၁၀၄) တွင်လည်း ကျွန်တော်၏ လက်ဦးဆရာ ဗိုလ်ကြီးအေးကျော်နှင့် ဇနီးဒေါ်လှမူတို့ ရှိသည်။ ဇနီးသည်က အားရင် ကျောက်တစ်လုံးမှ မော်လမြိုင်သွားပြီး နေဟတ်သည်။ သူ့အမျိုးတွေဆီမှာ နေရင်နေ မနေရင် ခမရ (၁၀၄) က ဗိုလ်ကြီးအေးကျော်တို့ အိမ်မှာနေသည်။ သူမကလေးနှစ်ယောက်ကိုပါ ခေါ်သွားလေ့ရှိသည်။ သားအကြီး မောင်ဖိုးချွန်ကို ဗိုလ်ကြီးအေးကျော်တို့ ဇနီးမောင်နှံက အလွန်ချစ်ကြသည်။ သားက ဘမမောင်းမှာ သူတို့လက်ထဲ ကြီးလာသူဖြစ်၏။

ဘာပဲဖြစ်ဖြစ် ကျောက်တစ်လုံးမှ ကလေးနှစ်ယောက်နှင့် မော်လမြိုင်ကို လှစ်ခနဲ လှစ်ခနဲ သွားတတ်သည့် ကျွန်တော့်ဇနီးကို တပ်ရင်းမှူးကတော်ကြီးက အမြင် ကြည်ပါ။ တပ်ရင်းမှူးကြီးအား သတင်းပို့ပုံ ရပါသည်။

ဇနီးသည်ကလည်း တပ်မှာနေရတာစာရင် သူ့ အမျိုးတွေနဲ့ ခမရ (၁၀၄) ရှိသည့် မော်လမြိုင်မှာ ပိုပျော်



www.burmeseclassic.com

www.burmeseclassic.com



နေ၏။

တပ်ရင်းမှူးကြီးက စည်းကမ်းကလနားကြီးသည်။ ဒီအတိုင်းဆို ခက်ရချည်ရဲ့။ မော်လမြိုင်ဒေသက ခွာမှ ရမည်။ ဒီတပ်က ပြောင်းမှ ရမည်။ ဒါက ကျွန်တော့်ရဲ့ ဒုတိယအတွေး။

ဤသို့ဖြင့် ရတခမှသည် အရှေ့မြောက်ကို ပြောင်း ပါရစေဆိုပြီး တပ်ပြောင်းခွင့် တင်လိုက်မိပါတော့သည် ခင်ဗျား။

သူ့သတင်းမပို့ဘဲ တပ်ပြောင်းခွင့် တင်လိုက်လို့လား မသိပါ။ တပ်ရင်းမှူးကြီးက ကျွန်တော့်ကို ရှေ့တန်းမှာ အကြာကြီး ထားလိုက်သည်။ ထို့နောက် ဆေးစစ်သွားနိုင်းသည်။ ဆေးအဆင့် အေပြန်ဖြစ်တော့လည်း တပ်ခွဲမှူးခန့်ပြီး ကရင်ပြည်နယ်သို့ ပို့လွှတ်လိုက်တော့၏။ စကားလည်း ဟက်ဟက်ပက်ပက် မပြောတော့ပါ။ တပ်ပြောင်းခွင့်တော့ တင်ပေးလိုက်ပါသည်။ သူနဲ့အတူမနေချင်၍ တပ်ပြောင်းခွင့်တင်သည်ဟု ယူဆပြီး မျက်သွားလေသလားတော့ မသိပါ။ ကိုယ်ကတော့ ကိုယ့်ပြဿနာနဲ့ ကိုယ်မို့ တင်လိုက်မိခြင်းပါခင်ဗျာ။





ကရင်ပြည်နယ်တွင် ၁၉၇၅ ခုနှစ် အောက်တိုဘာလမှ ၁၉၇၆ ခုနှစ် မေလထိ ၆ လ၊ ၇ လ ကြာခဲ့ပါသည်။ တိုက်ပွဲပေါင်းမြောက်မြားစွာ တိုက်လိုက်ရ၏။ KNU ညီအစ်ကိုများနှင့် ဒေါနတောင်တစ်ကြောတွင် မောသွားအောင် ပြေးလွှားပစ်ခတ်ခဲ့ရ၏။ ဒေါနတောင်တန်းပေါ်တွင် ဒေါတခွားများနှင့် ပစ်ခတ်တိုက်ခိုက်နေဆဲ တပ်ပြောင်းမိန့်ထွက်လာ၏။

သို့ရာတွင် အမိန့်ထွက်ပြီး ၂ လကျော်ကြာမှ ပြောင်းခဲ့ရ၏။ အားလုံးက ကျွန်တော် မသိအောင် ဝိုင်းဝန်းဖိထားကြသည်။ မပြောမဖြစ်မှ ကျွန်တော် သိသွားမှ တပ်ပြောင်းမိန့်ထွက်ကြောင်း ပြောပြကြသည်။

ဆေးအဆင့် B နှိမ့်ထားတုန်းကလည်း သုံးလလောက်ကျော်မှ ကျွန်တော့်ကို လူစားလဲပေးသည်။ ယခုလည်း တပ်ပြောင်းမိန့်ထွက်ကာ ၂ လခွဲ သုံးလ ကြာမှ ကျွန်တော့်ကို ရှေ့တန်းက ပြန်ခေါ်သည်။ လူစားလဲပေးသည်။ ဤကိစ္စနှင့်ပတ်သက်၍ တာဝန်အရှိဆုံးမှာ တပ်ရင်းမှူးကြီးဟု ကျွန်တော် ယူဆပါသည်။ ဤကိစ္စမှာ ကျွန်တော့်အတွက် မမေ့စရာကိစ္စတစ်ခုဖြစ်ခဲ့ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



တပ်ပြောင်းတော့ ကျွန်တော်မှ တပ်ရင်းမှူးကြီးက တွေ့ခွင့်တောင်းကာ ဖြစ်စဉ်အားလုံးကို ရှင်းပြခဲ့ပါသည်။ ဖနီးသည်နှင့် ပတ်သက်သည်များကိုလည်း ပြောပြလိုက် ပါသည်။ ထိုအခါကျမှ တပ်ရင်းမှူးကြီးက –

''အေးကွာ ... ငါကလည်း မင်းတို့တပ်ကို စည်း ကမ်းကိုင်နေတာကွ။ ဒါကြောင့် ဘယ်သူ့မှ မျက်နှာသာ ပေးလို့ မရဘူး''

ဟု ဖနီးသည်နှင့် ပတ်သက်ပြီးစကားဆိုသည်။

ကျွန်တော်နှင့်ပတ်သက်၍မူ –

''မင်းကိုတော့ အရာရှိ အခက်အခဲရှိလို့ ချက်ချင်း ခေါ်မထုတ်နိုင်တာပါ။ ကျန်တာ မရှိပါဘူး'' ဟု ပြေရာပြေ ကြောင်း ပြောပါတော့သည်။

ဘာပဲဖြစ်ဖြစ် ပြောင်းခါနီးတော့ အဆင်ပြေပြေ စကားပြောဖြစ်ပါသည်။ သူ မသိအောင် တပ်ပြောင်းချိန် တင်လိုက်မိသည့်ကိစ္စအတွက်လည်း တောင်းပန်ခဲ့ပါသည်။

နောက်တစ်ခုက ဒီလိုပါခင်ဗျာ။

ကျွန်တော် ပြောင်းသွားပြီး လအတန်ကြာတွင် ကရင်ပြည်နယ် ဒေါနတောင်တန်းတက်ရသည့် ခလရ (၆...





...သောင်းတိုက်ပွဲကာလအတွင်း ကျိုင်းတုံ၌ လာရောက်အခြေပြုတွယ်ခဲ့သော ကာ.စ.ထ မှူး ဗိုလ်ချုပ် သူရထွန်းရီ
(ယခု ဒုတိယဗိုလ်ချုပ်ကြီးသူရထွန်းရီ အငြိမ်းစား)

www.burmeseclassic.com

www.burmeseclassic.com



မိုင်းယောင်းတိုက်ပွဲကာလက တပ်မ(၈၈) တပ်မမှူး ဗိုလ်မှူးချုပ်သန်း

(ယခု အငြိမ်းစား ဗိုလ်ချုပ်မှူးကြီး)



ယောင်းတိုက်ပွဲကာလက တပ်မ (၈၈) ဒုတပ်မမှူး ဗိုလ်မှူးကြီးမြင့်အောင်


(ယခုဒုတိယ ဗိုလ်ချုပ်ကြီး မြင့်အောင် - ကွယ်လွန်)

www.burmeseclassic.com

www.burmeseclassic.com



မိုင်းယောင်းတိုက်ပွဲ ကာလက နည်းဗျူဟာ (၈၈၁) နည်းဗျူဟာမှူး
ဗိုလ်မှူးကြီးအောင်မြင့်



မိုင်းယောင်းတိုက်ပွဲ ကာလက
နည်းဗျူဟာ (၈၈၃)၊ နည်းဗျူဟာမှူး ဗိုလ်မှူးကြီး တန်ကာဗိုချိ

www.burmeseclassic.com

www.burmeseclassic.com



မိုင်းယောင်းတိုက်ပွဲ ကာလက
အရှေ့မိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ်လှဦး
(ယခု အငြိမ်းစား)



စစ်ကြောင်းများ မှောင်ခိုပစ္စည်းကိစ္စနှင့် အရေးယူခံရတော့၏။ ထိုင်းနိုင်ငံမှ မှောင်ခိုပစ္စည်းများက ၁၉၇၀ ခုနှစ်လောက်ကစပြီး မြန်မာနိုင်ငံတွင်း စဝင်လာသည်။ ၁၉၇၄/၇၅ ခုနှစ်လောက်တွင်ကား အထွတ်အထိပ် ရောက်တော့၏။ ဒေါနတောင်တစ်ဝိုက်တွင် မှောင်ခိုလူအုပ်ကြီးတွေမှာ ပွဲများကနေသလား အောက်မေ့ရ၏။ နေ့စဉ် ထိုင်းဘက်သို့ တရုန်းရုန်းနှင့် သွားနေကြ၏။ ကျွန်တော်တို့စစ်ကြောင်းများကို မှောင်ခိုဖမ်းခွင့် ပေးထားပါသည်။ ဖမ်းဆီးရမိမှောင်ခိုပစ္စည်းများ အကုန်အပြည့်အဝ မအပ်နှံမှု၊ ကုန်သည်များထံ ရောင်းစားမှုနှင့် ထိုစဉ်က စစ်ကြောင်းမှူး ဦးနှင့် စစ်ကြောင်းတွင် ပါဝင်သည့် အရာရှိအားလုံးကို တခဝိုင်းမှ အရေးယူတော့၏။ စုံခုံဖွဲ့စစ်စေသည်။

စစ်ဆေးရာ၌ တပ်ရင်းမှူးကြီးက တပ်ရေးဗိုလ်ကြီးအား –

“ဗိုလ်သက်ဦးက ပြောင်းသွားပါပြီကွာ။ စုံခုံမှတ်တမ်းမှာ သူ့နာမည် မထည့်ပါနဲ့တော့။ သူနဲ့ပတ်သက်တဲ့ ကြီးကြီးကျယ်ကျယ်ကိစ္စလည်း ပါမှ မပါတာ”

ဟု Case မှ ကျွန်တော့်နာမည် ပယ်ဖျက်ပေးရ

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



မှတ်ချက်ပေးလိုက်သည်။ တပ်ရေးဗိုလ်ကြီးက ဖျက်ပေးလိုက်၏။

အောင်မယ်လေး သိပ်ကံကောင်းသွားတာပေါ့ ခင်ဗျာ။

အမှုပြီးသွားတော့ စစ်ကြောင်းတွင် ပါဝင်ခဲ့သည့် အရာရှိအားလုံး အရေးယူခံရသည်။ တစ်ယောက်မှ မလွတ်ပါ။ စစ်ကြောင်းမှူး ၂ ဦးလုံးလည်း မပြုတ်ရုံတစ်မယ် ကျန်သည်။ အရာရှိငယ်တစ်ဦး ၂ ဦး လုံးဝ တပ်မှ ထွက်ရသည်။ ဤအမှုတွင် ပါခဲ့သူအားလုံး တစ်ယောက်မှ မကြီးပွားတော့ပါ။ အမှုမှ လွတ်သူမှာလည်း ကျွန်တော်တစ်ဦးသာရှိပါသည်။ ဤကိစ္စနှင့်ပတ်သက်ပြီး ဗိုလ်မှူးကြီးအောင်မြင့်ကို ယနေ့တိုင် ကျေးဇူးတင်နေဆဲပါခင်ဗျာ။

၁၉၈၃ ခုနှစ်တွင် ကျွန်တော် မေဂျာရာထူးနှင့် ဗထူးတွင် တပ်ရင်းမှူးသင်တန်း တက်ရ၏။ ဗိုလ်မှူးကြီးအောင်မြင့်ကလည်း စစ်ဦးစီးတက္ကသိုလ် ကျောင်းအုပ်ကြီးတာဝန်နှင့် ဗထူးရောက်နေသည်။

တစ်ည အောင်ဆန်းခန်းမရုပ်ရှင်ရုံ အထူးတန်း၌ Night Study အပြီး ယူနီဖောင်းမချွတ်ဘဲ ရုပ်ရှင် သွားကြည့်မိသည်။ ဗိုလ်မှူးကြီးအောင်မြင့်နှင့်ဇနီးတို့အား ရုပ်ရှင်လာကြည့်နေသည်ကို အမှတ်မထင် သွားတွေ့သည်။ သူတို့က ရှေ့၊ ကျွန်တော်က နောက်၊ ခုံချင်းကပ်နေသည်။

ကျွန်တော်က လူငယ်ပီပီ ဂါရဝပြုကာ စတင်နှုတ်ဆက်ရ၏။

"ဗိုလ်မှူးကြီးနဲ့ မမတို့ ရုပ်ရှင်လာကြည့်ကြပါသလား ခင်ဗျာ"

ဗိုလ်မှူးကြီးအောင်မြင့်က ရုတ်တရက် အံ့ဩသွားသည်။

"ဟာ ... ဟော ... ဗိုလ်သက်ဦးပါလားကွ။ အောင်မယ်လေး ... ငါ့လူက မေဂျာတွေ ဘာတွေ ဖြစ်လို့ပါလားဟ"

ဟု ဝမ်းမြောက်ဝမ်းသာ ပြန်နှုတ်ဆက်သည်။

"အခု ဘယ်တပ်မှာလဲ"

"သနက (၁) မှာပါခင်ဗျာ"

"ဟော ... တပ်ကောင်းပဲကွ။ ငါနဲ့ မင်းရန်အောင် တုန်းက ရောက်ခဲ့က် ပန်မကောက်တိုက်ခဲ့တာကွ။ တပ်ကောင်းဆိုတော့ မင်း ကံကောင်းတာပေါ့ကွာ"





မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါခင်ဗျ"

"အိမ်လာလည်ဦးလေကွာ"

"ဟုတ်ကဲ့ပါခင်ဗျာ"

တပည့်ဟောင်းကို ရာထူးတက်ပြီး ပြန်တွေ့ရတော့ ဝမ်းသာသွားပါသည်။ လူချင်းတွေ့ပြီး အိမ်မှာ သွားစကား ပြောတော့လည်း မုဒိတာစကားများ ပြောပါသည်။ ဇနီး သည်လည်း လိမ္မာယဉ်ကျေးပြီး ဘုရားနှင့်တရားနှင့် ဖြစ် နေကြောင်း ပြောတော့လည်း ဝမ်းသာရှာ၏။

"အေး ... အေး ... ကောင်းပါတယ်ကွာ။ အသက်တွေလည်း ကြီးကြပြီပဲ" ဟု ပြောရှာ၏။

မိုင်းယောင်းတိုက်ပွဲအပြီး လအတန်ကြာတွင် ဗိုလ်မှူးကြီးအောင်မြင့်အား စစ်ဦးစီးတက္ကသိုလ်ကျောင်းအုပ် ကြီးအဖြစ် အထက်မှ ပြောင်းပေးလိုက်သည်။

ဗိုလ်မှူးကြီးအောင်မြင့်သည် စာအလွန်တော်ပါ၏။ သင်တန်းတိုင်းတွင် ပထမရသည်။ သူသည် ဗိုလ်သင်တန်း အပတ်စဉ် ၉ တွင်လည်း **Best Cadet** အကောင်းဆုံး ဗိုလ်လောင်းဟု သိရ၏။ စစ်ဦးစီးတက္ကသိုလ် တက်ခဲ့စဉ် ကလည်း နေမကောင်း၍ ဆေးရုံတစ်လခန့် တက်ခဲ့သည်





ကြားမှ တတိယရခဲ့သေးသည်ဆို၏။ ခလရ (၆၁) တပ်ရင်း မှူးဘဝက တပ်ကောင်းအောင် ပြုပြင်ရန်အတွက် အုပ်ချုပ်မှု ညွှန်ကြားလွှာကြီး တစ်စောင် ရေးသားဖြန့်ဝေခဲ့သည်။ အရာရှိအားလုံးကို တစ်စောင်စီပေးပြီး လိုက်နာလုပ်ဆောင် စေခဲ့သည်။ စာအုပ်ကြီးမှာ အလွန်ကောင်းလှသဖြင့် ကျွန်တော် တပ်ရင်းမှူးဖြစ်တော့ အမှုအခင်းများလှသည့် ခလရ (၆) အား အုပ်ချုပ်ရာတွင် ထိုစာအုပ်ကြီးကိုပင် ကိုးကားခဲ့ရ၏။ များမကြာသေးမီက ကျွန်တော့် သမက် ကလေး တပ်ရင်းမှူးဖြစ်တော့ ထိုစာအုပ်ကြီးကို လက်ဆင့် ကမ်းပေးခဲ့၏။ သူလည်း ယခု ဒုဗိုလ်မှူးကြီး ဖြစ်သွားပါပြီ။

"အဖေ့စာအုပ်ကြီးက တော်တော်အားကိုးရတယ်"

ဟု လူချင်းတွေ့သည့်အခါ သမက်ကလေးက ပြော ပါသည်။

ဤသို့သော ဘက်စုံထူးချွန်လှသည့် ဗိုလ်မှူးကြီး အောင်မြင့်ကို မိုင်းယောင်းတိုက်ပွဲကြီးနှင့် ပတ်သက်ပြီး တာဝန်မကင်းဟု တပ်မ (၈၈) က **Staff** အချို့က တိုးတိုး တိတ်တိတ် ပြောကြသည်။

"ဘာဖြစ်လို့လဲ" ဟု ကျွန်တော်က မေးမိသည်။



www.burmeseclassic.com

www.burmeseclassic.com



''မိုင်းယောင်းဗျူဟာ တာဝန်လွှဲတော့ ရန်သူ့သတင်းကို ဗျူဟာမှူးအသစ် ဗိုလ်မှူးကြီးထွန်းကြည်ကို အသေအချာ ပြောမသွားဘူး။ သုံးသပ်ပြမသွားဘူး။ ဟိုကလူသစ်၊ ဘုမသိ ဘမသိနဲ့ ရန်သူ့သတင်းပေါ်တဲ့နေရာ စွတ်ရွတ်လိုက်သွားလို့ မိုင်းယောင်းအတိုက်ခံရတယ်လို့ အထက်က သုံးသပ်တယ်'' ဟု ပြောပြကြသည်။

ကျွန်တော်ကတော့ ဂဃနဏ မသိပါ။ သူတို့ပြောတာဟုတ်ချင်မှ ဟုတ်ပါလိမ့်မည်။ တရားဝင်ပြောတာလည်း မဟုတ်ပါ။

မည်သို့ဆိုစေ မိုင်းယောင်းတပ်မှူးကြီးများထဲတွင် ဗိုလ်မှူးကြီးအောင်မြင့်လည်း ပါဝင်သဖြင့် ကျွန်တော်သိသော ဗိုလ်မှူးကြီးအောင်မြင့်အကြောင်းကို တစ်ခွန်းတစ်စ တင်ပြရပါသည်။ ပြောမည်ဆိုက နောက်ထပ် ပြောစရာများ အများကြီး ကျန်ပါသေးသည်။ နောက်ဆုံးတင်းပဲ ဖြည့်စွက်ပြောပါမည်။ ဗိုလ်မှူးကြီးအောင်မြင့်တာ လက္ခဏာနှစ်ကြောင်းသာ ပါသည့် လက်ပြတ်ပိုင်ရှင်ခင်ဗျား။





ကျွန်တော်နှင့် ဗိုလ်မှူးကြီးတန်ကာဒို့(ချ်)

ထိုစဉ်က မိုင်းယောင်းဗျူဟာမှူးများထဲတွင် ဗိုလ်မှူးကြီးတန်ကာဒို့(ချ်)လည်း အပါအဝင် ဖြစ်၏။ ၁၉၈၀ ခုနှစ် ဇူလိုင်လ ၄ ရက် မိုင်းယောင်းတိုက်ပွဲကာလက ဗိုလ်မှူးကြီးတန်ကာဒို့(ချ်)သည် မိုင်းခတ်ဗျူဟာမှူး ဖြစ်၏။ မိုင်းယောင်းတိုက်ပွဲကိစ္စမှာ သူနှင့် မဆိုင်ပါ။ သို့ရာတွင် သူသည် ဗျူဟာမှူးသုံးယောက်အနက် အသက်အကြီးဆုံး ဖြစ်သည်။ ထို့ကြောင့် သူ့နေရာတွင် ငယ်ရွယ်သော ဗျူဟာမှူးများကို အစားထိုးလိုက်သဖြင့် ၁၉၈၀ ခုနှစ် နှစ်ကုန်၌ သူ့ကို ဗထူးတပ်နယ်ရှိ တပ်မတော်(ကြည်း) တိုက်ခိုက်ရေးကျောင်းသို့ ကျောင်းအုပ်ကြီးအဖြစ် အထက်က ရွှေ့ပြောင်းလိုက်သည်။ သူ့နေရာတွင် သူ့ထက်အသက်ငယ်သော ဗိုလ်မှူးကြီးရွှေကြူးကို အစားထိုးခန့်အပ်လိုက်၏။

ထိုအချိန်၌ ကျွန်တော်သည် တပ်မတော်(ကြည်း) တိုက်ခိုက်ရေးကျောင်း၊ ဗထူးတွင် တပ်ရေးဗိုလ်ကြီး ဖြစ်ပါသည်။ ထိုအခါ သူနှင့် ကျွန်တော် ရင်ဆိုင်ရတော့၏။ ဗိုလ်မှူးကြီးတန်ကာဒို့(ချ်)သည် ဗိုလ်သင်တန်းအပတ်စဉ်



www.burmeseclassic.com

www.burmeseclassic.com



(၇) မှ ဖြစ်သည်။ သူတို့ အပတ်စဉ်မှာ လူများသည် ၁၀၀ ကျော် ၂၀၀ နီးပါးရှိသည်ဟု ကြားဖူးသည်။ အတော်များများ ကျွန်တော့်တပ်မှူးကြီးများ ဖြစ်ဖူးကြသည်။ မိခင်တပ်ရင်း ခလရ (၁၉) ၌ ဗိုလ်မှူးကြီးဘသိန်းနှင့် ဗိုလ်မှူးကြီးစံလှဘော်၊ ခလရ (၆၁) ၌ ဗိုလ်မှူးစိန်ဝင်း ခလရ (၆၇) ၌ ဗိုလ်မှူးကြီးသန်းဌေးတို့ ဖြစ်ကြသည်။ ရှားရှားပါးပါး ဒု–တပ်ရင်းမှူးဖြစ်မှ ကျွန်တော့်ထက် အသက် ၂၀ ကြီးသော ဗိုလ်မှူးကြီးဇာခူးမာနှင့် ဆုံရပြန်သည်။ သူတို့တစ်တွေမှာ ရာထူးကြီးကြီးရကြ၍ Lucky Seven ဟု အများက ခေါ်ကြကုန်၏။ သူတို့၏ Best Cadet မှာ ဗိုလ်ချုပ်လှဦး ဖြစ်ပါသည်။ ဗိုလ်ချုပ်လှဦးကိုမူ ၁၉၇၆ ခုနှစ် မိုင်းရယ်တပ် ရောက်ကတည်းက ရမခတိုင်းမှူးအနေဖြင့် ကြုံဆုံရသည်။ ကျွန်တော် ဗထူးပြောင်းတော့ ရပခတိုင်းမှူးနှင့် ပြန်ဆုံပြန်သည်။ ကျွန်တော် ကျိုင်းတုံတွင် ဂျီတူး ဖြစ်တော့ ဗိုလ်ချုပ်လှဦးက ကစထမှူးဖြစ်၍ ကျိုင်းတုံသို့ ခဏခဏ ရောက်လာသဖြင့် ပြန်ကြုံရပြန်သည်။ ဗိုလ်ချုပ်လှဦးသည်လည်း ၁၉၇၅ ခုနှစ်လောက်က တပ်မ (၈၈) တပ်မမှူး လုပ်သွားခဲ့သူပါပေ။





ယခု ဗိုလ်မှူးကြီးတန်ကာဒို့(ခ်)နှင့် ကျွန်တော် ဗထူးတွင် အတူနေရသည့်အခါ သူနှင့်ပတ်သက်၍ ပြောစရာတွေ ကျွန်တော့်မှာ အများကြီးရှိပါသည်။ သူသည် မြန်မာ့တပ်မတော်တွင် ရှားရှားပါးပါး ဂေါ်ရခါးလူမျိုး Colonel ဖြစ်၏။ ဂေါ်ရခါးတွေ ဗမာ့တပ်မတော်တွင် အများကြီးဝင်ရောက် အမှုထမ်းကြသော်လည်း Full Colonel မှာ သူတစ်ယောက်တည်းသာ ဖြစ်သည်။ ကျန် အရာရှိများမှာ အမြင့်ဆုံး ဒု–ဗိုလ်မှူးကြီးရာထူး သာ ရကြ၏။ ဗိုလ်မှူးကြီးတန်ကာဒို့(ခ်)သည် ဂေါ်ရခါးဖြစ်သော်လည်း မြန်မာလို အလွန်ရည်လည်သူဖြစ်၏။ အိန္ဒိယ နိုင်ငံ ကလကတ္တားတက္ကသိုလ်တွင် IA အထိ နေခဲ့ဖူးသည်ဟု သိရသည်။ အင်္ဂလိပ်စာ တော်သည်။ ရုံးကိစ္စများ အထူးကျွမ်းကျင်သည်။ တိတိကျကျ ဆောင်ရွက်တတ်သည်။ အဆင့်အတန်းမြင့်မြင့် နေတတ်ထိုင်တတ်သည်။ သပ်သပ်ရပ်ရပ် လှလှပပ ဝတ်စားတတ်သည်။ လုပ်ငန်းနှင့် ပတ်သက်၍ မာနရှိပြီး သဘောထားလည်း တင်းမာသူ ဖြစ်၏။ ကျွန်တော်နှင့် စတွေ့ကတည်းက ကျွန်တော့်ကို အလုပ်တွေ ဖိခိုင်းသည်။ သင်လည်း သင်သည်။ သူ့ဉာဏ်



www.burmeseclassic.com

www.burmeseclassic.com



ရည်ညာဏ်သွေးကို လိုက်မမီသည့် ကျွန်တော့်မှာ သူနိုင်းလိုက်တိုင်း သူ ကျေနပ်အောင် မလုပ်နိုင်။ ထို့ကြောင့် အဆူအပူခံရသည်။ အကြိမ်းအမောင်းခံရသည်။ သူနှင့် နေခဲ့သည့် ၁၀ လတာလောက်မှာ တစ်ခါမှ မျက်နှာကောင်း မရခဲ့ပါ။ တစ်ခါတစ်ရံ သူ့ စိတ်တိုင်းမကျသည့်အခါ –

"အလကား အသုံးမကျတဲ့ တပ်ရေးဗိုလ်ကြီး ခွေးရိုက်တဲ့တုတ်နဲ့ ရိုက်ပစ်ဖို့ ကောင်းတယ်"

ဟု ကြိမ်းမောင်းတတ်သည်။ စာအုပ်တွေ ဘာ တွေနှင့်လည်း အပေါက်ခံရဖူးသည်။

ထိုစဉ်က ဗထူးတပ်နယ်မှူးမှာ စစ်ဦးစီးတက္ကသိုလ် ကျောင်းအုပ်ကြီး ဗိုလ်မှူးကြီးထွန်းခင် ဖြစ်၏။ ဗိုလ်မှူးကြီးထွန်းခင်သည် သူ့တပ်မမှူးဟောင်းလည်း ဖြစ်သည်။ သူတို့အတူနေခဲ့ကြစဉ်က သိပ်ပြီး အစေးမကပ်ကြဟု ကြားဖူးသည်။ ထို့ကြောင့်လား မသိပါ။ ကျွန်တော့်ကို တပ်နယ်က မကြာခဏခေါ်ပြီး ဟိုကိစ္စ ဒီကိစ္စများ နိုင်းသည်ကို သူ မကြိုက်ပါ။ ကျွန်တော် တပ်နယ်အစည်းအဝေး သွားတက်နေစဉ် သူ ခေါ်၍မရှိလျှင် ပြန်လာပါက အကြောင်းအမျိုးမျိုးပြကာ ဆူတတ်သည်။





"မင်းက တပ်နယ်ကို တအားကြောက်နေတယ်။ ငါ့ကျတော့ မကြောက်ဘူး။ အူကြောင်ကြောင်ကောင် တောနားမလည် တောင်နားမလည်။ အလကားကောင်"

ဟု မြည်တွန်တောက်တီးတတ်သည်။

တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်းမှာ ခြံမရှိဝင်းမရှိ ပြန့်ကျဲနေ၏။ သူက စည်းကမ်းကိုင်သည်။ တပ်က သူ့စည်းကမ်းကို မလိုက်နိုင်။ ထိုအခါ အစည်း အဝေးများ၌ ဆူပူကြိမ်းမောင်းပြီး နိဂုံးချုပ်တွင် အပြစ်တွေ အကုန်လုံး တပ်ရေးဗိုလ်ကြီးဖြစ်သူ ကျွန်တော်နှင့် နိဂုံး ချုပ်တော့၏။

သူနှင့်ပတ်သက်၍ ကျွန်တော့်အတွက် မမေ့စရာ ပြောစရာ နှစ်ခု သုံးခု ရှိပါသည်။ ပထမတစ်ခုက ဒီလိုပါ ခင်ဗျား။

မိုးတွင်း နေ့တစ်နေ့ဖြစ်သည်။ သောကြာနေ့ဖြစ် သည်။ ကျောင်းအုပ်ကြီး ရုံးဆင်းရုံးတက်လုပ်သည့် အောင်ဆန်းခန်းမသွားရာ လမ်းဘေးဘယ်ညာ၌ မြက်များ အနည်းငယ် ရှည်နေသည်။ ထိုနေ့က ရုံးဆင်း၍ သူ့ကို ကားလိုက်ပို့တော့ –



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ ... တပ်ရေးဗိုလ်ကြီး"

"ခင်ဗျာ"

"ဟိုမှာ မြက်တောရှိတယ် တွေ့လား။ အဲဒါကို မင်း ရှင်းထားလိုက်"

"ဟုတ်ကဲ့ပါခင်ဗျာ"

ဟုတ်ကဲ့ပါခင်ဗျာ ဟု ပြောခဲ့သော်လည်း နောက် တစ်နေ့ စနေတွင် တပ်နယ်တစ်ခုလုံး **All round fatique** ရှိ၍ ကျွန်တော့်လုပ်အားပေးများ၊ တပ်နယ်လမ်းမကြီးဘေး ဘယ်ညာသွားရှင်းလိုက်ရသဖြင့် ကျောင်းအုပ်ကြီး ခိုင်းတာ မလုပ်လိုက်နိုင်ပါ။ တနင်္လာနေ့ ရုံးတက်တော့ ကျောင်း အုပ်ကြီးက ကျွန်တော့်ကို သူ့ရုံးခန်းထဲ ချက်ချင်းခေါ်သည်။

"ဟော့ကောင် ... မင်း ငါခိုင်းတာ ဘာလို့မလုပ် တာလဲ"

"တပ်နယ်လုပ်အားပေးသွားလိုက်ရလို့ပါခင်ဗျ"

"ဘာကွ ... ဘာတပ်နယ်လဲ။ မင်းက တပ်နယ် က အကောင်တွေကို ငါ့ထက် ပိုကြောက်တယ်ပေါ့။ မင်းကို ဘယ်နှခါပြောရမလဲ။ ငါခိုင်းတာကို လုပ်လို့ ဘယ်နှခါ ပြောရမလဲ။ ဟော့ကောင် ... မင်း ... ဒီမြက်ခင်းကို





ကနေ့ညနေ အပြီးရှင်း။ ပြီးအောင်ရှင်း။ မရှင်းနိုင်ရင် ထွက်စာတင်တော့။ မင်းနဲ့ ဒီရာထူး မထိုက်တန်ဘူး။ နားလည်ရဲ့လား ... ခွေးမသား"

"ဟုတ်ကဲ့ပါခင်ဗျ"

ကျောင်းအုပ်ကြီးသည် ဒေါသအမျက်ချောင်း ချောင်းထွက်ကာ ကျွန်တော့်ကို တစ်နာရီနီးပါး အမျိုးမျိုး ဆူပူကြိမ်းမောင်းပါတော့သည်။

"သောက်သုံးကို မကျဘူး။ ဘယ်လိုသင်သင် တတ်ဘူး။ ကျွဲပါးစောင်းတီး၊ အလကားကောင် ဘယ် တော့မှမကြီးပွားဘူး။ အရာရှိကောင်း ဘယ်တော့မှ ဖြစ် မယ့်ကောင် မဟုတ်ဘူး"

စသည် စသည်ဖြင့် စုံနေပါသည်။ ကျွန်တော်က သည်း ကျွန်တော်ပါပေ၊ အရိပ်အကင်း မပါးသော ငထုံ အဖြစ်ပါ၏။ အရေးထဲမှာ မျက်နှာကလည်း ပျက်တတ် သေးသည်။ အဆူခံရတော့ မျက်နှာက ရှုံ့ပိန့်နေ၏။

"ကဲ ... ဟော့ကောင် သွား။ ငါ ပြောတာ သွားလုပ်။ မပြီးရင် မင်း ပြုတ်ပြီသာမှတ်"

ကျွန်တော်သည် စိတ်ညစ်ညူးစွာဖြင့် ကျောင်း



www.burmeseclassic.com

www.burmeseclassic.com



အုပ်ကြီးရုံးခန်းမှ ထွက်လာသည်။ ပါးစပ်ကလည်း ဒုက္ခ ပါပဲဟု ညည်းညူပြီး ဆီမန်းမန်းသလို တတွတ်တွတ် ရေရွတ်နေမိ၏။ ကိုယ့်ရုံးခန်း ကိုယ်မပြန်နိုင်ပဲ ကျောင်း အရာခံဗိုလ်ရုံးခန်းကို ဝင်သွားမိသည်။ ကျောင်းအုပ်ကြီး ဆူလွှတ်လိုက်သည်ကို အရာခံဗိုလ်ကြီးအား ပြောမိသည်။ ကျွန်တော်က အသက် ၃၀ သာသာ၊ ကျောင်းအရာခံ ဗိုလ်ကြီးက အသက် ၆၀ လောက်မို့ ကျွန်တော့်အဖေ အရွယ်လောက် ဖြစ်၏။

သူသည် သူ့သားအရွယ် ကျွန်တော့်ကိုကြည့်ပြီး သနားသွားပုံရ၏။

''သိပ်စိတ်မညစ်ပါနဲ့ ဗိုလ်ကြီးရာ။ ကျွန်တော် ကူညီပါ့မယ်။ ကျွန်တော့်ကို မုန့်ဖိုးလေးနည်းနည်းသာ ပေးပါ''

''ဘယ်လောက်ပေးရမှာလဲ''

''ငါးဆယ်၊ တစ်ရာပေါ့''

''ရတယ် ... ရတယ် ... ပေးမယ် ... ပေး မယ်''

''အဲဒါဆိုရင် လိုင်းထဲက ကျွန်တော့်သားနဲ့





ယောက်နဲ့ ကလေးတွေကို သွားခေါ်လိုက်မယ်။ ၂၀၊ ၂၅ ယောက်လောက်တော့ ရမှာပါ။ သူတို့မြက်ခုတ်နိုင်းလိုက်ရင် ညနေဆို ပြီးပါပြီ''

''လုပ်ဗျာ''

ကျောင်းအရာခံဗိုလ်ကြီးသည် မော်တော်ဆိုင်ကယ် တဒိုင်းဒိုင်းနှင့် အိမ်ထောင်သည်လိုင်းထဲဘက် ထွက်သွား ၏။ နာရီဝက်ခန့်အကြာတွင် ၁၄၊ ၁၅၊ ၁၆ နှစ်အရွယ် သူ ၂၀ ခန့်နှင့် ပြန်ရောက်လာသည်။ အားလုံး ဓား ကိုယ်စီနှင့်ဖြစ်၏။ မနက် ၁၀ နာရီခန့်မှစ၍ ၂ ကော၊ ၃ ကောခန့်ရှိသော မြက်ခင်းကြီးကို လူငယ်များ အားတက် သရောခုတ်ကြရာ မြက်တောကြီးမှာ ညနေ ၃ နာရီခန့်တွင် သုံးဝရှင်းသွားပါတော့သည်။ သူတို့ကို မုန့်ဖိုးငွေ ၁၀၀ အုပ်ပေးလိုက်သည်။ ထိုအခါကျမှ ကျွန်တော့်မှာ ''ဟင်း'' ခနဲ သက်ပြင်းချလိုက်နိုင်ပါတော့သည်။

တပ်ရေးဗိုလ်ကြီးတစ်ဦး၏ အာဝေဏိကဒုက္ခ ကလည်း မသေးပါလားခင်ဗျာ။ ညနေရုံးဆင်းချိန်တွင် ကျောင်းအုပ်ကြီးကို ကျွန်တော် သွားတွေ့၍ သတင်းပို့ လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"မြက်တောကြီး ရှင်းပြီးပါပြီခင်ဗျ"

ကျောင်းအုပ်ကြီးက စာရေးနေရာမှ ကုန်း၍ မော့ကြည့်ပြီး –

"ကိုယ့်လူ ... နောက်ဆို ခိုင်းရင် ကောင်းကောင်းလုပ်။ ပြုတ်သွားမယ့် နားလည်လား"

ဟု ဩဘာပေးကာ ပြန်လွှတ်လိုက်ပါသည်။

ထိုသို့ ကျောင်းအုပ်ကြီးနှင့် သိပ်အဆင်မပြေဖြစ်နေသည့်အချိန်တွင် ဖေးဖေးမမ ဝိုင်းလုပ်မည့်သူများလည်း မရှိပါ။ ဒု–ကျောင်းအုပ်ကြီး ဗိုလ်မှူးကြီးသောင်းစိန်တစ်ဦးသာ ကျွန်တော့်ဘက်က ရှိပါသည်။

"ကိုသောင်းစိန် ... ခင်ဗျားတို့က ဒီအရူးကြောင်ကြောင်အကောင်ကို ဘာဖြစ်လို့များ တပ်ရေးဗိုလ်ကြီးခန့်ထားတာလဲ။ ခင်ဗျားကောင်က ဂယောင်ဗျ"

"ဒီကောင်က ရိုးသားလို့ပါ"

"ခင်ဗျားကောင်က ရိုးတာမဟုတ်ဘူး။ ငကြောင်ငအ"

အထက်ပါအတိုင်း ဂေါက်ကွင်းတွင် ပြောကြသည်ဟု ကျောင်းအုပ်ကြီးနှင့်အတူ ဂေါက်သီးကစား





နေသည့် ကျွန်တော်တို့အပတ်စဉ်မှ ဗိုလ်ကြီးမောင်မောင်စန်းက ပြောဖူးပါသည်။ သူက မော်တော်ယာဉ်မှူး ဖြစ်၏။ ထိုစဉ်က တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်းတွင် ကျွန်တော်တို့ အပါတ်စဉ်မှ တစ်ပတ်တည်း ဆင်းသူငယ်ချင်း ၅ ယောက် ရှိပါသည်။ ကျွန်တော်က တပ်ရေးဗိုလ်ကြီး၊ ဗိုလ်ကြီးမောင်မောင်စန်းက မော်တော်ယာဉ်မှူး၊ ဗိုလ်ကြီးလှမောင်က တပ်ထောက်ဗိုလ်ကြီး၊ ဗိုလ်ကြီးမိုးလွင်က လေ့ကျင့်ရေးတပ်ရေး၊ ဗိုလ်ကြီးမောင်မောင်တင်က ဘုရင့်နောင်ခြေလျင်ဌာနခွဲနည်းပြ အသီးသီးဖြစ်ကြ၏။

နောက်ထပ် ပြောစရာတစ်ခုကတော့ အောက်ပါအတိုင်း ဖြစ်ပါသည်။

ကျောင်းအုပ်ကြီးသည် သူ၏ **Colonel** ရာထူးကို အလွန်ဂုဏ်ယူ၏။ ကျောင်းရောက်ပြီး သုံးလေးလကြာတစ်ရက်၌ ကျွန်တော့်ကို ဗထူးနှင့် ရွှေညောင်ကြားရှိ ပင်ဖြစ်ကျေးရွာသို့ လိုက်ခဲ့ရန် ခေါ်သည်။

"ပင်ဖြစ်မှာ ငါ ဗိုလ်သင်တန်းတက်တုန်းက နည်းပြဆရာကြီး ရှိတယ်ကွ။ အဲဒါ သွားကန်တော့မလို့။ ခင်းလိုက်ခဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောသည်။ နောက်နေ့တွင် ဗထူးမှ ပင်ဖြစ်သို့ ကားနှင့်ထွက်ခဲ့ကြ၏။ လက်ဆောင်ပေးရန်အတွက် ဆန် ဆီ၊ ဆား၊ သကြား၊ နို့ဆီ၊ စောင်၊ ခြင်ထောင် ပစ္စည်း အတော်များများ ပါလာ၏။ ကျောင်းအုပ်ကြီး၏ ဆရာ ဂေါ်ရခါးလူမျိုးဖြစ်သည်။ ဗထူးတပ်နယ်တစ်ဝိုက်တွင် တပ်ထွက် ဂေါ်ရခါးများ၊ အများအပြားနေထိုင် ကြ ထိုအရာခံဗိုလ်ကြီးလည်း တပ်ကထွက်ပြီး ပင်ဖြစ်မှာ နေ သည်။ အသက်အရွယ်ကြီးရင့်၍ မျက်စိ ကွယ်နေရှာသည် ၇၀ ကျော်၊ ၈၀ တွင်းဖြစ်၏။ ရွာရောက်၍ သူတို့ခြံလေး ဝင်သွားသည့်အခါ ဆရာ တပည့် ၂ ယောက် တွေ့ သည်။

"ဘယ်သူလဲ"

"အပတ်စဉ် (၇) က တန်ကာဒို့(ချ်)ပါ"

"ဟေ ... ဟုတ်လား။ အခု မင်းက ဘယ်ရော နေတာလဲ"

"ဗထူးတိုက်ခိုက်ရေးကျောင်းမှာ ကျောင်းအု ကြီးပါ"

အရာခံဗိုလ် ဂေါ်ရခါးအဘိုးအိုကြီး မျက်နှာပေါ်တ





အပြုံးရောင်များ သန်းသွား၏။

"မင်း အခု ဘာလာလုပ်လဲ"

"ဆရာကြီးကို လာတွေ့ပြီး လာကန်တော့တာ"

"အေး ... ကောင်းတယ် ... ကောင်းတယ်။ ခင်းက ကျောင်းအုပ်ကြီးဆိုတော့ **L.t Colonel** လား"

ကျောင်းအုပ်ကြီးဆိုတော့ ဒု-ဗိုလ်မှူးကြီးရာထူး လားဟု မေးလိုက်ခြင်းဖြစ်၏။ ထိုအခါ ကျွန်တော့်ကျောင်း အုပ်ကြီး ဗိုလ်မှူးကြီးတန်ကာဒို့(ချ်)က ပျာပျာသလဲဖြင့် -

"**No, No, Full Colonel, Full Colonel**"

"မဟုတ်ဘူး ... မဟုတ်ဘူး။ ဗိုလ်မှူးကြီး ... ဗိုလ်မှူးကြီး"

ဟု ပြန်ပြောတော့၏။

မျက်မမြင် အငြိမ်းစားအရာခံဗိုလ်ကြီးသည် သူ့ တပည့်ကြီးအား ဖက်လိုက်ပြီး ပခုံးမှအပွင့်များကို စမ်းကြည့် တော့ ဗိုလ်မှူးကြီးအဆင့် ရာထူးတံဆိပ်များကို စမ်းမိ သွားသည်။ အလွန်ဝမ်းသာသွားသည်။

"အိုး ... ကောင်းတယ် ... ကောင်းတယ်"

ဟု ဆိုလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့က ပင်ဖြစ်မှအပြန် တစ်လမ်းလုံး သူ့ရာထူးနှင့်ပတ်သက်ပြီး သူ ကျေနပ်ဂုဏ်ယူကြောင်း၊ သူ့ဆရာကြီးက ဂုဏ်ယူသည့်အတွက်လည်း ဝမ်းသာကြောင်း တဖွဖွ ပြောလာသည်။ ဤသည်မှာ ရာထူးနှင့်ပတ်သက်၍ သူ့ခံစားချက် တစ်စိတ်တစ်ပိုင်းဖြစ်ပါသည်။

နောက်တစ်ခုလည်း ရှိပါသေးသည်။ တပ်ခွဲမှူး သင်တန်း၌ ပြင်ပလေ့ကျင့်ခန်းတစ်ခုကို သူ လိုက်စစ်သည်။ ဘုရားဖြူနောင်ဘိုဘက်မှာ ဖြစ်၏။ သင်တန်းသားများနှင့် တွေ့ဆုံသည်။ လယ်ကွင်းတစ်ကွင်းဘေးမှာ ဖြစ်သည်။ လယ်ကွင်းထဲ၌ ကောက်ရိုးများကို နွားမစားနိုင်ရန် တန်းထိုး၍ လူတစ်ရပ်ကျော်အမြင့်၌ တင်ထားသည်။ ကျောင်းအုပ်ကြီးက အောက်ပါအတိုင်း မေးသည်။

"ဟေ့ … ဟိုကျောင်းသား အဲဒါ ဘာခေါ်လဲ"

ကောက်ရိုးများကို လက်ညှိုးထိုး၍မေးရာ အမေးခံရသူ သင်တန်းသားက –

"ကုလားဖျင်းပါ ကျောင်းအုပ်ကြီး"

ဟု ဖြေတော့သည်။

"ဘာကွ … ဘာပြောတယ်။ ကုလားဖျင်း ဟုတ်လား။ ဟေ့ … ကုလားမဖျင်းလို့ Colonel ဖြစ်နေတာကွ။ အဲဒါ ကုလားဖျင်းမဟုတ်ဘူး။ ကောက်ရိုးစင် … ကောက်ရိုးစင်"

ဟု ဂေါ်ရခါးလေနှင့် ပြောပါလေတော့သည်။ ထိုအခါ သင်တန်းတစ်ခုလုံး ရယ်စရာမပါဘဲ အုံးအုံးကျွတ်ကျွတ်နှင့် ရယ်မောကြကုန်၏။

ကျောင်းအုပ်ကြီးနှင့်ပတ်သက်ပြီး အရေးကြီးသောအမှားကြီးတစ်ခုကို ကျွန်တော် ကျူးလွန်လိုက်မိ၏။ ထိုအမှားမှာ အောက်ပါအတိုင်းဖြစ်၏။

မိုးတွင်း နေ့တစ်နေ့တွင် သင်တန်းသားများ၏ သက်နက်တိုက် အဖောက်ခံရ၍ ပစ္စတိုသေနတ် ၄ လက် ပျောက်ဆုံးသွား၏။ တပ်နယ်က အမိန့်အရ ခုံရုံးဖွဲ့စစ်တော့၏။ သက်သေမှာ လူ ၂၀ကျော် ၂၅ ယောက်လောက်ဖြစ်၏။ ကျောင်းအုပ်ကြီးမှသည် သင်တန်းသားများအထိ အစစ်ခံကြရသည်။ ကျွန်တော့်အလှည့်ရောက်သော့ ခုံရုံးက ကျွန်တော့်ကို ဒီကိစ္စ ဘယ်သူ့မှာ တာဝန်အရှိဆုံးလဲ ဟု မေး၏။ ကျွန်တော်က ကျောင်းအုပ်ကြီးမှာ တာဝန်အရှိဆုံးဖြစ်ပါသည်ဟု ဖြေလိုက်၏။ ဘာဖြစ်လို့လဲ

မြရတနာစာပေ

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဟု ခုံရုံးက မေးပြန်သည်။ "သူ ရာထူးအကြီးဆုံးမို့ပါ။ ဒီလုံခြုံရေးတွေကို သူ စစ်ဖို့ တာဝန်ရှိပါတယ်။ ပုံမှန် မစစ်မိလို့ ဒီလိုဖြစ်တာပါ" ဖြေလိုက်မိသည်။ မလိမ္မာ မာလာနမိုက်ခဲ ကျွန်တော်၏အဖြေကို ခုံရုံးက တဝါးဝါး တဟားဟား ရယ်မောကာ မှတ်တမ်းတင်လိုက်၏။ တာဝန် ရှိသူ ၁၂ ဦးတွင် ကျောင်းအုပ်ကြီးက နံပါတ်တစ်ဖြစ်သွား သည်။ သေနတ်ဖိုးများ ပေးလျော်လိုက်ရသည်။ ထိုအချိန် ကစ၍ ကျောင်းအုပ်ကြီးသည် ကျွန်တော့်ကို စကားလုံး မပြောတော့ပါ။ ခေါ်လည်း ခေါ်မခိုင်းတော့ပါ။ DQ တို့ G II တို့နှင့်သာ အလုပ်လုပ်တော့သည်။

"ကိုယ့်လူ ... ကျောင်းအုပ်ကြီးကတော့ မောင်ရင် ကို မကြည့်တော့ဘူး။ သတိသာထားနေပေတော့"

လုပ်ဖော်ကိုင်ဖက်များက ဝိုင်းသတိပေးကြသည်။ သူတို့သတိပေးမှ မဆုံးသေး။ ကျွန်တော် ချောက်ပေါ် တိုးတော့၏။ ရပခမှ ပေးပို့သည့်အရေးတကြီး ရုံး တစ်စောင် ကျောင်းအုပ်ကြီးဆီ သုံးရက်နောက်ကျပြီး ရောက်သွားသည်။ ပြန်တင်ပြတော့ သုံးရက် နောက်ကျ သွားပြန်သည်။ ရပခက နောက်ကျခြင်းအကြောင်း





ဆုချေလွှာတောင်းသည်။ ရုံးကိစ္စ၊ အလွန် Serious ဖြစ် သည့် ကျောင်းအုပ်ကြီးက ဆွေ့ဆွေ့ခုန်သွားသည်။

"ကိုသောင်းစိန် ဒီကောင်ကို အရေးယူတော့ဗျာ။ ကျုပ် သည်းမခံနိုင်တော့ဘူး"

ကျွန်တော့်ကို ခုံရုံးဖွဲ့၍ စစ်တော့၏။ ခုံရုံးဥက္ကဋ္ဌက နည်းပြချုပ်ဟု ထင်ပါသည်။ ခုံရုံးစစ်နေဆဲ တပ်ခွဲမှူး ဒုလ်မှူး Promotion ထွက်လာ၏။ ကျွန်တော်တို့ကျောင်းမှ အားလုံး လေးယောက်၊ သူငယ်ချင်း ဗိုလ်ကြီးလှမောင် အပါအဝင် သုံးယောက်က အမိန့်ထွက်ပြီး ရက်ပိုင်းအတွင်း အသီးသီး ပြောင်းသွားကြသည်။ ကျွန်တော်ကတော့ အမှုရှိသည်ဆိုပြီး မပြောင်းရပါ။ ၂ လကြာသွားပါသည်။ အမှုစစ်ပြီး၍ Case File ကို ကျောင်းအုပ်ကြီးဆီ တင် သော်လည်း မကြည့်ပါ။ လက်မှတ်မထိုးပါ။ ဒီအတိုင်း ထားပါသည်။ ကျွန်တော် မကြံတတ်မစည်တတ် ဖြစ်နေ၏။

နောက်ဆုံးတော့ အကြံကုန် ဂဠုန်ဆားချက် သီတင်းကျွတ်လပြည့်နေ့ရက်တွင် ကျောင်းအုပ်ကြီးအိမ်ကို ...ိုးသည်ပါ ခေါ်ပြီး ကန်တော့စရာပစ္စည်းအစုံအလင်နှင့် ...င်မယားနှစ်ယောက် ထိုင်ကန်တော့ကြသည်။ လင်ဗန်း



www.burmeseclassic.com

www.burmeseclassic.com



ထဲ၌ ယိုးဒယားဖယောင်းတိုင်များ၊ ကုလားအမွှေးတိုင်များ GQ စပို့ရှပ်လက်ရှည်တစ်ထည်၊ အမွှေးခဲ ဆပ်ပြာနှင့် မုန့်တစ်ပုံး စသည်တို့ ပါဝင်ပါသည်။

"ကျောင်းအုပ်ကြီးခင်ဗျာ ဒီနေ့က ကျွန်တော်တို့ ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတွေရဲ့ ဝါကျွတ်အထွတ်အမြတ်နေ့ပါ။ ဒီနေ့မှာ ကိုယ့်အကြီးအကဲလူကြီးမိဘ ဆရာသမားတွေကို ကန်တော့ရတဲ့ ဗမာ့ထုံးတမ်းစဉ်လာ ရှိပါတယ်။ အဲဒါကြောင့် ကျွန်တော့်အကြီးအကဲ ကျောင်းအုပ်ကြီးကို လာကန်တော့တာပါခင်ဗျာ။ ကျွန်တော် မှားခဲ့တာရှိရင် ခွင့်လွှတ်ပါခင်ဗျာ"

ကျွန်တော်တို့ လင်မယားနှစ်ယောက် ကျုံ့ကျုံ့ကလေးထိုင်ကာ သူ့အား ကန်တော့နေသည်ကို ဝီစက် သောက်နေရာမှ မျက်လုံးပြူး၍ ကြည့်လိုက်၏။

"တပ်ရေးဗိုလ်ကြီး ... မင်း မနက်ဖြန်သွားတော့"

ဟု ပြောလိုက်ပါသည်ခင်ဗျာ။

နောက်နေ့တွင် ဒု-ကျောင်းအုပ်ကြီးနှင့်တွေ့၍ အပြစ်ဖော်ပြ သတိပေးဆုံးမ မှတ်တမ်းတွင် အပြစ်ရှိ





ကြောင်း ဝန်ခံလက်မှတ်ရေးထိုးကာ ကျွန်တော် ဗထူးတိုက်ခိုက်ရေးကျောင်းမှ အပြီးအပိုင် ပြောင်းရွှေ့နိုင်ခဲ့ပါသည်ခင်ဗျား။

ကျောင်းအုပ်ကြီးနှင့် ရေစက်မကုန်ပါ။ ၁၉၈၃ ခုနှစ် ကျွန်တော် မေဂျာအဆင့်ဖြင့် ဗထူးတိုက်ခိုက်ရေးကျောင်းတွင် တပ်ရင်းမှူးသင်တန်း သွားတက်ရ၏။ ကျောင်းတွင် ကျောင်းအုပ်ကြီး ဗိုလ်မှူးကြီးတန်ကာဒို့(ချ်)နှင့် ဒု-ကျောင်းအုပ်ကြီး ဗိုလ်မှူးကြီးသောင်းစိန်တို့ ၂ ဦးလုံး ရှိနေပါသေးသည်။ သင်တန်းက လေးငါးခြောက်လ ကြာသည်။ သူများတွေ ကျောင်းအုပ်ကြီးအိမ် သွားခဲ့သော်လည်း ကျွန်တော် မသွားခဲ့ပါ။ ထိုကိစ္စနှင့်ပတ်သက်ပြီး ဗိုလ်မှူးကြီးတန်ကာဒို့(ချ်)က ဗိုလ်မှူးကြီးသောင်းစိန်အား အောက်ပါအတိုင်း ပြောသည် ဆို၏။

"ဒီကောင် သင်တန်းလာတက်တာ လေးငါးခြောက်လ။ ကျုပ်အိမ်ကို တစ်ခါမှ လာမသွားဘူး"

ဟူ၍ ဖြစ်ပါသည်။ နောင်အခါတွင် ဤစကားကို ဗိုလ်မှူးကြီးသောင်းစိန် ပြန်ပြော၍ သိရပါသည်။ ကိုယ်မသိတတ် မိုက်မဲမှုအတွက် နောင်တတရား ရမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



စိတ်မကောင်းလည်း ဖြစ်မိပါသည်။ ကျွန်တော် အရာရှိကြီး ဖြစ်လာတော့ ဗိုလ်မှူးကြီးတန်တာဒို့(ချ်)၏ သင်ကြားပြသမှုကြောင့် ရုံးကိစ္စ တော်တော်များများကို ကျွမ်းကျွမ်းကျင်ကျင် ဆောင်ရွက်နိုင်ခဲ့ပါသည်။ ဤသည်မှာ ဗိုလ်မှူးကြီးတန်ကာဒို့(ချ်)၏ ကျေးဇူးပါပေ။ ပြောမည်ဆိုက ပြောစရာများ ကျန်ပါသေးသည်။ သို့ရာတွင် စာရှည်သွားပြီဖြစ်၍ ဤမျှနှင့်တော်သင့်ပြီ ထင်ပါသည်။

ဤသည်မှာ မိုင်းယောင်းတပ်မှူးဟောင်းကြီး ဗိုလ်မှူးကြီးတန်ကာဒို့(ချ်)နှင့် ကျွန်တော့်အကြောင်းပါခင်ဗျား။

**ပြောရန်ကျန်သူတစ်ဦးအကြောင်း**

မိုင်းယောင်းတိုက်ပွဲကြီးဖြစ်စဉ်က ထိုဒေသတွင် ကျွန်တော့် သိဟောင်းကျွမ်းဟောင်း မရှိသလောက် ဖြစ်ပါ၏။ သို့ရာတွင် မိုင်းယောင်းတိုက်ပွဲ၌ ကျဆုံးသွားသူများတွင် ရှားရှားပါးပါး ကျွန်တော်၏ ရဲဘော်ရဲဘက် တစ်ဦးပါဝင်သွား၏။

သူကား ကော်ဘိုးကြားစခန်းရှိ ချင်း (၃) စခန်းထိုင်





တပ်ခွဲ၏ တပ်ခွဲမှူး ဗိုလ်ကြီးလှထွန်းအောင်ပါခင်ဗျား။

သူသည် အသားဖြူဖြူ ရုပ်ချောချော၊ မေးတွင် မင်းသားကြီးဝင်းဦးကဲ့သို့ မှဲ့နက်ကလေးတစ်လုံး ရှိလေသည်။ ထို့ကြောင့် သူ့ကို ကျွန်တော့်ဇနီးက စံပယ်တင်ဟု ခေါ်လေ့ရှိ၏။ ထိုသို့ ခေါ်သည်ကိုလည်း သူက ကျေနပ်ပါသည်။

၁၉၈၀ ခုနှစ် ဇူလိုင် ၄ ရက် မိုင်းယောင်းကို ဗကပများ ဝင်တိုက်တော့ သူ၏ ကော်ဘိုးကြားစခန်းကိုလည်း ဗကပတို့က အင်အား ၅၀၀ ခန့်နှင့် တစ်ချိန်တည်း တစ်ပြိုင်တည်း ဝင်တိုက်သည်။ ချင်း (၃) တပ်ရင်း၌ အချုပ်ကြီး အတိုက်ခံနေရချိန်တွင် လောလောဆယ် စစ်ကူ ပေးနိုင်သည်မှာ ကော်ဘိုးကြားစခန်းသာရှိသည်ကို ဗကပများ သိကြပါသည်။ ထို့ကြောင့် ကော်ဘိုးကြားကို တစ်ချိန်တည်း တစ်ပြိုင်တည်း ပိုင်းတိုက်ကြ၏။ ကော်ဘိုးကြားကား မိုင်းယောင်း၏ အရှေ့မြောက်ဘက် တောင်များပေါ်၌ ရှိသည်။ မိုင်းယောင်းနှင့် တစ်နာရီကျော် နှစ်နာရီနီးပါးတော့ သွားရသည့်ခရီး အကွာအခြားမှာရှိသည်။

စခန်းကို ရန်သူတွေ ပိုင်းတိုက်တော့ ဗိုလ်ကြီး



www.burmeseclassic.com

www.burmeseclassic.com



လှထွန်းအောင်သည် ရဲရဲဝံ့ဝံ့ ခုခံတိုက်ခိုက်သည်။ သူသည် အရှေ့တောင်တိုင်းမှ ပြောင်းသွားသူဖြစ်၏။ အရှေ့တောင်တိုင်း၌ ရှိစဉ်က **KNU, NMSP, PDP** စသော သုံးပါးတီများနှင့် သူ ပွဲပေါင်းများစွာ နွဲခဲ့ဖူးသည်။ စစ်မြေပြင်တွင် စွမ်းရည်ရှိသူဖြစ်သည်။ ယခု မိုင်းယောင်းဒေသတွင်လည်း သူသည် ဗကပများနှင့် တိုက်ပွဲအတွေ့အကြုံရှိပြီး လုပ်ရဲကိုင်ရဲသူဖြစ်၏။ ထို့ကြောင့် ရန်သူဆယ်ဆကို သူ့ရှိသည့် လူအင်အားဖြင့် အစွမ်းကုန်တိုက်ခိုက်ခဲ့သည်။ နာရီအတော်ကြာ ခံနိုင်ခဲ့၏။

ရန်သူက **RPG** လောင်ချာများ၊ ၅၇ မီလီမီတာ နောက်ပွင့်ရိုင်ဖယ်များ၊ ၆၀ မီလီမီတာ စိန်ပြောင်းများဖြင့် လက်နက်ကြီးများ မိုးသီးမိုးပေါက်ပမာ ပစ်ခတ်တိုက်ခိုက်ရာ စစ်သည်အများအပြား ဒဏ်ရာရကုန်ကြ၏။ တိုက်ပွဲချိန် နှစ်နာရီကျော် သုံးနာရီခန့်အကြာတွင် ရန်သူ၏ ပစ်အားနှင့် ကျားထိုးမှုဒဏ် မခံနိုင်တော့၍ စခန်းကို စွန့်ခွာပြီး ဒဏ်ရာရသူများကို သယ်ဆောင်ကာ အဖွဲ့ခွဲ ဆုတ်ခွာကြရတော့၏။ ဗိုလ်ကြီးလှထွန်းအောင်က –

"မင်းတို့ သွားနှင့်ကြ။ ငါ နောက်ဆုံးအဖွဲ့နဲ့ လိုက်ခဲ့မယ်"

ဟုဆိုကာ တပ်စုမှူးများကို ဦးစွာစေလွှတ်ခဲ့သည်ဟု ဆို၏။ ရန်သူအတင်းဝိုင်းလာမှ နောက်ဆုံးအဖွဲ့နှင့်အတူ သူ ဆုတ်ခွာခဲ့သည်။ ရန်သူမှ ထပ်ကြပ်လိုက်လံတိုက်ခိုက်ရာ နောက်ဆုံးမှနေ၍ ဟန့်စစ်ဆင်ရင်း သူ ဒဏ်ရာရသွားသည်ဟု ဆို၏။ ရန်သူအင်အားမှာ မိမိတို့ထက် အဆမတန် များပြားကာ တောကျွမ်းသူများဖြစ်၍ မိမိခွာစစ်ဆင်သည့်အဖွဲ့မှာ သေသူသေ ဒဏ်ရာရသူရနှင့် လူစုများကွဲကုန်ကြတော့၏။ နောက်ဆုံးမှ ကျန်ခဲ့သော ဗိုလ်ကြီးလှထွန်းအောင်လည်း လူကွဲသွားတော့သည်။ မည်သည့်နေရာတွင် ကျန်ခဲ့မှန်း မည်သူမှ မသိကြတော့ဘဲ ရန်သူကလည်း မိမိတို့ ဆုတ်ခွာသွားသည့် လမ်းကြောင်းများဘက်သို့ ၆၀ မီလီမီတာ စိန်ပြောင်းများ အဆက်မပြတ်ပစ်ခတ်၍ ပစ်ရှင်းရှင်းလျက်ရှိလေသည်။

ဤသို့ဖြင့် ဇူလိုင် ၆ ရက်နေ့ မိမိတပ်ရင်း၌ာနချုပ်ချင်း (၃) ကို မိမိတို့တပ်များမှ ပြန်လည်သိမ်းပိုက်ပြီးချိန်တွင် ကော်ဘိုးကြားစခန်းမှ ဆုတ်ခွာလာသူများ ပြန်ရောက်လာကြ၏။ လူအင်အား ၅၇ ယောက် ရှိသည့်အနက်






www.burmeseclassic.com

www.burmeseclassic.com



တစ်ဝက်ကျော်သာ ပြန်ရောက်လာ၏။ ကျန်လူ ၂၀ ကျော် လောက်မှာ ပျောက်ဆုံးလျက်ရှိ၏။ ထို့ကြောင့် မိမိတပ်များမှ ကော်ဘိုးကြားစခန်းကို ချီတက်ရှင်းလင်း၍ ပြန်လည် သိမ်းပိုက်ရသည်။ စခန်းပတ်ဝန်းကျင် ရှင်းလင်းပြီး မိမိ တပ်မှ ကျဆုံးဒဏ်ရာရသူများကို ရှာဖွေရသည်။

ထိုအခါမှ ဗိုလ်ကြီးလှထွန်းအောင်ကို စခန်းနှင့် ၂ မိုင်ကျော် ၃ မိုင်ခန့်ဝေးသော တောင်ကြားလျှိုတစ်ခု ရှိ ငှက်ပျောတောထဲတွင် ရန်သူ၏ သေနတ်ဒဏ်ရာများဖြင့် တစ်ဦးတည်း ကြေကွဲဖွယ်ရာ သေဆုံးနေသည်ကို တွေ့ရ သည်ဆို၏။ သူ၏ပတ်ထားသော စီကိုနာရီမှာ သွားနေဆဲ။ သူ၏ခန္ဓာကိုယ်မှာလည်း နွေးနေဆဲမို့ သေဆုံးသွားသည်မှာ သိပ်မကြာသေးဟု ယူဆရပါသည်။

ဤအဖြစ်အပျက်များကို ကျွန်တော် မိုင်းယောင်း ဒေသရောက်မှ သူနှင့်ရင်းနှီးသော ချင်း (၃) မှ စစ်သည် များ ပြောပြ၍ သိရခြင်းပါခင်ဗျာ။

သူနှင့် ကျွန်တော့်ကြားတွင်လည်း ပြောစရာလေး များ ရှိပါသည်။

၁၉၇၃ ခုနှစ် နွေဦးလောက်က ဖြစ်သည်။





ကျွန်တော်သည် ခလရ (၆၁) ကျောက်တစ်လုံး တပ်၌ တာဝန်ထမ်းဆောင်နေသည်။ ရှေ့တန်းမှ ပြန်ပြီး တပ်တွင် ပြန်နားနေစဉ်ကာလဖြစ်၏။

တစ်ရက်တွင် ရုံးမှ အိမ်သို့အပြန် ရိပ်သာအရာရှိ လူပျိုဆောင်၌ စစ်တုရင်ထိုးရန်အသွား အသားဖြူဖြူ ခပ်ချောချော ဗိုလ်အဆင့် အရာရှိငယ်တစ်ဦးကို တစ် ယောက်တည်း စစ်တုရင်ခုံတွင် ထိုင်နေသည်အား တွေ့ရ၏။ ထိုစဉ်က သူလည်း ဗိုလ်အဆင့်၊ ကျွန်တော်လည်း ဗိုလ် အဆင့် ဖြစ်သည်။ သူနှင့် ကျွန်တော် လုံးဝမသိကျွမ်းပါ။ စစ်တုရင်ခုံတင်ထားသည့် စားပွဲဝိုင်းသို့ ကျွန်တော်က ဝင်ထိုင်လိုက်သည့်အခါ သူက စတင်ပြုံးပြပြီး –

“စစ်တုရင်ထိုးမယ်လား သူငယ်ချင်း”

ဟု စပြောတော့သည်။

“ရတယ်လေ ထိုးကြည့်ကြတာပေါ့”

ဤနေရာတွင် ကျွန်တော့်မှာ ပြောစရာတစ်ခု ရှိပါသည်။

ကျွန်တော်သည် စစ်တပ်ထဲ စဝင်တော့ ပေါင် ၉၀ သာသာသာ ရှိပါသည်။ ပိဘိ လူသေးသေးကွေးကွေး



www.burmeseclassic.com

www.burmeseclassic.com



လေ။ ရှိရင်းစွဲအသက်ထက် ငယ်ပုံအတော်ပေါက်၏။ ယခု ဖာပွန်က ကျောက်တစ်လုံးပြောင်းလာတော့လည်း လူက ပေါင် ၁၀၀ ခန့်သာရှိပါသေးသည်။ သေးသေးကွေးကွေး လေးပါပဲ။ ထို့ကြောင့် စတွေ့ကြသူတိုင်းက အသက် အတော်ငယ်သေးသည်ဟု ထင်ပြီး မင်းနဲ့ငါနဲ့ ပြောကြသည်။ အထူးသဖြင့် DSA ၉၊ ၁၀၊ ၁၁ တို့က အများဆုံးဖြစ်၏။ ၁၂၊ ၁၃ တို့လည်း ပါပါသည်။

ယခုလည်း ဒီအရာရှိက ကျွန်တော့်ကို သူငယ်ချင်း ဟု ဆီးခေါ်သည်။ သူ ဘယ်အပတ်စဉ်ကမှန်း မသိပါ။ နာမည်တောင် မသိသေးပါ။ ကျွန်တော်တို့တပ်က အရာရှိ ဆောင်မှာ ၈ ခန်းတွဲ၊ နှစ်ယောက်တစ်ခန်း နေကြရပါသည်။ တပ်က လူပျိုအရာရှိအားလုံးမှာ ရှေ့တန်းသို့ ရောက်နေ၏။ ထို့ကြောင့် တစ်ယောက်မှ မရှိကြ။ လောလောဆယ် (၁၀၁) ကွန်မန်ဒိုတပ်ဖွဲ့မှ တပ်ဖွဲ့မှူးနှင့် တပ်စုမှူး ၃ ဦး နေနေ ကြသည်။ (၁၀၁) ကွန်မန်ဒိုတပ်ဖွဲ့ကြီးတစ်ခုလုံး ကျွန် တော်တို့ ကျောက်တစ်လုံးတပ်မှာနေသည်။ တပ်ပြန်ဝင် ချိန်တွင် သူတို့အားလုံး ကျောက်တစ်လုံးမှာ နားရသည်။ ယခု ဤအရာရှိသည် (၁၀၁) ကွန်မန်ဒိုတပ်ဖွဲ့မှ တပ်စုမှူး





တစ်ဦးဖြစ်မည် ထင်၏။

သူနှင့်ကျွန်တော် စကားမပြောဘဲ စစ်တုရင် စထိုးကြသည်။ ကျွန်တော်က စစ်တုရင်သရဲ၊ မြို့နယ် အဆင့်တွင် ဆုရထားသူ၊ ခပ်ကြွားကြွားပြောရပါက မြို့နယ် ချန်ပီယံပေါ့ခင်ဗျာ။ နှစ်ပွဲ၊ သုံးပွဲထိုးပြီးသောအခါ ပွဲစဉ် အားလုံး သူ မရှုမလှ အရေးနိမ့်သွားတော့၏။

"ဟာ ... သူငယ်ချင်းက စစ်တုရင် တော် တော်ကောင်းတာပဲ။ ကိုယ် တစ်ပွဲမှ မနိုင်ဘူး"

ဟု သူက ပြုံးပြုံး ပြုံးပြုံးဖြင့် ပြောတော့သည်။

"နာမည် ဘယ်လိုခေါ်သလဲ"

"သက်ဦးပါ"

"အရင်က မတွေ့ဖူးပါဘူး"

"ရောက်ကတည်းက ရှေ့တန်းလိုက်သွားရတာ။ အခုမှ ပြန်ရောက်လာတယ်။ ဒါကြောင့် မတွေ့တာ"

"ဩော် ... နေပါဦး သူငယ်ချင်းက ဘယ် အပတ်စဉ်ကလဲဟင်"

"**OTS** (၃၆) ကပါ"

"ဟာ ... စီနီယာကြီးပဲ။ ဆောရီး ... နေ့ခင်



www.burmeseclassic.com

www.burmeseclassic.com



တော်ကြီးရယ် . . . ဆောရီး . . . ဆောရီး။ ကျွန်တော်က ဂျူနီယာကလေးထင်လို့"

"ခင်ဗျားကရော"

"DSA (၁၃) ကပါ"

"နာမည်"

"လှထွန်းအောင်။ ခလရ (၂၄) က ကွန်မန်ဒို တပ်စုမှူးပါ"

"တွေ့ရတာဝမ်းသာပါတယ်ဗျာ"

"ဟုတ်ကဲ့။ ကျွန်တော်ကလည်း ဝမ်းသာပါတယ်။ စောစောက ဂျူနီယာကလေးထင်လို့ ကိုယ်တွေ၊ သူငယ်ချင်းတွေ ပြောမိတာ ခွင့်လွှတ်ပါ"

"ရပါတယ်ဗျာ။ ကျွန်တော်က ဒါမျိုးဖြစ်နေကြပါ။ ခင်ဗျားတို့ DSA က မသိတဲ့လူတွေက (၁၁)၊ (၁၂) ထဲ ကျွန်တော့်ကို မင်းနဲ့ငါနဲ့ ပြောကြတယ်။ (၉) (၁၀) ကတော့ ရိုးနေပါပြီ"

"ဩော်"

"ကဲ . . . ကိုလှထွန်းအောင်ရေ . . . ခင်ဗျားနဲ့ ကျွန်တော်နဲ့ မိတ်ဆွေဖြစ်သွားကြပြီ။ ရှေ့တန်းမှာ တွေ့





ကြသေးတာပေါ့"

သူသည် ကျွန်တော်နှင့် ဤသို့ရင်းနှီးခင်မင်ပြီးသည့်နောက် ကျွန်တော့်အိမ်သို့ မကြာခဏ လာလည်ရင်း ဇနီးသည်နှင့်ပါ ရင်းနှီးသွားတော့၏။ သူ၏မေးမှ စံပယ်တင်မို့ကလေးကြောင့် သူ့ကို ဇနီးသည်က "စပယ်တင် စပယ်တင်" ဟု ခေါ်၏။ သူသည် စစ်ကိုင်းသားဖြစ်၏။ သူ့ဇာတိကိုသိသွားသောအခါ ကျွန်တော်က ရေဦးသားမို့ အညာသားချင်း သီတင်းလွှေ့လွှေ့ ပေါင်းဖက်တွေ့တော့၏။ တစ်ဦးနှင့်တစ်ဦး အထူးခင်မင် သွားကြပါတော့သည်။ ကျွန်တော့်အိမ်သည် သူ့စားအိမ်သောက်အိမ် ဖြစ်သွားတော့၏။

(၁၀၁) ကွန်မန်ဒိုတပ်ဖွဲ့ကြီးတွင် ၁ နှစ်၊ ၂ နှစ်နေပြီး သူ့တပ်သို့ ပြန်ရောက်သွားတော့၏။ သူ့တပ် ခလရ (၂၄) သည် သထုံမှ ဘားအံသို့အထွက် ဒူးရင်းဆိပ်မှာ ရှိသည်။ တပ်သို့ ပြန်သွားပြီးနောက် တပ်ခွဲမှူးတာဝန်ဖြင့် သံဖြူဇရပ်နှင့် ရေးဒေသသို့ သူ ပြန်ရောက်လာသည်။ သံဖြူဇရပ်အရှေ့ခြမ်းမှ ထကြွသောင်းကျန်းနေသော သုံးပါတီများနှင့် သူ့တပ်ခွဲ အထိအတွေ့များသည်။ အလောင်း၊ လက်နက်များ ရန်သူ့ထံမှ မကြာခဏရ၍ အထက်တပ်



www.burmeseclassic.com

www.burmeseclassic.com



မှူးကြီးများက သူ့ကိုသဘောကျကြသည်။ ရှေ့တန်းတွင် သူနှင့် ကျွန်တော် မကြာခဏလည်း တွေ့ကြပြီး စကားတွေ ပြောဖြစ်သည်။ နှစ်ယောက်သား စတွေ့ကြသည်ကို ပြန်ပြောရင်း ရယ်မောဖြစ်ကြသည်။ ၁၉၇၄ ခုနှစ်နောက်ပိုင်း ကျွန်တော် ထားဝယ်ဘက် ရောက်သွားပြီးနောက် သူနှင့် လုံးဝမတွေ့တော့ပါ။ ၁၉၇၅ ခုနှစ် ကျွန်တော် အရှေ့မြောက်ကို ပြောင်းတော့ ခလရ (၂၄) မှာ သူရှိသေးသလား မရှိတော့ဘူး လားဆိုတာလည်း ကျွန်တော် မသိတော့ပါ။ ကိုယ်လည်း ကိုယ့်အကြောင်းနှင့် ကိုယ်ပဲလေ။

ဤသို့ဖြင့် သူနှင့် ကျွန်တော် ကွဲကွာခဲ့ပါသည် ခင်ဗျား။

ယခု မိုင်းယောင်းဒေသရောက်တော့ သူ့သတင်း ကြားရသည်။ ကျွန်တော်နှင့် သူ ကွဲကွာခဲ့တာ ၁၀ နှစ်နီးပါးရှိပြီး သူ့သတင်းစကားကြားရတော့ သူ မရှိတော့။ သူ ကွယ်လွန်သွားခဲ့ပါပြီ။ မိုင်းယောင်းတိုက်ပွဲတွင် ကျဆုံးသူများထဲ၌ သူတစ်ဦးသာ အရာရှိဖြစ်၏။ ကျန်လူများမှာ အခြားအဆင့်များ ဖြစ်ကြပါသည်။ သူ့အတွက် စိတ်မကောင်းလည်း ဖြစ်မိသည်။ ဂုဏ်လည်း ယူမိသည်။ သူ



BURMESE CLASSIC .com



မိန်းမရတော့ DSGH က Nursing Officer အမျိုးသမီးကလေးနှင့် ရသည်။ ငယ်ရည်းစားဟု ဆို၏။ ဖြူဖြူ အရပ်ပြတ်ပြတ်၊ ခပ်သေးသေး ဖြစ်သည်။ သူ့လောက် မချောပါ။ စစ်ဆေးရုံတွင် ကျွန်တော် တစ်ခါမြင်ဖူးပါသည်။ ကိုယ့်သူငယ်ချင်းအတွက် အားမလို အားမရ ဖြစ်မိ၏။ ဖူးစာပဲလေဟု ပြန်ဖြေရပါသည်။

ကြားတော့ကြာခဲ့ပါပြီ။ မိုင်းယောင်းတိုက်ပွဲကြီး ပြီးဆုံးခဲ့တာ အနှစ် ၃၀ ကျော်ပါပြီ။ မိုင်းယောင်းတိုက်ပွဲတွင် ကျဆုံးသွားသူများအနက် ရှားရှားပါးပါး အရာရှိ တစ်ဦးသာ ပါသွားသည်။ ထိုသူမှာ ကျွန်တော်၏ အရင်းနှီးဆုံးမိတ်ဆွေ ဗိုလ်ကြီးလှထွန်းအောင် ဖြစ်နေ၏။ ပြုံးပြုံး ပြုံးပြုံးဖြင့် နေတတ်သော သူ့ကို သတိရနေသည်။ မည်သို့ပင်ဖြစ်စေ၊ မိုင်းယောင်းတိုက်ပွဲကြီးတွင် ရန်သူကို သေသည်အထိ ခုခံတိုက်ခိုက်သွားသော တစ်နယ်ထဲသား သူ့အတွက် ကျွန်တော် အမြဲဂုဏ်ယူနေကြောင်းပါခင်ဗျား။

**နိဂုံးချုပ်ဖော်ပြချက်**

ဤတွင် မိုင်းယောင်းတိုက်ပွဲကြီး ပြီးသွားပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဤတိုက်ပွဲကား ရှားရှားပါးပါး မြို့ကျသွားသော တိုက်ပွဲ ဖြစ်သည်။ ထို့ကြောင့် စစ်ရုံးမှ ကစထမှူး ဗိုလ်ချုပ်ကြီး သူရထွန်းရီကိုယ်တိုင် ကျိုင်းတုံသို့ လိုက်လာ၍ ကွပ်ကဲ သည်။ ရပခတိုင်းမှူး ဗိုလ်ချုပ်လှဦးလည်း ရောက်လာသည်။ တပ်မမှူးမှာ ဗိုလ်မှူးကြီးသုန်းရွှေဖြစ်သည်။ တပ်မမှူးက တိုက်ပွဲဖြစ်သည့်နေ့မှာပင် ဒုတပ်မမှူး ဗိုလ်မှူးကြီး မြင့်အောင်ကို လေကြောင်းမှ ကင်းထောက်နိုင်းသည်။ ရန်သူအင်အားအင ောများကြောင်း သိရသည်။ သို့ရာတွင် မိုင်းယောင်းကို ရန်သူ့လက်ထဲ ကြာကြာထား၍ မရ ပြန်တိုက်မှ ရမည်။ အနီးဆုံးတပ်မှာ မိုင်းဖြတ်တွင်ရှိ၍ မိုင်းဖြတ်ရှိ သနက (၁) စစ်ကြောင်း (၁) နှင့် ၂ ခွဲကို အမြန်စေလွှတ်ရသည်။ မိုင် ၅၀ ကျော်ဝေး၍ ၂ ရက်ကြာ မိုင်းယောင်းရောက်သည်။ မိုင်းယုအနီး ရောက်နေသည့် ဗျူဟာမှူးနှင့် တပ်ပေါင်းစုကိုလည်း မိုင်းယောင်းကို ပြန် တိုက်နိုင်းသည်။ မိုင်းယောင်း၊ မိုင်းယု မိုင် ၂၀ ခန့်သာ ဝေးသော်လည်း ရန်သူ၏ ဟန့်စစ်ဆင်မှုကြောင့် ၂ ရက်ခန့် သွားလိုက်ရသည်။ ဇူလိုင် ၆ ရက် နေ့ မိမိတပ်ရင်း ၂ ရင်းခန့် အင်အားဖြင့်တိုက်မှ မိုင်းယောင်းပြန်ရသည်။





BURMESE CLASSIC .com

မိုင်းယောင်းပြန်ရပြီး အခြေအနေကို ထိန်းသိမ်း ကွပ်ကဲရန်အတွက် ဒု–တပ်မမှူးကိုယ်တိုင် တည်ဆောက် ရေးလုပ်ငန်းများ၊ ရှင်းလင်းရေးကိစ္စများ၊ ပြန်လည်နေရာ ချထားရေးကိစ္စများ လာလုပ်သည်။ တပ်မမှူးလည်း လိုက်ပါလာသည်။ ဒု–တပ်မမှူးက မိုင်းယောင်းတွင် ကျန်ခဲ့သည်။ တပ်တွေ မိုင်းယောင်းနား ဝန်းရံနေစဉ် စိတ်ဓာတ်တက်ကြွနေသော ရန်သူများက အင်အား ၈၀၀ ခန့်ဖြင့် မိုင်းယုဒေသ ကော်ဟိုလွယ်ကို ဝင်တိုက်ပြန်၏။ ကော်ဟိုလွယ်တွင် တပ်ရင်းမှူးနှင့် တပ်ခွဲတစ်ခွဲသာရှိသည်။ ဤသည်ကို ရန်သူက အင်အား ၁၀ ဆဖြင့် ဝင်တိုက် ပြန်ခြင်းဖြစ်၏။ ဒီတစ်ချီတွင်တော့ ရန်သူအငိုက် မရတော့ပါ။ မိုးထဲလေထဲဖြစ်သော်လည်း မြန်မာ့တပ်မတော်(လေ)မှ PC ၆၊ ၇ လေယာဉ်များက အဆက်မပြတ် ပံ့ကြဲ တိုက်ခိုက်ကြသည်။ စစ်ကူစစ်ကြောင်းများကလည်း အမြန် သွားရောက် ပူးပေါင်းခဲ့သည်။ နေ့တစ်ဝက်လောက်နှင့် တိုက်ပွဲပြီးသွားသည်။ ဒီတစ်ပွဲတွင် ရန်သူ အလွန်အထိနာ သွားသည်။ ထိုအချိန်မှစ၍ မိုင်းယောင်းကို လာမထိရဲတော့။ ပြန့်အစပ်တွင်သာနေပြီး ညာသံပေးလျက် ရှိကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ဤကိစ္စများကို အပြတ်ရှင်းနိုင်ရန် တပ်မ (၈၈) က ဝမ်ကျင်းဆန်တောက်ကို ၁၉၈၃ ခုနှစ်၌ တိုက်သိမ်းခဲ့၏။ ဝမ်ကျင်းဆန်တောက်သည် နမ့်မလွေချောင်းအရှေ့ဘက်မှာရှိသည်။ ဝမ်ဆော၊ ဝမ်ဖိုင်၊ မိုင်းမမိုင်းလားတို့နှင့် အလွန်နီး၏။ ရန်သူသည် ဝမ်ကျင်းဆန်တောက်တွင် တက်ထိုင်ရင်း မြောက်ဘက်မှ မိုင်းယန်းကိုလည်းကောင်း အနောက်ဘက်မှ ကျိုင်းတုံကိုလည်းကောင်း၊ တောင်ဘက်မှ မိုင်းယောင်းကိုလည်းကောင်း လာရောက်နှောင့်ယှက်တိုက်ခိုက်လေ့ ရှိပါသည်။ မိုင်းယောင်းတိုက်ခိုက်စဉ်ကလည်း မြောက်ဘက်က ဆင်းလာသော ဗကပတပ်များသည် ဝမ်ကျင်းဆန်တောက်ကို နင်းခုံပြုလုပ်ခဲ့ကြ၏။ ၁၉၈၃ ခုနှစ် ဝမ်ကျင်းဆန်တောက်ကို တိုက်သိမ်းလိုက်တော့ ဗကပများ အနေအစား ကျုံ့သွားကြသည်။ ကျိုင်းတုံပြန့်အတွင်းရှိ ဗကပပြောက်ကျားများ ခေါင်းနှင့်ကိုယ် ပြတ်သွား၍ အားလုံးလက်နက်ချကြ၏။ ဤသည်မှာ မိုင်းယောင်းတိုက်ပွဲအပြီး **Higher Formation** မှ မဟာဗျူဟာအရ တွေးခေါ်ဆောင်ရွက်ချက်ပင် ဖြစ်ပါသည်။ စောစောကသာ ဤကဲ့သို့ ဝမ်ကျင်းဆန်တောက်ဒေသကို တိုက်သိမ်းထား

မြရတနာစာပေ



နိုင်ပါလျှင် ဤသို့ဖြစ်ချင်မှ ဖြစ်ပါလိမ့်မည်။ ဒါက ကျွန်တော့်ထင်မြင်ယူဆချက်ပါ။

ဗကပတို့ဘက်ကလည်း မင်းရန်အောင်ထိုးစစ်ကို ရိုက်ချိုးပစ်ရမည်ဟု ကြွေးကြော်ထားသည်။ မော်ဖဒေသကျဆုံးသွားခဲ့၍ ရှုံးနိမ့်မှုအား လက်စားချေရန် ကြံစည်ခဲ့သည်။ တပ်မနှစ်ခု ဖွဲ့ခဲ့သည်။ ၎င်းတို့၏ ဗဟိုစစ်ကော်မရှင်မှ အထက်မြက်ဆုံး ရဲဒင် (ခေါ်) ရိကျင့် (ခေါ်) ထွန်းလွင်အား တပ်မ (၆၈) တပ်မမှူးခန့်သည်။ ဖုံကြားရှင်က စစ်အကြံပေးအရာရှိ၊ လက်စားချေတိုက်ပွဲအနေဖြင့် တပ်မ (၆၈) မှ လူ ၁၀၀၀ လောက်သည် ၁၉၈၀ ခုနှစ် ဧပြီလတွင် ကျိုင်းတုံမြောက်ဘက်က မိုင်းယန်းကို ဝင်တိုက်သည်။ တစ်ရက်တည်းနှင့် အကျအဆုံးများစွာဖြင့် ဆုတ်ခွာပြေးရ၏။ ဤသည်ကို မကျေနပ်သောကြောင့် ထွန်းလွင်နှင့် ဖုံကြားရှင်ကိုပင် ပြန်တာဝန်ပေးပြီး တပ်မ (၆၈) ကို တပ်မဟာ ၄ ခုဖြင့် စုဖွဲ့၍ ကျိုင်းတုံအရှေ့ဘက်က မိုင်းယောင်းကို ဝင်တိုက်ပြန်သည်။ ယခုတိုက်ပွဲ၌ ရန်သူတို့ အသာစီးရသွားသည်။ မိုင်းယောင်းရအောင် မိမိတို့ဘက်က ၂ ရက်ခန့် ပြန်တိုက်ယူရသည်။ ထူထောင်ရေးလုပ်ငန်း

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



များကို လပေါင်းများစွာ လုပ်ယူရသည်။ ၁၉၈၂ ခုနှစ် မိုင်းယောင်းကို ကျွန်တော်ရောက်တော့ ချင်း (၃) တပ်ရင်း ဌာနချုပ် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေဆဲ ဖြစ်ပါသည်။ နောက်တစ်ကြိမ် ရန်သူ ဝင်မတိုက်နိုင်စေရန် မိုင်းယောင်းတွင် အရန်တပ်များ လုံလုံလောက်လောက် ချထားသည်ကိုလည်း တွေ့ရပါသည်။ ထို့ကြောင့် ကော် (၈၁၅) နှင့် စေ့စပ်ပြီး လက်နက်နှင့် ငြိမ်းချမ်းရေး လဲလှယ်သည့်ကာလတိုင်အောင် ၁၀ နှစ်အတွင်း ဗကပများ မိုင်းယောင်းကို လက်ရှောင်သွားခဲ့ကြပါသည်။

နိဂုံးချုပ်အနေဖြင့် တင်ပြရပါက မိုင်းယောင်း တိုက်ပွဲသည် မြန်မာ့တပ်မတော်၏ စွန့်လွှတ်စွန့်စားသော စိတ်ဓာတ်များကိုဖော်ပြသည့် တိုက်ပွဲကြီးဖြစ်၏။ ထို့အပြင် အခိုင်အမာခံစစ်၌ မိမိတို့တပ်မတော်၏ လိုအပ်ချက် အားနည်းချက်များ ရှိနေသည်ကို ပြုပြင်ရန် အချိန်မီညွှန်ပြ လိုက်သည့် တိုက်ပွဲကြီးဖြစ်ကြောင်း သုံးသပ်တင်ပြ အစီအရင်ခံပါသည် ခင်ဗျား။





**မှီငြမ်းကိုးကားသည့်စာအုပ်များ**

၁။ တပ်မတော်သမိုင်း ဆဋ္ဌမတွဲ။ စစ်သမိုင်းပြတိုက်နှင့် တပ်မတော်မော်ကွန်းတိုက်မှူးရုံး

၂။ မြန်မာ့သမိုင်းအကျဉ်းနှင့် တပ်မတော်ကဏ္ဍ တတိယတွဲ။ တပ်မတော်သားသုတေသီတစ်ဦး

၃။ ထို့ကြောင့် ဤသို့။ တောခိုကျောင်းသားဟောင်း များ

၄။ ရွှေဝါရောင်မြေပြင်အထက်က လင်းလက်သော ကောင်းကင်ပြာ။ ခင်မောင်တင်(မဟာဝိဇ္ဇာ)

၅။ စစ်သားဘဝ အမှတ်တရများ၊ အတွဲ (၂)။ သောင်းဝေဦး

၆။ ကာကယံရှင်များနှင့် တွေ့ဆုံမေးမြန်းချက်များ။

ရှင်လန်းချမ်းမြေ့ကြပါစေ

**သောင်းဝေဦး**

နေရာ - ရန်ကုန်မြို့

ရက်စွဲ - ၂၀၁၂ ခု၊ ဇူလိုင်လ ( ၁၉ ) ရက်



www.burmeseclassic.com

www.burmeseclassic.com

# ယောင်းဝေဦး၏ ထွက်ရှိပြီးသော စာအုပ်များ

၁။ သူတို့ဆီတစ်ခေါက် ရောက်ခဲ့ရာဝယ်
၂။ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ သမိုင်း
၃။ စစ်သားဘဝအမှတ်တရများ အတွဲ(၁)
၄။ စစ်သားဘဝအမှတ်တရများ အတွဲ(၂)
၅။ စစ်သားဘဝအမှတ်တရများ အတွဲ(၃)
၆။ စစ်သားဘဝအမှတ်တရများ အတွဲ(၄)
၇။ သေကံမရောက် သက်မပျောက်
၈။ ဣတ္ထိယခေါ် မိန်းမတို့သည်
၉။ ယောက်ျားတို့အကြောင်း
၁၀။ ကျွန်တော်လယ်သမားကြီး
၁၁။ မြို့တော်စည်ပင် အခွန်အခများအကြောင်း သိကောင်းစရာများ
၁၂။ ဌါသားများ စစ်ထဲဝင်ရင်လေ
၁၃။ ကြည်း၊ ရေ၊ လေ တပ်မတော်တွင်းက သူငယ်ချင်းတွေ
၁၄။ မှူးမြစ်မှသည် ရောဝတီ
၁၅။ အတွေးပုံရိပ် အတိတ်ဟိုဆီ
၁၆။ စစ်မြေပြင်မှ ကိုယ်တွေ့လျှို့ဝှက်ဆန်းကြယ်ဖြစ်ရပ်များ အမှတ်(၁)

မြရတနာစာပေ

၁၇။ စစ်မြေပြင်မှ ကိုယ်တွေ့လျှို့ဝှက်ဆန်းကြယ်ဖြစ်ရပ်များ အမှတ်(၂)
၁၈။ ဣတ္ထိယခေါ် မိန်းမတို့သည်နှင့် ယောက်ျားတို့အကြောင်း
၁၉။ အစ်ကိုတို့စစ်သား
၂၀။ စစ်မြေပြင်မှ ကိုယ်တွေ့လျှို့ဝှက်ဆန်းကြယ်ဖြစ်ရပ်များ အမှတ်(၃)
၂၁။ ကျွန်တော် ဓေါက်သီးသမား
၂၂။ ဒို့ဘိုးဘွားအမွေအနှစ်မို့ ချစ်မြတ်နိုးပေ
၂၃။ စစ်မြေပြင်မှ ကိုယ်တွေ့လျှို့ဝှက်ဆန်းကြယ်ဖြစ်ရပ်များ အမှတ်(၄)
၂၄။ ကပ္ပတိန်ကျော်ညွန့်၏ စွန့်စားခန်းများ
၂၅။ အချစ်နဲ့ စစ်သား
၂၆။ စစ်မြေစခန်းက လွမ်းပုံပြင်
၂၇။ ဆန်းကြယ်ထူးခြား စစ်သားတို့၏လက္ခဏာများ
၂၈။ မလွမ်းပို မငိုနဲ့နော်
၂၉။ စီစီဝမ်တာပန်တိုက်ပွဲကြီး
၃၀။ မြန်မာ့မြေမှ အင်္ဂလိပ် - ဂျပန်တိုက်ပွဲများ
၃၁။ လူစွန့်စားကြီးကပ္ပတိန်စောနားမူး
၃၂။ မိုင်းယန်းတိုက်ပွဲ
၃၃။ စစ်မြေပြင်မှ ကိုယ်တွေ့လျှို့ဝှက်ဆန်းကြယ်ဖြစ်ရပ်များ အမှတ်(၅)
၃၄။ ကျွန်တော်ပါဝင်သော နောင်လိုင်ပါဖန်နှင့် ပွိုင့် ၆၀၄၁ တိုက်ပွဲကြီး

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com


၃၅။ ဗိုလ်ချုပ်ကြီးယာမာမိုတိုနှင့် ပုလဲဆိပ်ကမ်းတိုက်ပွဲ

၃၆။ ဟော့ , ဒို့ကွန်မန်ဒို

၃၇။ ဗိုလ်ချုပ်ကြီးယာမာရှိတာနှင့်မလေးကျွန်းဆွယ်တိုက်ပွဲ

၃၈။ ကျွန်တော်နှင့်ဘိန်းစစ်ဆင်ရေးများ

၃၉။ ဗိုလ်ချုပ်ကြီးမက်အာသာနှင့် ဖိလစ်ပိုင်တိုက်ပွဲစဉ်များ

၄၀။ ကပ္ပတိန်စောနားမှုး၏ မက်ဆိုပိုတေးမီးယားစွန့်စားခန်းများ
(ပထမပိုင်း)

၄၁။ ဗိုလ်ချုပ်ဝင်းဂိတ်နှင့် သူ၏ခြေသေ့စစ်ဆင်ရေးများ

၄၂။ ကွန်လုံ ရက် ၄၀ တိုက်ပွဲကြီး

၄၃။ ဗိုလ်ချုပ်ကြီးဗီလီယံစလင်းနှင့် မြန်မာပြည်တိုက်ပွဲစဉ်များ

၄၄။ ဗိုလ်ချုပ်ကြီးစတီးဝဲလ်နှင့် မြစ်ကြီးနားတိုက်ပွဲ

၄၅။ ကပ္ပတိန်စောနာမှုး၏မက်ဆိုပိုတေးမီးယားစွန့်စားခန်းများ
(ဒုတိယပိုင်း)

၄၆။ ထင်ရှားကျော်ကြားပဲခူးရိုးမတိုက်ပွဲများ

၄၇။ ဗိုလ်ချုပ်ကြီးရှမ်းမဲလ်နှင့် ဂါဇာလာတိုဘာရပ်တိုက်ပွဲ

၄၈။ ပြည်သူပါဝင်သော မြစ်ဝကျွန်းပေါ်စစ်ဆင်ရေးများ

၄၉။ ဗိုလ်ချုပ်ကြီးမောင်ဂိုမာရီနှင့် အယ်လ်အာလာမိန်းတိုက်ပွဲ

၅၀။ မော်ဖဒေသတိုက်ပွဲများ

၅၁။ ဗိုလ်ချုပ်ကြီးဖူးကော့စ်နှင့် မော်စကိုစတာလင်ဂရက်တိုက်ပွဲများ

၅၂။ မြန်မာနိုင်ငံသို့ တရုတ်ဖြူကျူးကျော်ဝင်ရောက်မှုနှင့်
မြန်မာ့တပ်မတော်၏ ကျော်ကြားသော စစ်ဆင်ရေးများ

၅၃။ ခြူးရွှေပန်ကောက်တိုက်ပွဲကြီး

၅၄။ ဗိုလ်ချုပ်ကြီး ဗိုငုယင်ဂီယက်နှင့် ကမ္ဘာကျော်ဒင်ဗင်ဖူးတိုက်ပွဲကြီး

၅၅။ ရဲဝံ့စွန့်စားတာကယ့်ကွန်မန်ဒိုများ

၅၆။ အမှတ်တရမြို့တော်စည်ပင် အတွဲ (၁)

၅၇။ ကျွန်တော်နဲ့ ညတိုက်ပွဲများ


## ယခုထွက်ရှိထည့်စာအုပ်


၅၈။ မိုင်းယောင်းတိုက်ပွဲ


BURMESE CLASSIC .com

## ဆက်လက်ထွက်ရှိမည့် စာအုပ်များ


၅၉။ ကြံခွဲဖူးသော မြစ်ကူးစစ်ဆင်ရေးများ

၆၀။ မုန်းစီးနားလယ်နှင့် ဂျူးဂျူးဂျက် တိုက်ပွဲကြီး






www.burmeseclassic.com